
ေလွှန်ကျော်ဦး
ပရုတဝက်ပါ

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဇလွန်ကျော်ဦး

---

# မရတတ်ပါ

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၅၁၀၄၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၄၁၀၇၀၉

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၀၉၊ နိုဝင်ဘာ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ်၃၀/၃၃၊ ၅၃လမ်း
ဗိုလ်တထောင်၊ ရန်ကုန်။

ဖြန့်ချေး - ၁၀၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
ကျော်ဦး ၊ ဇလွန်
မရဏဝက်ပါ / ဇလွန်ကျော်ဦး။ - ရန်ကုန်၊
ရွှေဥစာပေ ၊ ၂၀၀၉ ။
၃၀၅ စာ၊ ၁၂ x ၁၈ စင်တီ ။
(၀) မရဏဝက်ပါ

## အခန်း ( ၁ )

ကျွန်ုပ်သည် စိတ်တိုင်းကျ နှပ်၍ထားသော ရေနွေးကြမ်းကို သောက်၍လည်းကောင်း၊ ကျွန်ုပ် အလွန်ကြိုက်နှစ်သက်သည့် လက်ဖက်သုပ်ကို စား၍လည်းကောင်း၊ မှုခင်းလုံးချင်းဝတ္ထုစာအုပ်ကို စိတ်ဝင်တစားဖတ်ရှုနေမိလေသည်။

ကျွန်ုပ်သည် မှုခင်းလုံးချင်းဝတ္ထုကိုဖတ်ရှုရင်း မည်မျှအာရုံသက်ရောက်နေမိသည် မသိချေ။ ရုတ်တရက် ကျွန်ုပ်အိမ်ရှေ့ ခြံတံခါးဆီမှ လူခေါ် ခေါ်င်းလောင်းသံကို အဆက်မပြတ်ကြားလိုက်ရ၍ ကျွန်ုပ် စာဖတ်နေရာမှ လှမ်းကြည့်လိုက်မိရာ လူစွန့်စား ကိုဘဟိန်းကို ကျွန်ုပ်ခြံတံခါးဝတွင် တွေ့လိုက်ရလေသည်။

ရွှေပဒေသာစာပေ

"ခြံတံခါးလှပ်ပြီး ဝင်ခဲ့တော့ ကိုဘဟိန်းရေ"

ကျွန်ုပ်စကားသံကြားမှ ကိုဘဟိန်းသည် ခြံတံခါးလှပ်ပြီး ဝင်လာကာ ကျွန်ုပ်ထိုင်နေသည့်ထိုင်ခုံလေးတွင် ဝင်ထိုင်လိုက်ပြီး ကျွန်ုပ်ကိုကြည့်ကာ. . .

"ဘယ်လိုလဲ. . . ကိုသံခိပ်ရဲ့ လက်ထဲမှာလည်း စာအုပ်ကြီးနဲ့ပါလား"

"စာအုပ်ဆို ကိုဘဟိန်းအမြင်ပဲဗျား ခုတလော ရာဇဝတ်မှုက နည်းပါးနေတော့ အချိန်ရှိတုန်း စာဖတ်နေရတာယ်ဗျ။ ကိုဘဟိန်းလည်း ကျွပ်ဆီကို ခုမှပဲပေါ်လာတော့တယ်"

"ကျုပ် အရေးတကြီးကိစ္စတွေရှိလို့ ကိုသံခိပ်ဆီ ရောက်မလာနိုင်တာဘဲဗျို့၊ ဒါပေမဲ့ ကိုသံခိပ်အတွက် ကျုပ် ထူးထူးဆန်းဆန်းလက်ဆောင်ယူလာခဲ့တယ်ဗျ"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြောဆိုပြီး၊ သူ့ဝသီအတိုင်း တဟဲဟဲရယ်မောကာ နေလေသည်။ ကိုဘဟိန်းသည် လူစွန့်စားနာမည်နှင့်လိုက်ဖက်သူပီပီ၊ အမှုလိုက်ရာတွင် ခေါင်းအေးအေးထားသူဖြစ်၍ သုံးသပ်တွေးခေါ်ရာတွင် စေ့စပ်သူတစ်ဦးဖြစ်လေသည်။

ကျွန်ုပ်အတွက် ထူးထူးဆန်းဆန်း လက်ဆောင်ပါလာခဲ့သည်ဆိုသော ကိုဘဟိန်းစကားကြောင့် ကျွန်ုပ်အဖို့ အံ့အားသင့်စရာဖြစ်





နေမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကိုဘဟိန်း၏လက်ထဲတွင် ဘာမှပါမလာဘဲ လူလုံးသက်သက်တွေ့လိုက်ရ၍ ကျွန်ုပ်ကို ကိုဘဟိန်း ကျီစယ်နေပြီဟု အတွေးရောက်သွားမိလေသည်။

ကိုဘဟိန်းသည် ကျွန်ုပ်ကိုစကားမဆိုဘဲ ရေနွေးကြမ်းကို ငုံ့သောက်၍လည်းကောင်း၊ လက်ဖက်သုပ်ကို စား၍လည်းကောင်း မြိန်ယှက်စွာစားသောက်နေလေသည်။ ပြီးမှ ဆေးပြင်းလိပ်ကိုမီးညှိပြီး အားရပါးရဖွာပြီး. . .

"ကိုသံခိပ်ကိုကြည့်ရတာ ကျုပ်စကားကြောင့် ဘဝင်မကျဖြစ်နေပြီနဲ့တူတယ်"

"ဘဝင်မကျဆို. . . ကိုဘဟိန်းရယ်၊ ကိုဘဟိန်းပြောတဲ့ ထူးထူးဆန်းဆန်းလက်ဆောင်ဆိုတဲ့စကားကို ကျုပ် အတော့်ကိုစိတ်ဝင်စားမိတာအမှန်ပဲဗျ။ ကျုပ် ထူးထူးဆန်းဆန်းနဲ့မကြုံရတာ ကြာပြီ ကိုဘဟိန်းရေ"

"ဒါကြောင့်လည်း ကျုပ်က ကိုသံခိပ် စိတ်ဝင်စားဖို့ ထူးထူးဆန်းဆန်းလက်ဆောင် ယူလာခဲ့တာပဲဗျ။ ကျုပ်. . . ကိုသံခိပ်ကို ထူးထူးဆန်းဆန်းစကား ပြောချင်လို့ ကျုပ်နောက်ကို လိုက်ခဲ့တော့ဗျို့"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကြောင့် ဝမ်းသာသွားမိလေ

သည်။ ထို့ကြောင့် အဝတ်အစားကို အမြန်ဆုံး လဲလှယ်ပြီးလျှင် ကိုဘဟိန်း ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့မိလေသည်။ ကျွန်ုပ် ကိုဘဟိန်းနောက်သို့ မလိုက်လို့ မဖြစ်ချေ။

ကိုဘဟိန်းသည် ကျွန်ုပ်ထက် ငယ်ရွယ်သူဖြစ်သော်လည်း ကျွန်ုပ်ကို အမြဲတမ်း အားပေး ကူညီလမ်းညွှန်မှုကြောင့် ကျွန်ုပ်လိုက်ခဲ့သောအမှုအခင်းများသည် အောင်မြင်ခဲ့သည်ဆိုလျှင် မမှားချေ။

ကိုဘဟိန်းသည် ကျွန်ုပ်နေထိုင်ရာအိမ်ကလေးမှ အတန် ဝေးသောနေရာသို့ ဦးတည်သွားနေ၍ ကျွန်ုပ် အံ့ဩသွားမိလေသည်။

"ဘယ်သွားမလို့လဲ. . . ကိုဘဟိန်းရဲ့။ ကျုပ်တို့သွားနေကျ လက်ဖက်ရည်ဆိုင်ကို မသွားတော့ဘူးလား"

"မသွားသေးဘူး ကိုသိန်းဝ်ရဲ့။ ခု ကျုပ်တို့သွားရမှာက ထူးထူးဆန်းဆန်းကိုစိတ်ဝင်စားတယ်ဆိုတဲ့ ကိုသိန်းဝ်အတွက်ပဲဗျို့"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကို အတွန့်မတက်ရဲတော့ဘဲ ကိုဘဟိန်းနောက်မှလိုက်ရင်း ကျွန်ုပ်မြင်တွေ့သမျှ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိလေသည်။

ကျွန်ုပ် ကိုဘဟိန်းနောက်သို့လိုက်ခဲ့ရာ ချောင်ကျကျရပ်ကွက်ကလေးအစွန်းရှိ မြေနီလမ်းကလေးအတိုင်း သွားနေရာမှ တစ်





နေရာအရောက်တွင် ကိုဘဟိန်းသည် ပတ်ဝန်းကျင်သို့ အတန်ကြည့်ရှုပြီး သပ်ရပ်စွာဆောက်ထားသည့်အိမ်ကလေးကို တွေ့လိုက်ရလေသည်။ ကိုဘဟိန်းသည် ထိုအိမ်ကလေးကိုကြည့်ရှုပြီး ခြံတံခါးဝရောက်လျှင်. . .

"မောင်သက်ပြင်း. . . မောင်သက်ပြင်း"

"ဟာ! ဆရာတို့ပါလား"

ကိုဘဟိန်းအသံနှင့်အတူ အိမ်ကလေးအတွင်းမှ လူငယ်တစ်ဦးသည် ပျာပျာသလဲထွက်လာပြီး ခြံတံခါးဖွင့်ပေးသဖြင့် ကျွန်ုပ်နှင့်ကိုဘဟိန်းသည် အိမ်ကလေးပေါ်သို့ တက်ခဲ့လေသည်။ ကျွန်ုပ်သည် အိမ်ကလေးပေါ်သို့ ရောက်ရောက်ချင်းကြည့်လိုက်မိရာ အိမ်ကလေးတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသလို အိမ်ခန်းအတွင်းမှ ဆွဲလက်စ ပန်းချီကားများနှင့် ဆွဲပြီးသား ပန်းချီကားချပ်များကို တွေ့လိုက်ရလေသည်။

ကျွန်ုပ်သည် ကိုဘဟိန်းကိုကြည့်လိုက်မိရာ ကိုဘဟိန်းသည် ဆွဲလက်စ ပန်းချီကားများနှင့် ဆွဲပြီးသား ပန်းချီကားချပ်များကို စေ့စေ့စပ်စပ်ကြည့်ရှုနေသည်ကိုတွေ့လိုက်ရလေသည်။ ကျွန်ုပ်သည် ကိုဘဟိန်းအမူအရာကိုတွေ့လိုက်ရသဖြင့် သဘောပေါက်သွားမိလေသည်။

ထို့ကြောင့် ကျွန်ုပ် တွေ့မြင်ရသည့် ပန်းချီကားများကို ကိုဘဟိန်းနည်းတူ ကြည့်မိရင်း တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ကျွန်ုပ်အဖို့ အထူးအဆန်းဖြစ်သွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မြင်တွေ့သမျှ ပန်းချီကားချပ်များသည် မိန်းမပျိုတစ်ဦး၏မျက်နှာပေးပုံစံကျအတိုင်း တူညီစွာဆွဲထားသည်ကိုတွေ့လိုက်ရခြင်းဖြစ်သည်။

"ကိုသံခိပ်. . . ထူးထူးဆန်းဆန်းတွေ့နေပြီနဲ့တူတယ်"

"ဟုတ်တယ်. . . ကိုဘဟိန်း။ ကျုပ်တွေ့သမျှ ပန်းချီကားတွေက မိန်းမပျိုတစ်ဦးရဲ့မျက်နှာကျပုံစံအတိုင်းဆွဲထားတာ အတော့်ကို အသက်ဝင်တယ်လို့ပြောရမှာပဲဗျာ။ ကေန္တ. . . ဒီပန်းချီဆရာက ဒီမိန်းမပျိုရဲ့အလှအပကို အတော့်ကို အစွဲအလမ်းကြီးတဲ့ပန်းချီဆရာပဲဖြစ်မယ်။ ကျုပ် ပန်းချီဆရာလည်း မတွေ့ရပါလားဗျ"

"အင်း. . . ပန်းချီဆရာ. . . ပန်းချီဆရာ"

ကိုဘဟိန်းသည် ပန်းချီကားများကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေသည့်မျက်နှာဖြင့် ရေရွတ်လိုက်သံကြောင့် ကျွန်ုပ် အတွေးမပေါက်နိုင်အောင် ဖြစ်သွားမိပြီး ကိုဘဟိန်းကို တစ်လှည့်၊ ပန်းချီကားများကိုတစ်လှည့် ကြည့်နေမိလေသည်။

အတန်ကြာမှ ကိုဘဟိန်းက. . .





"ကိုသံခိပ်တွေ့ချင်တဲ့ ပန်းချီဆရာက မရှိတာ ကြာခဲ့ပြီဗျ"

"ဗျာ! ပန်းချီဆရာ မရှိတော့ဘူး။ ဟုတ်လား ကိုဘဟိန်း"

"ဟုတ်တယ် ကိုသံခိပ်။ ပန်းချီဆရာ မရှိတော့ဘူးလို့ ပြောဆိုရမှာ အခက်၊ ရှိတယ်လို့ဆိုရမှာ အခက်ပဲဗျို့"

"ဘယ်လိုဖြစ်တာလဲ ကိုဘဟိန်းရယ်။ ကိုဘဟိန်းစကားက အထူးအဆန်းဖြစ်နေပါလား"

"အဲဒါကြောင့် ကျုပ် ကိုသံခိပ်ကိုပြောခဲ့တာပေါ့ဗျာ။ အထူးအဆန်းလက်ဆောင်လို့ပြောရမှာပေါ့"

မကြာမီ ကျွန်ုပ်နှင့် ကိုဘဟိန်းကို ခြံဝတွင် ကြိုခဲ့သည့်လူငယ်လေးသည် အခန်းထဲမှ ထွက်လာပြီး ညွှဝတ်ပြုလေသည်။ ကိုဘဟိန်းသည် ထိုလူငယ်လေးကိုကြည့်ပြီး. . .

"မောင်သက်ပြင်း. . . ဒီပန်းချီကားချပ်တွေကို သိမ်းဆည်းမထားတော့ဘူးလား"

"ကျွန်တော် မသိမ်းဆည်းရဲဘူး ဆရာ။ ဆရာ့ကိုစက်ရောင်က ပန်းချီကားရွှေ့ဖို့မပြောနဲ့။ သူထားနေကျ စုတ်တံလေးတစ်ချောင်း ရွှေ့တာတောင် မကြိုက်ဘူးဆရာ။ ဒါကြောင့် ဆရာစက်ရောင် မပြန်မချင်း ကျွန်တော် ဒီအတိုင်းပဲထားရတယ်ဆရာ"

မောင်သက်ပြင်းဆိုသည့် လူငယ်လေးစကားကြောင့် ကျွန်ုပ်

ပန်းချီကားများကိုကြည့်လိုက်မိရာ ပြန့်ကျဲနေသောစုတ်တံများနှင့် ဆေးစပ်ခွက်များ၊ စက္ကူများက အခတော်ဟောင်းနွမ်းနေသည်ကို သတိပြုလိုက်မိလေသည်။

"ဒါဆို ထားလိုက်ပါတော့. . . မောင်သက်ပြင်းရယ်။ ကိုစက်ရောင်ရဲ့ဆန္ဒအတိုင်းပဲ ရှိပါစေတော့။ မောင်သက်ပြင်းကိုမေးချင်တာက ကိုစက်ရောင် နောက်ဆုံးဆွဲသွားခဲ့တဲ့ပန်းချီကားကို ကြည့်လို့ရရင် ကြည့်ချင်တယ်"

ကိုဘဟိန်း အမေးစကားကြောင့် ကျွန်ုပ်သည် မောင်သက်ပြင်းကိုကြည့်လိုက်မိသည်။ မောင်သက်ပြင်း၏ မျက်နှာပေါ်တွင် စိတ်မကောင်းဟန် ဖြစ်သွားသည်။ ပြီး. . . ကိုစက်ရောင် ဆွဲထားသည့်ပန်းချီကားချပ်များကို အတန်ကြာငေးမောကြည့်ပြီး. . .

"ဆရာစက်ရောင် နောက်ဆုံးဆွဲခဲ့တဲ့ပန်းချီကားကို ဘယ်သူမှဖွင့်မပြရဘူးလို့ပြောပြီး အခန်းထဲက သေတ္တာထဲမှာ သော့ခတ်ပြီးထားခဲ့တယ်ဆရာ"

"အင်းလေ. . . ဘာပဲဖြစ်ဖြစ် ကိုစက်ရောင် တကယ်လို့ ပြန်ရောက်ခဲ့ရင် ဆရာ့ဆီကို အမြန်ဆုံးအကြောင်းကြားဖို့မမေ့နဲ့ မောင်သက်ပြင်း။ ကိုစက်ရောင်ကို ဆရာ မတွေ့ဘူးပေမယ့်. . . ကိုစက်ရောင်ရဲ့ပန်းချီအနုပညာကို ဆရာလေးစားလွန်းလို့ပါ"





ကိုဘဟိန်းသည် မောင်သက်ပြင်းကိုပြောဆိုကာ နှုတ်ဆက်ပြီး ထိုအိမ်လေးထဲမှ ပြန်ထွက်ခဲ့လေသည်။ သို့တိုင် ကိုဘဟိန်းသည် ကျွန်ုပ်ကိုပင် စကားမဆိုနိုင်ဘဲ တစ်စုံတစ်ရာကို အလေးနက်ထားပြီး လမ်းလျှောက်ရင်း စဉ်းစားနေဟန်တူသည်။

ကျွန်ုပ်သည် ကိုဘဟိန်းနောက်သို့လိုက်ပါခဲ့ပြီး ထူးဆန်းစွာ တွေ့ရသည့် ပန်းချီဆရာကိုစက်ရောင်၏အဖြစ်ကို သိလိုစိတ်များ တဖွားဖွားပေါ်ပေါက်လာမိသော်လည်း ကိုဘဟိန်းအတွေးပြတ်မည်ဆိုး၍ စကားမဆိုဘဲ ငြိမ်သက်စွာနေမိလေသည်။

မကြာမီ ကျွန်ုပ်နှင့် ကိုဘဟိန်းသည် လက်ဖက်ရည်ဆိုင်တစ်ဆိုင် တွေ့လိုက်ရ၍ ဝင်ထိုင်လိုက်မိလေသည်။ ကိုဘဟိန်းသည် ဆေးပြင်းလိပ်ကိုမီးညှိပြီး ဖွာရှိုက်နေသည်။ အတန်ကြာမှ ကျွန်ုပ်ကို ကြည့်ကာ. . .

"ကိုသံခိပ်. . . ကျုပ်နဲ့လိုက်ခဲ့ရလို့ မေးခွန်းတွေ ရင်ထဲမှာ အများကြီးဖြစ်နေပြီနဲ့တူတယ်"

"ဘယ်လိုပြောလိုက်တာလဲ. . . ကိုဘဟိန်းရယ်။ ကျုပ်မြင့် ကိုဘဟိန်း ပြောသလို အထူးအဆန်းတွေကြီးပဲ တွေ့ရလို့ အတော့်ကို အံ့ဩတကြီးဖြစ်မိတယ်ဗျ။ ပြီးတော့ ပန်းချီဆရာ ကိုစက်ရောင်ဆိုတဲ့သူပဲ. . . ကိုဘဟိန်း"

"ဒီလိုပဲဖြစ်ရမယ်ဆိုတာ ကျုပ် ရိပ်စားမိပြီးသားပါဗျ။ ဒါကြောင့်လည်း ကျုပ်, ကိုသံခိပ်ကို စကားနဲ့ပြောပြရင် ပြည့်စုံမှာမဟုတ်လို့ ကျုပ် လက်တွေ့ခေါ်ပြီး ပြရတာပဲ ကိုသံခိပ်"

"ဒါဆို ကျုပ် မေးပါရစေဦး. . . ကိုဘဟိန်း။ ပန်းချီဆရာကိုစက်ရောင်က ကိုဘဟိန်းပြောသလို မရှိဘူးလို့ ပြောရမလို၊ ရှိတယ်လို့ပြောရမယ်ဆိုတဲ့စကားက ကျုပ်ရင်ထဲမှာ ဘဝင်မကျဖြစ်မိတာအမှန်ပဲ ကိုဘဟိန်း"

"ခုအချိန်မှာ ကျုပ်အနေနဲ့ ပန်းချီဆရာ ကိုစက်ရောင်ကို မရှိဘူးလို့ ကောက်ချက်ဆွဲပြီးထားလို့မရဘူး. . . ကိုသံခိပ်။ ကိုစက်ရောင် ခုလိုဖြုန်းစားကြီးပျောက်သွားတာက ခရီးထွက်သွားတာလားဆိုတာ ခွဲခြားလို့မရသေးဘူးဗျ။ အစိက,ကတော့ ကိုစက်ရောင်နောက်ဆုံးဆွဲခဲ့တဲ့ပန်းချီကားကိုကြည့်ပြီးမှ ဆုံးဖြတ်လို့ရမှာမဟုတ်လား။ ဒါပေမဲ့. . . ကိုစက်ရောင်မြတ်နိုးတဲ့ပန်းချီကားကို သေတ္တာထဲမှာ သိမ်းဆည်းသွားခဲ့တာကိုထောက်ဆရရင် သူဆွဲခဲ့တဲ့ပန်းချီကားနဲ့ပဲ ပတ်သက်နေလိမ့်မယ်ထင်တယ်"

"ဟုတ်မယ်. . . ကိုဘဟိန်း။ ကျုပ်လည်း တွက်ဆမိပြီးသားပါ။ ဗိုပြီးထူးဆန်းတာက ကိုစက်ရောင်ဟာ ပန်းချီဆရာဆိုပေမယ့် မိန်းမပုံမျက်နှာကျအတိုင်း ဟန်အမျိုးမျိုးနဲ့ ဆွဲထားတဲ့ ပန်းချီကား





တွေပဲ ပုံသေဆွဲတယ်ဆိုတော့ ကျုပ်အတွေးရခက်မိတယ်။ ပြီးတော့ အဲဒီပန်းချီကားအောက်မှာ ထူးထူးခြားခြားထိုးထားတဲ့စာပဲဗျ"

"ကိုသံခိပ်က ဇမ္ဗူဒီပါဆိုတဲ့နာမည်ကိုတွေ့လို့ ဖုံးကြသွားပြီနဲ့တူတယ်"

ကျွန်ုပ်စကားသံနှင့်အတူ ကိုဘဟိန်းစကားကြောင့် ကျွန်ုပ် ကိုဘဟိန်းကို ကြည့်လိုက်မိသည်။ ကိုဘဟိန်းသည် ဆေးပြင်းလိပ်ကိုဖွာပြီး ကျွန်ုပ်ကိုကြည့်နေ၍ ကျွန်ုပ်စကားဆက်လိုက်မိလေသည်။

"ဟုတ်တယ် ကိုဘဟိန်းရေ. . . ဟုတ်တယ်။ အဲဒီနာမည်က ကိုစက်ရောင်ဆွဲတဲ့ ပုံတူပန်းချီကားထဲက မိန်းမပျိုရဲ့နာမည်လေးလို့ ကျုပ်တွေးနေမိတယ်ဗျ"

"ကိုသံခိပ်တွေးသလို ကျုပ်လည်း တွေးမိပါတယ်ဗျာ။ ဇမ္ဗူဒီပါဆိုတဲ့နာမည်က ကိုစက်ရောင်ရဲ့ပုံတူပန်းချီကားထဲက မိန်းမပျိုနဲ့ တစ်နည်းနည်းနဲ့ပတ်သက်နေတာဖြစ်လိမ့်မယ်။ ဒါပေမဲ့ မဖြစ်နိုင်ဘူးလို့ပြောရမှာပဲ"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကြောင့် ဘဝင်မကျဖြစ်သွားမိသည်။ ကိုဘဟိန်းသည် ကျွန်ုပ်အဖြစ်ကိုသဘောကျပြီး ရယ်ကျဲကျဲအမူအရာဖြင့်ကြည့်ကာ. . .

"ဒီလို. . . ကိုသံခိပ်ရဲ့။ ဇမ္ဗူဒီပါလို့ ထူးထူးဆန်းဆန်းတွေ့ရ

တဲ့နာမည်က ရှားရှားပါးပါးမဟုတ်လား။ ကျုပ်တွေးမိတာက ပုံတူမိန်းကလေးရဲ့နာမည်က ဒီပါပဲ ဖြစ်ဖို့များတယ်။ ဒါပေမဲ့ ရှေ့က ဓိပ္ပါယ်ပြုထားတဲ့ ဇမ္ဗူက ပုံတူမိန်းကလေးနဲ့ပတ်သက်တဲ့ နာမည်တစ်ခုပဲဖြစ်လိမ့်မယ်ထင်တယ်"

"ဒါဆို. . . ကိုစက်ရောင်ကိုတွေ့ရင် ဇမ္ဗူဒီပါဆိုတဲ့အဖြစ်ကို သိရမှာပေါ့ ကိုဘဟိန်း"

"ဟုတ်တယ် ကိုသံခိပ်။ ဒါပေမဲ့ ကိုသံခိပ်အမြင်ပဲ မဟုတ်လား။ ကိုစက်ရောင်က ထူးထူးဆန်းဆန်းပျောက်ဆုံးနေတော့ ခက်နေမိတယ်ဗျ။ ဒါကြောင့်လည်း ကိုစက်ရောင်ကိုစုံစမ်းဖို့ ခရီးထွက်ခဲ့တာပဲ ကိုသံခိပ်"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကြောင့် ပန်းချီဆရာ ကိုစက်ရောင်အဖြစ်ကို ပို၍စိတ်ဝင်စားသွားမိလေသည်။ ကိုဘဟိန်းသည် ဆေးပြင်းလိပ်ကိုဖွာရှိုက်ရင်း အတန်ကြာစဉ်းစားနေသည်ကို တွေ့လိုက်ရလေသည်။

ကျွန်ုပ်သည် ကိုဘဟိန်းကိုကြည့်ပြီး. . .

"ကိုဘဟိန်းက. . . ဘာကြောင့် ကိုစက်ရောင်ကိုစုံစမ်းနေရတာလဲဆိုတာ ကျုပ်ကိုလည်း ပြောစမ်းပါဦးဗျာ"

"ပြောရမှာပေါ့ ကိုသံခိပ်ရယ်။ ကျုပ်ပြောချင်လို့ ကိုသံခိပ်





ဆီ လာခဲ့ရတာပဲဗျ။ ကျုပ် ဘာကြောင့် ပန်းချီဆရာ ကိုစက်ရောင်သတင်းကိုစုံစမ်းခဲ့ရတာလဲဆိုရင် ကိုသံခိပ်တွေ့ခဲ့ရတဲ့ ဇမ္ဗူဒီပါနာမည်ကြောင့်ပဲ ကိုသံခိပ်"

"ဘာ! ကိုဘဟိန်း။ ဇမ္ဗူဒီပါနာမည်ကြောင့် ဟုတ်လား"

"ဟုတ်တယ် ကိုသံခိပ်ရဲ့။ ကျုပ် လူထူးလူဆန်းအဘိုးကြီးနဲ့ တွေ့ခဲ့တယ်ဗျ။ အဘိုးကြီးနာမည်က ဦးဝိဇ္ဇာတဲ့"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကြောင့် တအံ့တသြဖြစ်သွားမိသလို ဦးဝိဇ္ဇာဆိုသည့်နာမည်ကြောင့် ပို၍အံ့အားသင့်သွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကိုဘဟိန်းသည် ပန်းချီဆရာ ကိုစက်ရောင်ကိုစိတ်ဝင်စားနေခြင်းကို ကျွန်ုပ်သိရှိလိုက်ရသောကြောင့် ဖြစ်သည်။

"ကျုပ်ဆီကို ဦးဝိဇ္ဇာ လာခဲ့တဲ့အကြောင်းရင်းကတော့ ဇမ္ဗူဒီပါကိုစုံစမ်းဖို့ လာခဲ့တာပဲ။ ဦးဝိဇ္ဇာအပြောကတော့ 'မရဏာ'က လာခဲ့တာတဲ့ ကိုသံခိပ်"

"မရဏာ. . . မရဏာ"

ကိုဘဟိန်း၏စကားကြောင့် ကျွန်ုပ်သည် မရဏာအမည်ကို အတန်တန်ရေရွတ်မိလေသည်။ ကျွန်ုပ်တွေ့ခဲ့ရသည့် ပန်းချီဆရာ ကိုစက်ရောင် ပုံတူဆွဲသည့်ပန်းချီကားထဲမှ မိန်းမပျို၏မျက်နှာလေး

ကိုမြင်ယောင်သွားမိရင်း ထူးဆန်းစွာပျောက်ဆုံးနေသည့် ပန်းချီဆရာ ကိုစက်ရောင်အဖြစ်ကို ပို၍စိတ်ဝင်စားသွားမိလေသည်။

"ဦးဝိဇ္ဇာက 'မရဏ'က လာတဲ့အကြောင်းပြောရင်း ကျုပ်ကို ဟောဒီစာအိတ်ကြီး ပေးထားခဲ့တယ် ကိုသံခိပ်"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြောဆိုပြီး စာအိတ်ကြီးကိုပေးလိုက်၍ ကျွန်ုပ်ကြည့်လိုက်မိစဉ် စာအိတ်ကြီးပေါ်တွင်ရေးထားသည့်စာကြောင့် ကျွန်ုပ်ဖျံ့အားသင့်သွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကိုဘဟိန်း ကျွန်ုပ်ကိုပေးသည့်စာအိတ်ကြီးပေါ်တွင် ရွှေနီးစာလုံးဖြင့်ရေးသားထားသည့် 'ဇမ္ဗူဒီပါ'ဟူသည့်စာကိုတွေ့လိုက်ရသောကြောင့်ပင်။

"ထူးထူးဆန်းဆန်းပါလား ကိုဘဟိန်းရယ်။ ဇမ္ဗူဒီပါလို့ရေးထားပါလား"

"ရေးထားဆို. . . ဒီစာအိတ်ကြီးက ကိုသံခိပ်အတွက် အလွန်အရေးပါတဲ့စာအိတ်ဆိုရင် မမှားဘူးဗျ"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြောဆိုနေခြင်းမှာ ကျွန်ုပ်သည် စာပေရေးသားခြင်းကို ဝါသနာထုံသောအကျင့်ကို သိရှိထားသောကြောင့်ဖြစ်သည်။

"နေပါဦး. . . ကိုဘဟိန်းရဲ့။ ဒီစာအိတ်ကြီးမှာ ရေးထားတဲ့





ဇမ္ဗူဒီပါဆိုတဲ့စာအတိုင်း ကျုပ်တို့ ပန်းချီဆရာ ကိုစက်ရောင်အိမ်မှာတွေ့ခဲ့တဲ့ပန်းချီကားထဲက ဇမ္ဗူဒီပါနဲ့ပတ်သက်နေပြီနဲ့တူတယ်"

"ဟုတ်ပါ့ဗျာ. . . ဟုတ်ပါ့။ ဒါကြောင့်လည်း ကျုပ်က ကိုသံခိပ်အတွက် ထူးထူးခြားခြားလက်ဆောင်ဆိုပြီး ဟောဒီစာအိတ်ကြီးကိုပေးရတာပဲဗျို့။ ဒီတော့ ဇမ္ဗူဒီပါဆိုတဲ့စာအိတ်ကြီးထဲက စာကိုဖတ်ပေတော့။ ကိုသံခိပ်စိတ်ဝင်စားတဲ့ ပန်းချီဆရာကိုစက်ရောင်ကိုတော့ စုံစမ်းဖို့ ကျုပ် ခရီးထွက်ရဦးမယ်ဗျ"

"ကိုဘဟိန်း ခရီးထွက်မှာ တစ်ယောက်တည်းလား။ ကျုပ်ကော မလိုက်ရဘူးလား ကိုဘဟိန်း"

"လိုက်ရမှာပေါ့ ကိုသံခိပ်ရယ်။ ဖြည်းဖြည်းပေါ့ဗျာ။ ကိုသံခိပ်လည်း ကျုပ်အကြောင်း သိသားပဲမဟုတ်လား။ ကဲ. . . ကျုပ်သွားမယ် ကိုသံခိပ်"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြောဆိုနှုတ်ဆက်ပြီး လက်ဖက်ရည်ဆိုင်မှထွက်သွား၍ ကျွန်ုပ်တစ်ဦးတည်း ကျန်ရစ်ခဲ့လေသည်။ သို့တိုင် ကျွန်ုပ်သည် ကိုဘဟိန်းကို ကျေးဇူးအထူးတင်နေမိလေသည်။

အဘယ်ကြောင့်ဆိုသော် လူစွန့်စား ကိုဘဟိန်းသည် ကျွန်ုပ်ကို စာအိတ်ကြီး ပေးခဲ့ခြင်းမှာ ကျွန်ုပ်အတွက် တန်ဖိုးမဖြတ်နိုင်

အောင် ဖြစ်မိလေသည်။ ကိုဘဟိန်းသည် လူစွန့်စားပီပီ အမှုလိုက်ရာတွင် သုံးသပ်တွေးခေါ်ရာ၌ စေ့စပ်သူတစ်ဦးဖြစ်၍ ကျွန်ုပ်ကို အကြောင်းမဲ့ စာအိတ်ကြီးပေးထားခဲ့မည်မဟုတ်မှန်း ကျွန်ုပ်ရိပ်စားလိုက်မိလေသည်။

ထို့ကြောင့် ကျွန်ုပ်သည် ကိုဘဟိန်း ပေးခဲ့သည့် ဇမ္ဗူဒီပါ အမည်ရှိ ထူးထူးဆန်းဆန်းတွေ့ရသည့်စာအိတ်ကြီးကို ယူဆောင်ပြီး ကျွန်ုပ်အိမ်လေးသို့ပြန်လာမိလေသည်။ ကျွန်ုပ်သည် အိမ်သို့ရောက်ရောက်ခြင်းပင် ရေမိုးချိုး အဝတ်အစားပင် မလဲနိုင်ဘဲ ကုလားထိုင်ပေါ်တွင်ထိုင်ပြီး စာအိတ်ကြီးကိုဖွင့်ပြီး ဖတ်ကြည့်လိုက်မိစဉ် ကျွန်ုပ် အလွန်ပင် အံ့ဩသွားမိလေသည်။ ထိုစာအိတ်ကြီးအတွင်းမှ စာရွက်များပေါ်တွင် ရှေးရိုးဘုန်းကြီးကျောင်းသား လက်ရေးဖြင့် ရေးသားထားသည်ကိုဖတ်ရှုပြီး ကျွန်ုပ်သည် လိုအပ်သမျှ ပြင်ဆင်၍ ဝတ္ထုသဖွယ် တင်ပြလိုက်ရပေသည်။

❦ ❦ ❦



## အခန်း ( ၂ )

ကျွန်ုပ် လူမှန်းသိတတ်စအရွယ်မှ ယခုအရွယ်သို့ ရောက်ရှိခဲ့သည့်တိုင် ကျွန်ုပ်တွင် မိဘများရှိသည်ဟု မသိရှိခဲ့ရချေ။ သို့တိုင် ကျွန်ုပ် သိရှိခဲ့ရသည်က ကျွန်ုပ်ကို အနီးကပ် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည့် ဦးပဥ္စင်းကြီးပင်ဖြစ်သည်။

ဦးပဥ္စင်းကြီးသည် ကျွန်ုပ်ကို သင်ပုန်းကြီး၊ အောင်ခြင်းမင်္ဂလာ၊ ရတနာ့ရွှေချိုင့်များကို ကန့်ကူကန့်လူ့ည် သင်ကြားခဲ့၍ ကျွန်ုပ်သည် စာအတော် အတတ်အပွန်း ရှိခဲ့ချေပြီ။ ထို့ကြောင့် ဦးပဥ္စင်းကြီးသည် ကျွန်ုပ်၏ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှုကို သဒ္ဒါကျကာ လောကနီတိ၊ ဗုဒ္ဓ၏အဆုံးအမများ နှုတ်တက်ရွရွ

သင်ကြားပေးပြီး ကျွန်ုပ်ကို ပရိယတ္တိစာပေများကို သင်ကြားရန် အမြဲမပြတ်တိုက်တွန်းလေသည်။

သို့တိုင် ကျွန်ုပ်သည် ဦးပဉ္စင်းကြီး၏ အဆုံးအမ အသွန်အသင်ကိုနာခံမိသော်လည်း ကျွန်ုပ်နှလုံးသားတွင် အမြဲမပြတ်ရှိနေသည်က ပန်းချီအတတ်ပညာပင်ဖြစ်ချေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဦးပဉ္စင်းကြီး၏ဝေယျာဝစ္စများပြုလုပ်ပြီး ကျွန်ုပ်နေထိုင်သည့်ကျောင်းပရဝုဏ် မနီးမဝေးရှိ တောင်ကုန်းလေးပေါ်တွင်နေစဉ် သဘာဝပန်းချီကားများကိုရေးဆွဲ၍လည်းကောင်း၊ လူပုံအမျိုးမျိုးကိုလည်းကောင်း၊ ဘုတ်အုပ်ထဲတွင် ရေးဆွဲ၍ လေ့ကျင့်နေမိလေသည်။

တစ်နေ့ ကျွန်ုပ်သည် ပန်းချီရေးဆွဲသည့် တောင်ကုန်းလေးတွင်ထိုင်ပြီး သဘာဝရှုခင်းကို စိတ်ပါဝင်စားစွာဆွဲနေမိသည်။ ထိုစဉ် မမျှော်လင့်ဘဲ လူကြီးတစ်ယောက်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်အံ့အားသင့်သွားမိချေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တွေ့လိုက်ရသည့်လူကြီးသည် ဖျင်ကြမ်းတိုက်ပုံအကျႌကိုဝတ်ပြီး လွယ်အိတ်ကြီးကို စလွယ်သိုင်းပြီး လွယ်ထားသည်ကိုတွေ့လိုက်ရသည်။

"ဘယ်လိုလဲ မောင်တာနောရဲ့။ သဘာဝရှုခင်းကိုဆွဲနေတုန်း ကျုပ်ရဲ့ပုံစံကိုကြည့်ပြီး သဘာဝမကျဘူးနဲ့တူတယ်"





"ဗျာ! ဦးကြီးက"

"ဦးကြီးကိုတွေ့ရလို့ သိပ်အံ့ဩသွားပြီလား မောင်တာနော။ အေးလေ. . . ဦးကြီးက မောင်တာနောကိုသိပေမယ့် မောင်တာနောက ဦးကြီးကို ဘယ်သိပါ့မလဲ။ ဦးကြီး. . . မောင်တာနောကို ရှာဖွေနေခဲ့တာ ကြာခဲ့ပြီကွယ့်"

ဦးကြီးဆိုသည့်လူကြီးသည် ကျွန်ုပ်ကိုပြောဆိုပြီး သစ်ပင်ခြေရင်းတွင် တင်ပျဉ်ခွေထိုင်ကာ လွယ်အိတ်ကြီးထဲမှ ကြေးကွမ်းအစ်ကလေးကိုထုတ်ကာ၊ ကွမ်းယာစပ်ပြီး ကွမ်းတမြုံ့မြုံ့ဝါးရင်း ပြောနေသည့်စကားသံကြောင့် ကျွန်ုပ်ကြည့်ရင်း အံ့ဩသွားမိလေသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ငယ်စဉ်ကတည်းက အရွယ်ရောက်သည့်တိုင် ဦးပဉ္စင်းကြီးထံတွင် နေထိုင်ခဲ့ရ၍ ပတ်ဝန်းကျင် အခင်းအကျင်းနှင့် ကင်းကွာခဲ့သူဖြစ်သည်။ ကျွန်ုပ်တစ်ကိုယ်တည်း တွေးတော၍လည်းကောင်း၊ ပန်းချီဆွဲခြင်းဖြင့်လည်းကောင်း၊ အချိန်ကုန်ခဲ့ခြင်းပင်ဖြစ်သည်။

ယခု ကျွန်ုပ်ရှေ့တွင်ထိုင်ပြီး ကျွန်ုပ်နာမည်ကိုသိပြီး ကျွန်ုပ်ကိုရှာဖွေနေသည်ဆိုသော ဦးကြီးဆိုသူကိုကြည့်ရင်း ကျွန်ုပ်သည် စကားမဆိုနိုင်ဘဲ မင်သက်မိနေလေသည်။

ဦးကြီးဆိုသူသည် ကျွန်ုပ်ကိုအတန်ကြာကြည့်ပြီး လွယ်အိတ်ကြီးထဲသို့နှိုက်ပြီး. . .

"ဟောဒီပစ္စည်းလေးက. . . မောင်တာနေ့ဘဝမှာ တစ်နေ့အသုံးဝင်မယ့်ပစ္စည်းလေးကွယ့်။ ဒီပစ္စည်းလေးကို ဘာကြောင့်မောင်တာနေ့ထံ ဦးကြီး ပို့ရသလဲဆိုရင် ခုအချိန်မှာ ပြောဖို့ခက်နေသေးတယ်ကွယ့်။ ဦးကြီးပြောချင်တာက မောင်တာနေ့မိဘတွေပဲ"

"ဗျာ! ကျုပ်မိဘတွေ. . . ဟုတ်လား"

ကျွန်ုပ်သည် ဦးကြီးဆိုသူ၏စကားကြောင့် ကျွန်ုပ်ရင်ထဲတွင် တုန်လှုပ်သွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ဘဝတစ်သက်တာတွင် ဦးဦးဖျားဖျားသိခွင့်ရလိုက်သည့် မိဘဟူသောစကားပင်ဖြစ်သည်။

"ကျုပ်မှာ မိဘတွေရှိတယ်. . . ဟုတ်လား ဦးကြီး။ ကျုပ်မိဘတွေက ဘယ်သူလဲ။ ဦးကြီးသိရင် ကျုပ်ကိုပြောပြပါ ဦးကြီးရယ်"

"ပြောရရင်တော့ မောင်တာနေ့ဘဝမှာ မိဘတွေ ရှိခဲ့ဖူးတာ အမှန်ပဲကွဲ့။ ဒါပေမဲ့. . ."

ဦးကြီးသည် ကျွန်ုပ်ကိုကြည့်ရင်း စိတ်မကောင်းသည့်ဟန်ဖြင့်ပြောဆိုပြီး စကားရှေ့မဆက်တော့ဘဲ အတန်ကြာငိုင်တွေသွား





လေသည်။ ကျွန်ုပ်၏ရင်ထဲတွင် မိဘများကိုသိလိုစိတ်များ တဖွားဖွားပေါ်ပေါက်လာမိလေသည်။ ဦးကြီးသည် ကျွန်ုပ်အဖြစ်ကို ရိပ်စားမိပြီး. . .

"စိတ်မကောင်းမဖြစ်ပါနဲ့ မောင်တာနေ့ရယ်။ လူဆိုတာတွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာမဟုတ်လား မောင်တာနေ့။ မောင်တာနေ့ရဲ့ ဘဝပဋ္ဌာန်းဆက်က နည်းပါးတယ်လို့ပဲ မှတ်လိုက်ပါတော့။ ရော့. . . မောင်တာနေ့"

ဦးကြီးဆိုသူသည် ကျွန်ုပ်လက်ထဲသို့ ပစ္စည်းလေးတစ်ခု ထည့်ပေးလိုက်၍ ကျွန်ုပ်ကြည့်လိုက်မိရာ အံ့ဩသွားမိလေသည်။

"ဦးကြီး. . . ဒါ. . . ဘာလဲ"

"ထူးဆန်းတဲ့ ကျောက်နက်ကလေးလို့ ပြောရမှာပဲ. . . မောင်တာနေ့။ ဒီကျောက်နက်ကလေးက မောင်တာနေ့ဘဝအတွက် အရေးကြီးတဲ့ပစ္စည်းတစ်ခုကွယ့်။ ဘာဖြစ်လို့လဲဆိုတော့ မောင်တာနေ့. . . မကြာခင် ဘဝခရီးထွက်ရတော့မယ်"

"ဗျာ! ကျုပ် ဘဝခရီးထွက်ရတော့မယ်။ ဟုတ်လား ဦးကြီး"

"ဟုတ်တယ်. . . မောင်တာနေ့။ မောင်တာနေ့ ခုထွက်မယ့်ဘဝခရီးက မောင်တာနေ့ အလွန်မြတ်နိုးတဲ့ ပန်းချီပညာအတွက်ပဲ"

ကျွန်ုပ်သည် ဦးကြီး၏စကားကြောင့် ပန်းချီဝါသနာပါသူ ကျွန်ုပ်အဖို့ ဝမ်းသာသွားမိသော်လည်း ကျွန်ုပ်သည် လောကီကိစ္စများတွင် ကင်းပြတ်ခဲ့၍ ဘယ်ခရီးလမ်းကို သွားရမှန်းမသိဘဲ ယောင်ချာချာဖြစ်နေမိလေသည်။ သို့တိုင် ကျွန်ုပ်အလွန်တွေ့ချင်သောမိဘများကိုမတွေ့ရ၍ ကျွန်ုပ်ဘဝကို ကျွန်ုပ်တွေးမိကာ ဝမ်းနည်းကြေကွဲနေမိလေသည်။

"ဘဝကိုတွေးပြီး အားငယ်စိတ် မဝင်စမ်းပါနဲ့ မောင်တာနော ရယ်။ ကံညာဏ်ဝီရိယဆိုတဲ့ဘဝအဖော်သုံးဦးက မောင်တာနော နှလုံးသားမှာ အမြဲတမ်းရှိပါတယ်။ မောင်တာနော လိုအပ်သလို သုံးနိုင်းရင် မောင်တာနောဖြစ်ချင်တဲ့ပန်းချီဆရာ တစ်နေ့ဖြစ်လာမှာ မလွဲပါဘူး။ ကဲ. . . ဦးကြီးလည်း ခရီးဆက်ဖို့ အချိန်လင့်လို့ မဖြစ်ဘူး. . . မောင်တာနော"

"ဦးကြီးက ဘယ်ကိုခရီးဆက်ဖို့ ရှိသေးလဲ"

"ဦးကြီး. . . ဘယ်ကိုခရီးဆက်ရဦးမယ်ဆိုတာ မသိသေးဘူး ကွယ့်။ ဒါပေမဲ့ ခရီးကတော့ ဆက်နေရဦးမယ်"

ဦးကြီး၏ မရေရာသောစကားကြောင့် ကျွန်ုပ်သည် ဦးကြီးဆိုသူကို နားမလည်နိုင်သလိုဖြစ်သွားမိသည်။ ဦးကြီးသည် ကျွန်ုပ်ကို ပြုံးပြုံးကြီးကြည့်ကာ. . .





"ကဲ. . . ဦးကြီး သွားမယ်။ တစ်နေ့နေ့ ဦးကြီးနဲ့ မောင်တာနော တွေ့ကြုံရဦးမှာပါကွယ်"

ဦးကြီးသည် ပြောပြောဆိုဆို ကျွန်ုပ်ကိုနှုတ်ဆက်ပြီး တောင်ကုန်းလေးပေါ်မှ တရွေ့ရွေ့ဆင်းသွားလေတော့သည်။ ကျွန်ုပ်သည် ဦးကြီးဆိုသူကိုကြည့်ရင်း ကျွန်ုပ်ဘဝဖြစ်စဉ်ကို ကျွန်ုပ် တွေးဆမရနိုင်အောင် ဖြစ်မိလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် အမှတ်မထင်တွေ့ရှိရသည့် ဦးကြီးဆိုသူကို ကြည့်လိုက်မိရာ မတွေ့ရတော့ချေ။

ကျွန်ုပ်သည် ဆွဲလက်စ ပန်းချီကားကို အဆုံးမသတ်နိုင်ဘဲ ကျွန်ုပ်နေထိုင်ရာ ကျောင်းတလေးဆီသို့ ပြန်လာခဲ့မိလေသည်။ ညနေဆည်းဆာနှင့်အတူ တဖြည်းဖြည်း အမှောင်ရိပ် ဖုံးလွှမ်းလာ၍ ကျွန်ုပ် ခပ်သုတ်သုတ်လာခဲ့မိရာ ကျောင်းဝတွင် မီးရောင်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်ရင်ထိတ်သွားမိလေသည်။

"မောင်တာနော အချိန်လင့်လှချည်လားကွယ်။ ဦးပဥ္စင်းကြီး စိတ်မချလို့ လိုက်မလို့ကွဲ့"

ကျွန်ုပ် ကျောင်းဝသို့ရောက်ရောက်ချင်းပင် မီးတုတ်ကိုကိုင်၍ ကျွန်ုပ်ကို စိုးရိမ်ကြောင့်ကြစွာပြောဆိုလိုက်သည့် ဦးပဥ္စင်းကြီးစကားသံကို ကြားလိုက်ရချေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ယခုလို အချိန်လင့်စွာ တစ်ခါမျှ နေထိုင်ခဲ့ခြင်းမရှိသော

ကြောင့်ပင်။ ဦးပဉ္စင်းကြီးသည် ကျွန်ုပ်ကို ကရုဏာဒေါသဖြင့် ပြောဆိုနေသော်လည်း ကျွန်ုပ်ကိုမြင်တွေ့လိုက်ရ၍ စိုးရိမ်ကြောင့်ကြမှု ပြေသွားဟန်တူသည်။

ကျွန်ုပ်သည် ဦးပဉ္စင်းကြီးနောက်မှလိုက်ခဲ့ပြီး ကျောင်းကြီးပေါ်သို့ရောက်ရှိခဲ့သည့်တိုင် အဖြစ်ရှိသမျှ ဆွဲလက်စပန်းချီကားချပ်များကို မသိမ်းဆည်းနိုင်ဘဲ ဦးပဉ္စင်းကြီးကိုကြည့်ပြီး ကျွန်ုပ်ကြုံတွေ့ခဲ့ရသည့်အဖြစ်ကိုတွေးမိပြီး ချီတုံချတုံဖြစ်နေမိလေသည်။ ဦးပဉ္စင်းကြီးသည် ကျွန်ုပ်အဖြစ်ကိုရိပ်စားမိဟန်တူသည်။

"မောင်တာနော. . . မျက်နှာကလည်း မရွှင်မပျဖြစ်နေပါလား။ ဦးပဉ္စင်းကြီးကို မှန်မှန်ပြောစမ်း။ မောင်တာနော ဘာဖြစ်လာခဲ့သလဲ"

ဦးပဉ္စင်းကြီး၏အမေးစကားကြောင့် ကျွန်ုပ်သည် ဦးကြီးဆိုသူ၏မျက်နှာကို မြင်ယောင်မိပြီး ကျွန်ုပ်အိတ်ထဲမှ ကျောက်နက်ကလေးကိုထုတ်ယူပြီး. . .

"ဒီလိုပါဘုရား. . . တပည့်တော် တောင်ကုန်းလေးပေါ်မှာ ပန်းချီဆွဲနေတုန်း လူထူးလူဆန်းတစ်ဦးနဲ့ ဆုံတွေ့ခဲ့ပါတယ်ဘုရား။ ပြီးတော့ တပည့်တော်ကို ဟောဒီကျောက်နက်ကလေး ပေးထားခဲ့ပါတယ်ဘုရား"





"ဟေ. . ."

ကျွန်ုပ်၏ လျှောက်တင်ချက်စကားနှင့်အတူ ကျောက်နက်ကလေးကိုတွေ့လိုက်ရ၍ ဦးပဉ္စင်းကြီးသည် အလွန်တရာ အံ့ဩသည့်မျက်နှာဖြင့် ကျွန်ုပ်ထံမှ ကျောက်နက်ကလေးကိုယူပြီး အတန်ကြာအောင် ကြည့်ရှုနေကာ. . .

"အင်း. . . တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ဦးပဉ္စင်းကြီး ရိပ်စားမိပါတယ်ကွယ်။ ခုတော့. . . မောင်တာနောဘဝအတွက် ဦးပဉ္စင်းကြီး စိတ်ချသွားပါပြီ။ နေပါဦး. . . မောင်တာနောရဲ့ အဲဒီလူထူးလူဆန်းက မောင်တာနောကို ဘာတွေများ ပြောခဲ့သေးလဲ"

"ဒီလိုပါဘုရား. . . တပည့်တော်မှာ မိဘတွေ ရှိခဲ့တယ်ဆိုတဲ့စကားပဲဘုရား"

ကျွန်ုပ်သည် ဦးပဉ္စင်းကြီးကိုလျှောက်ထားပြီး စကားမဆက်နိုင်ဘဲ ရင်ထဲတွင် ဆို့နင့်တုန်ခါနေမိလေသည်။ ဦးပဉ္စင်းကြီးသည် ကျွန်ုပ်အဖြစ်ကိုကြည့်ပြီး စိတ်မကောင်းသည့်မျက်နှာဖြင့် ကြည့်ကာ. . .

"မောင်တာနောအဖြစ်ကို ဦးပဉ္စင်းကြီး ကိုယ်ချင်းစာနာပါတယ်ကွယ်။ ဒါကြောင့်လည်း ဦးပဉ္စင်းကြီးရင်ထဲမှာ နှစ်ပေါင်း

များစွာ မြုပ်နှံထားခဲ့တာပါ။ ခုတော့ ဟောဒီကျောက်နက်ကလေးကို မျက်မြင်တွေ့ရတော့ ဦးပဥ္စင်းကြီး မောင်တာနေ့ာကို မပြောမဖြစ် ပြောရမှာပဲ။ ဒါကလည်း ဦးဝိဇ္ဇာကြောင့်ပဲ မောင်တာနေ့ာ"

"ဦးဝိဇ္ဇာက ဘယ်သူများလဲဘုရား"

"ဦးဝိဇ္ဇာဆိုတာက မောင်တာနေ့ာကို ဟောဒီကျောက်နက်ကလေး ပေးခဲ့တဲ့သူပဲ. . . မောင်တာနေ့ာ"

ဦးပဥ္စင်းကြီးစကားကြောင့် ကျွန်ုပ်နှင့်တွေ့ဆုံခဲ့သည့် ဦးကြီးဆိုသူသည် ဦးဝိဇ္ဇာမှန်း ကျွန်ုပ်သိလိုက်ရလေသည်။

"အဲဒီဦးဝိဇ္ဇာက ဘယ်မှာနေတာလဲဘုရား။ တပည့်တော်ကို ရှာဖွေနေခဲ့တာကြာပြီလို့ ပြောပါတယ်ဘုရား"

"မောင်တာနေ့ာကို ဦးဝိဇ္ဇာ မရှာလို့မဖြစ်ဘူးကွဲ့။ မောင်တာနေ့ာဇာတာအရ ဒီအသက်အရွယ်ရောက်ရင် မောင်တာနေ့ာဘဝ ခရီး စရမှာကွဲ့။ ဒါကလည်း မောင်တာနေ့ာ ဆွဲနေတဲ့ ဟောဒီပန်းချီကားကြောင့်ပဲ"

ကျွန်ုပ်သည် ဦးပဥ္စင်းကြီးစကားကြောင့် ကျွန်ုပ် ဆွဲလက်စ ပန်းချီကားကိုကြည့်လိုက်မိသည်။ ကျွန်ုပ်သည် ပန်းချီဝါသနာထုံခဲ့မိသော်လည်း ကနဲ့ကူကနဲ့လှည့် လက်ပွန်းတတီးသင်ပေးမည့်ဆရာ မရှိခဲ့ချေ။ သို့တိုင် ကျွန်ုပ်သည် ထူးခြားသည့် ပန်းချီပါရမီရှိသူဟု





ဆိုရချေမည်။ ကျွန်ုပ် ဆွဲထားပြီးသမျှပန်းချီကားများကို တွေ့မြင်ရသည့်ဦးပဥ္စင်းကြီးက ကျွန်ုပ် ပန်းချီပညာထူးချွန်မှုကို အံ့အားသင့်စေခဲ့သည်မဟုတ်ပါလား။

"တပည့်တော်ရဲ့မိဘတွေအဖြစ်ကို ပြောပြပါဘုရား"

ကျွန်ုပ်သည် လူ့ဘဝ ရောက်ရှိခဲ့သည့်တိုင် မျက်မြင်မတွေ့ရှိခဲ့သည့်အမိအဖကို မှန်းဆပြီး နှလုံးသားတွင် ကြေကွဲစွာခံစားနေမိလေသည်။ ဦးပဥ္စင်းကြီးသည် ကျွန်ုပ်အဖြစ်ကိုသိပြီး. . .

"စိတ်နှလုံး မညှိုးနွမ်းပါနဲ့တော့. . . မောင်တာနေ့ာရယ်။ ဦးဝိဇ္ဇာက မောင်တာနေ့ာအဖြစ်ကိုသိပြီး စကားမဟာခဲ့တာကလည်း တကယ်တော့ မောင်တာနေ့ာရဲ့မိရင်းဖရင်းတွေဟာ ခုအချိန်အထိ သေသလား၊ ရှင်သလားဆိုတာ ဦးပဥ္စင်းကြီးကိုယ်တိုင် တွက်ဆလို့ မရခဲ့တာ အမှန်ဘဲ။ မောင်တာနေ့ာ သုံးလေးနှစ်သားအရွယ်မှာ မောင်တာနေ့ာကို ဦးပဥ္စင်း ကျွေးမွေးစောင့်ရှောက်ဖို့ လူတစ်ယောက်က အပ်နှံခဲ့တာကွယ့်။ ဒါပေမဲ့. . . အဲဒီလူက ဦးပဥ္စင်းကြီးကို ပြောခဲ့တာတော့ရှိတယ်"

ဦးပဥ္စင်းကြီးသည် စကားမဆက်နိုင်သေးဘဲ ရေနွေးကြမ်းကို ငုံ့သောက်ပြီး ကျွန်ုပ်ကို ကရုဏာမျက်ဝန်းဖြင့် ကြည့်နေလေသည်။ ကျွန်ုပ်သည် ယခုလိုအရွယ်ရောက်မှ မိဘများအဖြစ်ကို

သိရှိရသဖြင့် အထူးအဆန်းသဖွယ်ဖြစ်နေမိလေသည်။

"အဲဒီလူ ဦးပဥ္စင်းကြီးကို ဘာစကားများ လျှောက်ထားခဲ့ပါသလဲဘုရား။ တပည့်တော် သိခွင့်ရပါရစေဘုရား"

"မောင်တာနော သိချင်တယ်ဆိုတာ ဦးပဥ္စင်းကြီးသိပါတယ်။ ဒါပေမဲ့. . . ပြောသင့်မပြောသင့်စဉ်းစားနေရတယ်ကွယ်။ ဒါကလည်း မောင်တာနောဘဝအတွက် အခက်အခဲဖြစ်မှာစိုးလို့ပဲ"

"ဘာကြောင့်များလဲဘုရား။ တပည့်တော်ရင်ထဲမှာ မိဘတွေကို အဖေကို အဖေလို့၊ အမေကို အမေလို့ အားရပါးရခေါ်ခွင့်မရလို့ ယူကျုံးမရဖြစ်မိပါတယ်ဘုရား"

ကျွန်ုပ်၏စကားသံကြောင့် ဦးပဥ္စင်းကြီးသည် စိတ်မကောင်းဖြစ်သည့်မျက်နှာဖြင့် ကျွန်ုပ်၏ ဆွဲလက်စ ပန်းချီကားချပ်များကို ကြည့်ပြီး၊ အတန်ကြာမှ. . .

"ဒီလိုကွဲ့. . . မောင်တာနောရဲ့။ မောင်တာနော နှလုံးသားထဲမှာ စွဲမြဲနေတဲ့ ပန်းချီအတတ်ပညာကို မောင်တာနော မလိုက်စားစေဖို့ အတန်တန်မှာထားခဲ့တဲ့စကားပဲ မောင်တာနော"

ဦးပဥ္စင်းကြီးစကားသံကြောင့် ကျွန်ုပ်အံ့ဩသွားမိလေသည်။ အဘယ်ကြောင့် ကျွန်ုပ်ကို ပန်းချီပညာ မလိုက်စားစေချင်သည့်ဆန္ဒကို ကျွန်ုပ် နားမလည်နိုင်အောင်ဖြစ်မိလေသည်။





"အဲဒါကြောင့် မောင်တာနောကို ဦးပဥ္စင်းကြီး ပန်းချီမဆွဲဖို့ တားမြစ်ခဲ့ပေမယ့် မရခဲ့ဘူးမဟုတ်လား။ ခုတော့ မောင်တာနောက ဦးဝိဇ္ဇာနဲ့တွေ့ခဲ့ပြီဆိုတော့ ဦးပဥ္စင်းကြီး မောင်တာနောဘဝအတွက် စိတ်ချသွားရပြီ။ ဦးဝိဇ္ဇာပြောသလို မောင်တာနော ခရီးထွက်ရလိမ့်မယ်ကွယ့်"

"တပည့်တော် ဘယ်ခရီးကိုထွက်ရမှာလဲဘုရား။ ပြီးတော့ တပည့်တော်ဘဝက. . ."

ကျွန်ုပ်သည် ဦးပဥ္စင်းကြီးကို မဝံ့မရဲလျှောက်ထားရင်း စကားပြတ်တောက်သွားလေသည်။ ပြီး ဦးဝိဇ္ဇာပြောခဲ့သည့် ကံညာဏ်ဝိရိယဆိုသည့်စကားသံကို နားထဲမှ ကြားယောင်မိသလို ကျွန်ုပ်မိဘများကိုတွေ့မြင်လိုစိတ်ကို မမျိုသိပ်နိုင်အောင်ဖြစ်မိလေသည်။

"မောင်တာနော. . . ခုထွက်ရမယ့်ခရီးက မောင်တာနော မြတ်နိုးတဲ့ပန်းချီ ထွန်းပေါက်ဖို့မဟုတ်လား။ ဦးပဥ္စင်းကြီးပြောချင်တာက ဦးပဥ္စင်းကြီးရဲ့မိတ်ဆွေ ကိုစက်ရောင်ဆီကိုသွားဖို့ ဦးပဥ္စင်းကြီး ဆောင်ရွက်ထားတယ်. . . မောင်တာနော"

ဦးပဥ္စင်းကြီးစကားသံနှင့်အတူ ကျွန်ုပ်သည် ငယ်စဉ်ကတည်းက နေထိုင်လာခဲ့သည့်ကျောင်းကြီးကို ကြည့်လိုက်မိသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့်အတူ တရားမေ့ စည်ဝေခဲ့သည့် ကျောင်း

ဝိဟာရကိုကြည့်ရင်း ကျွန်ုပ်ဘဝက အိပ်မက်သဖွယ် ဖြစ်နေမိလေသည်။ ဦးပဥ္စင်းကြီးသည် ကျွန်ုပ်ကိုကြည့်ပြီး. . .

"အားငယ်စရာ မလိုပါဘူး မောင်တာနောရယ်။ ဦးဝိဇ္ဇာက မောင်တာနောကို စောင့်ရှောက်မှာမလွဲပါဘူး။ ကဲ. . . မောင်တာနော, ခရီးထွက်ဖို့ ဦးပဥ္စင်းကြီး ကြိုတင်ပြင်ဆင်ပြီးပြီကွယ့်"

ဦးပဥ္စင်းကြီးသည် ကျွန်ုပ်ကိုပြောဆိုပြီး အခန်းထဲသို့ဝင်သွားလေသည်။ ကျွန်ုပ်သည် အိပ်ရာပေါ်သို့ ကျောခင်းလိုက်မိသော်လည်း အိပ်လို့မရနိုင်ဘဲဖြစ်နေမိသည်။ ကျွန်ုပ်မျက်စိထဲတွင် မြင်ယောင်နေမိသည်က ဦးဝိဇ္ဇာဆိုသည့် လူထူးလူဆန်းအဘိုးကြီး ပေးထားခဲ့သော ကျောက်နက်ကလေးပင်ဖြစ်သည်။

ကျွန်ုပ်သည် ဘဝဖြစ်စဉ်များကို တွေးတောမဆုံးနိုင်အောင် စဉ်းစားမိရင်း မအိပ်နိုင်သေးဘဲ အိပ်ရာထဲတွင် ဘယ်လူး ညာလှိမ့်ဖြင့် မှိန်းနေရင်း လှစ်ခနဲအိပ်ပျော်သွားမိလေသည်။

"မောင်တာနော. . . မောင်တာနော"

ကျွန်ုပ်နားဆီမှ သဲ့သဲ့ကြားနေရသည့် အဆက်မပြတ်ခေါ်သံကြောင့် ကျွန်ုပ် မျက်စိဖွင့်ပြီး ကြည့်လိုက်မိရာ ကျွန်ုပ်ကို နိုးနေသည့် ဦးပဥ္စင်းကြီးကို တွေ့လိုက်ရလေသည်။ ဦးပဥ္စင်းကြီးသည် ကျွန်ုပ်ကိုကြည့်ကာ. . .





"မောင်တာနော ခရီးထွက်ဖို့ အချိန်လင့်နေမယ်ကွယ့်။ သွားဖို့ ပြင်ချေတော့"

ဦးပဥ္စင်းကြီးစကားကြောင့် ကျွန်ုပ် ထွက်ခွာရမည့်ခရီးကို သတိရမိပြီး ကမန်းကတန်းပင် မျက်နှာသစ်လိုက်ပြီး၊ ဦးပဥ္စင်းကြီး အသင့်ပြင်ထားသည့် ထမင်းကြော်နှင့် ရေနွေးကြမ်းပူပူကို စားသောက်နေရသော်လည်း ကျွန်ုပ်ဗိုက်ထဲတွင် အလိုလိုပြည့်နေမိသလို ဝမ်းနည်းကြေကွဲစိတ်က ဖိစီးနေလေသည်။

"ရော့. . . မောင်တာနော။ ဟောဒါက မောင်တာနော လိုအပ်ရာထည့်ဖို့ လွယ်အိတ်ပဲ။ ဟောဒါက မောင်တာနော လမ်းမှာ အာဟာရဖြည့်ဖို့ ထမင်းထုပ်"

ဦးပဥ္စင်းကြီးသည် ကျွန်ုပ်အတွက် ဘယ်တုန်းက ကြိုတင်ပြင်ဆင်ထားခဲ့သည်မသိ။ ဖျင်ကြမ်းကိုစပ်ပြီး ချုပ်ထားသည့်လွယ်အိတ်ကြီးထဲတွင် ကျွန်ုပ်အဝတ်အစားများကို အဆင်သင့်ထည့်ထားသည်ကိုတွေ့လိုက်ရလေသည်။

ကျွန်ုပ်သည် ဦးပဥ္စင်းကြီးကို ဦးချ ကန်တော့ပြီး လျှောက်ထားလိုက်မိလေသည်။

"တပည့် ကျူးလွန်မိသမျှ ကာယကံ၊ ဝစီကံ၊ မနောကံများ ရှိခဲ့ပါလျှင် ခွင့်လွှတ်တော်မူပါဘုရား"

"အေး. . . သာဓုကွယ်၊ သာဓု. . . သာဓု။ ဦးပဥ္စင်းကြီး မောင်တာနော ကျူးလွန်ခဲ့သမျှအပြစ်တွေကို ခွင့်လွှတ်ပါတယ်။ ဒါပေမဲ့ကွယ်. . ."

ဦးပဥ္စင်းကြီးသည် ကျွန်ုပ်ကိုပြောဆိုပြီး စကားမဆက်နိုင်ဘဲ ရပ်တန့်သွားလေသည်။ ပြီး ကျွန်ုပ်ကို စူးစူးစိုက်စိုက်ကြည့်ကာ နေသည်။ ကျွန်ုပ်သည် ငယ်စဉ်ကတည်းက ဦးပဥ္စင်းကြီး၏ အရိပ်အာဝါသတွင် နေထိုင်လာခဲ့သူဖြစ်၍ ဦးပဥ္စင်းကြီးနှင့် ရှုတ်တရက်ခွဲရမည်ဆို၍ ရင်ထဲတွင် ဖြေမဆည်နိုင်အောင် ခံစားနေမိလေသည်။

ဦးပဥ္စင်းကြီးသည် ကျွန်ုပ်ကို သားကဲ့သို့ ရင်အုပ်မကွာ လူဖြစ်အောင် ကျွေးမွေးပြုစုခဲ့သော်လည်း ကျွန်ုပ်ကို ခရီးထွက်စေချင်သည်က ကျွန်ုပ်ဘဝခရီးအတွက်ဖြစ်မှန်း ကျွန်ုပ် ရိပ်စားမိခဲ့ချေသည်။

"အင်း. . . သံယောဇဉ်အပူမီးက မလွယ်ပါလား မောင်တာနောရယ်။ မောင်တာနောရဲ့ဘဝခရီးအတွက် ဦးပဥ္စင်းကြီး လွှတ်ရပေမယ့် စိတ်မချနိုင်တာ အမှန်ပဲ။ ဦးပဥ္စင်းကြီး မှာချင်တာက မောင်တာနောရင်ထဲမှာ မထားသင့်တဲ့ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ စိတ်အညစ်အကြေးကို ဖြူစင်အောင် နှလုံးသားမှာ ဘုရားတည်ပါ။ ဒါမှလည်း. . . မောင်တာနော ဘဝခရီးအတွက် ဖြောင့်





ဖြူမှာ မဟုတ်လား"

"တင်ပါ့ဘုရား. .။ တပည့်တော်နှလုံးသားမှာ အမြဲမပြတ် လိုက်နာပါမယ့်ဘုရား"

"ပြီးတော့ ဦးပဥ္စင်းကြီး အထူးမှာချင်တာက ဦးဝိဇ္ဇာ ပေးခဲ့တဲ့ ကျောက်နက်ကလေးပဲ. . . မောင်တာနော"

"ဒီကျောက်နက်ကလေးက တပည့်တော်ဘဝနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ ဘုရား"

ကျွန်ုပ်သည် ဦးပဥ္စင်းကြီးစကားကြောင့် ကျွန်ုပ် သိမ်းဆည်းထားသည့် ကျောက်နက်ကလေးအတွက် စိုးရိမ်ကြောင့်ကြသွားမိပြီး ဦးပဥ္စင်းကြီးကို မေးလိုက်ခြင်းဖြစ်သည်။

"ဒီကျောက်နက်ကလေးက မောင်တာနောရဲ့ကိုယ်ပွားဆိုရင် မမှားဘူးကွယ့်။ အေးလေ. . . တစ်နေ့ ဒီကျောက်နက်ကလေး အကြောင်း သိလာမှာပါ။ ကဲကဲ. . . အချိန်မလင့်ခင် သွားပေတော့ မောင်တာနော"

ဦးပဥ္စင်းကြီးစကားသံနှင့်အတူ ကျွန်ုပ်သည် လွယ်အိတ်ကြီးကိုလွယ်ပြီး ကျောင်းကြီးပေါ်မှ တရွေ့ရွေ့ဆင်းလာမိလေသည်။ ကျောင်းကြီးဥယျာဉ်အတွင်းတွင် တဖွဲဖွဲကျနေသည့် နှင်းပဝါထုက ဖြန့်ကျက်ထားဆဲပင်။

ကျွန်ုပ်သည် ကျောင်းကြီးမုခ်ဝသို့ ရောက်ရှိလာသောအခါ ကျောင်းကြီးကိုကြည့်လိုက်မိသည်။ ကျွန်ုပ်ငယ်စဉ်ကတည်းက နေထိုင်လာခဲ့သည့်ကျောင်းကြီးက နှင်းပဝါထုအောက်တွင် တည်ငြိမ်ရင့်ကျက်စွာရှိနေဆဲပင်။

ကျောင်းကြီးအပေါ်ထပ်ဆီမှ ကျွန်ုပ်ကို စိတ်မချနိုင်သည့်အလား ကြည့်နေသည့် ဦးပဥ္စင်းကြီး၏အနိုင်သဏ္ဌာန်ကို တွေ့လိုက်ရ၍ ကျွန်ုပ်ရင်ထဲတွင် ကြေကွဲသွားမိလေသည်။ သို့တိုင် ကျွန်ုပ်သည် ဦးပဥ္စင်းကြီး၏ ဆုံးမသွန်သင်မှုစကားများကို ကြားယောင်ပြီး ကျောင်းကြီးကိုကျောခိုင်း၍ ထွက်ခွာလာမိလေသည်။

❦ ❦ ❦



## အခန်း ( ၃ )

ကျွန်ုပ်သည် လွယ်အိတ်ကြီးကိုလွယ်၍ တဖြည်းဖြည်းဖြင့် ကျောင်းကြီးကိုကျောခိုင်း၍ ထွက်လာခဲ့မိသည်က နာရီမည်မျှ ကြာမြင့်ခဲ့သည်မသိချေ။ သို့တိုင် ကျွန်ုပ်သည် ဦးတည်ချက်ကင်းမဲ့သူနှယ် ယောင်ချာချာဖြစ်နေမိသည်။ ဦးပဥ္စင်းကြီး လမ်းညွှန်လိုက်သည့်အတိုင်း ကိုစက်ရောင်ရှိရာ မြို့သာသို့သွားသည့်ခရီးစဉ်ကို သိသော်လည်း တစ်ခါမျှရောက်ဖူးခဲ့ခြင်းမရှိ၍ အားငယ်နေမိသည်။

ကျွန်ုပ်သည် တွေးတောရင်း ခရီးနှင်ခဲ့ရာ ဝိုက်ထဲတွင် ဆာလောင်မွတ်သိပ်မှုကြောင့် ဦးပဥ္စင်းကြီး အသင့်ထည့်ပေးလိုက်သည့် ထမင်းထုပ်ကို သတိရမိလေသည်။ ထို့ကြောင့် တောင်ကုန်းဘေး

တွင် ဇရပ်ပျက်ကြီးတစ်ခုကို တွေ့လိုက်ရ၍ ကျွန်ုပ်သည် ထိုဇရပ် ပျက်ကြီးအတွင်း ထမင်းဝင်စားပြီး အနားယူရန် စိတ်ကူးလိုက်မိ လေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဇရပ်ပျက်ကြီးပေါ် သို့တက်ပြီး အကျအန ထိုင်ကာ ထမင်းထုပ်ကိုဖြည်ပြီး စားရန်ပြင်လိုက်မိသည်။

"အဟမ်း. . . အဟမ်း"

ရုတ်တရက်ကြားလိုက်ရသော ချောင်းဟန့်သံကြောင့် ကျွန်ုပ် ကြည့်လိုက်မိရာ အဝတ်အစားစုတ်ပြတ်ပြီး သူရူးသဖွယ် တွေ့လိုက် ရသည့်လူတစ်ယောက်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်အံ့အားသင့်သွားမိ သည်။

"ဘယ်လိုလဲ မောင်ရင်လေးရဲ့။ ကျုပ်ကို ထမင်းစားဖို့ မခေါ် တော့ဘူးလား။ ကျုပ် ဗိုက်ဆာလာတာနဲ့ အဆင်သင့်နေပါလား"

ထိုလူသည် ကျွန်ုပ်ထမင်းထုပ်ကိုတွေ့ရှိ၍ ဆာလောင်နေ သည်ကို ရိပ်စားမိ၍ ကျွန်ုပ်သနားသွားမိလေသည်။

"နောင်ကြီး သိပ်ဆာနေရင် ကျုပ် ထမင်းကျွေးပါတယ်ဗျာ"

"တကယ်လား. . . မောင်ရင်လေးရဲ့။ ဒါဆို ကျုပ် စားမယ် နော်"

ထိုသူသည် ကျွန်ုပ်ရှေ့တွင် ချထားသည့် ထမင်းထုပ်ကိုယူ ပြီး အားရပါးရစားနေလေသည်။ ကျွန်ုပ်သည် ထိုလူကိုကြည့်ပြီး





အံ့သြသွားမိလေသည်။

"ကျုပ်ကိုတွေ့ရလို့ အံ့သြနေပြီလား. . . မောင်ရင်လေးရဲ့။ မအံ့သြပါနဲ့. . . မောင်ရင်လေး။ ကျုပ်ကို တွေ့သမျှလူတွေက အရူး ဆိုပြီး ဘယ်သူမှ မသင်္ခါကြဘူး။ ကျုပ် မောင်ရင်လေးရဲ့ စေတနာ ကို ခုလိုလက်တွေ့သိရလို့ ဝမ်းသာမိတယ်။ နေပါဦး. . . မောင်ရင် လေးကိုကြည့်ရတာ ခရီးသည်နဲ့တူတယ်"

"ဟုတ်ပါတယ် နောင်ကြီး။ ကျုပ်က နောင်ကြီးပြောသလို ခရီးသည်ပါ။ ဒါပေမဲ့. . . ကျုပ်က ဘယ်ခရီးမှ ရောက်ဖူးပေါက်ဖူး တာမဟုတ်တော့ ဘယ်ကိုသွားလို့ ဘယ်ဆီလာမှန်းမသိဖြစ်နေတာ ဗျ"

"မောင်ရင်လေးအဖြစ်က ရယ်စရာပါလား။ အားမငယ်ပါ နဲ့. . . မောင်ရင်လေးရယ်။ ကျုပ် မောင်ရင်လေးရဲ့ ရုပ်လက္ခဏာကို မြင်ပြီးကတည်းက ကျုပ် ကူညီချင်တဲ့စိတ်တွေ ယိုဖိတ်နေမိတာ အမှန်ပဲ။ ကျုပ်နာမည်လည်း မှတ်ထား. . . မောင်ရင်လေး။ ဇမ္ဗူ တလူ ဖိုးရွှေကြူလို့ခေါ်တယ်။ ဟား. . . ဟား. . . ဟား"

ကျွန်ုပ်သည် ထူးထူးဆန်းဆန်းကြားလိုက်ရသည် ဇမ္ဗူတလူ ဖိုးရွှေကြူဆိုသူကိုကြည့်ရင်း အံ့အားသင့်နေမိသည်။ ဖိုးရွှေကြူသည် လွယ်အိတ်ထဲမှာ ဆေးပေါ့လိပ်တိုကိုထုတ်ယူပြီး မီးညှိဖွာရှိုက်ကာ

ဇရပ်ပျက်ကြီးအပြင်ဘက်သို့ ငေးမောကြည့်ရှုနေလေသည်။ အတန်ကြာမှ ကျွန်ုပ်ကိုကြည့်ကာ. . .

"ကျုပ်ရဲ့ထူးထူးဆန်းဆန်းနာမည်ကို ကြားရလို့ မောင်ရင်လေး အံ့ဩသွားပြီမဟုတ်လား။ ဒီတော့ ကျုပ်ကို ဇမ္ဗူတလူလို့ခေါ်လို့ရသလို၊ ဖိုးရွှေကြူလို့လည်း ခေါ်လို့ရတယ်. . . မောင်ရင်"

"ဖိုးရွှေကြူက ကျုပ်ကိုကူညီမယ်ဆိုတဲ့စကားကြားလို့ ကျုပ်ဝမ်းသာမိတယ်ဗျာ"

"ဝမ်းသာရမှာပေါ့. . . မောင်ရင်ရယ်။ တစ်ဦးက မေတ္တာ၊ တစ်ဦးက စေတနာပဲ မဟုတ်လား။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ်။ နေပါဦး. . . မောင်ရင့်နာမည်ကို ကျုပ် မသိရသေးပါလား"

"ကျုပ်နာမည်ကို မောင်တာနောလို့ခေါ်ပါတယ် ဖိုးရွှေကြူ"

"ဘာ. . . မောင်ရင်. . . မောင်ရင့်နာမည်က မောင်တာနော . . . ဟုတ်လား။ တယ်လည်း ထူးလည်းထူး၊ ဆန်းလည်းဆန်းတဲ့နာမည်ပါလား"

ဇမ္ဗူတလူ ဖိုးရွှေကြူသည် ကျွန်ုပ်နာမည်ကို ကြားလိုက်ရ၍ သဘောကျပြီး ရယ်မောသံက ဇရပ်ပျက်ကြီးပေါ်တွင် ဟိန်းသွားလေသည်။





ဇမ္ဗူတလူ ဖိုးရွှေကြူသည် ကျွန်ုပ်နာမည်ကို အခါခါရေရွတ်ပြီး သဘောကျမဆုံးနိုင်အောင်ဖြစ်နေ၍ ကျွန်ုပ်စဉ်းစားမရနိုင်အောင် ဖြစ်နေမိသည်။

"မောင်ရင့်နာမည်က တာနောလို့ကြားလိုက်ရတော့ ကျုပ်ဖြင့် ဗူးထဲအသည်းထဲက ယားလိုက်တာ လွန်ပါရော။ ဘယ်နဲ့ဗျာ။ နာမည်ပေးစရာရှားလို့ မောင်ရင့်မိဘတွေက ဘာကြောင့် တာနောလို့ ပေးရတုန်း"

ဖိုးရွှေကြူ၏ အမေးစကားကြောင့် ကျွန်ုပ်သည် အဖြေပေးရန် တွန့်ဆုတ်သွားမိလေသည်။ ဖိုးရွှေကြူသည် ကျွန်ုပ်ကိုကြည့်ကာ. . .

"ဘယ်လိုလဲ တာနော့ရဲ့။ ကျုပ်မေးတာ ဖြေစမ်းပါဦး"

"ကျုပ် ဖြေချင်ပါတယ်. . . ဖိုးရွှေကြူ။ ဒါပေမဲ့. . . ကျုပ်ဘဝမှာ မိဘရှိတယ်ဆိုတာ ကြားသာကြားဖူးပြီး ခုအထိ ကျုပ်မိဘတွေ ဘယ်မှာရှိတယ်ဆိုတာ မသိရသေးတဲ့ဘဝပါ"

ကျွန်ုပ်သည် ဖိုးရွှေကြူကို ကျွန်ုပ်အဖြစ်ကို ပြောပြလိုက်မိလေသည်။ ဖိုးရွှေကြူသည် ကျွန်ုပ်အဖြစ်ကို နားထောင်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ စိတ်မကောင်းသည့်မျက်နှာဖြင့် ဆေးလိပ်ကို မီးခိုးလုံးကျအောင် ဖွာရှိုက်နေလေသည်။

"အင်း. . . တာနေဘဝက ကျုပ်ထင်တာထက် ပိုပြီးသနားစရာဖြစ်နေပါလား။ ကျုပ်လည်း တာနေလိုတစ်ကိုယ်တည်းသမားပဲ။ တာနေဘဝအတွက် ကျုပ်ကူညီဖို့ စိတ်ဆုံးဖြတ်ထားပြီးသားပါ။ ကဲ. . . တာနေ၊ ဘာလိုချင်သလဲ. . . ပြော၊ ရွှေလိုရင် ရွှေရမယ်။ ငွေလိုရင် ငွေရမယ်"

ကျွန်ုပ်သည် ဖိုးရွှေကြူ၏စကားသံကြောင့် မယုံကြည်နိုင်အောင် ဖြစ်သွားမိလေသည်။ တစ်ကိုယ်လုံး ညစ်ပတ်ပေရေပြီး အဝတ်အစားစုတ်ပြတ်ကာ လွယ်အိတ်ကြီးတစ်လုံးကိုလွယ်ထားသည့်ဖိုးရွှေကြူကိုကြည့်ရင်း စကားမဆိုနိုင်ဘဲဖြစ်မိသွားလေသည်။

"ဘယ်လိုလဲ တာနေရဲ့။ ကျုပ်ရဲ့အသွင်သဏ္ဌာန်ကို ကြည့်ပြီး စကားတောင် ဆိုင်းငံ့သွားပါလား။ ကျုပ်အသွင် ဘယ်လိုပဲရှိရှိ. . . တာနေကြည့်ရမှာက နှလုံးသားလက္ခဏာက အရေးအကြီးဆုံးပါ တာနေရယ်။ စိတ်ထားဖြူစင်ရင် လောကကြီးနဲ့ အံဝင်ခွင်ကျဖြစ်မှာ။ စိတ်ထားမဖြူစင်ရင် လောကကြီးက ခွင့်လွှတ်မှာမဟုတ်ဘူး။ ခု. . . ကျုပ်က တာနေရဲ့ ရိုးသားဖြူစင်တဲ့နှလုံးသားကိုသိလို့ ရွှေလိုရင် ရွှေရမယ်၊ ငွေလိုရင် ငွေရမယ်လို့ ကျုပ်ပြောတော့ တာနေ မယုံကြည်ဘူးမဟုတ်လား"

ဖိုးရွှေကြူသည် ကျွန်ုပ်ကိုပြောဆိုပြီး လွယ်အိတ်ကြီးကို ဇရပ်





ကြမ်းပြင်ပေါ်သို့ သွန်ချလိုက်လေသည်။

တချွင်ချွင်ပေါ်လာသော အသံများနှင့်အတူ ကျွန်ုပ်သည် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပြားများကို တွေ့လိုက်ရ၍ အလွန်အံ့ဩသွားမိလေသည်။

"ကဲ. . . တာနေ။ ဟောဒီက ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေကို လိုသလောက် ယူပေတော့"

"ဗျာ! ကျုပ်ယူရမယ်. . . ဟုတ်လား"

"ဟုတ်တယ်. . . တာနေ။ တာနေသွားမယ့်ခရီးလမ်းမှာ အမိက လိုအပ်နေတာ ရွှေငွေပဲမဟုတ်လား"

"ကျုပ် မယူပါရစေနဲ့. . . ဖိုးရွှေကြူရယ်။ ဒီရွှေငွေက ကျုပ်ကိုယ်ပိုင်ပစ္စည်းမှမဟုတ်ဘဲ"

"အဲဒါကြောင့် တာနေကို ကျုပ်က ပိုပြီးစိတ်ချသွားတာပဲ တာနေ။ ရိုးသားခြင်းဂုဏ်ကို တံဆိပ်ကပ်စရာမလိုဘဲ နှလုံးသားက ထွက်လာတဲ့စကားက ရိုးသားနေတော့ ကျုပ်ပိုပြီး တာနေကို လေးစားသွားမိတာအမှန်ပဲ။ ကျုပ်ကို ထမင်းတစ်နပ်ကျွေးခဲ့တဲ့ တာနေကျေးဇူးကို ကျုပ်ဆပ်လို့မကုန်ပါဘူး"

ဖိုးရွှေကြူသည် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို ကျွန်ုပ်ကိုအတင်းပေးနေ၍ ငြင်းဆိုရန် ခက်သွားမိလေသည်။ ဖိုးရွှေကြူသည် ကျွန်ုပ်

ကို ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပေးပြီး. . .

"တာနေသွားမယ့်ခရီးကို ကျုပ် လမ်းညွှန်ပေးပါ့မယ်။ ဟော ဒီပစ္စည်းလေးကိုလည်း တာနေ မပျောက်အောင် သိမ်းထားပါ"

ဖိုးရွှေကြူသည် လွယ်အိတ်ကြီးအတွင်းသို့နှိုက်ပြီး ကျွန်ုပ်ကို ပေးလိုက်၍ ကျွန်ုပ်ကြည့်လိုက်မိရာ တစ်လက်မသာသာရှိ ဟသ်ာရုပ်ကလေးတစ်ရုပ်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်ကြည့်ရင်း ဇဝေဇဝါဖြစ်သွားမိလေသည်။

"ဒီဟသ်ာရုပ်ကလေးကို တွေ့လိုက်ရတော့ တာနေ အံ့ဩသွားပြီနဲ့တူတယ်။ အမှန်တော့ ဒီဟသ်ာရုပ်ကလေးက တာနေနဲ့ သက်ဆိုင်တဲ့အရုပ်ကလေးဆိုရင် မမှားပါဘူး။ တာနေ မြင်သာက မိတ်ဆွေဆီကိုသာ ရောက်အောင်သွားပါ။ ကျုပ်လည်း ခရီးဆက်ဖို့ ရှိသေးတယ်"

"ဖိုးရွှေကြူက ဘယ်ကိုခရီးဆက်မှာလဲ"

"ကျုပ်လည်း တာနေလိုပဲ ခရီးသည်မဟုတ်လား။ ဒီတော့ ခရီးစဉ်ကို သတ်မှတ်လို့မရဘူး"

ကျွန်ုပ်သည် ဖိုးရွှေကြူကို စကားဆက်မမေးတော့ဘဲ ကျွန်ုပ်ကိုပေးထားသည့် ဟသ်ာရုပ်ကလေးကို သေချာစွာကြည့်လိုက်မိလေသည်။





"ဒီဟသ်ာရုပ်လေးက ထူးဆန်းလှချည်လား. . . ဖိုးရွှေကြူ"

"ဟုတ်တယ်. . . တာနေ။ ထူးထူးဆန်းဆန်းရခဲ့လို့ ထူးဆန်းတဲ့ဟသ်ာရုပ်လေးလို့ ပြောရမှာပဲ။ ဒီဟသ်ာရုပ်လေးကို ကြေးနဲ့သွန်းလုပ်ထားပြီး လက်ရာက အတော့်ကိုကောင်းတာ။ ဒါကြောင့် ကျုပ် တာနေကို လက်ဆောင်ပေးရတာပဲ"

ဖိုးရွှေကြူသည် ကျွန်ုပ်ကိုပြောဆိုပြီး လွယ်အိတ်ကြီးကို ခေါင်းအုံးပြီး တခေါခေါအသံပေး၍ အိပ်နေသည်ကို တွေ့လိုက်ရလေသည်။ ကျွန်ုပ်ဘဝတွင် ပထမဆုံး ထူးထူးခြားခြားတွေ့ရသည့် ဇမ္ဗူတလူ ဖိုးရွှေကြူဆိုသူနှင့်အတူ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများအပြင် လက်ရာမြောက်စွာသော ကြေးသွန်းဟသ်ာရုပ်ကလေးကို ကြည့်မိရင်း ကျွန်ုပ်အဖြစ်ကို ကျွန်ုပ်တွေးဆ၍ မရနိုင်အောင်ဖြစ်မိလေသည်။ ကျွန်ုပ်သည် ဇရပ်ပျက်ကြီးပေါ်မှ လှမ်းတွေ့နေရသည့် တောင်ကုန်းလေးမှ စေတီလေးကို ဦးချကန်တော့ပြီး ဆုတောင်းလိုက်မိသည်။

မကြာမီ နေလုံးသည် အနောက်ဂေါယာကျွန်းသို့ တဖြဲဖြဲငုပ်လျှိုးလာ၍ ကျွန်ုပ်သည် ဇရပ်ပျက်ကြီးပတ်ဝန်းကျင်သို့ကြည့်မိရင်း စိုးရိမ်စိတ်ဝင်မိချေသည်။ ဘယ်နေရာကြည့်ကြည့် ညအမှောင်ထုက ဖုံးလွှမ်းလာ၍ ကျွန်ုပ်ရှေ့ဆက်ရမည့်ခရီးအတွက် ထွက်ခွာဖို့ မဖြစ်နိုင်တော့ချေ။

ထို့ကြောင့် ကျွန်ုပ်သည် ဇရပ်ပျက်ကြီးတွင် တစ်ညအိပ်စက်ပြီးမှ ခရီးထွက်ခွာရန် ဆုံးဖြတ်ချက်ချလိုက်မိသည်။

ကျွန်ုပ်သည် တဖြည်းဖြည်းဖုံးလွှမ်းလာသော ညအမှောင်ထုကိုကြည့်ရင်း ကျွန်ုပ်စိတ်တို့သည် မလုံမလဲဖြစ်မိချေသည်။ ကျွန်ုပ်စိတ် မလုံမလဲဖြစ်နေမိသည်က ကျွန်ုပ်လက်ဝယ်တွင်ရှိနေသည့်ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် တခေါခေါအသံဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် ဖိုးရွှေကြူကိုကြည့်ရှုရင်း ကျွန်ုပ်စိတ်တွင် မနာလိုဖြစ်မိလေသည်။

"ဖိုးရွှေကြူ. . . ဖိုးရွှေကြူ"

"အင်း"

ကျွန်ုပ် အတန်တန်နှိုးသည့်တိုင် 'အင်း'ဟူသော စကားသံသာ ကြားရသည့် ဖိုးရွှေကြူအသံနှင့်အတူ မှောင်မည်းမည်းသာတွေ့ရသည့်ဇရပ်ပျက်ကြီးကိုကြည့်ရင်း ကျွန်ုပ်တစ်ကိုယ်တည်း ကြောချွေး မောချွေးများ ပျံ့နေမိလေသည်။ ဘယ်နေရာကြည့်ကြည့် ညအမှောင်ထုဖုံးလွှမ်းခြင်းနှင့်အတူ ရုတ်တရက် တောအုပ်ဘက်ဆီမှ ရှည်လျားစွာ ဟူသံပေးနေသည့်ခွေးအူသံကို ကြားလိုက်ရ၍ ကျွန်ုပ်ခေါင်းနားပန် ကြီးသွားမိလေသည်။

"ဖိုးရွှေကြူ. . . ထစမ်းပါဦးဗျာ။ ဘယ့်နှယ့် စိတ်ချလက်ချ





အိပ်နေရသတုန်း"

ကျွန်ုပ်သည် အတန်တန်နှိုးမှ ဖိုးရွှေကြူသည် အိပ်မှုန်စုံမွှားဖြင့်ထကာ ကျွန်ုပ်ကိုကြည့်ပြီး. . .

"ဘာဖြစ်နေတာလဲ. . . တာနော့ရဲ့။ စိတ်ချလက်ချ အိပ်စမ်းပါ"

"ဖိုးရွှေကြူက စိတ်ချလက်ချအိပ်ဖို့ပြောနေ၊ ကျုပ်, အိပ်လို့မရဘူးဗျ။ နားထောင်စမ်းပါဦး. . . ဖိုးရွှေကြူ။ ခွေးအူသံကြီးကို ကြားရတယ်။ ကြောက်စရာကြီးဗျ။ ပြီးတော့. . . ဘယ်နေရာကြည့်ကြည့် မှောင်လိုက်တာ လွန်ပါရောဗျာ"

"တယ်လည်းခက်တဲ့. . . တာနော့ပါလား။ စိတ်ပူစရာမရှိ ပူပန်နေတာ လွန်ပါရောလား။ ခွေးက အူမယ်၊ ညက မှောင်မယ်၊ ဘာဆန်းလို့လဲ. . . တာနော့ရယ်။ သူ့သဘာဝနဲ့သူ အလုပ်လုပ်နေကြတာ မဟုတ်လား။ ဒီတော့ ကျုပ်တို့အလုပ်က အနားယူ အိပ်စက်ဖို့ပဲ မဟုတ်လား။ အချိန်လည်း မနည်းတော့ဘူး။ စိတ်ချပြီး အိပ်စမ်းပါ တာနော့ရယ်"

"ကျုပ် ပြောပါရစေဦး. . . ဖိုးရွှေကြူရယ်။ ကျုပ်တို့ဆီမှာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေ ရှိတယ်လို့ တစ်ဦးတစ်ယောက်က သိမှားသွားရင် ကျုပ်တို့ကိုအန္တရာယ်ပေးရင် မလွယ်ဘူးမဟုတ်လား"

"ဒါဆို. . . တာနေ့ာရယ်၊ ဒီကိစ္စက အလွယ်လေးပါ။ ကျုပ် စိတ်ချလက်ချ အိပ်ရေးဝအောင် တာနေ့ာ အရင်ဆုံးစောင့်ဗျာ။ ကျုပ် အိပ်ရေးဝမှ တာနေ့ာကိုစောင့်အိပ်မယ်"

ဖိုးရွှေကြူသည် ကျွန်ုပ်ကိုပြောဆိုပြီး တခေါခေါဟောက်သံ ပေးကာ အိပ်ပျော်သွားလေသည်။ ကျွန်ုပ်သည် ဖိုးရွှေကြူကိုကြည့် ရင်း စိတ်ထဲတွင် ဘဝင်မကျဖြစ်သွားမိလေသည်။ ထို့ကြောင့် ကျွန်ုပ် သည် ဇရပ်ပျက်တိုင်ကြီးကိုကျောမှီပြီး ငိုက်မြည်းနေမိလေသည်။

ထိုစဉ် ကျွန်ုပ်၏နားထဲတွင် ရုတ်တရက်ကြားလိုက်ရသော အမှောင်ထဲမှတီးတိုးစကားသံကြောင့် ကျွန်ုပ်ကြည့်လိုက်မိရာ ကျွန်ုပ် နေသည့်ဇရပ်ပျက်ကြီးဆီသို့ မီးတုတ်ကိုင်ပြီးလာနေသည့် လူသုံးဦး ကို ဓားများကိုင်ဆောင်လာသည်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်ရင်ထိတ် သွားမိလေသည်။ ထိုလူသုံးဦးသည် မီးတုတ်ကိုကိုင်ကာ ဇရပ်ပေါ် သို့အပြေးတက်လာပြီး ကျွန်ုပ်ကိုတွေ့တွေ့ချင်းပင်. . .

"တွေ့ပြီ. . . တွေ့ပြီ၊ ဒီလူပဲဖြစ်ရမယ်။ ဟေ့လူ. . . ထစမ်း"

"ဘာဖြစ်လို့လဲခင်ဗျာ။ ကျုပ်က ခရီးသွားတစ်ဦးပါ။ အချိန် လင့်သွားလို့ ဇရပ်မှာ အိပ်နေတာပါ"

"မင်း မညာနဲ့။ ဘယ်မှာလဲ. . . မင်းယူလာတဲ့ ရွှေဒင်္ဂါးတွေ၊ တို့ကိုမြန်မြန်ပေးစမ်း"





"ဗျာ! ရွှေဒင်္ဂါးပေးရမယ်. . . ဟုတ်လား။ ကျုပ်မှာ ရွှေဒင်္ဂါး မရှိပါဘူး"

ကျွန်ုပ်သည် ထိုလူများ၏အမေးကိုကြားလိုက်ရပြီး ဖိုးရွှေ ကြူကိုသတိရပြီး ဇရပ်ထဲသို့ကြည့်လိုက်မိရာ ဖိုးရွှေကြူကိုမတွေ့ရ သဖြင့် အံ့အားသင့်သွားမိလေသည်။

ထိုလူသုံးဦးသည် ကျွန်ုပ်ကို ခက်ထန်သောအကြည့်များဖြင့် ကြည့်နေသည့်အပြင် လက်ထဲတွင်ကိုင်ဆောင်ထားသည့် ဓားများ ကို မီးရောင်ဖြင့်တွေ့လိုက်ရ၍ ကျွန်ုပ် ကြောက်ရွံ့ထိတ်လန့်သွားမိ လေသည်။

"မင်းဆီမှာ ရွှေဒင်္ဂါးတွေရှိတယ်ဆိုတာ အတိအကျသိထား တယ်။ ပေးမလား၊ မပေးဘူးလား. . . မြန်မြန်ပြော"

ကျွန်ုပ်သည် ဖိုးရွှေကြူပေးခဲ့သည့် ရွှေဒင်္ဂါးများ ထည့်ထား သည့် ကျွန်ုပ်လွယ်အိတ်ကိုကြည့်ပြီး စိုးရိမ်သွားမိလေသည်။ ထိုစဉ် လူတစ်ယောက်သည် ကျွန်ုပ်မျက်နှာကိုစေ့စေ့ကြည့်ပြီး ကျွန်ုပ်ပခုံး တွင် လွယ်ထားသည့်လွယ်အိတ်ကြီးကိုဆောင့်ဆွဲပြီး ဇရပ်ကြမ်းပြင် ပေါ်သို့သွန်ချလိုက်ရာ ကျွန်ုပ်ပါလာသည့်အဝတ်အစားများကိုသာ တွေ့ရပြီး ဖိုးရွှေကြူ ပေးထားသည့် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပြားများကို မတွေ့ရှိရ၍ ကျွန်ုပ်အလိုလိုအံ့ဩသွားမိလေသည်။

"ဟော့ကောင်. . . ဘယ်မှာလဲ ရွှေဒင်္ဂါး။ မင်းဝှက်ထားတယ် မဟုတ်လား"

"မဟုတ်ပါဘူးဗျာ။ ကျုပ်က ခင်ဗျားတို့ပြောတဲ့ရွှေဒင်္ဂါးကို သိလည်းမသိပါဘူး။ ကျုပ်က ခရီးသွားတစ်ဦးပါ"

"ငြင်းမနေနဲ့။ ဘယ်မှာလဲ. . . ရွှေဒင်္ဂါး"

"ကျုပ်. . . မသိဘူး"

"ခွပ်"

"အင့်"

ကျွန်ုပ်သည် ရွှေဒင်္ဂါးများ တောင်းခံနေသည့် လူသုံးဦးကို အကြောက်အကန်ငြင်းဆန်နေမိစဉ် ရုတ်တရက် ကျွန်ုပ်မျက်စိထဲတွင် ပြင်းထန်သောအရှိန်နှင့်အတူ မီးဝင်းဝင်းတောက်သွားမှန်း သိလိုက်လေသည်။ နောက်ဆုံး ကျွန်ုပ်သည် လူသုံးဦးလက်မှလွတ်မြောက်ရန် ခုခံနေမိစဉ် ကျွန်ုပ်၏နားထဲတွင် အဆက်မပြတ်ကြားလိုက်ရသော နာကျင် ညည်းညူသံများ ပေါ်လာပြီး လူသုံးဦးသည် ဇရပ်ပျက်ပေါ်မှ ဆင်းပြေးသွားသည်ကို ကျွန်ုပ်နောက်ဆုံးသိလိုက်ရလေသည်။

"တာနော. . . တာနော"

ကျွန်ုပ်နာမည်ကို အတန်တန် ခေါ်ငင်နေသည့် ဖိုးရွှေကြူ





အသံမှန်း သိလိုက်ရ၍ ကျွန်ုပ်သည် နာကျင်နေသည့်ခန္ဓာကိုယ်ကို အားတင်းပြီး ကြည့်လိုက်မိရာ ကျွန်ုပ်ကို စိုးရိမ်တကြီးကြည့်နေသည့် ဖိုးရွှေကြူကို မီးတုတ်အလင်းရောင်ဖြင့်တွေ့လိုက်ရ၍ ကျွန်ုပ်အံ့ဩသွားမိလေသည်။

"ဘယ်လိုလဲ. . . တာနော။ နေသာထိုင်သာရှိရဲ့လား"

ဖိုးရွှေကြူအမေးစကားကြောင့် ကျွန်ုပ်စိတ်ထဲတွင် ဘဝင်မကျဖြစ်သွားမိလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဖိုးရွှေကြူကို အငေါ်စကား ထုလိုက်မိလေသည်။

"မေးရက်လိုက်တာ ဖိုးရွှေကြူရယ်။ ကျုပ်ဖြင့် ဒီလိုအဖြစ်မျိုး တစ်ခါမှမကြုံဘူးလို့ ရင်ထိတ်လိုက်တာ။ နေပါဦး. . . ဖိုးရွှေကြူကို ကျုပ်အတန်တန်ပြောရက်နဲ့ အရေးဆို ဖိုးရွှေကြူကိုမတွေ့ရဘူး"

"မတွေ့ရဆို. . . ကျုပ်ရှိနေလို့မဖြစ်ဘူး တာနောရဲ့။ သူတို့တောင်းတဲ့ရွှေဒင်္ဂါးကိုတွေ့သွားရင် ကျုပ်ရော၊ တာနောရော မလွယ်ဘူးမဟုတ်လား"

"နေပါဦး. . . ကျုပ်ကို ဖိုးရွှေကြူပေးထားတဲ့ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေရော"

ကျွန်ုပ်သည် လူဆိုးများ တောင်းနေသည့် ရွှေဒင်္ဂါးများကို ကျွန်ုပ်လွယ်အိတ်ထဲမှ မတွေ့ရှိရသဖြင့် စိုးရိမ်စိတ်ဝင်မိပြီး ဖိုးရွှေ

ကြူကို မေးလိုက်ခြင်းဖြစ်သည်။

ဖိုးရွှေကြူသည် ကျွန်ုပ်ကိုကြည့်ကာ. . .

"ရွှေဒင်္ဂါးအတွက် တယ်လည်း စိတ်တွေ ဗျာများနေပါလား တာနောရယ်။ ဒါကြောင့် ကျုပ်က ကြိုတင်တွက်ဆမိပြီး တာနောကို ပေးထားတဲ့ရွှေဒင်္ဂါးကို တိတ်တဆိတ်ပြန်ယူခဲ့ရတာပဲ။ ဒီရွှေဒင်္ဂါးတွေကိုတွေ့ရင် တာနောဘဝ မလွယ်ဘူး။ ခုတောင် လူဆိုးလက်ချက်နဲ့ မသက်သာဘူးမဟုတ်လား။ ကျုပ်က အစောကြီးကတည်းက လူဆိုးတွေလာမယ်ဆိုတာကို ရိပ်စားမိတယ် တာနော"

"ဗျာ. . . လူဆိုးတွေလာမှန်း ဖိုးရွှေကြူသိတယ်. . . ဟုတ်လား။ အံ့ပါ့ဗျာ. . . လူဆိုးတွေ လာမှန်းသိရင် ကျုပ်တို့ရှောင်ရတိမ်းရမှာပေါ့။ ခုတော့ ကျုပ်ကို လူဆိုးတွေ သတ်မသွားတာ ကံကောင်းတယ်လို့ပြောရမှာပဲ. . . ဖိုးရွှေကြူ"

"ကံကောင်းဆို. . . ကျုပ်က တာနော ခုလိုဖြစ်နေတာကို လက်ပိုက်ကြည့်နေလို့ရပါ့မလားဗျာ။ လူဆိုးတွေက ကျုပ်ကိုပါ တွေ့ရင် မလွယ်ဘူးမဟုတ်လား။ ကျုပ်ပုန်းနေလို့ တာနောကို လူဆိုးလက်က အချိန်မီ ကယ်တင်နိုင်တာမဟုတ်လား"

ကျွန်ုပ်သည် ဖိုးရွှေကြူစကားကို သဘောပေါက်သွားမိလေသည်။ ဖိုးရွှေကြူသည် ကျွန်ုပ်ရရှိထားသည့်ဒဏ်ရာများကို အသင့်





ပါလာသည့်ဆေးဝါးများဖြင့် ပြုစု၍ ကျွန်ုပ် သက်သာခွင့် ရရှိလေသည်။

"ဒီအတိုင်းဆို ကျုပ်တို့ ဒီဇရပ်ပျက်ကြီးထဲမှာ ဆက်နေဖို့ မသင့်တော့ဘူး ဖိုးရွှေကြူ။ တခြားနေရာပြောင်းမှ သင့်လိမ့်မယ် ထင်တယ်"

"ပြောင်းရွှေ့စရာ မလိုတော့ပါဘူး. . . တာနောရယ်။ လူဆိုးဓားပြတွေ ခုလောက်ဆို ခြေရာဖျောက်သွားကြပါပြီ။ အမှန်တော့ ဒီလူဆိုးတွေက ကျုပ် ဒီဇရပ်ရောက်နေမှန်းသိလို့ သူတို့ခြေရာခံလိုက်နေကြတာပဲ. . . တာနော။ အမှန်ပြောရရင် သူတို့လိုချင်တာက ရွှေဒင်္ဂါးမဟုတ်ဘူး တာနော"

"ရွှေဒင်္ဂါးမဟုတ်ရင် ဘာများလဲ ဖိုးရွှေကြူ။ ကျုပ်ဖြင့် ဖိုးရွှေကြူနဲ့တွေ့မှ ထူးထူးဆန်းဆန်းတွေ ကြုံတွေ့နေရတာပါလား"

"ထူးထူးဆန်းဆန်း ပြောရရင် ဒီလို. . . တာနောရဲ့။ သူတို့လိုချင်တာက တာနောကို ကျုပ်ပေးထားတဲ့ ကြေးဟသ်ာရုပ်လေးပဲ. . . တာနော"

"ဗျာ! ကြေးဟသ်ာရုပ်လေး. . . ဟုတ်လား"

"ဟုတ်တယ် တာနော။ ဒီဟသ်ာရုပ်လေး ကျုပ်လက်ထဲမှာ ရှိနေမှန်းသိလို့ သူတို့လိုက်နေတာပဲ"

ဖိုးရွှေကြူစကားကြောင့် ကျွန်ုပ်သည် ကြားတွင် လိပ်ထည့်ထားသည့်ဟသ်ာရုပ်လေးကို ထုတ်ယူပြီး ကြည့်လိုက်မိသည်။

"ဒီဟသ်ာရုပ်လေးက ဘာများ အစွမ်းသိဒ္ဓိရှိလို့ လူဆိုးတွေ လိုက်နေရတာလဲ ဖိုးရွှေကြူ။ ကျုပ်ဖြင့် နားရှုပ်လို့သာ ကြားရတာ။ အတော့်ကို အဆန်းတကြယ်ဖြစ်နေပါလား. . . ဖိုးရွှေကြူ"

"အဆန်းတကြယ်ဖြစ်ဆို ဒီကြေးဟသ်ာရုပ်လေးကို လူတိုင်း တွေ့ဖို့မလွယ်ဘူး. . . တာနော။ ကံထိုက်မှ တွေ့ရတယ်လို့ ပြောရင်လည်း ရတယ်။ ကဲ. . . တာနော၊ မိုးလင်းရင် ခရီးဆက်ရဦးမယ် မဟုတ်လား။ ကျုပ်နဲ့တာနော တစ်နေ့တော့ ပြန်ဆုံကြဦးမှာပါ။ အိပ်ရေးဝအောင် အိပ်လိုက်ဦးမယ် တာနောရေ"

ဖိုးရွှေကြူသည် ကျွန်ုပ်ကိုပြောဆိုပြီး မီးတုတ်ကိုငြိမ်းပြီး စိတ်ချလက်ချဖြင့်အိပ်မောကျသွားကာ တခေါခေါဟောက်သံက ဇရပ်ဖျက်ကြီးပေါ်တွင် ပေါ်လာလေတော့သည်။

❀ ❀ ❀



## အခန်း ( ၄ )

ကျွန်ုပ်သည် မိုးလင်းသည်နှင့် ဇမ္ဗူတလူ ဖိုးရွှေကြူနှင့် လမ်းခွဲပြီး ကိုစက်ရှိန်ရှိရာ မြိုင်သာသို့ ခရီးဆက်ခဲ့မိချေပြီ။ သို့တိုင် မြိုင်သာသို့သွားသည့်ခရီးလမ်းက ရေလမ်းခရီးဖြစ်၍ ကျွန်ုပ်သည် မြိုင်သာသွားသည့်မော်တော်လေးကို ဆိပ်ကမ်းတွင် စောင့်ကြိုနေရလေသည်။

မကြာမီ မြိုင်သာသို့သွားသည့် မော်တော်လေးတစ်စင်း ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသဖြင့် ကျွန်ုပ်သည် မော်တော်လေးပေါ်သို့ ရောက်ရှိခဲ့လေသည်။ မော်တော်လေးအတွင်း နေရာ မရရှိသဖြင့် ကျွန်ုပ်သည် မော်တော်လေးအမိုးပေါ်မှ လိုက်ပါခဲ့ရလေသည်။

ကျွန်ုပ်စီးလာသည့် မော်တော်လေးသည် တစ်ရွာဝင် တစ်ရွာထွက် ဆိုက်ကပ်၍ ထွက်ခွာလာခဲ့သော်လည်း ကျွန်ုပ်သည် အသိအကျွမ်း မရှိ၍ မော်တော်လေးအမိုးပေါ်တွင် တစ်ယောက်တည်း ထိုင်ရင်း ကျွန်ုပ် ရှေ့ဆက်ရမည့်ခရီးကို တွေးတောပူပင်နေမိလေသည်။

သို့သော် ကျွန်ုပ်နှင့် ကြုံတွေ့ခဲ့ရသည့် ဦးဝိဇ္ဇာ၏ ကံညာဏ်ဝီရိယစကားကိုလည်းကောင်း၊ ဖိုးရွှေကြူ ပေးလိုက်သည့် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကိုလည်းကောင်း၊ စဉ်းစားမိပြီး ကျွန်ုပ်စိတ်တွင် အားတက်မိလေသည်။

မကြာမီ ရွာတစ်ရွာသို့ မော်တော်လေး ထွက်လာစဉ် လူတစ်ဦးသည် ကျွန်ုပ်နေသည့် မော်တော်လေးအမိုးပေါ်သို့ အထုပ်ကြီးတစ်ထုပ်တင်ကာ လိုက်ပါလာသည်ကို တွေ့မြင်လိုက်ရလေသည်။ ကျွန်ုပ်သည် မော်တော်လေး ခုတ်မောင်းနေသည့် ချောင်းဘေးဝဲယာဆီမှ မြင်တွေ့နေရသည့် သဘာဝရှုခင်းများကို ကြည့်ပြီး မြို့သာသို့ရောက်ရန် စိတ်စောနေမိလေသည်။ ကျွန်ုပ် စိတ်မစောလို့ မဖြစ်ချေ။ ကျွန်ုပ် တစ်ခါမျှ မရောက်ဘူးသည့်ခရီးဖြစ်၍ ကျွန်ုပ်တွင် ပါလာသည့် ရွှေဒင်္ဂါးပြားများကို စိုးရိမ်ပူပန်မိလေသည်။

"ဒီကမိတ်ဆွေက ဘယ်ကိုသွားမှာလဲ"





ကျွန်ုပ်သည် မည်မျှ အတွေးဝင်နေမိသည် မသိချေ။ ရုတ်တရက်ကြားလိုက်ရသည့်စကားကြောင့် ကြည့်လိုက်မိရာ မော်တော်လေးအမိုးပေါ်တွင် ကျွန်ုပ်လို လိုက်ပါသည့်လူက မေးနေကြောင်း သိရ၍ ကျွန်ုပ် ကမန်းကတန်းပင် ဖြေလိုက်မိသည်။

"ကျုပ် . . . မြို့သာကိုသွားမယ့်ခရီးသည်ပါ"

"အေးဗျာ . . . ဒါဆို ကျုပ်လည်းအဖော်ရသွားပြီ။ ကျုပ်တစ်ယောက်တည်း အဖော်မရှိလို့ ဒီကမိတ်ဆွေကို အကဲခတ်ကြည့်နေမိတာဗျ။ မိတ်ဆွေကို ကျုပ် ဒီလမ်းမှာ တစ်ခါမှမတွေ့ဘူးတာအမှန်ပဲ"

"ဟုတ်ပါတယ်ဗျာ။ ကျုပ်က ဒီတစ်ခေါက်ပဲ မော်တော်လေးကို စီးဖူးတာဗျ။ နေပါဦး . . . မိတ်ဆွေကရော ဘယ်ကိုသွားမှာလဲ"

"ကျုပ်က မြို့သာကိုသွားမှာဗျ။ ရွာမှာ ဈေးဆိုင်ဖွင့်ထားတော့ သုံးလေးရက်ခြား မြို့သာကို ပေါဒီမော်တော်လေးနဲ့ အမြဲတမ်းသွားနေကျပဲ မိတ်ဆွေ"

ထိုလူသည် ကျွန်ုပ်ကို ရင်းရင်းနှီးနှီး စကားပြောဆိုနေ၍ ကျွန်ုပ်သည် မော်တော်လေးပေါ်တွင် အဖော်ရ၍ ဝမ်းသာသွားမိလေသည်။

"ကျုပ်တို့က ခရီးသွားဖော်ချင်းဆိုတော့ မိတ်ဖြစ်ဆွေဖြစ်

စကားပြောကြတာပေါ့ဗျာ. . .။ ကျွန်နာမည်လည်း မှတ်ထားဦး။ ကိုစံထားလို့ခေါ်တယ်။ သရက်ကုန်းရွာမှာ ဈေးဆိုင်ဖွင့်ထားတာကြာပြီ။ မိတ်ဆွေက ဘယ်သွားမှာလဲ။ နာမည်ကရော. . . ဘယ်လိုခေါ်လဲ"

"ကျွန်သွားမှာက မြိုင်သာပါ။ နာမည်ကတော့ ကိုတာနော လို့ခေါ်တယ်. . . ကိုစံထား"

"ဗျာ! မိတ်ဆွေနာမည်က ကိုတာနော. . . ဟုတ်လား"

"ကိုစံထားက ကျွန်နာမည် တာနောလို့ကြားလိုက်ရတော့ အံ့အားသင့်သွားပြီနဲ့တူတယ်"

"အေးဗျာ. . . ထူးထူးခြားခြား တာနောလို့ နာမည်ရှိတဲ့ မိတ်ဆွေနဲ့သိခွင့်ရလို့ ကျွန်အံ့ဩမိတာ အမှန်ပါပဲဗျာ။ နေပါဦး ကိုတာနောရဲ့. . . ကိုတာနောက မြိုင်သာက ဘယ်သူ့ဆီကို သွားမှာလဲ"

"ကျွန် ကိုစက်ရှိန်ဆီကိုသွားမှာ. . . ကိုစံထား"

"အဆင်သင့်လိုက်တာဗျာ။ ကျွန်နဲ့ ကိုစက်ရှိန်က မိတ်ရင်းဆွေရင်းတွေဗျ။ ကျွန်နဲ့သာ လိုက်ခဲ့ပေတော့"

ကျွန်ုပ်သည် မော်တော်လေးပေါ်မှ မိတ်ဆွေဖြစ်ခဲ့သူ ကိုစံထားဆိုသူနှင့်အတူ မြိုင်သာသို့ မော်တော်လေး မဆိုက်မချင်း





စကားလက်ဆုံကျမိလေသည်။

ညအတော်မှောင်ချိန်တွင် ကျွန်ုပ်နှင့် ကိုစံထား စီးလာသည့် မော်တော်လေးသည် မြိုင်သာဆိပ်ကမ်းသို့ ရောက်ရှိလာလေသည်။ ကျွန်ုပ်တို့ စီးလာသည့် မော်တော်လေး ဆိပ်ကမ်းကပ်ချိန်တွင် ကိုစံထားထံသို့ လူတစ်ယောက် ရေကြီးသုတ်ပျာ ရောက်လာပြီး ကိုစံထားနှင့် စကားပြောဆိုနေသည်ကို တွေ့လိုက်ရလေသည်။ အတန်ကြာမှ ကိုစံထားက. . .

"ကဲ. . . ကိုတာနောရေ ကျွန် အရေးတကြီးကိစ္စပေါ်လာလို့ သွားရဦးမယ်။ ကိုတာနောကို ကျွန် ကိုစက်ရှိန်ဆီ လိုက်မပို့နိုင်တာ ခွင့်လွှတ်ပါ။ ကိုစက်ရှိန် နေတာက. . . မြို့စွန်က အိမ်ပဲ။ ဘယ်သူ့မေးမေး ရတယ်. . . ကိုတာနော"

ကိုစံထားသည် ကျွန်ုပ်ကို ကမန်းကတန်းနှုတ်ဆက်ပြီး ထွက်သွားလေသည်။ ကျွန်ုပ်သည် လက်တွေ့ရောက်ရှိခဲ့သည့် မြိုင်သာကိုကြည့်လိုက်မိရာ ညအမှောင်ထုနှင့်အတူ လမ်းဘေးခြောက်တိုင်ဆီမှ မီးရောင်ကိုကြည့်ရင်း အဖော်မပါ၍ စိတ်မလုံသလိုဖြစ်မိလေသည်။ ထို့ကြောင့် ကိုစက်ရှိန်နေထိုင်ရာ မြို့စွန်ကို မေးမြန်းပြီးလျှင် လမ်းမကြီးအတိုင်း လာခဲ့မိလေသည်။

ညအမှောင်နှင့်အတူ လမ်းမကြီး ဘေးနှစ်ဖက်ဆီမှ အုပ်အုပ်

မှိုင်းမှိုင်းသစ်ပင်ရိပ်များကိုကြည့်ရင်း ကျွန်ုပ် ကိုစက်ရှိန်နှင့်တွေ့ရမည်ဖြစ်၍ အားတက်သွားမိလေသည်။ ကျွန်ုပ် တရွေ့ရွေ့လာခဲ့မိရာ လမ်းဘေးဆီမှ မီးလင်းနေသည့်အိမ်ကြီးကို တွေ့လိုက်ရ၍ ကျွန်ုပ် ဝမ်းသာသွားမိလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် အိမ်ကြီးတံခါးဝမှရပ်ပြီး အသံပြုလိုက်မိချေသည်။

"ကိုစက်ရှိန်. . . ကိုစက်ရှိန်"

ကျွန်ုပ်ခေါ်သံနှင့်အတူ အိမ်တံခါးပွင့်လာပြီး လူတစ်ယောက်ဆင်းလာလေသည်။ ခြံတံခါးဝသို့ရောက်လျှင် ကျွန်ုပ်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ပြီး. . .

"ဘာကိစ္စရှိလို့လဲ. . . မောင်ရင်။ အချိန်မတော်ကြီး ဘယ်က လာခဲ့တာလဲ"

"ကျုပ် ကို. . . ကိုစက်ရှိန်နှင့်တွေ့ဖို့ ဦးပဥ္စင်းကြီးက လွှတ်လိုက်လို့ လာတာပါ။ ကျုပ်နာမည် တာနောလို့ခေါ်ပါတယ်"

"ဪ. . . သိပြီ. . . သိပြီ။ ဦးပဥ္စင်းကြီး လွှတ်လိုက်တဲ့သူပဲ။ ကဲ. . . မောင်ရင်လေး ခြံထဲကိုမြန်မြန်ဝင်"

ထိုလူသည် ကျွန်ုပ်ကိုပြောဆိုပြီးနောက် အိမ်ကြီးတံခါးဝကို လျှင်မြန်စွာဖွင့်ပြီး၊ ကျွန်ုပ် ခြံထဲသို့ရောက်လျှင် ခြံတံခါးဝကို အမြန်ဆုံး ပြန်ပိတ်နေသည်ကိုတွေ့လိုက်ရလေသည်။





"မြန်မြန်လာ. . . မောင်ရင်လေး"

ကျွန်ုပ်သည် ညအမှောင်ဖုံးလွှမ်းနေ၍ ခြံတံခါးဝကိုဖွင့်ပေးသည့်လူကို သဲသဲကွဲကွဲမမြင်ရသော်လည်း ထိုလူသည် အရေးတကြီးဖြစ်နေသည်ကိုတွေ့ရ၍ ကျွန်ုပ်စိတ်ပူသွားမိလေသည်။

ကျွန်ုပ်သည် ထိုလူ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါခဲ့ရာအိမ်ကြီးအတွင်းရှိ ဧည့်ခန်းထဲသို့ရောက်ရှိခဲ့သည်ကို သတိပြုလိုက်မိသည်။ ဧည့်ခန်းထဲတွင် ထွန်းထားသည့် မီးရောင်ဖျော့ဖျော့ကိုတွေ့ရလေသည်။

"မောင်ရင်လေး အမောဖြေရင်း စောင့်ချေဦး။ မကြာခင်မောင်စက်ရှိန် လာလိမ့်မယ်"

ထိုလူသည် ပြောပြောဆိုဆိုထွက်သွား၍ ကျွန်ုပ်သည် ဧည့်ခန်းထဲတွင် ယောင်ချာချာဖြင့် ကျန်ရစ်ခဲ့လေသည်။ ကျွန်ုပ်သည် ဧည့်ခန်းထဲသို့ကြည့်လိုက်မိရာ ဧည့်ခန်းအပြည့် ချိတ်ဆွဲထားသည့်ပုံတူပန်းချီကားများကိုတွေ့လိုက်ရ၍ ကျွန်ုပ်စိတ်ဝင်စားသွားမိလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် အလွန်လက်ရာမြောက်သည့် ပုံတူပန်းချီကားများကိုကြည့်မိစဉ် မမျှော်လင့်ဘဲတွေ့လိုက်ရသည့် ပန်းချီကားတစ်ချပ်ကြောင့် ကျွန်ုပ် မင်သက်မိသွားလေသည်။

"ကိုတာနော က ပန်းချီကားတွေကို စိတ်ဝင်စားနေပြီနဲ့တူ

တယ်. . ."

ကျွန်ုပ်သည် အသက်ဝင်လှသည့် ပုံတူပန်းချီကားတစ်ချပ်ကို စိတ်ဝင်တစားဖြစ်မိပြီး မည်မျှ အာရုံသက်ဝင်နေမိသည်မသိချေ။ ရုတ်တရက်ကြားလိုက်ရသောစကားကြောင့် ကြည့်လိုက်မိရာ လူတစ်ယောက်ကိုတွေ့လိုက်ရလေသည်။ ထိုလူသည် ကျွန်ုပ်ကို တစ်လှည့်၊ ပန်းချီကားများကိုတစ်လှည့်ကြည့်ပြီး ကုလားထိုင်ပေါ်သို့ ထိုင်လိုက်သည်။ ပြီး ကျွန်ုပ်ကိုကြည့်ကာ . . .

"ကျုပ်ဆီကို ကိုတာနော လာမှလာပါ့မလားလို့ စိတ်ပူနေရတာ။ ခုမှပဲ စိတ်အေးရတယ်"

"နောင်ကြီးက ကိုစက်ရှိန် မဟုတ်လား"

"ဟုတ်တယ်. . . ကိုတာနော။ ကျုပ်နာမည်က ကိုစက်ရှိန်လို့ခေါ်ပါတယ်။ ကိုတာနောက ကျုပ်ကို ခုလိုတွေ့ရလို့ အံ့ဩနေပြီနဲ့တူတယ်"

"ကျုပ် ပိုပြီးအံ့ဩနေမိတာက ဟောဒီပန်းချီကားပဲ ကိုစက်ရှိန်။ ဒီပန်းချီကားကြည့်ပြီး ကျုပ် ပန်းချီကားထဲက မိန်းကလေးကို သိကျွမ်းခဲ့ဖူးသလို ရှိနေမိတယ်"

"ကိုတာနောအဖြစ်က အဆန်းပါလား။ ကျုပ်ဖြင့် အဲဒီမိန်းကလေးကို တွေ့တိုင်းမြင်တိုင်း ကျုပ်ဘဝကို ကျုပ်ဖြေသိပ်လို့ မရ





နိုင်ခဲ့တာ အမှန်ပဲ"

ကိုစက်ရှိန်သည် ကျွန်ုပ်ကို ပြောဆိုပြီး ပုံတူပန်းချီကားရှေ့တွင်ရပ်ပြီး ငေးမောကြည့်နေလေသည်။ အတန်ကြာမှ ကျွန်ုပ်ဘက်သို့လှည့်ကာ. . .

"ကိုတာနောကို ဦးပဥ္စင်းကြီးက ဘာမှာသေးလဲ"

"ဘာမှတော့ မမှာပါဘူး ကိုစက်ရှိန်။ ကျုပ်ကို ကိုစက်ရှိန်ဆီကိုသွားဖို့ လမ်းညွှန်လိုက်တာပဲ။ အမိက,ကတော့ ကျုပ်ကို ပန်းချီပညာ ထွန်းပေါက်စေဖို့ပါပဲ"

ကိုစက်ရှိန်သည် ကျွန်ုပ်စကားကိုနားထောင်ပြီး ပန်းချီကားများကိုငေးကာကြည့်နေလေသည်။ ကျွန်ုပ်သည် လက်တွေ့မြင်တွေ့နေရသည့် ပုံတူပန်းချီကားများကိုကြည့်ရင်း ရင်ထဲတွင် ဖော်မပြနိုင်အောင် ဝမ်းသာသွားမိလေသည်။

"ကိုစက်ရှိန်. . . ဒီပန်းချီကားကိုဆွဲတဲ့ ပန်းချီဆရာကို ကျုပ်သိပါရစေ။ ကျုပ်က ပုံတူပန်းချီကို လေ့ကျင့်ဆွဲနေတာကြာပြီ။ ဖြစ်ဖြစ်မြောက်မြောက်တော့ မရှိသေးပါဘူး"

"ကိုတာနောရဲ့ဝါသနာကို. . . ကျုပ် ရိပ်စားမိပါတယ်ဗျာ။ ဒါကြောင့်လည်း ဦးပဥ္စင်းကြီးက ကျုပ်ဆီလွှတ်လိုက်တာ မဟုတ်လား။ ဒါပေမဲ့. . . ကိုတာနောကို ကျုပ် ရှင်းရှင်းဘွင်းဘွင်းပြောရ

ရင် ကျုပ် ပန်းချီမဆွဲစေချင်တာ အမှန်ပဲ"

"ဘာဖြစ်လို့ ကျုပ်ကို ပန်းချီမဆွဲစေချင်တာလဲ ကိုစက်ရှိန်"

ကျွန်ုပ်သည် ကိုစက်ရှိန်စကားကြောင့် အံ့အားသင့်သွားမိလေသည်။ ကိုစက်ရှိန်သည် ကျွန်ုပ်ကိုကြည့်ပြီး ကြေကွဲစွာခံစားနေရသည့်အသွင်ကြောင့် ကျွန်ုပ်နားမလည်နိုင်အောင် ဖြစ်သွားမိလေသည်။ ကိုစက်ရှိန်သည် ပုံတူပန်းချီကားထဲမှ မိန်းကလေးပန်းချီကားချပ်ကို အတန်ကြာကြည့်ပြီး. . .

"ဒီလို. . . ကိုတာနော့ရဲ့။ တိုက်တိုက်ဆိုင်ဆိုင် ကိုတာနော့သိကျွမ်းသလိုရှိခဲ့တဲ့ ပုံတူပန်းချီကားထဲက မိန်းမက ကျုပ်ဘဝတစ်ခုလုံးကို ဖျက်ဆီးခဲ့တယ်ဆိုရင် မမှားဘူးဆိုပါတော့။ ဒီအဖြစ်တွေကို ကျုပ်ရင်ထဲမှာ သိမ်းထားခဲ့တာ ကြာမြင့်ခဲ့ပြီ ကိုတာနော"

ကိုစက်ရှိန်သည် ကျွန်ုပ်ကိုပြောဆိုပြီး ရီဝေသောမျက်လုံးအစုံဖြင့် ပုံတူပန်းချီကားကိုကြည့်နေလေသည်။ ကျွန်ုပ်သည် ညေ့ခန်းထဲရှိ မီးအလင်းရောင်နှင့်အတူ လက်ရာမြောက်စွာ ဆွဲထားသည့် ပန်းချီကားထဲမှ မိန်းမပျို၏အကြည့်သည် အသက်ဝင်နေသည့်နှယ် ခံစားနေလေသည်။

"ဒါဆို. . . ဒီပုံတူပန်းချီကားထဲက မိန်းမသူက ဘယ်သူများလဲ ကိုစက်ရှိန်"





"ဘယ်သူရှိပါ့မလဲ. . . ကိုတာနော့ရယ်။ ဒီပါလို့ အမည်ရှိတဲ့ မိန်းမသူတစ်ဦးပေါ့ဗျာ"

"ဒီပါ. . . ဒီပါ"

ကျွန်ုပ်သည် ကိုစက်ရှိန်စကားထဲမှ ကြားလိုက်ရသည့် ဒီပါဆိုသည့်နာမည်လေးကို ကြားလိုက်ရ၍ ကျွန်ုပ်ရင်ထဲတွင် ထူးထူးခြားခြားခံစားမိရင်း ရေရွတ်လိုက်မိသည်။

"ဒီပါက ခုရှိသေးလား ကိုစက်ရှိန်။ ကျုပ် ကိုစက်ရှိန်အဖြစ်ကိုသိရလို့ စိတ်မကောင်းဖြစ်မိတာအမှန်ပဲ"

"ပြောရရင်တော့ ဒီပါက ကွယ်လွန်ခဲ့တာ ကြာခဲ့ပြီ ကိုတာနော။ ဒါပေမဲ့ ကျုပ်ရင်ထဲမှာ ခုတိုင် ဒီပါမသေဘဲ ရှိနေတယ်ဆိုတာ ယုံကြည်နေမိတယ်။ ဒါကြောင့်လည်း ကျုပ်အလွန်မြတ်နိုးခဲ့တဲ့ပန်းချီပညာကို စွန့်လွှတ်ခဲ့တာ ကြာခဲ့ပြီဆိုပါတော့"

ကျွန်ုပ်သည် ကိုစက်ရှိန်၏ ဆွေးမြေ့စွာ ထွက်ပေါ်လာသည့်စကားသံနှင့်အတူ ကျွန်ုပ် အလွန်ဝါသနာပါခဲ့သည့် ပန်းချီအတတ်ပညာကို ဆက်သင်ရန်။ စွန့်လွှတ်ရန်းနှင့် ဇဝေဇဝါဖြစ်မိပြီး ဒီပါအမည်ရှိ ပုံတူပန်းချီကားလေးကိုကြည့်လိုက်မိသည်။

❀ ❀ ❀



## အခန်း ( ၂ )

"ဘယ်လိုလဲ. . . ကိုတာနော။ ပန်းချီမဆွဲရလို့ စိတ်ပျက်နေပြီနဲ့တူတယ်"

ကျွန်ုပ်သည် ဦးပဥ္စင်းကြီး လမ်းညွှန်ချက်ဖြင့် မြို့င်သာရှိ ကိုစက်ရှိန်ထံ ရောက်ရှိခဲ့သော်လည်း ကိုစက်ရှိန်ထံမှ ပန်းချီပညာ မသင်ရ၍ ကျွန်ုပ်သည် ပျင်းရိငြီးငွေ့စွာဖြင့် အချိန်ကုန်နေမိလေသည်။

ထိုကြောင့် ကျွန်ုပ်၏ရှေ့ခရီးက မရေမရာဖြစ်နေလေသည်။ ကျွန်ုပ်သည် နေ့စဉ်လိုလို ဧည့်ခန်းတွင်ထိုင်ပြီး ဒီပါဆိုသူ မိန်းကလေး၏ ပုံတူပန်းချီကားကိုကြည့်ရင်း ကျွန်ုပ်စိတ်ထဲတွင် တရင်းငနိုး

သိနေသည်ကို အံ့ဩနေမိလေသည်။ ကျွန်ုပ်သည် ဒီပါအမည်ရှိ ပန်းချီပုံတူကားကိုကြည့်ပြီး မည်မျှ အတွေးဝင် နစ်မျောနေမိသည် မသိချေ။ ကိုစက်ရှိန်စကားကြောင့် အတွေးပြတ်တောက်သွားမိလေသည်။

"ကျုပ် စိတ်မပျက်ပါဘူး. . . ကိုစက်ရှိန်ရယ်။ ကျုပ် တွေးနေမိတာက ဒီပါဆိုတဲ့မိန်းကလေးပုံတူကို အသက်ဝင်အောင်ဆွဲတဲ့ ကိုစက်ရှိန်ရဲ့ နှလုံးသားခံစားမှုအနုပညာကို လေးစားလွန်းလို့ပါ။ ဒါကြောင့်. . . ကျုပ်လည်း ကိုစက်ရှိန်လို ပန်းချီဆွဲဖို့စိတ်ကူးနေမိတာပါ"

"ကိုတာနော့စကားက ဆန်းလှချည်လားဗျ။ ကျုပ်လည်း ပန်းချီဝါသနာပါတုန်းက ကိုတာနော့လိုအတွေးဝင်ခဲ့မိတာ အမှန်ပဲ။ ဒါပေမဲ့. . . ခုအချိန်မှာ ကျုပ်ရင်ထဲ ဒီပါကလွဲလို့ ဘာခံစားမှုမရှိခဲ့တာအမှန်ပဲ"

"ဒါဆို. . . ကိုစက်ရှိန်က ဒီပါနဲ့ပတ်သက်ပြီး ပန်းချီကို စွန့်လွှတ်ခဲ့ပြီပေါ့"

"ဆိုပါတော့. . . ကိုတာနော့ရယ်"

ကိုစက်ရှိန်သည် ဆေးလိပ်ကိုဖွာရှိုက်ပြီး လေးဖင့်စွာ ပေါ်လာသည့်စကားကြောင့် ကျွန်ုပ်သည် ကိုစက်ရှိန်အဖြစ်ကိုသိလို





စိတ်များ ပေါ်လာမိလေသည်။ သို့တိုင် ကျွန်ုပ်သည် ကိုစက်ရှိန်ကို အလွန်အားနာမိ၍ ရင်ထဲတွင် မျိုသိပ်ပြီး ပန်းချီကားထဲမှ ဒီပါကို ကြည့်လိုက်မိသည်။

"ကျုပ်ဘဝမှာ. . . တွယ်တာစရာဆိုလို့ လက်ညှိုးထိုးပြစရာ ပန်းချီပညာပဲရှိခဲ့တာအမှန်ပဲ ကိုတာနော့။ ဒါပေမဲ့ ကျုပ်ဘဝထဲကို ဝင်လာခဲ့တဲ့မိန်းမတစ်ယောက်ကြောင့် ကျုပ်အလွန်မြတ်နိုးတဲ့ ပန်းချီပညာကိုစွန့်လွှတ်ခဲ့ရတာ ကျုပ်ကိုယ်ကျုပ် ယူကျုံးမရဖြစ်ခဲ့တာပဲ။ ကိုတာနော့ရင်ထဲမှာ ကျုပ်နဲ့ ဒီပါအဖြစ်ကိုသိချင်နေတယ်ဆိုတာ ကျုပ်ရိပ်စားမိပါတယ်။ ဒါကြောင့်. . . ကျုပ် ကိုတာနော့ကို ဒီပါ့ဆီ လိုက်ပို့ပေးဖို့ ဆုံးဖြတ်ခဲ့တယ်"

"ကျုပ်ကို ဒီပါ့ဆီ လိုက်ပို့ဖို့. . . ဟုတ်လား။ ဒီပါ. . . ဒီပါ သေဆုံးပြီမဟုတ်လား. . . ကိုစက်ရှိန်"

"ဒီပါက သေဆုံးခဲ့ပေမယ့် ကျုပ်နှလုံးသားမှာ ခုတိုင်မသေဘဲ ရှိနေတယ် ကိုတာနော့။ ကျုပ်နောက်ကို လိုက်ခဲ့ဗျာ"

ကျွန်ုပ်သည် ကိုစက်ရှိန်၏ခေါ်ဆောင်မှုကြောင့် ဒီပါအဖြစ်ကို ပို၍စိတ်ဝင်စားသွားမိလေသည်။ ကိုစက်ရှိန်သည် အခန်းတစ်ခုထဲသို့ဝင်ရောက်ပြီး ကြမ်းပြင်ကိုဖွင့်လိုက်ရာ မြေအောက်ခန်းထဲသို့ဝင်သည့် အုတ်လှေကားလေးကိုတွေ့လိုက်ရလေသည်။

ကိုစက်ရှိန်သည် အုတ်လှေကားလေးအတိုင်း ဆင်းသွား၍ ကျွန်ုပ်လိုက်ပါရင်း ကြည့်လိုက်မိရာ မြေအောက်အခန်းထဲမှ အခန်းတစ်ခန်းကိုတွေ့လိုက်ရလေသည်။ ကိုစက်ရှိန်သည် အခန်းတံခါးကိုဖွင့်ပြီး လက်နှိပ်ဓာတ်မီးဖြင့်ထိုးပြကာ. . .

"ကိုတာနော. . . ဒီအခန်းက ဒီပါ နောက်ဆုံးနေခဲ့တဲ့အခန်းဗျ။ ကျုပ် ဒီပါ ဆုံးပါးပြီးကတည်းက မဖွင့်ဘဲထားခဲ့တာ ကြာခဲ့ပြီ"

ကိုစက်ရှိန်သည် မြေအောက်ခန်းတံခါးမှ လက်နှိပ်ဓာတ်မီးဖြင့် အခန်းထဲသို့ ထိုးပြလိုက်ရာ ကျွန်ုပ်ကြည့်ရင်း အသံထွက်သွားမိလေသည်။

"ဟင်! ဒီပါ. . . ဒီပါ. . . ပါလား. . . ကိုစက်ရှိန်"

ကျွန်ုပ်သည် ခုတင်ပေါ်တွင် ထိုင်နေသည့် ဒီပါကို အမှတ်မထင် လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် တွေ့မြင်လိုက်ရ၍ ကိုစက်ရှိန်ကို ပြောလိုက်မိခြင်းဖြစ်သည်။

ကိုစက်ရှိန်သည် ကျွန်ုပ်ကိုကြည့်ကာ. . .

"ဒီပါကို ခုလိုတွေ့ရလို့ ကိုတာနော အံ့သြနေပြီမဟုတ်လား။ အံ့သြစရာ မဟုတ်ပါဘူး. . . ကိုတာနောရယ်။ ကျုပ်နှလုံးသားမှာ ကပ်ငြိနေတဲ့ ဒီပါရဲ့ကိုယ်စားပြု ပုံတူရုပ်ထုပါ"

ကိုစက်ရှိန်စကားကြောင့် ကျွန်ုပ်သည် ခုတင်ပေါ်တွင် ဒီပါ





၏ ထိုင်နေဟန် ထုလုပ်ထားသည့် ဒီပါပုံတူပန်းပုရုပ်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်သည် ကိုစက်ရှိန်၏အနုပညာကို ပို၍လေးစားသွားမိလေသည်။ ကိုစက်ရှိန်သည် လက်နှိပ်ဓာတ်မီးဖြင့် အခန်းတစ်ခုလုံးသို့ထိုးပြရာ ပန်းချီကားချပ်များနှင့်၊ ထုလုပ်ထားသည့် ပန်းပုရုပ်များစွာကိုတွေ့လိုက်ရလေသည်။

ကိုစက်ရှိန်သည် ဒီပါရုပ်ထုကိုကြည့်ပြီး. . .

"ဒီပါရဲ့ရုပ်ထုကို ကျုပ် ထုလုပ်နေဆဲမှာပဲ ဒီပါ မမျှော်လင့်ဘဲ ဆုံးပါးခဲ့ရတယ် ကိုတာနော။ ဒါပေမဲ့ ဒီပါ ဘာကြောင့် ဆုံးပါးခဲ့ရတယ်ဆိုတာ ကျုပ် ဒီနေ့အထိ မသိရသေးတာအမှန်ပဲ။ ကျုပ်အထင်တော့ ဒီပါဟာ တစ်ဦးတစ်ယောက်ရဲ့ပယောဂကြောင့်လို့ ကျုပ်ရင်ထဲမှာ သံသယဝင်ခဲ့မိတာအမှန်ပဲ။ ဒါကြောင့် ဒီပါအဖြစ်ကို ကျုပ် ယူကျုံးမရဖြစ်ခဲ့မိတယ် ကိုတာနော"

ကိုစက်ရှိန်၏ ဆွေးမြေ့စွာ ပေါ်ထွက်လာသည့်စကားကြောင့် ကျွန်ုပ်သည် ဒီပါရုပ်ထုကိုကြည့်လိုက်မိသည်။ နုနယ်ပျိုမျစ်သည့် ဒီပါအလှအပကို ပန်းချီကားနှင့် ရုပ်ထုတွင် တွေ့ရသဖြင့် ဒီပါ၏ သက်ရှိလှုပ်ရှားမှုကို မမြင်မတွေ့ရသော်လည်း အင်မတန်ချောမောလှပသည့်မိန်းမပျိုတစ်ဦးဟု သတ်မှတ်လိုက်မိလေသည်။

ကိုစက်ရှိန်သည် ဒီပါ၏ရုပ်ထုကိုကြည့်ပြီး အခန်းထဲမှ ပြန်

လည်ထွက်လာ၍ ကျွန်ုပ်သည် လိုက်ပါခဲ့မိလေသည်။ ဧည့်ခန်းသို့ ပြန်ရောက်လျှင် ကိုစက်ရှိန်သည် ရေနွေးကြမ်းသောက်ပြီး ကျွန်ုပ်ကို စကားမဆိုဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်ကိုတွေ့ရလေသည်။ ကျွန်ုပ်သည် ကိုစက်ရှိန်အဖြစ်ကိုကြည့်ပြီး ဒီပါဆိုသည့်မိန်းကလေး အဖြစ်ကို စကားစလိုက်မိလေသည်။

"ကျုပ်. . . ကိုစက်ရှိန်နဲ့ ဒီပါ့အဖြစ်ကို ခုလိုသိရလို့ စိတ်မကောင်းဖြစ်မိပါတယ်။ ဒီပါက ဘယ်လိုဆုံးပါးခဲ့တယ်ဆိုတာ ကျုပ်သိပါရစေ"

"ပြောရရင်တော့ ဒီပါက ကျုပ်သိပ်ချစ်တဲ့သူဆိုရင် မမှားပါဘူး။ ပြီးတော့. . . ကျုပ်နဲ့ ဒီပါဟာ ဘဝတည်ဆောက်ဖို့ ရည်ရွယ်ထားကြတဲ့သူတွေပါ။ ဒီပါ့ကိုယ်စားပြုရုပ်ထုကို ကျုပ် ထုလုပ်နေဆဲမှာ၊ ဒီပါက မရဏာစံအိမ်ကြီးမှာ ရုတ်တရက်ဆုံးပါးရတဲ့အဖြစ်ပဲ။ ကျုပ် သတင်းကြားကြားချင်း မရဏာစံအိမ်ကိုသွားတော့ ဒီပါ့ကိုယ်စား. . . အုတ်ဂူပဲတွေ့ခဲ့ရတယ်"

"ဒီပါက မရဏာစံအိမ်မှာ ဆုံးပါးခဲ့တယ်ဆိုတော့ မရဏာစံအိမ်က ဘယ်မှာလဲ ကိုစက်ရှိန်"

ကျွန်ုပ်သည် ကိုစက်ရှိန်၏ မရဏာစံအိမ်ဆိုသည့် စကားကြောင့် အံ့ဩသွားမိကာ မေးလိုက်ခြင်း ဖြစ်သည်။





ကိုစက်ရှိန်သည် ကျွန်ုပ်ကိုကြည့်ကာ. . .

"မရဏာစံအိမ်ဆိုတာ ရဂုံမြို့မှာရှိတဲ့ ဒီပါ့အဘိုး ဘိုးစက္ကပိုင်ဆိုင်ခဲ့တဲ့အိမ်ကြီးပဲ ကိုတာနော။ ကျုပ်ကို ဒီပါ့အဘိုး ဦးစက္ကက ဒီပါရဲ့ပုံတူပန်းချီဆွဲခိုင်းရင်း ကျုပ်နဲ့ ဒီပါ ရည်ငံခဲ့ကြတာပါ"

ကျွန်ုပ်သည် ကိုစက်ရှိန်စကားကြောင့် ဒီပါနှင့် ပတ်သက်ခဲ့သည့် မရဏာစံအိမ်ကို သိချင်စိတ်က ပေါ်လာလေသည်။ ကိုစက်ရှိန် ဆွဲထားသည့် ဧည့်ခန်းနံရံမှ ချိတ်ဆွဲထားသည့် ဒီပါပုံတူပန်းချီကားကိုကြည့်ရင်း ကျွန်ုပ်အတွေး ချာချာလည်ခဲ့မိလေသည်။

"ပြီးခဲ့တာတွေ. . . ပြီးပါစေတော့ ကိုတာနောရယ်။ ကိုတာနောအတွက် ကျုပ် ဦးပဥ္စင်းကြီးကို ကတိခံထားခဲ့တဲ့အတိုင်း ပန်းချီပညာ သင်ပေးပါမယ်"

ကျွန်ုပ်သည် ကိုစက်ရှိန်စကားကို ကြားလိုက်ရ၍ ဝမ်းသာသွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် အလွန်ပင်မြတ်နိုးသည့် ပုံတူပန်းချီဆွဲခြင်းအတတ်ပညာကို ကိုစက်ရှိန်ထံမှ သင်ကြားခွင့်ရရှိပြီမဟုတ်ပါလား။ သို့တိုင် ကျွန်ုပ်သည် ကိုစက်ရှိန်၏ အဖြစ်ကို သိရှိခဲ့ရ၍ ပန်းချီပညာနှင့်ပတ်သက်၍ စိတ်မကောင်းဖြစ်မိလေသည်။ ကျွန်ုပ်အဖြစ်ကို ကိုစက်ရှိန်သည် ရိပ်စားမိဟန်တူသည်။

"ကျုပ်အတွက် စိတ်ပူပန်မှု မထားပါနဲ့. . . ကိုတာနော။ ကျုပ်ဘဝမှာ ကျုပ်တတ်ကျွမ်းထားတဲ့ပန်းချီပညာကို ကိုတာနော ကိုသင်ကြားပေးရမှာ ကျုပ်ဝမ်းသာမိပါတယ်။ ပြီးတော့ ဦးပဋ္ဌင်းကြီးက ကိုတာနောကို ပန်းချီပညာထွန်းပေါက်ဖို့ အတန်တန်မှာခဲ့တဲ့စကား ရှိပါတယ်"

"ကျုပ် ဝမ်းသာသွားပြီ ကိုစက်ရှိန်။ ကျုပ်. ကိုစက်ရှိန်လို ပန်းချီဆရာဖြစ်အောင် ကြိုးစားမှာပါ"

သို့နှင့် ကျွန်ုပ်သည် ကိုစက်ရှိန်ထံတွင် ပန်းချီပညာကို သင်ကြားခဲ့ရာ လအတန်ပင် လင့်ခဲ့လေသည်။ ကိုစက်ရှိန်သည် ကျွန်ုပ်ကို တပည့်ကဲ့သို့လည်းကောင်း၊ မိတ်ဆွေရင်းနှယ်လည်းကောင်း၊ စေတနာဖြင့် သင်ကြားခဲ့ရာ ကျွန်ုပ်သည် ပန်းချီအတတ်ပညာကို လက်ပွန်းတတီး သင်ကြားခဲ့၍ အတန်ပင် ပေါက်မြောက်ခဲ့လေသည်။ တစ်နေ့ ကိုစက်ရှိန်သည် ကျွန်ုပ်ကို ထူးထူးဆန်းဆန်းစကား ဆိုလာချေသည်။

"ကျုပ် ကိုတာနောကို ဆရာတပည့်ဆိုတဲ့ စကားမသုံးဘဲ မိတ်ဆွေရင်းလို နှလုံးသားသွင်းပြီး စကားပြောချင်လို့ပါ"

"ပြောပါ. . . ကိုစက်ရှိန်။ ကျုပ်ကို ထမင်းကျွေးပြီး ပန်းချီပညာသင်ပေးတဲ့ ကိုစက်ရှိန်ရဲ့ ကျေးဇူးတရားတွေကို ကျုပ် ဘယ်





လိုဆပ်ရမှန်း မသိပါဘူးဗျာ"

ကျွန်ုပ်၏စကားကြောင့် ကိုစက်ရှိန်သည် ဝမ်းသာအားရ မျက်နှာဖြင့် ကျွန်ုပ်ကိုကြည့်ကာ. . .

"ဒီလို. . . ကိုတာနောရဲ့၊ ကျုပ်ဘဝမှာ ပြေးကြည့်မှ ဟောဒီ အိမ်ကြီးရယ်၊ ကျုပ်မြတ်နိုးတဲ့ ပန်းချီပညာတွေပဲရှိတာ မဟုတ်လား ပြီးတော့ ကျုပ် ကိုတာနောကို ပြောချင်တာက ကျုပ်ဘဝမှာ သိပ်ချစ်ခဲ့ရတဲ့ ဒီပါ မရှိတဲ့အတွက် ကျုပ်ဘဝမှာ အဓိပ္ပာယ်မဲ့သလို အထီးကျန်ဖြစ်ခဲ့ရတာ ကြာခဲ့ပြီ။ ဒါကြောင့်လည်း ကျုပ်ဆီ ကိုတာနော ရောက်လာကတည်းက ကျုပ်ဘဝမှာ အားတက်ခဲ့ရတယ်ဆိုပါတော့။ အဓိက,ကတော့ ဒီပါ့အတွက်ပေါ့ဗျာ"

ကိုစက်ရှိန်သည် ကျွန်ုပ်ကိုပြောဆိုပြီး ဆေးလိပ်ကိုဖွာရှိုက်ပြီး အတန်တန်စဉ်းစားနေဟန်တူသည်။ ကျွန်ုပ်သည် ကိုစက်ရှိန်ကို ကြည့်ပြီး အံ့အားသင့်နေမိသည်။

"ကျုပ်ပြောချင်တာက ဟောဒီ. . . ဒီပါရဲ့ပုံတူတစ်ပုံကို ကိုတာနောဆွဲပြီး ကျုပ်ကိုယ်စား မရဏာစံအိမ်ကို သွားပို့စေချင်တယ်"

"ဗျာ. . . ကိုစက်ရှိန်။ ကျုပ် မရဏာစံအိမ်ကို သွားရမယ်၊ ဟုတ်လား"

"ဟုတ်တယ် ကိုတာနော။ ကိုတာနောကို ကျုပ် ဘာကြောင့်

မရဏာစံအိမ်ကိုလွှတ်ရသလဲဆိုတာ ကိုတာနေ့ာရောက်သွားမှ သိရမှာပါ။ လောလောဆယ်. . . ကိုတာနေ့ာကို မရဏာစံအိမ် ကျုပ်လွှတ်ရတာက ပောဒ္ဒီပစ္စည်းကြောင့်ပဲ"

ကိုစက်ရှိန်သည် ကျွန်ုပ်ကိုပြောဆိုပြီး ယွန်းဘူးလေးထဲမှ တယုတယထည့်ထားသည့်စိန်ဘယက်ကိုထုတ်ပြီး ကျွန်ုပ်ကိုပြလိုက်သည်။

"အမှန်တော့. . . ဒီစိန်ဘယက်က ကျုပ်ချစ်တဲ့ဒီပါအတွက် လက်ဆောင်ပေးဖို့ ရည်ရွယ်ထားတဲ့ စိန်ဘယက်ပါ။ ဒါပေမဲ့ ဒီပါ ဆုံးပါးခဲ့လို့ ကျုပ် မပေးဖြစ်ဘဲ သိမ်းဆည်းထားခဲ့တာပါ"

"မရဏာစံအိမ်မှာ ဒီပါ မရှိတော့ဘူးမဟုတ်လား။ ဒီ စိန်ဘယက်က ဘယ်သူ့ကို ကျုပ်ပေးရမှာလဲ"

"ဒီပါ မရှိပေမယ့် ဒီပါ့အဘိုး ဦးစက္ကကိုပေးဖို့ပဲ ကိုတာနေ့ာ။ ဒီတော့. . . ဒီပါရဲ့ပုံတူကို ကိုတာနေ့ာဆွဲပြီးမှသွားပါ။ နောက်တစ်ခု ကျုပ်ပြောချင်တာက ကျုပ်ပိုင်ဆိုင်တဲ့ ပောဒီအိမ်ကြီးနဲ့ အတွင်းပစ္စည်းအားလုံးကို ကျုပ် ကိုတာနေ့ာနာမည်နဲ့ လွှဲအပ်ထားခဲ့တယ်"

ကိုစက်ရှိန်ထံမှ မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် ကျွန်ုပ်အဖို့ မယုံကြည်နိုင်အောင် ဖြစ်သွားမိလေသည်။

ကိုစက်ရှိန်သည် ကျွန်ုပ်ကိုကြည့်ကာ. . .





"ကျုပ်စကားကိုကြားလိုက်ရတော့ ကိုတာနေ့ာ အံ့ဩသွားပြီမဟုတ်လား"

"ကျုပ်. . . ကျုပ် ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူးဗျာ။ ကျုပ် ကိုစက်ရှိန်ဆီက ပန်းချီပညာပဲ လိုချင်တာပါ။ ဒီအိမ်ကြီးနဲ့ အတွင်းပစ္စည်းတွေကို ကျုပ် မလိုချင်ပါဘူး ကိုစက်ရှိန်ရယ်"

ကျွန်ုပ်စကားကိုကြားလိုက်ရ၍ ကိုစက်ရှိန်သည် သဘောကျရယ်သံက ပေါ်လာသည်။ ကိုစက်ရှိန်သည် ကျွန်ုပ်ကို အံ့ဩဖွယ်ရာအကြည့်ဖြင့် စူးစူးစိုက်စိုက်ကြည့်ပြီး. . .

"ထူးလည်းထူးတဲ့ ကိုတာနေ့ာပါလား။ လူတွေဟာ လောဘ၊ ဒေါသ၊ မောဟနောက်ကို လိုက်နေကြတဲ့သူတွေမဟုတ်လား။ ခုလို ကိုတာနေ့ာနှလုံးသားကိုသိလို့ ကျုပ်. . . ကိုတာနေ့ာကိုလေးစားမိတာအမှန်ပဲ"

ကိုစက်ရှိန်သည် ကျွန်ုပ်ကိုပြောဆိုပြီး လက်ခုပ်တီးလိုက်စဉ် လူတစ်ယောက်သည် ဧည့်ခန်းထဲသို့ ဝင်လာလေသည်။ ကိုစက်ရှိန်က ထိုလူကိုကြည့်ကာ. . .

"ကိုပန်းစိန်. . .၊ သူ့နာမည်က ကိုတာနေ့ာလို့ခေါ်တယ်။ ကျုပ်မရှိတဲ့နောက်ပိုင်း ကျုပ်ကိုဆက်ဆံသလို ကိုတာနေ့ာကိုလည်း ဆက်ဆံပါ။ ပြီးတော့ ကျုပ်ပြောထားတဲ့ကိစ္စကို အချိန်တန်ရင်

ကိုတာနေ့ာကိုပြောပြပါ"

"အစစအရာရာစိတ်ချပါ. . . ဆရာစက်ရှိန်"

ကိုစက်ရှိန်စကားသံနှင့်အတူ ကိုပန်းစိန်ဆိုသူသည် အခန်းထဲမှ ထွက်သွားလေသည်။ ကျွန်ုပ်သည် ကိုစက်ရှိန်အပြုအမူကို နားမလည်နိုင်အောင်ဖြစ်မိလေသည်။

"ကိုစက်ရှိန်. . .၊ ကိုပန်းစိန်ကို ကျုပ် ခုမှပဲတွေ့ဖူးတယ်"

"ကိုပန်းစိန်က. . . ကျုပ်ဘဝမှာ အရေးအကြီးဆုံးလူတစ်ယောက်ပဲ ကိုတာနေ့ာ။ ဒီတော့ ကိုတာနေ့ာ မရဏာစံအိမ်သွားဖို့ ဒီပါရဲ့ပုံတူပန်းချီ ဆွဲပေတော့"

ကိုစက်ရှိန်သည် ဒီပါ၏ပုံတူပန်းချီကားကိုဖြုတ်ပြီး ကျွန်ုပ်ကို ထပ်မံ၍ ပုံတူပန်းချီဆွဲခိုင်းလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် နေ့စဉ် ဒီပါ၏အသက်ဝင်လှသည့် ပုံတူပန်းချီကားကိုဆွဲနေမိသည်။ သို့တိုင် ကျွန်ုပ်သည် ဒီပါပုံတူကို ဘယ်လိုဆွဲဆွဲ အသက်မဝင်နိုင်ဘဲဖြစ်နေ၍ ကိုစက်ရှိန်၏ပန်းချီအတတ်ပညာကို ပို၍လေးစားချီးကျူးမိလေသည်။

ကျွန်ုပ်သည် ဒီပါ၏ပုံတူကို ထပ်ဆင့် ရေးဆွဲနေမိသည်က ရက်အတန်ကြာ လင့်ခဲ့သည့်တိုင် ကျွန်ုပ်၏ ပန်းချီအတတ်ပညာကို ကျွန်ုပ်အားမရနိုင်ဘဲဖြစ်နေမိလေသည်။





ကျွန်ုပ်သည် ဒီပါ၏ နုနယ်ပျိုမျစ်သည့်မျက်နှာလေးကို ကြိုးစားပြီး ဆွဲနေမိသော်လည်း ဆွဲမရ၍ အခက်တွေ့နေမိသည်။ ကိုစက်ရှိန် ဆွဲထားသည့် ပုံတူပန်းချီကားထဲမှ ဒီပါသည် ကျွန်ုပ်ကို သရော်ပြုံး ပြုံးနေသည်ဟုထင်နေမိလေသည်။ ကျွန်ုပ်သည် စုတ်ချက်အမျိုးမျိုး၊ ဆေးချက်အဖုံဖုံဖြင့် ဆေးစပ်ပြီး အရောင်လိုက်မိသော်လည်း သရုပ်မဝင်နိုင်၍ ကျွန်ုပ်သည် စိတ်မကောင်းခြင်းများစွာ ဖြစ်မိလေသည်။

"ကိုတာနေ့ာလက်ရာက မဆိုးပါဘူး။ ကြိုးစားပေါ့. . . ကိုတာနေ့ာ။ တဖြည်းဖြည်း ဒီပါရုပ်သွင်ပေါ်လာမှာပါ"

ကျွန်ုပ်သည် အမှတ်မထင်ကြားလိုက်ရသည့် ကိုစက်ရှိန်၏ စကားကြောင့် ကျွန်ုပ်ကိုယ်ကျွန်ုပ် ရှက်ရွံ့သွားမိလေသည်။ ကိုစက်ရှိန်သည် ကျွန်ုပ်ထံမှစုတ်တံကိုယူပြီး ဒီပါ၏ပုံတူကို ဆေးစပ်၍ဆွဲလေရာ ကျွန်ုပ်ပုံကြမ်းလောင်းထားသည့် ဒီပါပုံတူသည် တဖြည်းဖြည်း ပုံပေါ်လာလေသည်။

"ကျုပ် ကိုစက်ရှိန်ရဲ့ပညာကို လေးစားလို့မဆုံးနိုင်ဘူးဗျာ။ ကျုပ် ဒီပါရဲ့ပုံတူဆွဲရင်း ကျုပ်ရင်ထဲမှာ တစ်ခုခုခံစားနေရသလိုဖြစ်နေမိတယ်"

"ကိုတာနေ့ာရင်ထဲမှာ. . . ဒီပါနဲ့ပတ်သက်ပြီး တစ်ခုခုခံစား

နေရတယ်. . . ဟုတ်လား"

"ဟုတ်တယ်. . . ကိုစက်ရှိန်။ ကျုပ်အဖြစ်ကို ကျုပ် ဘယ်လို နားလည်ရမှန်းတောင် မသိပါဘူး"

ကျွန့်ပ်စကားကြောင့် ကိုစက်ရှိန်မျက်နှာသည် ရွှင်ပျသွားသည်။ ပြီး ကျွန့်ပ်ကို ဆေးစပ်ပြီးစုတ်တံကို ယူစေပြီး. . .

"ဟောဒီ ဒီပါပုံအောက်မှာ. . . ဇမ္ဗူဒီပါလို့ရေးလိုက်ပါ ကိုတာနော"

ကျွန့်ပ်သည် ကိုစက်ရှိန်ခိုင်းသည့်အတိုင်း ဒီပါ၏ပုံတူပန်းချီကားအောက်တွင် ဇမ္ဗူဒီပါဟု ရေးထိုးလိုက်လေသည်။ ကျွန့်ပ်ရေးထိုးသည့် ဇမ္ဗူဒီပါဟူသည့်စာလုံးကိုကြည့်ပြီး ကိုစက်ရှိန်၏ရယ်သံကြီးက ပေါ်လာလေသည်။

"ကိုစက်ရှိန်. . . ကိုစက်ရှိန်"

ကျွန့်ပ်သည် ကိုစက်ရှိန်ကိုပြောဆိုနေစဉ် ကိုစက်ရှိန်သည် ရုတ်တရက် ကျွန့်ပ်ပုံတူဆွဲနေသည့် ဒီပါ၏ပန်းချီကားချပ်ကိုယူပြီး ရိုက်ချိုးနေသည်ကို တွေ့လိုက်ရ၍ ကျွန့်ပ် အံ့အားသင့်သွားမိလေသည်။

"ဒီပါ. . . ဒီပါ၊ မင်း. . . ကျုပ်ကို ခုချိန်အထိ လှည့်စားနေတုန်းပါလား။ မင်းပြောခဲ့တဲ့ ဇမ္ဗူဒီပါ. . . ဟုတ်လား။ ဟား. . .





ဟား. . . ဟား"

ကိုစက်ရှိန်သည် ရယ်သံကြီးနှင့်အတူ မျက်ထောင့်နီကြီးဖြင့် အစိတ်စိတ်အမွှာမွှာဖြစ်နေသည့် ဒီပါ၏ပုံတူပန်းချီကားကို စူးစူးစိုက်စိုက်ကြည့်နေလေသည်။ ထိုစဉ် အခန်းထဲသို့ ကိုပန်းစိန်ရောက်လာပြီး ကိုစက်ရှိန်ကိုတွဲခေါ်သွားလေသည်။ ကျွန့်ပ်သည် ကိုစက်ရှိန် ရိုက်ချိုးခဲ့၍ အစိတ်စိတ်အမွှာမွှာဖြစ်နေသည့် ဒီပါပုံတူပန်းချီကားကိုကြည့်လိုက်မိသည်။



## အခန်း ( ၆ )

"ပြောရရင်တော့. . . ကိုတာနော့ရယ်။ ဆရာစက်ရှိန်ဟာ ဒီပါဆုံးပါးတယ်ဆိုတဲ့သတင်း ကြားကတည်းက ခုလိုခံစားနေရတဲ့အဖြစ်ပါ။ ကျွန်ုပ်လည်း ဆရာစက်ရှိန်အတွက် ဆေးဝါးဓာတ်စာနဲ့ သမားတော်တွေပင့်ပြီး ကုသခဲ့ပါတယ်။ ခက်နေတာက. . . ဆရာစက်ရှိန်ရဲ့ အသိအာရုံထဲမှာ ဒီပါကလွဲလို့ အခြားခံစားမှု နည်းပါးခဲ့တာပဲ"

ကျွန်ုပ်သည် ကိုပန်းစိန်စကားကြောင့် ကိုစက်ရှိန်အတွက် စိတ်မကောင်းဖြစ်မိလေသည်။

"ဒါဆို. . . ကိုစက်ရှိန်အခြေအနေကို ဘယ်လိုဆုံးဖြတ်ရမှာ

လဲ ကိုပန်းစိန်"

"ကျုပ်သဘောကတော့ ဆရာစက်ရှိန်ကိုကုသနေတဲ့ သမားတော်ကြီးဦးဖူးညိုကိုခေါ်ပြီး ဆရာစက်ရှိန်အခြေအနေကို စမ်းသပ်ပြီး ကုရမှာပဲ ကိုတာနေ။ ခက်နေတာက သမားတော် ကြီးဦးဖူးညို ခရီးလွန်နေတာဆိုတော့ ကျုပ်စိုးရိမ်နေမိတယ်"

ကိုပန်းစိန်သည် နံရံပေါ်မှ ကိုစက်ရှိန်ဆွဲထားသည့် ပန်းချီကားများကိုကြည့်ပြီး သက်ပြင်းချနေသည်ကိုတွေ့လိုက်ရလေသည်။ ကျွန်ုပ်သည် ကိုပန်းစိန်၏အပြုအမူကို နားမလည်နိုင်အောင် ဖြစ်သွားမိသည်။

"ကျုပ်က. . . ကိုစက်ရှိန်နဲ့တွေ့ဆုံရတာ မကြာသေးတော့ ကိုစက်ရှိန်ရဲ့အခြေအနေကိုသုံးသပ်လို့မရတာအမှန်ပဲ ကိုပန်းစိန်။ ကိုပန်းစိန်က ကိုစက်ရှိန်နဲ့နေတော့ ဒီပါနဲ့ပတ်သက်ခဲ့တဲ့အဖြစ်ကို သိမှာပေါ့"

"ကျုပ်က ဆရာစက်ရှိန်နဲ့အတူနေလာခဲ့လို့ ဆရာစက်ရှိန်ကိုယ်စား ယူကျုံးမရဖြစ်ခဲ့တာအမှန်ပါပဲ။ တကယ်တော့ ဟော့ဒီအိမ်ကြီးဟာ ဒီပါကြောင့် ခုလိုဖြစ်ခဲ့ရတယ်ဆိုရင် မမှားဘူး. . . ကိုတာနေ"

"ကိုပက်ရှိန်စကားအရ ဒီပါက ဆုံးပါးခဲ့ပြီ. . . မဟုတ်လား





ကိုပန်းစိန်"

"ဒီပါဆုံးပါးခဲ့တာ မှန်ပေမယ့် ဆရာစက်ရှိန်က ဒီပါရှိနေတုန်းပဲဆိုတဲ့စိတ်နဲ့ ညတိုင်း အခန်းထဲမှာ ဒီပါနဲ့စကားပြောဆိုနေတဲ့အသံတွေ ကျုပ် အမြဲတမ်းကြားနေရတယ်။ ဒီပါ့အသံမှ ဒီပါ့အသံပဲ ကိုတာနေ။ ကျုပ်လည်း မသင်္ကာလို့ ဆရာ မသိအောင် ခံစမ်းတော့ အဲဒီအခန်းထဲမှာ ဒီပါ့ကိုတွေ့ခဲ့ရတယ်"

"ဘာ! ကိုပန်းစိန်။ ဒီပါ့ကို အခန်းထဲမှာတွေ့ရတယ် ဟုတ်သား။ မဖြစ်နိုင်တာ ကိုပန်းစိန်ရယ်။ ကျုပ်ကို ကိုစက်ရှိန်က အခန်းထဲမှာထားတဲ့ဒီပါရုပ်ထုကို ပြသေးတယ်"

ကျွန်ုပ်သည် ကိုပန်းစိန်စကားကြောင့် ဇဝေဇဝါဖြစ်သွားမိလေသည်။ ကိုပန်းစိန်က ကျွန်ုပ်ကိုကြည့်ပြီး. . .

"ကျုပ်အထင်တော့ ဆရာစက်ရှိန်ရင်ထဲမှာ တစ်ခုခုခံစားနေရတာ ရှိလိမ့်မယ်ထင်တယ်။ ပြီးတော့ ဆရာစက်ရှိန်ရဲ့အကျင့်က ဒီပါပုံတူပန်းချီကားဆွဲပြီး စိတ်ကျေနပ်အောင်ကြည့်ပြီး စိတ်မထင်ရင် ဆွဲပြီးသားပန်းချီကားကို ရိုက်ခွဲပစ်တတ်တယ်။ ပြီးတော့ ဒီပါပန်းချီကားကို အခန်းထဲမှာပြန်ဆွဲတယ်။ ဒီပါပုံစံက. . . လက်ရာမပြောင်းဘဲ ဒီအတိုင်းပဲထွက်လာတယ်"

"ဒါဆို. . . ကိုစက်ရှိန်အဖြစ်က သနားစရာဖြစ်နေပါလား

ကိုပန်းစိန်"

ကျွန်ုပ်သည် ကိုစက်ရှိန်အဖြစ်ကို ကိုပန်းစိန်ပြောပြ၍ သိရှိခဲ့ရလေသည်။ ထို့အပြင် ကိုစက်ရှိန်သည် ကျွန်ုပ်ကို အိမ်ကြီးနှင့် အတွင်းပစ္စည်းများကို ပေးနေသည့်အတွက် ကျွန်ုပ် နားမလည်နိုင်အောင်ဖြစ်မိလေသည်။

"ကျုပ်မေးပါရစေ ကိုပန်းစိန်။ ကိုစက်ရှိန်က ကျုပ်ကို ဟော့ဒီအိမ်ကြီးနဲ့အတွင်းပစ္စည်းတွေ ဘာကြောင့်ပေးတယ်ဆိုတာ ကျုပ် နားမလည်နိုင်အောင်ဖြစ်မိတယ်"

"အဲဒါကြောင့် ဆရာစက်ရှိန်အဖြစ်ကို ကျုပ် အံ့ဩမိတာအမှန်ပဲ။ ဆရာစက်ရှိန်ဘဝမှာ ဒီပါဆိုတဲ့မိန်းမကလွဲလို့ ဘာမှ သံယောဇဉ် နိုင်နိုင်မာမာမထားခဲ့တာအမှန်ပဲ။ တစ်ခုတော့ရှိတယ် ကိုတာနေ့။ ဒီပါဆုံးပြီဆိုတဲ့သတင်းကိုကြားတော့ ဆရာစက်ရှိန်ကို အဝင်မခံခဲ့ဘူး။ ဆရာစက်ရှိန်ပြန်ရောက်ပြီး ဒီအိမ်ကြီးနဲ့ အတွင်းပစ္စည်းအားလုံးကိုပေးအပ်ဖို့ လူတစ်ယောက် လာလိမ့်မယ်ဆိုတဲ့ စကားပဲ ကိုတာနေ့"

ကိုပန်းစိန်စကားကြောင့် ကိုစက်ရှိန်အဖြစ်ကို ကျွန်ုပ် နားမလည်နိုင်အောင် ဖြစ်သွားမိလေသည်။

"ပန်းစိန်. . . ပန်းစိန်"





"ဟော! ဆရာစက်ရှိန် ကျုပ်ကိုခေါ်နေပြီ။ ကျုပ်သွားလိုက်မယ် ကိုတာနေ့"

ကျွန်ုပ်နှင့်ကိုပန်းစိန် စကားကောင်းနေစဉ် ကိုစက်ရှိန် ခေါ်သံကြောင့် ကိုပန်းစိန် အခန်းထဲသို့ဝင်သွားလေသည်။ ကိုစက်ရှိန်နှင့်ကိုပန်းစိန်၏ စကားတိုးတိုးပြောနေသံကို ကြားရသော်လည်း ကျွန်ုပ်သည် ဒီပါ၏ပုံတူပန်းချီကားကိုကြည့်မိရင်း ကိုစက်ရှိန်အဖြစ်ကို တွေးမရနိုင်အောင်ဖြစ်မိလေသည်။

"မောင်စက်ရှိန်. . . မောင်စက်ရှိန်"

ကျွန်ုပ်သည် ကိုစက်ရှိန်နှင့် ဒီပါအဖြစ်ကို တွေးတောနေမိစဉ် ခြံတံခါးဝဆီမှခေါ်သံကြောင့် ကြည့်လိုက်မိရာ ခန့်ညားသည့် ဥပဓိရုပ်ဖြင့် လူကြီးတစ်ဦးကို တွေ့လိုက်ရလေသည်။

ထိုလူကြီးသည် ကျွန်ုပ်ကိုမမြင်ဖူးသည့်အလား ခြေဆုံးခေါင်းဆုံးကြည့်ပြီးလျှင်. . .

"မောင်စက်ရှိန်ရှိလား မောင်ရင်"

"ရှိပါတယ်ခင်ဗျား၊ ဘာကိစ္စများ ရှိလို့ပါလဲ၊ ကိုစက်ရှိန် ကျန်းမာရေးချို့တဲ့နေပါတယ်"

"ဟေ, ဟုတ်လား။ ဆရာကြီးက မောင်စက်ရှိန်ရဲ့ဝေဒနာကို ကုသနေတဲ့ သမားတော်ကြီးဦးဖူးညိုကွယ့်။ တံခါးမြန်မြန်ဖွင့်ပေးပါ

မောင်ရင်လေး"

ကျွန်ုပ်သည် ကိုစက်ရှိန်ကို ကုသနေသည့် သမားတော်ကြီး ဦးဖူးညိုမှန်းသိလိုက်၍ ခြံတံခါးကို အမြန်ဆုံးဖွင့်ပေးလိုက်လေသည်။ သမားတော်ကြီးဦးဖူးညိုသည် လျင်မြန်သောခြေလှမ်းဖြင့် အိမ်ကြီးအတွင်းရှိ ကိုစက်ရှိန်အခန်းထဲသို့သွားနေ၍ ကျွန်ုပ်ပါ လိုက်ခဲ့မိသည်။ အခန်းထဲသို့ရောက်လျှင်. . .

"မောင်စက်ရှိန်. . . မောင်စက်ရှိန်"

သမားတော်ကြီးဦးဖူးညို၏ စိုးရိမ်မကင်းသည့်မျက်နှာဖြင့် ခုတင်ပေါ်တွင် လဲလျောင်းနေသည့်ကိုစက်ရှိန်ကို အတန်တန်ခေါ်ငင်လိုက်မှ ကိုစက်ရှိန်သည် မျက်စိ တဖြည်းဖြည်းချင်း ပွင့်သွားပြီးလျှင်. . .

"ဆရာကြီးတောင် ရောက်လာပြီကိုး"

"ဟုတ်တယ် မောင်စက်ရှိန်။ ဆရာကြီးခရီးလွန်နေလို့ အချိန်မီပြန်မရောက်နိုင်တာကွယ့်။ ဘာမှအားမငယ်တော့နဲ့ မောင်စက်ရှိန်။ ဆရာကြီးပြန်ရောက်လာပြီမဟုတ်လား"

သမားတော်ကြီးဦးဖူးညိုသည် ကိုစက်ရှိန်ကိုစမ်းသပ်ပြီးလျှင် ဆေးဝါးတိုက်လိုက်ရာ ကိုစက်ရှိန်သည် နှစ်ခြိုက်စွာ အိပ်မောကျသွားလေသည်။ သမားတော်ကြီး ဦးဖူးညိုသည် ကိုစက်ရှိန်ကိုကြည့်





ရှုပြီး စိတ်ချသွားဟန်ဖြင့် ကျွန်ုပ်ကိုကြည့်ကာ. . .

"မောင်ရင့်ကို ဆရာကြီး ဒီအိမ်ကြီးမှာ တစ်ခါမှမတွေ့ဖူးဘူး။ ဘယ်တုန်းက ရောက်လာတဲ့ ဧည့်သည်လဲကွယ့်"

"ကျုပ်ရောက်လာတာ မကြာသေးပါဘူးဆရာကြီး။ ကိုစက်ရှိန်ဆီမှာ ပန်းချီပညာသင်ကြားဖို့ ဦးပဥ္စင်းကြီးလွှတ်လို့ လာခဲ့တာပါ"

"ဘာ! မောင်ရင်က မောင်စက်ရှိန်ဆီက ပန်းချီပညာသင်ကြားဖို့. . . ဟုတ်စ"

"ဟုတ်ပါတယ်ဆရာကြီး"

"အင်း. . . မောင်စက်ရှိန်. . . မောင်စက်ရှိန်။ ခုအထိ နှလုံးသားမှာ အစွဲအလမ်းကြီးနေတုန်းပါလားကွယ်"

သမားတော်ကြီးဦးဖူးညိုသည် ရေရွှတ်ရင်း နံရံတွင်ချိတ်ဆွဲထားသည့် ပန်းချီကားချပ်များကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေသည့်အသွင်က ပေါ်လာသည်။ အတန်ကြာမှ. . .

"မောင်ရင်က မောင်စက်ရှိန်ဆီမှာ ပန်းချီပညာသင်မယ်ဆိုတာ ဆရာကြီးသိရလို့ ဝမ်းသာပါတယ်ကွယ်။ ဒါပေမဲ့ မောင်ရင့်ကို ဆရာကြီးပြောချင်တာတော့ရှိတယ်။ ဒါကလည်း မောင်စက်ရှိန်ခု ခံစားနေရတဲ့ဝေဒနာနဲ့ အမိကပတ်သက်နေလို့ပါ"

သမားတော်ကြီးဦးဖူးညိုစကားကြောင့် ကျွန်ုပ် ဇဝေဇဝါဖြစ်သွားမိလေသည်။

"ကိုစက်ရှိန်ဘာဖြစ်လို့လဲ ဆရာကြီး"

"ဒီလိုကွယ့်. . . မောင်ရင်လည်း မောင်စက်ရှိန်ရဲ့ရူပလက္ခဏာကို ရိပ်စားမိလိုက်မယ်ထင်တယ်။ မောင်စက်ရှိန်ဟာ ဒီပါဆိုတဲ့မိန်းကလေးကြောင့် စိတ်နှလုံးသားပျက်ယွင်းနေတာ ကြာခဲ့ပြီကွယ့်။ ဒါကြောင့် ဆရာကြီးက မောင်စက်ရှိန်ဝေဒနာကို အမြဲမပြတ်ကုသနေရတာပဲ"

"ကိုစက်ရှိန်ဝေဒနာက ထူးခြားမှုမသိရဘူးလား ဆရာကြီး"

"အဲဒါကြောင့် ခက်နေတာပေါ့ မောင်ရင်ရယ်။ ဆရာကြီးလည်း မောင်စက်ရှိန်ဝေဒနာကို ဆေးချက်အံမျိုးမျိုးနဲ့လိုက်ခဲ့ပေမယ့် မထိရောက်ခဲ့တာကိုတွေ့ပြီး. . . အဖြေရှာလို့မရခဲ့ဘူး။ မောင်စက်ရှိန်ရဲ့ဝေဒနာကိုကြည့်ရတာ မောင်စက်ရှိန်မြတ်နိုးခဲ့တဲ့ ပန်းချီပညာကြောင့်လို့သတ်မှတ်ရမှာပဲ"

"ဗျာ! ကိုစက်ရှိန်ရဲ့ပန်းချီပညာကြောင့် ဟုတ်လား ဆရာကြီး"

"ဟုတ်တယ်လို့ပြောရမှာပဲ။ အဓိက,က ပောဒီပုံတူပန်းချီကားထဲက ဒီပါကြောင့်ဖြစ်ခဲ့တယ်ဆိုရင် မမှားဘူးပေါ့ကွယ်"





သမားတော်ကြီးဦးဖိုးညိုသည် နံရံမှ ဒီပါ၏ပုံတူပန်းချီကားကိုကြည့်ကာ ကိုစက်ရှိန်အတွက် ဝေဒနာအခြေအမြစ်ရှာနေဟန်တူသည်။ ကျွန်ုပ်သည် သမားတော်ကြီးဦးဖူးညိုစကားကြောင့် ကိုစက်ရှိန်အပြုအမူကို ရိပ်စားလိုက်မိလေသည်။

"ပြောရရင်တော့. . . မောင်စက်ရှိန်ဟာ ငယ်စဉ်ကတည်းက ပန်းချီအတတ်အပွန်ကိုလေ့လာလိုက်စားခဲ့ပေမယ့် မိန်းကလေးပုံတူပန်းချီကားကိုမဆွဲခဲ့တာအမှန်ပဲ။ ဒါပေမဲ့. . . မရဏာစံအိမ်က ဒီပါဆိုတဲ့မိန်းကလေးကျမှ မောင်စက်ရှိန်နှလုံးသားပြောင်းလဲခဲ့တဲ့အဖြစ်ကို ဆရာကြီးနားမလည်ခဲ့ဘူး မောင်ရင်"

ကျွန်ုပ်သည် သမားတော်ကြီး ဦးဖူးညို၏ ထပ်ဆင့်စကားကြောင့် ကိုစက်ရှိန်အတွက် ပိုပြီးစိတ်မကောင်းဖြစ်မိလေသည်။

"ဆရာကြီးကို ကျုပ်မေးချင်တာ တစ်ခုရှိပါတယ်"

"မေးပါ မောင်ရင်. . . မေးပါ"

"ဒီလိုပါဆရာကြီး။ ကျုပ်ကို ကိုစက်ရှိန်က ပောဒီအိမ်ကြီးနဲ့ အတွင်းပစ္စည်းတွေကို လွှဲအပ်ပေးတဲ့အဖြစ်ပဲ။ ကျုပ်လည်း ကျုပ်ကိုယ်ကျုပ် စဉ်းစားလို့မရအောင်ဖြစ်မိတယ်"

သမားတော်ကြီးဦးဖူးညိုသည် ကျွန်ုပ်စကားကိုကြားရသော်လည်း ထူးခြားဟန်မပြဘဲ ကျွန်ုပ်ကိုကြည့်ကာ. . .

"တစ်နေ့ ဒီလိုပဲဖြစ်လာလိမ့်မယ်ဆိုတာ ဆရာကြီးလည်းရိပ်စားမိပါတယ်မောင်ရင်။ ဒီတော့ ဆရာကြီးပြောချင်တာက မောင်ရင့်အနေနဲ့ မောင်စက်ရှိန်ရဲ့ဆန္ဒကိုလိုက်လျောပေးဖို့ပါပဲ"

"ကျုပ်က ကိုစက်ရှိန်ရဲ့ပစ္စည်းကိုလိုချင်လို့လာခဲ့တာ မဟုတ်ပါဘူးဆရာကြီး။ ကျုပ်တကယ်လိုချင်တာက ကိုစက်ရှိန်ရဲ့ဝန်းချီအနုပညာပါ။ ဒါကြောင့် ကျုပ်ကို ကိုစက်ရှိန်ပြောခဲ့တဲ့ မရဏစံအိမ်က ဒီပါရဲ့အဘိုးဦးစက္ကထံ ကျုပ်ဆွဲခဲ့တဲ့ ဒီပါရဲ့ပုံတူပန်းချီကားကို ပေးရဦးမယ် ဆရာကြီး"

ကျွန်ုပ်သည် သမားတော်ကြီးဦးဖူးညိုကိုပြောဆိုပြီး ကျွန်ုပ်ပုံတူဆွဲထားသည့် ဒီပါ၏ပုံတူပန်းချီကားကို ပြလိုက်မိသည်။ သမားတော်ကြီးဦးဖိုးညိုသည် ကျွန်ုပ်ဆွဲထားသည့်ဒီပါပုံတူပန်းချီကားကို အပြန်ပြန်အလှန်လှန်ကြည့်ကာ. . .

"မောင်ရင်ရဲ့ပန်းချီကားကို ခုလိုတွေ့ရတော့. . . ဆရာကြီး အံ့ဩသွားမိတာ အမှန်ပဲကွယ့်။ မောင်ရင်က မောင်စက်ရှိန်ရဲ့ တပည့်မှန်း လက်ရာကိုကြည့်ပြီး ဆရာကြီးလေးစားမိတာအမှန်ပဲ။ မောင်ရင်က မောင်စက်ရှိန်ဆန္ဒအတိုင်း မရဏစံအိမ်ကိုသွားမယ်ဆိုတာသိရလို့ ဆရာကြီးမှာချင်တာရှိတယ်ကွယ့်"

သမားတော်ကြီးဦးဖူးညိုစကားကိုကြားလိုက်ရ၍ ကျွန်ုပ်သည်





ကိုစက်ရှိန်လွှတ်သည့်မရဏစံအိမ်ကို ပို၍စိတ်ဝင်စားသွားမိလေသည်။

"ပြောပါဆရာကြီး"

"ဒီလို မောင်ရင်ရဲ့။ မောင်ရင်သွားမယ့် မရဏစံအိမ်မှာ ဒီပါက ခုအထိ မကျွတ်မလွတ်ရှာတဲ့ဘဝ ရောက်နေရှာတယ်ကွယ့်"

"ဗျာ! ဒီပါက မကျွတ်မလွတ်တဲ့ဘဝရောက်နေတယ်၊ ဟုတ်လားဆရာကြီး"

"ဟုတ်တယ်. . . မောင်ရင်။ အဲဒါကြောင့် မောင်ရင့်အနေနဲ့ မရဏစံအိမ်ကိုသွားဖို့က အသက်အန္တရာယ်နီးလို့ ဆရာကြီးစိုးရိမ်မိတာအမှန်ပဲ။ ဒီတော့ မောင်ရင် သွားသင့်မသွားသင့်စဉ်းစားစေချင်တယ်"

သမားတော်ကြီးဦးဖူးညိုသည် ကျွန်ုပ်ကို မရဏစံအိမ်ကို မသွားရန်အတန်တန်တားမြစ်သော်လည်း ကျွန်ုပ်သည် ဈေးဒီပါဆိုသည့်ပန်းချီကားကိုစိတ်ဝင်စားမိပြီး ကိုစက်ရှိန်နှင့်သမားတော်ကြီးဦးဖူးညိုကိုနှုတ်ဆက်ပြီး ထွက်ခွာလာခဲ့မိလေသည်။



## အခန်း ( ၇ )

ကျွန်ုပ်သည် မရဏာစံအိမ်သို့သွားရန် ဘူတာရုံလေးတစ်ခုတွင် ရောက်ရှိခဲ့ပေသည်။ သည်လမ်း၊ သည်ခရီးကို ကျွန်ုပ် ကျွမ်းဝင်မှုမရှိခဲ့သော်လည်း၊ ကိုစက်ရှိန်နှင့်ဒီပါအဖြစ်ကို စိတ်ဝင်စား၍လည်းကောင်း၊ ကျွန်ုပ်မြတ်နိုးသည့် ပန်းချီအတတ်ပညာနှင့်ဆက်နွယ်၍လည်းကောင်း၊ ကျွန်ုပ်သည် စွန့်စွန့်စားစားထွက်လာခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်သည် ဘူတာရုံလေးတွင် ရထားအလာကိုစောင့်ဆိုင်းနေစဉ် ရထားဆိုက်လာသဖြင့် ခရီးသည်များနှင့်အတူ ရထားတွဲပေါ်သို့တက်ပြီး ထိုင်ခုံတွင် ထိုင်လိုက်မိလေသည်။ မကြာမီ ရထား

သည် ဘုတာရုံလေးမှ ထွက်ခွာလာ၍ ကျွန်ုပ်သည် ခရီးပန်းလာသည့်အတွက် ထိုင်ခုံတွင် ခေါင်းမှီရင်း ငိုက်မြည်းနေမိလေသည်။ ရထားသည် ဘုတာရုံလေးတစ်ရုံသို့ဆိုက်ကပ်သည်ကို သတိပြုလိုက်မိ၍ ကျွန်ုပ်ငိုက်မြည်းနေရာမှ ကြည့်လိုက်မိရာ ကျွန်ုပ်အံ့အားသင့်သွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ထိုင်နေသည့် ထိုင်ခုံရှေ့တွင် ထိုင်နေသည့်မိန်းမပျိုကလေးကြောင့်ဖြစ်သည်။

"ခင်ဗျား. . . ဒီပါ. . . ဒီပါ မဟုတ်လား"

"ရှင်! "

ကျွန်ုပ်၏အမှတ်မထင်မေးလိုက်သည့်စကားသံကြောင့် မိန်းမပျိုလေးသည် ကျွန်ုပ်ကို ရှက်ရွံ့သွားသည့်အမူအရာဖြင့် အံ့အားသင့်သွားလေသည်

"ခင်ဗျားမသေဘူးနော်။ အေးဗျာ. . . ခုလိုမထင်မှတ်ဘဲ ဒီပါကို ကျုပ်တွေ့ရတော့ အံ့ဩသွားမိတယ်"

"ရှင်. . . ကျွန်မကို ဘာစကားတွေလာပြောနေတာလဲ။ ရှင့်ကို ကျွန်မ တစ်ခါမှမတွေ့ဖူးဘူး။ သိလည်းမသိဘူး"

"ကျုပ်ကို ခင်ဗျားဘယ်သိပါ့မလဲဗျာ။ ကျုပ်က ခင်ဗျားကို သိနေတာကြာပြီဗျ"

ကျွန်ုပ်၏စကားကြောင့် မိန်းမပျိုသည် မျက်လုံးလေးပြူး





[illegible]သွားပြီး ကျွန်ုပ်ကိုအံ့ဩသည့်အမူအရာဖြင့် ထပ်ဆင့်ကြည့်နေလေသည်။

အတန်တန်ကြည့်ပြီးမှ. . .

"နေပါဦး၊ ရှင်က ကျွန်မကိုသိနေတယ်ဆိုတော့ အတော့်ကို အံ့ဩစရာဖြစ်နေပါလား။ ရှင်ပြောတဲ့ဒီပါနဲ့ ကျွန်မ လူချင်းမှားနေပြီနဲ့တူတယ်။ ကျွန်မနာမည်က ရှင်ပြောတဲ့ဒီပါ မဟုတ်ပါဘူးရှင့်။ [illegible]အားမိပါ"

"မဖြစ်နိုင်တာ. . . ဒီပါရယ်။ ခင်ဗျားကြောင့် ကျုပ်မိတ်ဆွေ [illegible]န်းချိဆရာဟာ ဘဝပျက်ခမန်း ခံစားနေရတယ်ဆိုတာ ခင်ဗျားသိခဲ့ပြီးပါပြီ။ ဒါကြောင့် ခင်ဗျားရှိတဲ့ မရဏာစံအိမ်ကို ကျုပ်လာခဲ့ရတာပဲ။ ခင်ဗျားနဲ့တွေ့ရလို့ ကျုပ်အခန့်သင့်လိုက်တာဗျာ"

ကျွန်ုပ်သည် မိန်းမပျိုကိုကြည့်ပြီး ဝမ်းသာအားရပြောဆိုနေမိလေသည်။ သို့တိုင် ကျွန်ုပ်ရင်ထဲတွင် သမားတော်ကြီး ဦးဖူးညိုပြောခဲ့သည့်စကားကိုအမှတ်ရမိပြီး ကျောချမ်းသွားမိလေသည်။ သို့ကြောင့် ကျွန်ုပ်သည် မိန်းမပျိုကို အတန်ကြာအောင် ကြည့်နေမိလေသည်။

"ရှင်ပြောတဲ့ မရဏာစံအိမ်ဆိုတဲ့စကားက ထူးဆန်းလှချည်လား။ ရှင်က အဲဒီမရဏာစံအိမ်ကို ဘာကြောင့်သွားမှာလဲ"

"ကျုပ် မရဏာစံအိမ်ကိုသွားရမှာက ကျုပ်မိတ်ဆွေ ပန်းချီဆရာအတွက်ပါ။ ကျုပ်မိတ်ဆွေက မရဏာစံအိမ်မှာရှိတဲ့ ဒီပါကို တွေ့ဖို့လွှတ်လိုက်တာပါ။ ဒါပေမဲ့. . . ကျုပ်မိတ်ဆွေပြောတဲ့ ဒီပါက ဆုံးပါးခဲ့ပြီလို့ပြောတယ်။ ခု ခင်ဗျားကိုတွေ့ရလို့ ဒီပါနဲ့ရုပ်ချင်းဆင်တာကိုတွေ့ရလို့ ကျုပ်စဉ်းစားရခက်နေမိတယ်"

"ဒါဆို ရှင်ပြောတဲ့ဒီပါက ဆုံးပါးခဲ့ပြီမဟုတ်လား"

"ဒီပါဆုံးပါးခဲ့ပြီဆိုတာကို ကျုပ်မိတ်ဆွေစကားအရ ကျုပ်သိခဲ့ရတာပါ။ ဒါပေမဲ့. . . ဒီပါအသက်ရှင်ဆဲရှိတယ်ဆိုတာ ကျုပ်သိတယ်။ ဟောဒီမှာကြည့်၊ ဒီပါအတွက် ကျုပ်ဆွဲလာခဲ့တဲ့ပန်းချီကားပဲ"

ကျွန်ုပ်သည် ဒီပါ့အတွက်ပေးရန် အသင့်ယူလာသည့်ပန်းချီကားကို မိန်းမပျိုထံသို့ပြလိုက်လေသည်။ မိန်းမပျိုသည် ကျွန်ုပ်ဆွဲထားသည့်ပန်းချီကားကိုကြည့်ပြီး အံ့အားသင့်သွားပြီး. . .

"ဒီပန်းချီကားထဲက မိန်းမက ကျွန်မနဲ့ရုပ်ချင်းတူနေပါလား။ ကျွန်မအံ့ဩလိုက်တာရှင်။ ရှင်ပြောတဲ့ဒီပါဆိုတာက ဒီ ပန်းချီကားထဲက အမျိုးသမီးလား"

"ဒါကြောင့် ကျုပ်က ခင်ဗျားကို တွေ့တွေ့ချင်း ဒီပါဆိုပြီး လူမှားခဲ့တာအမှန်ပဲ"





"အင်းလေ. . . လောကမှာ လူတူမရှား၊ နာမည်တူမရှား မဟုတ်လား။ တိုက်တိုက်ဆိုင်ဆိုင် ပန်းချီကားထဲက ဒီပါနဲ့ ကျွန်မ ရုပ်ချင်းတူနေတာ အံ့ဩဖွယ်ရာပါပဲရှင်။ ရှင်က. . . ပန်းချီဆရာ မဟုတ်လား"

"ကျုပ်ကို ပန်းချီဆရာလို့ခေါ်ချင်လည်းရတယ်။ မခေါ်ချင် လည်းရတယ်"

"ရှင့်စကားက အထူးအဆန်းပါလားရှင်"

"ထူးဆန်းဆို ကျုပ်မိတ်ဆွေအဖြစ်က ပိုပြီးထူးဆန်းသေးတယ်။ ခင်ဗျားနာမည်က ဘယ်သူ. . ."

"ကျွန်မနာမည်က မအေးမိပါရှင်။ ရှင်ကသာ ကျွန်မနာမည်ကိုမေးနေ။ ရှင့်နာမည်ကို ကျွန်မ မသိရသေးဘူးမဟုတ်လား"

"ကျုပ်နာမည်က တာနေခေါ်လို့ခေါ်တယ် မအေးမိ"

"ရှင်. . . ရှင်နာမည်က တာနေခေါ်ဟုတ်လား။ ကြံကြံဖန်ဖန်ရှင်။ ကျွန်မ ကြားဖူးတဲ့ တာနေခေါ်ယက္ခဘီလူးများဖြစ်နေမလားပဲ"

"တာနေခေါ်ယက္ခဘီလူး. . . ဟုတ်လား မအေးမိ"

"ဟုတ်တယ်လေ။ ကျွန်မကြားဖူးတဲ့ တာနေခေါ်ယက္ခဘီလူးဆိုတဲ့နာမည်နဲ့ ရှင့်နာမည်က ဆင်နေတာမဟုတ်လား"

ကျွန်ုပ်သည် ရထားစီးရင်း မအေးမိဆိုသူအမျိုးသမီးနှင့်

တွေ့ကြုံခဲ့လေသည်။ မအေးမိသည် ကျွန်ုပ်ကို အမျိုးမျိုးဧည့်ဝတ်ပြုနေ၍ အလွန်ပင် အားနာမိလေသည်။ ကျွန်ုပ်သည် မိန်းကလေးများနှင့် နီးနီးကပ်ကပ်မနေဖူးသလို ကိုစက်ရှိန်သည် ဒီပါဆိုသည့် မိန်းမအတွက်ကြောင့် စိတ်နှလုံးချို့ယွင်းနေသည်ကို လက်တွေ့သိ ရ၍ မအေးမိကိုခင်မင်မိသော်လည်း ကျွန်ုပ်သည်ကြောက်ရွံ့စိတ် များ ပေါ်နေမိလေသည်။

မအေးမိသည် ကျွန်ုပ်အဖြစ်ကို ရိပ်စားမိ၍လား မသိချေ ကျွန်ုပ်ကို ပြုံးစစအမူအရာဖြင့်ကြည့်ကာ. . .

"ဘယ်လိုလဲ. . . ကိုတာနော်ရဲ့။ ကျွန်မက အားနွဲ့တဲ့မိန်းမ သားတစ်ဦး။ ရှင့်အပေါ်ကို ဘယ်လိုမှ နှလုံးသားမညစ်နွမ်းပါဘူး။ ရှင့်ကို ကျွန်မဖြင်ဖြင်ချင်း အစ်ကိုရင်းတစ်ယောက်လို ခင်မင်လေး စားမိပါတယ်"

မအေးမိစကားကိုကြားမှ ကျွန်ုပ်သည် ကြောက်ရွံ့စိတ်များ လျော့ပါးသွားမိလေသည်။ သို့တိုင် ကျွန်ုပ်သည် မအေးမိနှင့်တွေ့ ဆုံပြီး ကျွန်ုပ်သွားရမည့်ခရီးကိုတွက်ဆမိကာ စိတ်ပူပန်မှုရှိနေမိ လေသည်။

"ဒါနဲ့ ကိုတာနော်သွားမယ့် မရဏာစံအိမ်က ဘယ်မှာလဲ"

"မရဏာစံအိမ်ကို ကျုပ်လည်း တစ်ခါမှ မရောက်ဘူးတာ





အမှန်ပဲ။ ကျုပ်မိတ်ဆွေမှာထားတဲ့လူတစ်ယောက် လာကြိုမှ ကျုပ် လည်းရောက်မှာပါ"

"ဒါဆို ကျွန်မနဲ့ကြုံတုန်း ကျွန်မအိမ်ကိုအလည်လိုက်ခဲ့ပါ ဦး၊ ကိုတာနော်။ ကျွန်မ၊ ကိုတာနော်ရဲ့ပန်းချီလက်ရာကို သဘော ကျလို့ပါ။ ပြီးတော့ ကျွန်မပုံတူပန်းချီဆွဲခကိုလည်း တန်ရာတန်ဖိုး ပေးပါမယ်"

ကျွန်ုပ်သည် မအေးမိ၏ ပုံတူပန်းချီဆွဲရန်စကားကြောင့် အံ့အားသင့်သွားမိလေသည်။

"ကျုပ်က ပန်းချီပညာကို ဖြစ်ဖြစ်မြောက်မြောက် မဆွဲနိုင် သေးပါဘူး မအေးမိရယ်။ ကျုပ်ကိုသိပ်လည်းအထင်မကြီးပါနဲ့ဗျာ"

"ကိုတာနော်စကားကိုကြားရလို့ ကျွန်မက ပိုပြီးလေးစားမိ ပါတယ်ရှင်။ ကျွန်မ ကိုတာနော်လက်ရာကိုသဘောကျလို့ပါ"

မအေးမိသည် ကျွန်ုပ်ကိုပြောဆိုပြီး ကျွန်ုပ်ဆွဲထားသည့်ဒီပါ ၏ပန်းချီကားကိုကြည့်ရင်း ရုတ်တရက် မျက်နှာတွင် ကြောက်ရွံ့ ထိတ်လန့်သွားပြီး. . .

"ဇမ္ဗူဒီပါ. . . ဇမ္ဗူဒီပါ. . . ဟုတ်လား ကိုတာနော်"

"ဟုတ်တယ်. . . မအေးမိရဲ့။ ဒီပါရဲ့ပုံတူပန်းချီကားတိုင်းမှာ ကျုပ်မိတ်ဆွေအမြဲတမ်းလက်မှတ်ထိုးတာက ဇမ္ဗူဒီပါ.ပါ။ မအေးမိ

က အံ့ဩသွားပြီနဲ့တူတယ်"

ကျွန်ုပ်စကားသံကို မအေးမိ မတုံ့ပြန်ဘဲ၊ ဒီပါ၏ပုံတူပန်းချီကားကို အတန်ကြာထိ စူးစူးစိုက်စိုက်ကြည့်နေရာမှ. . .

"ကျွန်မ ဒီပန်းချီကားကိုကြည့်ပြီး အံ့ဩသွားမိတာအမှန်ပဲ ကိုတာနော၊ ကဲပါလေ, ကျွန်မ ကိုတာနောကိုပြောထားတဲ့ ပန်းချီဆွဲဖို့အတွက် ဘယ်လိုလဲဆိုတာသိပါရစေ"

"ကျုပ်က မရဏာစံအိမ်ကိုသွားရဦးမှာမဟုတ်လား မအေးမိ၊ မအေးမိရဲ့ပုံတူပန်းချီကားကိုဆွဲပေးဖို့ အချိန်ယူရဦးမှာပါ"

"ဖြစ်နိုင်ရင် ကျွန်မပုံတူပန်းချီကားဆွဲပြီးမှ မရဏာစံအိမ်ကို သွားပါ ကိုတာနောရယ်။ ကျွန်မက အရောင်းအဝယ်ထွက်နေတော့ ကိုတာနောနဲ့ဆုံဖို့ဆိုတာ မလွယ်လို့ပါ"

မအေးမိသည် ကျွန်ုပ်ကိုတောင်းတောင်းပန်ပန်ပြောဆိုသောစကားကြောင့် ကျွန်ုပ်သည် မအေးမိဆန္ဒအတိုင်း ပုံတူပန်းချီကားဆွဲရန် ကတိပြုလိုက်မိလေသည်။ မကြာမီ ကျွန်ုပ်နှင့် မအေးမိ စီးလာသည့်ရထားသည် ဘူတာရုံလေးတစ်ရုံသို့ရောက်ရှိလာ၍ ဆင်းလိုက်မိလေသည်။

ကျွန်ုပ်နှင့် မအေးမိ ဘူတာရုံလေးတွင် ဆင်းလိုက်စဉ် မြင်းလှည်းတစ်စီး လာနေသည်ကိုတွေ့လိုက်ရသည်။ မြင်းလှည်းသမား





လေးသည် မအေးမိကိုတွေ့လိုက်လျှင် ဖျာဖျာသလဲဖြင့် ဆင်းလာကာ. . .

"အစ်မလေး ဒီတစ်ခေါက် ခရီးထွက်တာ ကြာသွားတယ်။ ကျုပ်ဖြင့် အစ်မလေး လာနိုးနဲ့. . . ဘူတာမှာ နေ့တိုင်းလာစောင့်နေရတယ်"

"ဒါကြောင့် ငါ့မောင်ကို အစ်မက ယုံကြည်စိတ်ချခဲ့တာပေါ့။ ကဲ. . . ငါ့မောင် သွားကြစို့။ အစ်မဧည့်သည်လည်း ပါလာတယ်။ ကိုတာနောလို့ခေါ်တယ်"

မအေးမိစကားကြောင့် မြင်းလှည်းသမားလေးသည် ကျွန်ုပ်ကိုကြည့်ပြီး မအေးမိ၏ပစ္စည်းများကို မြင်းလှည်းပေါ်သို့ တင်လေသည်။

"အစ်မလေး. . . သွားကြစို့"

"လာ. . . ကိုတာနော"

မအေးမိစကားကြောင့် ကျွန်ုပ်သည် မြင်းလှည်းပေါ်တက်ထိုင်ပြီးစဉ် မြင်းလှည်းကလေးသည် ဘူတာရုံလေးမှ ထွက်လာခဲ့လေသည်။

ကျွန်ုပ်သည် မြင်းလှည်းလေးပေါ်တွင်ထိုင်ရင်း မအေးမိကို ကြည့်လိုက်မိသည်။ မအေးမိသည် ကျွန်ုပ်ကိုမကြည့်ဘဲ တစ်စုံတစ်

ချာကို စဉ်းစားနေဟန်တူသည်။

ကျွန်ုပ်သည် မြင်းလှည်းကလေးသွားရာ မြေနီလမ်းကလေးနှင့် ဝဲယာနှစ်ဖက်ဆီမှ မြင်တွေ့ရသည့် ရှုခင်းသစ်များကို ကြည့်မိရင်း ကျွန်ုပ်အဖြစ်ကိုကျွန်ုပ် အံ့ဩနေမိလေသည်။

"မောင်လေး. . . အစ်မ မရှိတုန်း အိမ်ကို ဘယ်သူတွေလာသေးလဲ"

"ညီသည်တွေတော့ လာတယ် အစ်မလေး။ ညီသည်တွေက သိပ်အရေးကြီးလာတဲ့ပုံစံပဲ။ အစ်မလေး ခရီးထွက်တာကြာလို့ မနှစ်မြို့ကြဘူးနဲ့တူတယ်"

"ခက်တာပဲ. . . ငါ့မောင်ရယ်။ အစ်မက အရေးတကြီးကိစ္စရှိလို့သွားရတာ။ သူတို့မယုံကြည်ကြဘူးနဲ့တူတယ်"

"မယုံဆို အစ်မရယ်။ ကိုကြာနီးက ပိုဆိုးသေးတယ်။ အစ်မလေး ခရီးထွက်သွားတာကို မကျေမနပ်ဖြစ်နေကြတယ်"

"ဒါဆို ကိုကြာနီးက အစ်မအပေါ် စိတ်နှလုံးသား မသန့်ရှင်းရင် အခြေအနေကြည့်ပြီးရှင်းလိုက်ရင် မကောင်းဘူးလား ငါ့မောင်"

"အစ်မကသာ ရှင်းဖို့ပြောနေ၊ ကိုကြာနီး အမှုအရာပျက်ရုံတင်မကဘူး။ သူ့နောက်မှာ ဥက္ကာဆိုတဲ့သူ ပါသေးတယ် အစ်မလေး"





"ဘာ! ဥက္ကာ ဟုတ်လား"

ကျွန်ုပ်သည် ရှေ့ဆက်ရမည့်ခရီးအတွက် တွေးတောပြီး မြင်းလှည်းပေါ်တွင်လိုက်ပါရင်း မအေးမိနှင့် မြင်းလှည်းသမားလေး၏ အပြန်အလှန်ပြောနေသည့်စကားသံကိုကြားလိုက်ရ၍ ကျွန်ုပ်အဖို့ အံ့အားသင့်သွားမိလေသည်။

မအေးမိသည် မြင်းလှည်းသမားလေးစကားသံနှင့်အတူ ကိုဥက္ကာနာမည်ကိုကြားလိုက်ရ၍ မျက်နှာပေါ်တွင် ရုတ်တရက် ခက်ထန်သွားသည်ကို ကျွန်ုပ်သတိထားလိုက်မိလေသည်။

သို့တိုင် ကျွန်ုပ်သည် အမှတ်မထင်တွေ့ကြုံခဲ့သည့် မအေးမိအဖြစ်ကို စဉ်းစားမရနိုင်အောင်ဖြစ်နေမိသည်။

"ဥက္ကာက ဘာဖြစ်လို့ ကြားထဲက ဝင်ရှုပ်ချင်ရတာလဲ ငါ့မောင်။ အစ်မလုပ်ငန်းတွေကိုဝင်ပြီး နှောင့်ယှက်ရင်တော့ ငါ့မောင်သိတဲ့အတိုင်း အစ်မဘက်က လက်မနှေးခဲ့ဘူးဆိုတာ ငါ့မောင်လည်း သိတယ်မဟုတ်လား"

"သိလို့လည်း အစ်မလေးအတွက် ကျုပ် အစစအရာရာကြိုတင်စီမံခဲ့တာပဲမဟုတ်လား။ ကျုပ်စီမံတာကိုရိပ်မိလို့လား မသိဘူး အစ်မရေ၊ ကျုပ်ကိုမကျေမနပ်ဖြစ်သွားကြတယ်။ ကျုပ်စိုးရိမ်မိတာက ကိုကြာနီးတို့ နဂါးကျွန်းကိုသွားမှာ အစိုးရိမ်ဆုံးပဲ အစ်မ

လေး"

"အင်းလေ. . . ငါ့မောင်, စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပဲ။ ဒါပေမဲ့ နဂါးကျွန်းမှာ အဘတက်တူရှိနေတော့ အစ်မတော့ မစိုးရိမ်ခဲ့တာအမှန်ပဲ. . . ငါ့မောင်"

"အစ်မကသာ မစိုးရိမ်ဘူးလို့ပြောနေပေမယ့် ကိုကြာရှိုးနဲ့ ဥက္ကာကို ကျုပ်မသင်္ကာဘူး အစ်မလေး"

မြင်းလှည်းသမားလေး စကားသံနှင့်အတူ ကျွန်ုပ်နားထဲတွင် မအေးမိနှင့်ပတ်သက်နေ၍ ကျွန်ုပ်ရှေ့ဆက်ရမည့်ခရီးတွင် အဟန့်အတားများဖြစ်နေပြီးလားဟု တွေးပူမိလေသည်။

မြင်းလှည်းကလေးသည် မြေနီလမ်းကလေးအတိုင်း သွားနေရာမှ လမ်းသွယ်ကလေးတစ်ခုကို ချိုးကွေ့ပြီး မောင်းနေရာမှ မကြာမီ တောင်ကုန်းတစ်ခုပေါ်တွင် ဆောက်လုပ်ထားသည့် ရှေးဟောင်းအိမ်ကြီးတစ်လုံးကိုတွေ့လိုက်ရ၍ ကျွန်ုပ်အံ့ဩသွားမိလေသည်။

မြင်းလှည်းလေးသည် ရှေးဟောင်းအိမ်ကြီးရှေ့ ခြံတံခါးဝတွင် ရပ်လိုက်ပြီး. . .

"အစ်မလေး အိမ်ထဲကိုဝင်တော့။ ကျုပ် ပစ္စည်းတွေသယ်လာခဲ့မယ်"





"လာ. . . ကိုတာနော။ ဒါ ကျွန်မနေတဲ့အိမ်ကြီးပဲ"

မြင်းလှည်းသမားလေး စကားသံနှင့်အတူ မအေးမိသည် ကျွန်ုပ်ကိုပြောဆိုပြီး အိမ်ကြီးကို ခိုင်ခံ့စွာကာရံထားသည့် ခြံတံခါးဝတွင် ရပ်လိုက်ပြီး မအေးမိ၏လက်ခုပ်တီးသံက ပေါ်လာလေသည်။ မကြာမီ ရှေးဟောင်းအိမ်ကြီးအတွင်းဆီမှ လူတစ်ယောက်သည် ကမန်းကတန်းထွက်လာပြီး ခြံတံခါးဝတွင် ခတ်ထားသည့် သော့ခလောက်ကြီးကိုဖွင့်ပေးလိုက်သည်။

မအေးမိသည် အိမ်ကြီးဆီသို့သွားနေ၍ ကျွန်ုပ်သည် နောက်မှလိုက်ပါသွားမိပြီး အိမ်ကြီးဧည့်ခန်းတွင် ထိုင်လိုက်မိစဉ် ဧည့်ခန်းအတွင်းမှတွေ့လိုက်ရသည့် ပန်းချီကားများကိုကြည့်ရင်း ကျွန်ုပ်သည် မအေးမိ ပန်းချီအနုပညာကိုခုံမင်ကြောင်း သိလိုက်ရလေသည်။ ကျွန်ုပ်သည် ဧည့်ခန်းအတွင်းနံရံမှ ချိတ်ဆွဲထားသည့်ပန်းချီကားများကိုကြည့်နေစဉ် မအေးမိရောက်လာပြီး. . .

"ကိုတာနော အေးအေးဆေးဆေးအနားယူနိုင်ဖို့ အခန်းတစ်ခန်း အသင့်ပြုလုပ်ထားတယ်။ ကဲ. . . မောင်နှော. . . ကိုတာနော ကိုလိုက်ပြလိုက်ပါ။ နောက်မှ ကိုတာနောနဲ့ ကျွန်မ စကားပြောကြတာပေါ့"

မအေးမိစကားသံနှင့်အတူ ကျွန်ုပ်သည် မောင်နှောဆိုသူ

နောက် လိုက်ပါပြီး အိမ်ကြီးအပေါ်ထပ်ရှိ အခန်းတစ်ခန်းထဲသို့ ဝင်လိုက်မိလေသည်။ ကျွန်ုပ်သည် အခန်းထဲသို့ ရောက်ရှိပြီး အခန်းတံခါးပိတ်ပြီး ခုတင်ပေါ်တွင် ထိုင်မိရင်း ကျွန်ုပ်သည် မအေးမိအဖြစ်ကို စဉ်းစားမရနိုင်အောင်ဖြစ်မိလေသည်။

ကျွန်ုပ် ရောက်ရှိနေခဲ့သည့် ရှေးဟောင်းအိမ်ကြီးသည် မည်သည့်နှစ်က ဆောက်လုပ်ခဲ့မှန်းမသိချေ။ အတန်ပင် ပျက်စီးယိုယွင်းနေသည်ကိုတွေ့လိုက်ရသည်။ သို့တိုင် ကျွန်ုပ်ရောက်ခဲ့သည့် ရှေးဟောင်းအိမ်ကြီးတွင် ထူးထူးခြားခြား မအေးမိကိုသာ တွေ့ရ၍ ကျွန်ုပ်အဖို့ ပဟေဠိသဖွယ်ဖြစ်နေမိလေသည်။ ကျွန်ုပ်သည် စဉ်းစားမိရင်း ခမ်းပန်းလာ၍ ခုတင်ပေါ်တွင်လှဲရင်း မှေးခနဲဖြစ်သွားမိလေသည်။

"ဒေါက်! . . .ဒေါက်! "

ရုတ်တရက် ကျွန်ုပ်နားထဲတွင် တံခါးခေါက်သံကိုကြားလိုက်ရ၍ ကျွန်ုပ်နားစွင့်လိုက်မိလေသည်။

"ကိုတာနော. . . အစ်မလေး ခေါ်နေတယ်"

ကျွန်ုပ်သည် အခန်းတံခါးဖွင့်ပြီး ဧည့်ခန်းသို့ လာခဲ့မိလေသည်။ ဧည့်ခန်းထဲတွင် ကျွန်ုပ်ကိုပြုံးပြုံးကြီးကြည့်ပြီး ဖြီးလိမ်း ခြယ်သထားသည့် မအေးမိကိုတွေ့လိုက်ရလေသည်။





"ကိုတာနော. . . အနားယူနေတုန်း ကျွန်မ ခေါ်မိတာ အားနာလိုက်တာရှင်။ ကျွန်မ ကိုတာနောအတွက် အာဟာရသုံးဆောင်ဖို့ ခေါ်မိတာပါ"

မအေးမိစကားသံနှင့်အတူ အခန်းထဲမှ လူငယ်တစ်ဦးသည် လင်ဗန်းကလေးကိုင်ပြီး စားပွဲပေါ်သို့ လက်ဖက်ရည်နှင့် စားဖွယ်ရာများကို ချလိုက်လေသည်။

"ကိုတာနော. . . လက်ဖက်ရည်သုံးဆောင်ပါဦး"

မအေးမိစကားကြောင့် ကျွန်ုပ်သည် လက်ဖက်ရည်သောက်ရင်း မအေးမိကို စူးစမ်းသလိုကြည့်လိုက်မိသည်။

"ကိုတာနောက ကျွန်မအဖြစ်ကို ခုလိုတွေ့ရလို့ အံ့ဩနေပြီနဲ့တူတယ်"

"ကျုပ်တော့ အံ့ဩတယ်လို့ပြောရမှာပဲ မအေးမိ။ မအေးမိနဲ့ ကျုပ်တွေ့ကြုံရတာ အထူးအဆန်းတွေပဲလို့ သတ်မှတ်ရမှာပဲ"

"ဟုတ်တာပေါ့. . . ကိုတာနောရယ်။ ကျွန်မဘဝကလည်း ကိုတာနောပြောသလို ထူးဆန်းဖွယ်ရာအဖြစ်တွေနဲ့ ကြုံတွေ့ပြီးမှ လူဖြစ်လာခဲ့တယ်ဆိုရင် မမှားခဲ့ပါဘူး"

"မအေးမိဘဝက မွေးကတည်းက ဘာတွေများ ထူးဆန်းခဲ့တယ်ဆိုတာ ကျုပ်သိခွင့်မရဘူးလား"

"သိရမှာပေါ့. . . ကိုတာနော့ရယ်။ အမှန်တော့ ဒီအိမ်ကြီးက ကျွန်မတို့ ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်ခဲ့တဲ့အိမ်ကြီးဆိုရင် မမှားပါဘူး။ ဒီအိမ်ကြီးမှာ နောက်ဆုံးနေလာခဲ့တဲ့သူက ကျွန်မကိုသိပ်ချစ်မြတ်နိုးခဲ့တဲ့ အဘိုးဝေဠုပါ"

မအေးမိသည် ကျွန်ုပ်ကိုပြောဆိုရင်း နံရံပေါ်မှဆွဲထားသည့်ပန်းချီကားချပ်များကိုကြည့်ကာ မျက်ရည်ဝဲနေသည်ကိုတွေ့လိုက်ရလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် မအေးမိကို မေးမိခြင်းအတွက် စိတ်မကောင်းဖြစ်မိလေသည်။

"ကျုပ် ခုလိုမေးမိတဲ့အတွက် မအေးမိစိတ်မကောင်းဖြစ်တဲ့အတွက် ကျုပ်တောင်းပန်ပါတယ်ဗျာ"

"ကျွန်မကို တောင်းပန်စရာမလိုပါဘူး. . . ကိုတာနော့ရယ်။ ကျွန်မ ကိုတာနော့ကိုခွင့်လွှတ်ပြီးသားပါ။ တကယ်တော့ ကျွန်မဘဝမှာ အားကိုးရာဆိုလို့ ဘယ်သူမှမရှိခဲ့တာအမှန်ပါပဲ။ ခုလို ကိုတာနော့ကိုတွေ့ရတော့ ကျွန်မရင်ထဲမှာ အစ်ကိုအရင်းအချာနှယ် သံယောဇဉ်တွယ်မိပါတယ်"

မအေးမိသည် ကျွန်ုပ်ကိုကြည့်ကာ ပြောဆိုနေသည့်စကားသံကိုကြားလိုက်ရ၍ ကျွန်ုပ်ရင်ထဲတွင် ထူးထူးခြားခြားခံစားမိလေသည်။





"ဒါဆို. . . မအေးမိရဲ့အဘိုး ဦးဝေဠုကရော"

"ကျွန်မအဘိုး ဦးဝေဠုက ဆုံးပါးခဲ့ပေမယ့် အဘိုး ဦးဝေဠုရဲ့ခေါင်းချခဲ့တဲ့ ဒီအိမ်ကြီးကိုစောင့်ရှောက်နေရတာပါ"

မအေးမိစကားကြောင့် ကျွန်ုပ်သည် နံရံတွင်ချိတ်ဆွဲထားသည့်ပန်းချီကားထဲမှ အဘိုးဦးဝေဠု၏ပုံတူပန်းချီကားကို ကြည့်လိုက်မိသည်။ တည်ကြည်ခန့်ညားသော ဥပတိရုပ်ဖြင့် ပိုးပဝါကိုပေါင်းပြီး နှုတ်ခမ်းမွေးနှင့်တွေ့ရသည့် အဘိုး ဦးဝေဠုပုံတူကို ကြည့်ပြီး မအေးမိကိုကြည့်လိုက်မိသည်။

"ဒါကြောင့်. . . ကိုတာနော့ဆွဲခဲ့တဲ့ ဒီပါပုံတူပန်းချီကားကိုကြည့်ပြီး သဘောကျလို့ ကျွန်မပုံတူကိုဆွဲချင်လို့ ကိုတာနော့ကိုခေါ်လာခဲ့မိတာပါ"

"ဗျာ. . . ကျုပ်က မအေးမိပုံတူပန်းချီကားကို ဆွဲရမယ်ဟုတ်လား"

"ဟုတ်တယ်. . . ကိုတာနော့။ ဟောဒီမှာ ကျွန်မတို့မျိုးရိုးစဉ်ဆက် ပုံတူပန်းချီကားတွေကို အမြဲတမ်း ဆွဲပြီးထားတာကို ကိုတာနော့လည်း တွေ့ရပြီမဟုတ်လား"

ကျွန်ုပ်သည် မအေးမိ၏ ပုံတူပန်းချီကားဆွဲရန် လက်တွန့်သွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ကိုစက်ရှိန်

ထံမှ ပန်းချီပညာကို လက်ပွန်းတတီး သင်ယူခဲ့မိသော်လည်း မအေး
မိ၏ပုံတူပန်းချီကားကို လက်တွေ့ဆွဲရန် စိုးရိမ်ကြောင့်ကြမိလေ
သည်။

"ဖြစ်ပါ့မလား. . . မအေးမိရယ်။ ကျုပ်က ပုံတူပန်းချီကား
ဆွဲဖို့ ကျုပ်မိတ်ဆွေ ပန်းချီဆရာဆီမှာ သင်ကြားခဲ့တာ ဖြစ်မြ
မြောက်မြောက် မရှိသေးတာအမှန်ပဲ"

"ဘာဖြစ်လို့ ကိုတာနောက စိုးရိမ်နေရတာလဲ။ ကျွန်မပုံတူ
ကို ကိုတာနော ရေးဆွဲနိုင်လိမ့်မယ်ဆိုတာ ကျွန်မ ဒီပါပုံတူပန်း
ကား တွေ့ပြီးကတည်းက သိပါတယ် ကိုတာနော"

မအေးမိစကားကြောင့် ကျွန်ုပ်သည် ငယ်စဉ်ကတည်းက
အမြတ်တနိုးလေ့ကျင့်ခဲ့သောပန်းချီပညာကို အခွင့်ရခိုက် ဆွဲရဖြ
ဖြစ်သည်ဟုတွေးမိကာ မအေးမိပုံတူပန်းချီကိုဆွဲရန် ကတိပြုလိုက်
မိသည်။ မအေးမိသည် ကျွန်ုပ်ကတိစကားကိုကြားရ၍ ဝမ်းသာ
သွားလေသည်။



## အခန်း ( ၈ )

ကျွန်ုပ်သည် နေ့စဉ် မအေးမိ၏ပုံတူကောက်ကြောင်းဆွဲပြီး
ဆေးစပ်ကာ ပန်းချီကားကိုအသက်သွင်းနေမိသည်။ သို့တိုင် ကျွန်ုပ်
ဆေးသားလက်ရာသည် ကျွန်ုပ်မျှော်လင့်သကဲ့သို့ စိတ်တိုင်းမကျ
နိုင်ဘဲ ထပ်ကာတလဲလဲဆွဲနေမိလေသည်။

ကျွန်ုပ်အဖြစ်ကို မအေးမိရိပ်စားမိပြီး ကျွန်ုပ်လိုအပ်သမျှကို
ကူညီလေသည်။ ကျွန်ုပ်ဘဝတွင် ပထမဆုံးအဖြစ် မအေးမိ၏ပုံတူ
ကိုအသက်ဝင်ရန် မည်မျှ ပန်းချီကားဆွဲနေမိသည်မသိချေ။ ကျွန်ုပ်
ပန်းချီဆွဲရာအခန်းကို မည်သူမှအဝင်မခံခဲ့ချေ။

ကျွန်ုပ်ရှေ့ရှိ မအေးမိ၏ ပြုံးစစအမူအရာဖြင့်ကြည့်နေသည့်

ပုံတူကို ဆေးသုားသွင်းမိရင်း ကျွန်ုပ်သည် ကိုစက်ရှိန်ထံတွင်ရှိစဉ် ဒီပါ၏ပုံတူကိုဆွဲမိခြင်းကို သတိရနေမိလေသည်။

ကျွန်ုပ်သည် မအေးမိ၏ပုံတူပန်းချီကားကိုရပ်နားပြီး ပြတင်းပေါက်မှအပြင်သို့ ကြည့်လိုက်မိရာ ညအမှောင် ဖုံးလွှမ်းနေသည်ကို တွေ့လိုက်ရလေသည်။

ထို့ကြောင့် ကျွန်ုပ်သည် ပုံတူပန်းချီဆွဲခြင်းအလုပ်ကိုရပ်နားပြီး ခုတင်ပေါ်တွင် အနားယူပြီး ကျွန်ုပ် မရဏာစံအိမ်သို့သွားရန် စိတ်ပူပန်သွားမိလေသည်။ ကိုစက်ရှိန်သည် ဘာကြောင့် ကျွန်ုပ်ကို ဒီပါပုံတူကိုဆွဲခိုင်းပြီး မရဏာစံအိမ်ကို လွှတ်လိုက်သည်ကို ကျွန်ုပ် စဉ်းစားမရနိုင်အောင်ဖြစ်မိလေသည်။ ကျွန်ုပ်သည် တွေးရင်း ငိုက်မြည်းသွားမိလေသည်။

ကျွန်ုပ် မည်မျှစိတ်ပင်ပန်းစွာခံစားမိရင်း ငိုက်မြည်းသွားမိသည် မသိချေ။ ရုတ်တရက် ဆွဲဆွဲငင်ငင် ရှည်လျားစွာ အူလိုက်သည့်ခွေးအူသံကြီးကို ကြားလိုက်ရ၍ ကျွန်ုပ်သည် လန့်နိုးပြီး နားစွင့်လိုက်မိလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ပြတင်းပေါက်မှ ကြည့်လိုက်မိရာ ခြံကြီးအနောက်ဘက်ဆီမှ မီးရောင်ကိုတွေ့လိုက်ရ၍ ရင်ထိတ်သွားမိသည်။

ကျွန်ုပ်သည် ဤအိမ်ကြီးသို့ မအေးမိ ခေါ်ဆောင်လာခဲ့၍





ရောက်ရှိလာခဲ့သည်က လေးငါးရက်ပင်ရှိသော်လည်း ယခုလို ခြံကြီးအတွင်းမှ ထူးထူးခြားခြား မီးရောင်ကို မတွေ့ရှိခဲ့ရချေ။ အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသလို ခွေးအူသံကြီးကို မကြားစဖူးကြားလိုက်ရ၍ ကျွန်ုပ် ကြက်သီးမွေးညင်းထသွားမိလေသည်။

ထို့ကြောင့် ကျွန်ုပ်သည် အိမ်ကြီးအပေါ်ထပ်မှဆင်းပြီး ခြံကြီးအနောက်ဘက်ဆီသို့ ထွက်လာခဲ့လေသည်။ ခြံကြီးအတွင်းရှိ အုပ်အုပ်ဆိုင်းဆိုင်း ရှိနေကြသည့် သစ်ပင်ကြီးငယ်များသည် လေအလာ တရှဲရှဲမြည်ကာ အမှောင်ဖုံးနေသည့်ညမို့ သရဲတစ္ဆေအလား တွေ့မြင်ရသော်လည်း ကျွန်ုပ် တွေ့မြင်ခဲ့ရသည့် မီးရောင်က ပေါ်လာ၍ စိတ်ဝင်စားနေမိလေသည်။

ကျွန်ုပ်တစ်ကိုယ်တည်း ခြံကြီးအနောက်ဘက်ဆီသို့လာခဲ့ခြင်းကို မည်သူမှသိဟန်မတူချေ။ ကျွန်ုပ်သည် မီးရောင်လက်ခနဲ တွေ့ရသည့်နေရာသို့လာခဲ့မိစဉ် မမျှော်လင့်ဘဲတွေ့လိုက်ရသည့် အဖြစ်ကြောင့် ကြက်သေ သေသွားမိလေသည်။

လူနှစ်ယောက်သည် အုတ်ဂူကြီးဘေးတွင်ထိုင်ပြီး စကားပြောဆိုနေသံကို သဲ့သဲ့ကြားလိုက်ရ၍ ကျွန်ုပ်သည် မနီးမဝေးရှိ သစ်ပင်ကြီးတွင် အပြေးကပ်ပြီး နားစွင့်လိုက်မိသည်။ ညအမှောင်

ကြားမှ စကားတီးတိုးသံက ပေါ်လာသည်။

"ကိုကြာရိုး ဖြစ်ပါ့မလား။ မအေးမိသိရင် ကျုပ်တို့အပေါ် တစ်မျိုးထင်နေဦးမယ်"

"တယ်ခက်ပါလား. . . ဥက္ကာရာ။ မင်းက မအေးမိအတွက် စိတ်ပူနေတာကို စိတ်မပူစမ်းပါနဲ့ ဥက္ကာရာ။ ခု. . . တို့အကြံအောင်မြင်ဖို့ ငါကြိုတင်စီစဉ်ပြီး ထားခဲ့တာကွ။ စိတ်အေးအေးထားစမ်းပါကွာ"

"ဒါဆို မအေးမိဆီ ရောက်လာတဲ့ ပန်းချီဆရာကရော စိတ်ချရပါ့မလား ကိုကြာရိုး"

"ပန်းချီဆရာအတွက် စိတ်မပူစမ်းပါနဲ့ ဥက္ကာရာ။ ပန်းချီဆရာက ခုလောက်ဆို အိပ်နေရောပေါ့။ ကဲ. . . ဥက္ကာ၊ တို့အချိန်မီ သွားကြမှဖြစ်မယ်"

ကျွန်ုပ်သည် ကိုကြာရိုးနှင့် ဥက္ကာဆိုသူ၏စကားသံနှင့်အတူ ကြည့်လိုက်မိရာ ကိုကြာရိုးလက်မှ သံတူရွင်းဖြင့် အုတ်ဂူနံရံကို ဖောက်နေသည့်အသံက တိတ်ဆိတ်သော ညအမှောင်ကြားတွင် ပေါ်လာလေသည်။ ကျွန်ုပ်သည် ကိုကြာရိုးနှင့် ဥက္ကာနာမည်ကို မြင်းလှည်းစီးရင် မအေးမိပြောဆိုခဲ့သည်ကို ကြားခဲ့ရသော်လည်း ယခုမှ လူကိုယ်တိုင်တွေ့မိ၍ တစ်စုံတစ်ခုကို ကြိုတင်ကြံစည်နေ





ကြောင်း သိလိုက်ရလေသည်။

ကိုကြာရိုးသည် အုတ်ဂူနံရံကိုဖောက်ပြီး လူတစ်ကိုယ်စာဝင်နိုင်သည့်အပေါက် ရရှိလျှင် ဥက္ကာကို တီးတိုးစကားပြောဆိုပြီး အုတ်ဂူနံရံပေါက်မှ ဝင်သွားသည်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်အံ့အားသင့်သွားမိလေသည်။ ကျွန်ုပ်သည် ကိုကြာရိုးနှင့် ဥက္ကာအဖြစ်ကို ကြည့်ပြီး မအေးမိအတွက် စိုးရိမ်မိလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် အခြေအနေကိုသိရန် စောင့်ကြည့်လိုက်မိသည်။

မကြာမီ အုတ်ဂူနံရံပေါက်မှ မီးရောင်ကိုတွေ့ရပြီး ကိုကြာရိုးနှင့်ဥက္ကာ ထွက်လာသည်ကိုတွေ့လိုက်ရလေသည်။

"မြန်မြန်လာ. . . ဥက္ကာ။ အခြေအနေက တို့ထင်တာထက်ရှိနေတာအမှန်ပဲကွ။ ဒီတော့ အခြေမပျက်အောင်နေပြီးမှ မအေးမိကိုအပြတ်ရှင်းပြီး ယူမှဖြစ်မယ်။ မင်းအခြေမပျက်နဲ့. . . ဥက္ကာ"

"ကျုပ်အတွက် စိတ်ချစမ်းပါ ကိုကြာရိုးရယ်"

ကိုကြာရိုးနှင့် ဥက္ကာ စကားသံနှင့်အတူ အုတ်ဂူနံရံပေါက်ကို အုတ်ကျိုးအုတ်ပဲ့များနှင့်ပိတ်ဆို့ပြီး ထွက်သွားလေသည်။ ကျွန်ုပ်သည် ကိုကြာရိုးနှင့်ဥက္ကာအဖြစ်ကို သိလိုစိတ်များပေါ်လာပြီး ကိုကြာရိုးနှင့်ဥက္ကာထွက်သွားပြီးမှ အုတ်ဂူကြီးအနားသို့ တိုးကပ်ပြီး ကြည့်လိုက်မိရာ အုတ်ဂူနံရံတွင် ဦးဝေဠုဆိုသည့်စာလေးကိုတွေ့

လိုက်ရလေသည်။ ကျွန်ုပ်သည် အုတ်ဂူနံရံမှ ဝင်နိုင်သည့်အပေါက်ကို ပိတ်ဆို့ထားသည့်အုတ်ကျိုးများ ဖယ်ရှားပြီး အတွင်းသို့ကြည့်လိုက်ရာ အုတ်ဂူထဲမှ အုတ်လှေကားလေးကိုတွေ့လိုက်ရလေသည်။

ကျွန်ုပ်သည် ထူးထူးခြားခြား တွေ့ရသည့် အုတ်ဂူအတွင်းမှ လျှို့ဝှက်စွာပြုလုပ်ထားသည့်အုတ်လှေကားလေးအတိုင်း ဝင်ခဲ့မိရာ မြေအောက်ခန်းသဖွယ် အခန်းများ ပြုလုပ်ထားသည်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်သည် စဉ်းစားမရနိုင်အောင်ဖြစ်သွားမိသည်။

ထို့ကြောင့် ကျွန်ုပ်သည် အုတ်လှေကားလေးအတိုင်း လာမိစဉ် အခန်းတစ်ခုကိုတွေ့လိုက်ရ၍ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်မိရာ မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ကျွန်ုပ်ရင်ထိတ်သွားမိလေသည်။ အခန်းထဲတွင် ဆွဲလက်စပန်းချီကားတစ်ချပ်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်ကြည့်လိုက်မိစဉ် အလိုလိုအံ့ဩသွားမိလေသည်။

"ဟင်. . . ဒီပါ. . . ဒီပါပုံတူပါလား"

ကျွန်ုပ်သည် ဒီပါ၏ တစ်ဝက်တစ်ပျက်ဆွဲထားသည့် ပန်းချီကားချပ်ကိုကြည့်ပြီး ခုတင်တစ်လုံးကိုတွေ့လိုက်ရ၍ ဓာတ်မီးဖြင့်ထိုးကြည့်လိုက်မိရာ စာအုပ်ကလေးကိုတွေ့လိုက်ရ၍ ကျွန်ုပ်ယူပြီးကြည့်လိုက်မိပါ ကိုမိုးစွေဟူသောနာမည်လေးကို တွေ့ပြီး ကျွန်ုပ်





ကမန်းကတန်းထွက်လာမိလေသည်။

ထိုစဉ် ရုတ်တရက် ကြားလိုက်ရသော ခြေသံကြောင့် ကျွန်ုပ်သည် ရင်ထိတ်သွားပြီး နားစွင့်လိုက်မိသည်။ ခြေသံသည် ကျွန်ုပ်ရှိရာဘက်သို့ တဖြည်းဖြည်းလာနေသည်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်သည် အသင့်ပြင်ထားလိုက်မိသည်။ ခြေသံသည် ကျွန်ုပ်အနီးသို့ တိုးကပ်လာပြီး ရုတ်တရက် ကျွန်ုပ်လက်ကို အေးစက်သည့်လက်ကြီးဖြင့် ဆုပ်ကိုင်လိုက်စဉ် ကျွန်ုပ်သည် လျှပ်တစ်ပြက် လက်ထဲကတုတ်ဖြင့် ရိုက်ချလိုက်မိလေသည်။

"ခွပ်! "

"အင့်"

ဟူသောအသံနှင့်အတူ ကျွန်ုပ်လည်ပင်းကို သန်မာသောလက်ဖြင့် ရုတ်တရက်ဆွဲညှစ်လိုက်၍ ကျွန်ုပ်ကြက်သေ,သေသွားမိလေသည်။ အမှောင်ထဲမှလူသည် ကျွန်ုပ်လည်ပင်းကို ညှစ်နေ၍ ကျွန်ုပ်သည် ရှုန်ကန်ရင်းပင် ခါးကြားမှထိုးလာသည့် ဓားမြှောင်ကို သတိရမိပြီး ဆွဲထုတ်ကာ အမှောင်ထဲမှလူကိုထိုးလိုက်မိသည်။

"အား. . . "

ဟူသောအသံနှင့်အတူ ကျွန်ုပ်လည်ပင်းကိုညှစ်ထားသည့် သန်မာသည့်လက် ပြေလျော့သွားမှ ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီး

ဖြင့် ထိုးကြည့်လိုက်မိရာ မီးရောင်ဖြင့် လျှပ်တစ်ပြက်တွေ့လိုက်ရသည့် လူလိုလိုမျောက်လိုလို မခွဲခြားနိုင်သည့်သဏ္ဍာန်သည် ပြူးကျယ်သောမျက်လုံးဖြင့် ကျွန်ုပ်ကိုကြည့်ပြီး လှစ်ခနဲ အခန်းတစ်ခုထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေသည်။

ထို့ကြောင့် ကျွန်ုပ်သည် ကြာကြာဆိုင်းမနေတော့ဘဲ အုတ်လှေကားလေးအတိုင်း အပြေးလာပြီး အုတ်ဂူနံရံပေါက်မှ ထွက်ခဲ့မိလေသည်။

ကျွန်ုပ်ခန္ဓာကိုယ်တစ်ခုလုံး ချွေးစီးများနှင့်အတူ ကျွန်ုပ်နှင့်ရင်ဆိုင်သတ်ပုတ်ခဲ့သည့် လူလိုလိုမျောက်လိုလိုခွဲခြားမရသည့် မြေအောက်ခန်းမှတွေ့ရသည့်သတ္တဝါကိုမြင်ယောင်မိရင်း ကျွန်ုပ်သည် ညအမှောင်ထဲမှ တိတ်ဆိတ်ငြိမ်သက်နေသည့်အိမ်ကြီးကို ကြည့်လိုက်မိသည်။

အိမ်ကြီးဆီမှ ဘာသံမှ မကြားရ၍ ကျွန်ုပ်သည် အိမ်ကြီးအနောက်ဘက်တံခါးပေါက်မှတက်ပြီး ကျွန်ုပ်အခန်းထဲသို့ ဝင်ခဲ့မိလေသည်။ ကျွန်ုပ်သည် အခန်းထဲသို့ ရောက်ရှိသည့်တိုင် ထူးထူးခြားခြားတွေ့ရသည့် အိမ်ကြီး၏အဖြစ်များကို စဉ်းစားနေမိလေသည်။ ထို့ကြောင့် မှန်အိမ်မီးရောင်ဖြင့် မြင်နေရသည့် ကျွန်ုပ်ဆွဲ၍ မပြီးသေးသည့် မအေးမိ၏ပုံတူပန်းချီကားကိုကြည့်ပြီး ဆေးချက်





ဖြင့် ဆွဲလိုက်မိသည်။

ကျွန်ုပ်သည် မအေးမိ၏ပုံတူပန်းချီကားကို စိတ်ပါဝင်စားစွာ ဆွဲနေမိစဉ် . . .

"ကိုတာနော . . . ကိုတာနော"

ရုတ်တရက်ကြားလိုက်ရသည့်မအေးမိခေါ်သံကြောင့် ကျွန်ုပ် ရင်ထိတ်သွားမိလေသည်။

"မအေးမိလား . . . ဘာကိစ္စရှိလို့လဲ။ အချိန်လင့်နေပြီ"

"ကျွန်မကို တံခါးဖွင့်ပေးပါဦး။ ကိုတာနောကို ပြောစရာရှိလို့ပါ"

ကျွန်ုပ်၏အခန်းထဲသို့ မအေးမိကို မဝင်စေလိုသော်လည်း မအေးမိ၏ ထိတ်လန့်စဖွယ် ကြားနေရသည့်အသံကြောင့် တံခါးဖွင့်ပေးလိုက်မိလေသည်။

"ကိုတာနော . . . ကျွန်မ . . . ကျွန်မ"

ကျွန်ုပ်သည် မအေးမိ၏အသွင်ကိုကြည့်ပြီး စိုးရိမ်သွားမိကာ အခန်းတံခါးကိုပိတ်လိုက်လေသည်။ မအေးမိသည် ကျွန်ုပ်ဆွဲထားသည့်ပန်းချီကားကိုတွေ့လိုက်ရ၍ . . .

"ကိုတာနော . . . ခုအထိ မအိပ်သေးဘူးလား"

"ကျုပ် မအိပ်နိုင်သေးပါဘူး . . . မအေးမိရယ်။ ဟောဒီ

မအေးမိရဲ့ပုံတူပန်းချီကားကို အမြန်ဆုံးပြီးအောင် ဆွဲနေရတာပါ မအေးမိ။ ဘာဖြစ်လို့လဲ. . . ကျုပ်ကိုပြောစမ်းပါဦး"

"ကျွန်မ ဒီည ဘယ်လိုဖြစ်တယ် မသိပါဘူး. . . ကိုတာနေ့ာ ရယ်။ အိပ်ချင်စိတ်တွေများပြီး အိပ်ပျော်သွားမိတယ်။ ကျွန်မ အိပ်နေတုန်း ကျွန်မဆီကို လူတစ်ယောက်လာတယ်"

"မအေးမိဆီကို လူတစ်ယောက်လာတယ်. . . ဟုတ်လား။ ဘယ်သူများလဲ မအေးမိ။ ကျုပ် သိပါရစေ"

ကျွန်ုပ်သည် မအေးမိစကားကြောင့် ရင်ထိတ်သွားမိလေသည်။ မအေးမိသည် ကြောက်ရွံ့မှု မပြေနိုင်သည့်အသွင်ဖြင့် အခန်းတံခါးကို မလုံမလဲကြည့်ပြီး. . .

"ကျွန်မအိပ်ပျော်သွားတုန်း အိပ်မက်လားတကယ်လားဆိုတာ ဝေခွဲလို့မရဘူး. . . ကိုတာနေ့ာ။ လူတစ်ယောက်က ကျွန်မဆီလာပြီး သူ့ပစ္စည်းတွေကိုပြန်ပေးဖို့လာပြောတာ။ ကျွန်မဖြင့် အဲဒီလူကိုတွေ့ရတော့ အတော့်ကိုကြောက်ရွံ့သွားမိတယ်"

"မအေးမိတွေ့တဲ့လူပုံစံက ဘယ်လိုလဲ။ မအေးမိမှတ်မိလား"

"ကျွန်မမှတ်မိသမျှတော့ တစ်ကိုယ်လုံးအမွေးအမှင်တွေ ဖုံးလွှမ်းပြီး လူလိုလိုမျောက်လိုလိုပဲတွေ့ရတယ်"

မအေးမိစကားကြောင့် ကျွန်ုပ်နှင့် ရင်ဆိုင်သတ်ပုတ်ခဲ့သည့်





လူလိုလိုမျောက်လိုလိုလူကိုအမှတ်ရမိကာ ကျွန်ုပ်အဖြစ်ကို မအေးမိ သိများနေပြီလားဟု စိုးရိမ်မိလေသည်။ ကျွန်ုပ်သည် မအေးမိ မျက်နှာလေးကိုကြည့်လိုက်မိသည်။

"ဒီလိုအဖြစ်မျိုးနဲ့ မအေးမိကြုံခဲ့ဖူးတာ ရှိခဲ့လား"

"ကျွန်မ ဒီအိမ်ကြီးမှာ နေလာခဲ့တာ ကြာခဲ့ပါပြီ ကိုတာနေ့ာ။ ခုလိုအဖြစ်မျိုး မဖြစ်ခဲ့ဘူးတာအမှန်ပဲ"

"အင်း, မအေးမိစကားအရဆို ကျုပ် ဒီအိမ်ကြီးကိုရောက်လာလို့ မနာလိုတဲ့သူတွေ တမင်များ. . . နှောင့်ယှက်နေတာလား မအေးမိရယ်။ ကျုပ်လည်း မအေးမိရဲ့ပုံတူကိုပြီးအောင် ဆွဲနေရတာ မအေးမိအမြင်ပဲမဟုတ်လား"

"ကိုတာနေ့ာရဲ့စေတနာကို မအေးမိ ယုံကြည်ပါတယ်။ ယုံကြည်လို့လည်း ကိုတာနေ့ာကို ကျွန်မပုံတူဆွဲခိုင်းခဲ့တာပါ။ ဒါပေမဲ့. . ."

ပြတ်တောက်သွားသည့် မအေးမိစကားကြောင့် ကျွန်ုပ်ကြုံတွေ့ခဲ့ရသည့်အဖြစ်ကို မအေးမိကိုပြောပြရန် ချီတုံချတုံဖြစ်နေမိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် မအေးမိပုံတူပန်းချီကားကိုဆွဲပြီးလျှင် ကျွန်ုပ်သည် မရဏာစံအိမ်ခရိုက ရှိနေပြန်သည် မဟုတ်ပါလား။

"ဒါပေမဲ့. . . ဘာဖြစ်လဲ မအေးမိ။ ကျုပ် မအေးမိကို နှ
လေးတစ်ယောက်လိုခင်မင်မိတာအမှန်ပါ။ ဘာပဲဖြစ်ဖြစ် မအေးမိ
ကျေးဇူးတွေက ရှိနေတော့ မအေးမိနဲ့ပတ်သက်လာရင် ကျုပ်ကူညီ
ဖို့အသင့်ပါပဲ"

"ကိုတာနောစကားကို ခုလိုကြားရတော့. . . ကျွန်မဘဝကို
ကျွန်မတွေးမိပြီး ဝမ်းနည်းမိလို့ပါ"

ကျွန်ုပ်စကားသံနှင့်အတူ မအေးမိ၏ငိုရှိုက်သံကို ကြားလိုက်
ရ၍ ကျွန်ုပ်ရင်ထိတ်သွားမိလေသည်။

"မငိုပါနဲ့. . . မအေးမိရယ်။ ကျုပ်ရင်ထဲမှာ မအေးမိကို
တွေ့ကတည်းက ခံစားနေမိတာအမှန်ပါပဲ"

"ကျွန်မ ဝမ်းသာလိုက်တာ ကိုတာနောရယ်။ တကယ်တော့
ကျွန်မအဘိုး ဦးဝေဇျှဟာ မသမာသူတွေကြောင့် ခုတိုင် ပျောက်ဆုံး
နေခဲ့တာပါ။ ဒါကြောင့် ကျွန်မရှာနေခဲ့တာ ကြာပါပြီ"

"မအေးမိအဘိုး ဦးဝေဇျှက ပျောက်ဆုံးနေခဲ့တယ်. . . ဟုတ်
လား"

"ဟုတ်တယ်လို့ပြောရမှာပဲ ကိုတာနော။ ဘိုးဘိုးက ကျွန်မကို
တစ်နေ့ပြန်လာခဲ့မယ်ဆိုပြီး ထွက်သွားခဲ့တာပဲ။ ကျွန်မလည်း
ဘိုးဘိုးက ဘာကြောင့် ကျွန်မကို ဒီအိမ်ကြီးမှာထားပြီး သွားတယ်ဆို





တာ ကျွန်မစဉ်းစားလို့မရနိုင်ဘူး ကိုတာနော"

မအေးမိစကားကြောင့် ကျွန်ုပ်သည် ပုံတူပန်းချီကားထဲမှ
တွေ့ရသည့် အဘိုးဝေဇျှ၏ တည်ကြည် ခံ့ညားသည့် ဥပဓိရုပ်ကို
မြင်ယောင်သွားမိလေသည်။

"ဒါဆို မအေးမိရဲ့အဘိုး ဦးဝေဇျှ ဒီနေ့အထိ ပြန်မလာပဲ
ထောက်ဆရရင် အဘိုးဦးဝေဇျှဟာ အသက်အန္တရာယ်တစ်ခုခုနဲ့ကြုံ
နေပြီနဲ့တူတယ် မအေးမိ"

"ဘိုးဘိုးနဲ့ ကျွန်မက ငယ်စဉ်ကတည်းက ကျွန်မနဲ့အတူနေ
လာခဲ့တော့ ဘိုးဘိုးရဲ့စိတ်ထားကို ကျွန်မသိပါတယ်။ ဘိုးဘိုးမှာ
အကျင့်တစ်ခုရှိတာတော့ ဘိုးဘိုးဟာ ဘွားဘွားမယ်ညိုကို ဟောဒီ
ခြံကြီးထဲမှာ ရှိနေတယ်ဆိုတာ ယုံကြည်ပြီး. . . လပြည့်ညရောက်
တိုင်း ဘွားဘွားမယ်ညိုကို ရှာခဲ့တဲ့အဖြစ်ပဲ ကိုတာနော"

"ဘွားဘွားမယ်ညိုဟာ ဘယ်သူလဲ မအေးမိ"

"ဘွားဘွားမယ်ညိုဆိုတာ တခြားတော့ မဟုတ်ပါဘူး။ ဘိုး
ဘိုး သိပ်မြတ်နိုးခဲ့တဲ့ ဘိုးဘိုးရဲ့ဇနီးပါ။ ဘွားဘွားမယ်ညိုကို ဟောဒီ
ခြံကြီးအနောက်ဘက်က တောင်ကုန်းမှာ ဂူသွင်းထားတာရှိတယ်
ကိုတာနော"

ကျွန်ုပ်သည် မအေးမိစကားကြောင့် ကျွန်ုပ် တွေ့ခဲ့ရသည့်

ခြံကြီးအနောက်ဘက်ဆီမှ ဦးဝေဠုအမည် တပ်ထားသည့် အုတ်ဂူကြီးပင်ဖြစ်သည်။

ယခု မအေးမိစကားကြောင့် ကျွန်ုပ် မယုံကြည်နိုင်အောင် ဖြစ်သွားမိလေသည်။

"ဘွားဘွားမယ်ညိုကို မအေးမိရဲ့ဘိုးဘိုးက. . . အတော် သံယောဇဉ်ကြီးမားတာပဲနော်။ ဘွားဘွားမယ်ညို ဆုံးပါးခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲ မအေးမိ"

"ဘွားဘွားမယ်ညို ဆုံးပါးခဲ့တာ သုံးလေးနှစ်ရှိခဲ့ပြီ ကိုတာနော။ ဒါပေမဲ့ ခက်နေတာက ဘိုးဘိုးစကားအရ ဘွားဘွားမယ်ညိုက ခုတိုင်မကျွတ်မလွတ်ဘဲ ဒီအိမ်ကြီးမှာ ရှိနေတယ်ဆိုတဲ့စကားပဲ ကိုတာနော"

"ဘွားဘွားမယ်ညိုက မကျွတ်မလွတ်ဘဲ ဒီအိမ်ကြီးမှာရှိနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား မအေးမိ"

"ဘိုးဘိုးရှိတုန်းက ကျွန်မကိုပြခဲ့တာရှိတယ်။ လပြည့်ညမှာ ဘွားဘွားမယ်ညို ဟောဒီခြံကြီးထဲမှာ လျှောက်သွားနေတဲ့ပုံစံပဲ။ ကျွန်မလည်း အစတုန်းက အတော့်ကိုကြောက်လန့်ခဲ့တယ်။ ဒါပေမဲ့ ဘိုးဘိုးစကားကြောင့် ဘွားဘွားမယ်ညိုကို မကြောက်တော့ဘဲ ဒီအိမ်ကြီးမှာ နေလာခဲ့တယ်ဆိုပါတော့"





"ဘိုးဘိုးဝေဠုက မအေးမိကို ဘာစကားပြောခဲ့တယ်ဆိုတာ ကျုပ်မသိရဘူးလား မအေးမိ"

ကျွန်ုပ်သည် မအေးမိစကားကြောင့် စိတ်ဝင်စားမိပြီ မေးလိုက်မိသည်။ မအေးမိသည် ချက်ချင်းအဖြေမပေးဘဲ ကျွန်ုပ်ကို တစ်လှည့်၊ ကျွန်ုပ်ဆွဲထားသည့်ပုံတူပန်းချီကားကိုတစ်လှည့် ကြည့်ကာ . . .

"ဒီစကားကို ကျွန်မ ဘယ်သူ့ကိုမှမပြောဖို့ ဘိုးဘိုးကိုကတိပြုခဲ့တယ် ကိုတာနော။ ဒါကြောင့် ကျွန်မ ကိုတာနောအမေးကို မပြောပြနိုင်တာ ခွင့်လွှတ်ပါ"

"ကျုပ် ခွင့်လွှတ်ပါတယ် မအေးမိ။ မအေးမိတို့အတွင်းရေးကိစ္စကို ဒီလိုပြောပြတာ ကျုပ်ကျေနပ်ပါတယ်။ ဒီတော့. . .ကျုပ် မအေးမိအတွက် ဘာအကူအညီပေးရမလဲဆိုတာ ပြောပါ။ ကျုပ် ကူညီပါ့မယ်"

ကျွန်ုပ်စကားကြောင့် မအေးမိမျက်နှာသည် ရွှင်ပျသွားလေသည်။ ထို့ကြောင့် ကျွန်ုပ်ကို ရွှန်းရွှန်းစားစားအကြည့်ဖြင့် ကြည့်ကာ. . .

"ကျွန်မလိုအပ်တဲ့အကူအညီကတော့ ကျွန်မပုံတူကို ကိုတာနော့ ခုလိုအပင်ပန်းခံပြီး ရေးဆွဲပေးတာကို ကျွန်မဝမ်းသာပါတယ်

ရှင်"

"ခုလို မအေးမိရဲ့ပုံတူပန်းချီကားကိုဆွဲခွင့်ရလို့ ဝမ်းသာမိတာ အမှန်ပါပဲ။ ဒီတော့ ကျုပ် မအေးမိရဲ့ပုံတူပန်းချီကားဆွဲပြီးရင်. . . ကျုပ် မရဏာစံအိမ်ကိုသွားဖို့ခရီးက ရှိသေးတယ်"

ကျွန်ုပ်စကားကြောင့် မအေးမိ၏ ရွှင်ပျသောမျက်နှာလေးသည် ရုတ်ချည်းညှိုးနွမ်းသွားလေသည်။ ပြီး မျက်ရည်လေး ဝဲနေသည်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်စိတ်မကောင်းဖြစ်မိလေသည်။

"ကိုတာနော. . . မရဏာစံအိမ်ကိုသွားပြီး ဘယ်ကိုခရီးဆက်ဖို့ ရှိသေးလဲ"

"ကျုပ်က တစ်ကောင်ကြွက်ဘဝဆိုတော့ ဘယ်ခရီးကိုဆက်ရမှန်း မသိသေးပါဘူး မအေးမိရယ်"

"ဒါဆို ကိုတာနောကို ကျွန်မ ပြောချင်တာက ကိုတာနော မရဏာစံအိမ်က ပြန်လာရင်. . . ကျွန်မဆီကိုပြန်လာပါ။ ပြီးတော့ ကျွန်မရဲ့ဘိုးဘိုး ဦးဝေဠုကိုတွေ့ရင် ကျွန်မဆီကိုအကြောင်းကြားပေးပါ ကိုတာနော"

"စိတ်ချပါ မအေးမိ။ ကဲ. . . ညဉ့်လည်း နက်လှပြီ။ မအေးမိ အိပ်ချေတော့။ ကျုပ် ပန်းချီကား လက်စသတ်လိုက်ဦးမယ်"

ကျွန်ုပ်သည် ညဉ့်နက်လှပြီဖြစ်၍ မအေးမိကိုပြောဆိုပြီး





ကျွန်ုပ်ဆွဲထားသည့်ပန်းချီကားကို အတန်တန်ကြည့်ပြီး ဆေးသားညှင်းနေမိလေသည်။

❦ ❦ ❦



## အခန်း ( ၉ )

"ဘယ်လိုလဲ. . . ကိုတာနောရဲ့။ ညက ကျွန်မပုံတွေကိုရေးဆွဲနေရလို့ အိပ်ရေးပျက်နေပြီနဲ့တူတယ်"

ကျွန်ုပ်သည် နှစ်ခြိုက်စွာအိပ်ပျော်နေမိစဉ် အခန်းတံခါးဝဆီမှ မအေးမိစကားသံကိုကြားလိုက်ရ၍ အိပ်ရာမှ လူးလဲထလိုက်မိလေသည်။

"ဟုတ်တယ် မအေးမိ။ မအေးမိပုံတွေဆွဲနေလို့ မိုးလင်းသွားမှန်းတောင် မသိတော့ဘူး"

"ကိုတာနောကို ကျွန်မညွှန်ခန်းက စောင့်နေမယ်။ မိတ်ဆွေတစ်ဦးနဲ့ ကိုတာနောကိုမိတ်ဆက်ပေးချင်လို့ပါ"

မအေးမိစကားကြောင့် ကျွန်ုပ်သည် ကမန်းကတန်း မျက်နှာ သစ်ပြီး ဧည့်ခန်းသို့ဆင်းလာမိလေသည်။ ကျွန်ုပ် ဧည့်ခန်းသို့ရောက် ရှိစဉ် မမျှော်လင့်ဘဲ အရပ်ဆိုးဆိုးနှင့် မုတ်ဆိတ်မွေး ပါးမြိုင်းမွေး နှင့် သန်မာထွားကြိုင်သည့်လူတစ်ဦးကို ဆေးလိပ်ဖွာနေသည်ကို တွေ့လိုက်ရလေသည်။ မအေးမိက ကျွန်ုပ်ကို ထိုလူဖြင့် မိတ်ဆက် ပေးလေသည်။

"ကျွန်မပြောနေတဲ့ ကိုတာနောဆိုတာ သူပဲ ကိုသင်းထုံ"

"ဟုတ်ပါတယ်ခင်ဗျာ။ ကျုပ်နာမည်က တာနော့ပါ"

"လူပုံကိုကြည့်ရတာ အတော်လေး သွက်လက် လျင်မြန် ပဲ မအေးမိ။ ဘာပဲဖြစ်ဖြစ် ကျုပ်တို့အတွက် အကျိုးရှိဖို့အတွက် မဟုတ်လား"

"ဟုတ်တာပေါ့ ကိုသင်းထုံရယ်။ ခု. . . မအေးမိတို့ကိစ္စမှာ ကိုတာနော့အတွက် မနစ်နာရအောင် ကိုတာနော့ဆီက စကား တစ်ခွန်းပဲ အမိကပဲမဟုတ်လား"

ကျွန်ုပ်သည် ကိုသင်းထုံနှင့် မအေးမိပြောဆိုနေသည့်စကား ကိုကြားလိုက်ရ၍ နားမလည်နိုင်အောင်ဖြစ်မိလေသည်။ မအေး သည် ကိုသင်းထုံကိုမေးငေ့ါပြလိုက်ရာ ကိုသင်းထုံသည် ဘေးမှလွယ် လာသည့်လွယ်အိတ်ကြီးထဲမှငွေထုပ်ကို စားပွဲပေါ်သို့ချလိုက်သည်





ကျွန်ုပ်သည် မအေးမိကိုတစ်လှည့်၊ ငွေထုပ်ကိုတစ်လှည့် ကြည့်ကာ အံ့အားသင့်နေမိသည်။

"ဒီငွေထုပ်က ဘာလုပ်မှာလဲ မအေးမိ"

"ဘာလုပ်ရမှာလဲ ကိုတာနော့ရယ်. . . ကိုတာနော့ဘဝမှာ အလိုအပ်ဆုံးက ငွေပဲမဟုတ်လား"

ကျွန်ုပ်သည် မအေးမိစကားကို ရုတ်တရက်ကြားလိုက်ရ၍ ဒေါသဖြစ်သွားမိလေသည်။

"ကျုပ်ဘဝမှာ ငွေမလိုပါဘူး. . . မအေးမိ။ ကျုပ် လိုတာ က အနုပညာပဲ။ ကျုပ်အနုပညာကို မအေးမိ ငွေဘယ်လောက် ပေးပေး ကျုပ် မလဲနိုင်ဘူးဆိုတာ မအေးမိအသိဆုံးပါ။ ဘာဖြစ် လို့ ကျုပ်အနုပညာကို ငွေကြေးနဲ့ဆုံးဖြတ်ရတာလဲ မအေးမိ"

ကျွန်ုပ်သည် ဒေါသဖြစ်လွန်း၍ မအေးမိကိုကြည့်ပြီးပြော လိုက်မိသည်။ မအေးမိသည် ကျွန်ုပ်စကားကို နားထောင်ပြီး မဲ့ တရုံလေးပြုံးကာ. . .

"ကျွန်မက ကိုတာနော့ရဲ့ပန်းချီဆွဲခကို ပေးဒီငွေကြေးနဲ့ ဆုံးဖြတ်တာ မဟုတ်ပါဘူးရှင်။ ကျွန်မသိချင်တာက ကျွန်မဘဝမှာ အရေးအကြီးဆုံးဖြစ်တဲ့ ပန်းချီဆရာကိုစက်ရှိန် ဘယ်မှာနေသလဲ ဆိုတာ သိချင်လို့ပါ။ ဒီတော့ ကိုစက်ရှိန် ဘယ်မှာရှိတယ်ဆိုတာ

ကိုတာနေ့ာပြောဖို့ ပေဟာ်ဒီငွေကြေးကို ကျွန်မတို့က ပေးမှာပါ"

ကျွန်ုပ်သည် မအေးမိစကားကြောင့် ကိုစက်ရှိန်အတွက် စိုးနိမ်သွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် ကိုစက်ရှိန်သည် ဒီပါအတွက် စိတ်နှလုံးသားကြေကွဲစွာ ခံစားနေရသည့်အဖြစ်နှင့်အတူ သမားတော်ကြီးဦးဖူးညိုက ကျွန်ုပ်ကို မရဏစံအိမ်သို့မသွားရန် တားမြစ်ခဲ့ခြင်းကို ပြန်လည်တွေးမိလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် မအေးမိကိုကြည့်ပြီး. . .

"မအေးမိ သိချင်တဲ့ ကိုစက်ရှိန်. . . ဆုံးပါးခဲ့တာ ကြာခဲ့ပြီ မအေးမိ"

"စက်ရှိန် ဆုံးပါးခဲ့ပြီ၊ ဟုတ်လား တာနေ့ာ။ ဒီမှာ တာနေ့ာ၊ စက်ရှိန်ဟာ တို့လက်က မလွတ်နိုင်ပါဘူးကွာ။ မင်းကို ဒီပါရဲ့ပုံတူ ပန်းချီကားပေးပြီး မရဏစံအိမ်ကိုသွားခိုင်းတာမဟုတ်လား"

"ဟုတ်တယ်။ ကျုပ်ကို မရဏစံအိမ်ကို ကိုစက်ရှိန်လွှတ်ပြီး အဲဒီညမှာပဲ ကိုစက်ရှိန်ဆုံးပါးခဲ့တယ်"

ကျွန်ုပ်သည် ကိုသင်းထုံအမေးစကားကို တုံ့ပြန်လိုက်မိလေသည်။ ကိုသင်းထုံသည် ကျွန်ုပ်ကို မယုံကြည်နိုင်သည့်မျက်နှာဖြင့် ကြည့်ပြီး. . .

"ဒီမှာ မအေးမိ။ တာနေ့ာစကားကို မယုံနဲ့။ တာနေ့ာဟာ





ကျုပ်တို့အတွက် အဖိုးမဖြတ်နိုင်တဲ့လူတစ်ယောက်ဖြစ်နေပြီ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ တာနေ့ာကိုလက်မလွှတ်နိုင်ဘူး မအေးမိ"

ကျွန်ုပ်သည် ကိုသင်းထုံစကားကြောင့် အမှတ်မထင် ကျွန်ုပ်အသက်အန္တရာယ်နှင့် ကြုံတွေ့လိုက်ရသည်ကို သိရှိလိုက်ရလေသည်။ ကျွန်ုပ် မအေးမိကို ကြည့်လိုက်မိသည်။ မအေးမိသည် ခက်ထန်သောမျက်နှာထားဖြင့် ကျွန်ုပ်ကိုကြည့်ကာ. . .

"ဆက်ပြီးမညာပါနဲ့ ကိုတာနေ့ာ။ ကျွန်မတို့သိချင်တဲ့ ကိုစက်ရှိန်ဘယ်မှာလဲဆိုတာ ကိုတာနေ့ာပြောခဲ့ရင် ကိုတာနေ့ာအတွက် မနစ်နာစေရပါဘူး။ ပြီးတော့ ပေဟာ်ဒီငွေကိုလည်း ကိုတာနေ့ာ ရမှာ မဟုတ်လား"

"ဘာ! မအေးမိ။ ကျုပ် ကိုစက်ရှိန်ဆုံးပါးပြီဆိုတာ ပြောလို့ မယုံဘူးလား။ ကျုပ်တို့ ဘာကြောင့် ရန်သူလိုဆက်ဆံနေရတာလဲ မအေးမိ။ ကျုပ် မအေးမိသဘောထားကိုအံ့ဩမိတယ်ဗျာ"

"တစ်နေ့ ကိုတာနေ့ာ ကျွန်မကို ဒီလိုပဲပြောလိမ့်မယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမဲ့. . . ကျွန်မနှလုံးသားကို ကိုတာနေ့ာ ဘယ်လိုထင်ထင် ကျွန်မဘဝမှာ အဓိကကျတဲ့ ပန်းချီကားဆွဲပြီးတိုင်း. . . ဇမ္ဗူဒီပါလို့ အမြဲတမ်းလက်မှတ်ထိုးတတ်တဲ့ ကိုစက်ရှိန်

ဟာ ကျွန်မနှလုံးသားကိုခွဲခဲ့တဲ့ဒဏ်ရာက ခုအထိရှိတုန်းပဲ ကိုတာနော. . ."

ကျွန်ုပ်သည် မအေးမိစကားကြောင့် ကိုစက်ရှိန်အခြေအနေကို ရိပ်စားလိုက်မိလေသည်။ ကျွန်ုပ်သည် ကိုစက်ရှိန်ရှိသည့်နေရာသို့ပြောလိုက်လျှင် ကိုစက်ရှိန်ရင်ဆိုင်ရမည့်အန္တရာယ်ကို တွေးဆမိလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် စိတ်ဆုံးဖြတ်ချက်ချလိုက်မိလေသည်။

"ကျုပ်, မအေးမိကိုကတိပြုခဲ့တဲ့အတိုင်း မအေးမိပုံတူဆွဲပြီးရင် ကျုပ်ခရီးထွက်ဖို့ပဲရှိတယ်"

"ဘာ! တာနော. . . မင်းက. . . မင်းက မအေးမိပုံတူဆွဲပြီး ခရီးထွက်မယ်ဟုတ်လား။ ဒီမယ် တာနော၊ ရှင်းရှင်းပဲပြောမယ်။ မင်း, ဒီအိမ်ကြီးကနေ ဘယ်ကိုမှသွားလို့မရဘူးဆိုတာသဘောပေါက်စမ်းပါ"

"ကျုပ် ဒီအိမ်ကြီးကနေ ဘယ်မှသွားလို့မရဘူးဟုတ်လား"

"ဟုတ်တယ်။ တို့လိုချင်တဲ့မေးခွန်းမဖြေမချင်း ဒီအိမ်ကြီးကနေ ဘယ်မှသွားလို့မရဘူး"

"ဟုတ်တယ် ကိုတာနော။ ကိုတာနောကို ကျွန်မ, ခရီးသွားဖို့ခွင့်မပြုနိုင်ဘူး"





မအေးမိသည် ကျွန်ုပ်ကိုပြောဆိုပြီး အခန်းထဲသို့ဝင်သွားလေသည်။ ကျွန်ုပ်သည် မအေးမိအဖြစ်ကို နားမလည်နိုင်အောင်ဖြစ်မိလေသည်။ မကြာမီ အခန်းထဲမှ လူသုံးလေးဦးထွက်လာပြီး ကျွန်ုပ်ကို ဝိုင်းချုပ်ထားလေသည်။ ကျွန်ုပ်သည် ပြန်လည်ခုခံမိသော်လည်း မရရှိဘဲ ကျွန်ုပ်ကိုထိုးကြိတ်နေ၍ ကျွန်ုပ်မေ့လျော့သွားမိလေသည်။

ကျွန်ုပ်သတိရလာပြီး ကြည့်လိုက်သောအခါ အခန်းတစ်ခုထဲသို့ရောက်ရှိနေသည်ကို သတိပြုလိုက်မိလေသည်။ ကျွန်ုပ် လွတ်မြောက်ရန် လမ်းစရှာမိသော်လည်း မရရှိ၍ မအေးမိကိုဒေါသဖြစ်သွားမိလေသည်။

ကျွန်ုပ်သည် လူသူကင်းမဲ့နေသည့်အခန်းလေးထဲတွင် မည်မျှကြာကြာနေရမည်ကိုတွက်ဆမရနိုင်ဘဲ ကျွန်ုပ်ရရှိခဲ့သည့် ကိုမိုးဇော်၏စာအုပ်ကလေးကိုသတိရပြီး ဖတ်ရှုလိုက်မိရာ ကျွန်ုပ်ရောက်ရှိခဲ့သည့်အခန်းသည် မြေအောက်ခန်းမှန်းသိလိုက်ရလေသည်။

ကျွန်ုပ်သည် မအေးမိပြောခဲ့သည့် အဘိုးဝေဠုအဖြစ်ကို သိခွင့်ရသော်လည်း အဘိုးဝေဠု ဘာကြောင့် ဒီအိမ်ကြီးမှထူးဆန်းစွာပျောက်ဆုံးခဲ့သည့်အဖြစ်ကို မယုံကြည်အောင်ဖြစ်မိလေသည်။

ကျွန်ုပ်သည် ကိုကြာရိုးနှင့် ဥက္ကာ ဝင်ရောက်ခဲ့သည့် ဦးဝေဠု၏အုတ်ဂူဖျက်မှ လျှို့ဝှက်စွာဖောက်လုပ်ထားသည့်မြေအောက်လမ်း

ကို အံ့သြနေမိလေသည်။ ကျွန်ုပ်သည် ကိုမိုးစွေစာအုပ်လေးကို ဖတ်ရှုပြီးသိမ်းဆည်းကာ ကျွန်ုပ်အဖြစ်ကိုစဉ်းစားမိရင်း နားမလည်နိုင်အောင်ဖြစ်မိလေသည်။

ထိုစဉ် ခြေသံကြားလိုက်ရ၍ ကျွန်ုပ်ကြည့်လိုက်မိရာ ကိုသင်းထုံကိုတွေ့လိုက်ရ၍ ကျွန်ုပ် ဒေါသအလိုလိုဖြစ်သွားမိလေသည်။ ကိုသင်းထုံသည် ကျွန်ုပ်ကို ခက်ထန်သောအကြည့်ဖြင့်ကြည့်ပြီး. . .

"တာနော. . . တို့မေးတဲ့အဖြေ မပေးနိုင်သေးဘူးလား"

"ကျုပ်ပြောခဲ့ပြီးပြီပဲ။ ကိုစက်ရှိန် ဆုံးပါးခဲ့ပြီဆိုတာအမှန်ပဲ။ ကျုပ် ဒါထက်ပိုပြီးမပြောနိုင်ဘူး ကိုသင်းထုံ။ ခင်ဗျား မယုံတာတော့ ကျုပ်မတတ်နိုင်ဘူး"

"စဉ်းစားပါဦး ကိုတာနော။ ကိုစက်ရှိန် ဘာကြောင့်ဆုံးပါးခဲ့ပြီဆိုတာ မသိရဘူးလား"

"ဒါတော့ ကျုပ်မသိဘူး။ ကျုပ်သိတာက ကိုစက်ရှိန်ဟာ တစ်ဦးတစ်ယောက်ရဲ့ပယောဂကြောင့် ဝေဒနာခံစားနေရတဲ့အချိန် ကျုပ်ရောက်သွားခဲ့တာပဲ။ ကျုပ်က ပန်းချီဆွဲချင်တာကလွဲလို့ ဘာမှ မသိဘူး"

"ဒါဆို ကိုစက်ရှိန်. . . တာနောကို မရဏစံအိမ်ကိုလွှတ်တဲ့ ကိစ္စကရော"





"ဒါလည်း ကျုပ်မသိဘူး။ ကျုပ်သိတာက ကျုပ် ကိုစက်ရှိန်ရဲ့ဆန္ဒကိုဖြည့်စွက်ဖို့လွဲလို့ ကျုပ်ဘာမှမသိတာအမှန်ပဲ"

ကျွန်ုပ်သည် ကိုသင်းထုံမေးတိုင်း မသိဘူးဟူသောစကားကြောင့် မေးကြောကြီးများထောင်ပြီး အံကြိတ်ကာ လက်ခုပ်တီးလိုက်ရာ လူနှစ်ယောက် အခန်းထဲက ထွက်လာသည်ကိုတွေ့လိုက်ရလေသည်။

"ကဲ. . . တာနော၊ ငါမေးတာကို ဖြေရင်ဖြေ၊ မဖြေရင်"

ကိုသင်းထုံသည် လူနှစ်ယောက်ကိုမေးငေါ့ပြပြီး အခန်းထဲမှ ထွက်သွားလေသည်။ ထိုလူနှစ်ယောက်သည် ကျွန်ုပ်ကို အခန်းထဲက ဆွဲထုတ်ပြီး ထိုးကြိတ်နေ၍ ကျွန်ုပ်ခုခံမိလေသည်။ ထိုစဉ် ကျွန်ုပ် အမှတ်မထင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် အံ့အားသင့်သွားမိလေသည်။

အဘိုးကြီးတစ်ဦးသည် ရုတ်တရက် အခန်းထဲသို့ဝင်ရောက်ပြီး ကျွန်ုပ်ကိုထိုးကြိတ်နေသည့်လူနှစ်ဦးကို သတ်ပုတ်လိုက်ရာ လူနှစ်ဦး လဲကျသွားလေသည်။

"မောင်ရင်လေး၊ အဘိုးနောက်ကို အမြန်လိုက်ခဲ့ပေတော့"

ကျွန်ုပ်သည် လူဆိုးများနှင့်သတ်ပုတ်နေမိ၍ ခန္ဓာကိုယ်တစ်ခုလုံး ထုရိုက်ထားသည့်အလား ခံစားနေမိသော်လည်း အဘိုးကြီး

စကားကြောင့် လျင်မြန်စွာလိုက်ခဲ့မိလေသည်။

အဘိုးကြီးသည် အခန်းတစ်ခုထဲသို့ ကျွန်ုပ်ကိုသွင်းပြီး ပိတ်လိုက်ရာ အုတ်ဂူလိုလိုတစ်ခုကို တွေ့လိုက်ရလေသည်။ ကျွန်ုပ်အသက်ကိုကယ်တင်ခဲ့သည့်အဘိုးကြီးကိုကြည့်လိုက်မိရင်း အံ့အားသင့်သွားမိလေသည်။

"မောင်ရင်လေး ဘာမှစိတ်မပူနဲ့တော့။ ဟောဒီနေရာက မောင်ရင်လေးအတွက် စိတ်ချလုံခြုံတဲ့နေရာပဲ။ မောင်ရင်လေးက ဘာကြောင့် ဒီအိမ်ကြီးကိုရောက်နေခဲ့တာလဲ။ အဘိုးကိုပြောစမ်းပါဦး"

ကျွန်ုပ်သည် အဘိုးကြီးစကားကြောင့် အကျဉ်းချုပ်ပြောပြလိုက်ရာ အဘိုးကြီးသည် ကျွန်ုပ်အဖြစ်ကိုနားလည်သဘောပေါက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ. . .

"အင်း. . . မောင်ရင်လေးအဖြစ်ကို အဘ ခုလိုသိရတော့ အံ့ဩသွားမိတာအမှန်ပဲကွယ်။ တကယ်တော့ မောင်ရင်လေး အခုရောက်ရှိခဲ့တဲ့အိမ်ကြီးက ဘယ်သူမှမနေရဲတဲ့မိစ္ဆာအိမ်ကြီးတစ်အိမ်ကွယ့်"

"ဒါဆို. . . ကျုပ်တွေ့ခဲ့ရတဲ့မအေးမိနဲ့ ကိုသင်းထုံကရော အဘ"





"အဘ အချိန်မတန်သေးလို့ မောင်ရင်လေးကိုမပြောချင်သေးပါဘူး။ မောင်ရင်လေးတွေ့ခဲ့တဲ့ မအေးမိဆိုတဲ့မိန်းကလေးက ဒီမိစ္ဆာအိမ်ကြီးမှာ လျှို့ဝှက်ပြီးနေထိုင်ခဲ့တာက ဟောဒါကြောင့်ပဲ မောင်ရင်လေး"

အဘိုးကြီးသည် ကျွန်ုပ်ကိုပြောဆိုပြီးပြလိုက်ရာ ကျွန်ုပ်ကြည့်မိရင်း အလိုလိုအံ့ဩသွားမိလေသည်။

"စိန်ဘယက်ပါလား အဘိုး"

"ဟုတ်တယ် မောင်ရင်လေး။ ဒီစိန်ဘယက်အတွက် လောဘဇောနဲ့လိုက်နေတဲ့လူတစ်စုပေါ့ကွယ်။ အမိက,ကတော့ ဒီစိန်ဘယက်နဲ့ပတ်သက်ပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ မရဏာစံအိမ်ကိုသွားဖို့ပဲ"

"မရဏာစံအိမ်. . . ဟုတ်လား။ ကျုပ်ကို မရဏာစံအိမ်ကိုသွားဖို့ ကိုစက်ရှိန်က လွှတ်လိုက်တာပါ အဘိုး။ ကျုပ်သွားရမယ့် မရဏာစံအိမ်က အဘိုးစက္ကူထဲ ဒီပါရဲ့ပုံတူပန်းချီကားပေးဖို့ပါပဲ။ ကျုပ်ဆီမှာ အဘိုးစက္ကူကိုပေးဖို့ စိန်ဘယက် ပါလာခဲ့ပါတယ်"

ကျွန်ုပ်သည် ကိုစက်ရှိန်ပေးလိုက်သည့်စိန်ဘယက်ကို အဘိုးထံ ပြလိုက်လေသည်။ အဘိုးကြီးသည် ကျွန်ုပ်ပြသသည့် စိန်ဘယက်ကို သေချာစွာကြည့်ရှုပြီး. . .

"အင်း. . . ခုမှပဲ ဒီပါအတွက် အဘိုးအခက်ကြုံနေရပါရော

သား။ ဒီတော့ မောင်ရင်လေး အဘိုးနဲ့ မရဏာစံအိမ်ကိုလိုက်ခဲ့ပေတော့"

"ဗျာ! ကျုပ် မရဏာစံအိမ်ကိုလိုက်ရမယ် ဟုတ်လားအဘိုး။ အဘိုးက မရဏာစံအိမ်ကိုသိလို့လား"

"အဘိုးက မောင်စက်ရှိန်လွှတ်လိုက်တဲ့ ဒီပါရဲ့အဘိုး ဦးစက္ကဆိုတာ. . . အဘိုးပဲ မောင်ရင်လေး"

ကျွန်ုပ်သည် အဘိုးစက္က၏စကားကြောင့် မယုံနိုင်အောင်ဖြစ်သွားမိလေသည်။

"ဒါဆို အဘိုးက ဘာကြောင့် မိစ္ဆာအိမ်ကြီးကိုရောက်ခဲ့တာလဲ အဘိုး"

"အဘိုးက မိစ္ဆာအိမ်ကြီးနဲ့ အတိတ်က ပတ်သက်ခဲ့တာတွေရှိခဲ့တယ်ကွယ်။ ပြောရရင်တော့ အဘိုးမြေး ဒီပါကြောင့်ပဲ မောင်ရင်လေး။ အင်း. . . မြေးလေးရဲ့ဘဝကံကြမ္မာက ဆိုးပါတယ်ကွယ်"

အဘိုးစက္က၏ဆွေးမြေ့သည့်စကားသံကို ကြားလိုက်ရသဖြင့် ကျွန်ုပ် အဘိုးစက္ကကိုကြည့်လိုက်မိရာ အဘိုးစက္ကသည် ကျွန်ုပ်ပေးသည့်စိန်ဘယက်ကိုကြည့်ပြီး. . .

"တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်လို့ အဘိုးလုံးဝမထင်ခဲ့မိတာ အဘိုးအမှားပဲ မောင်ရင်လေး"





ကျွန်ုပ်သည် အဘိုးစက္က၏စကားသံနှင့်အတူ မအေးမိ၏မျက်နှာကိုမြင်ယောင်သွားမိပြီး ကျွန်ုပ်အပေါ် ပြောင်းလွဲသွားသည့်နှလုံးသားကို အံ့ဩမိလေသည်။

ကျွန်ုပ်သည် မအေးမိကိုတွေးမိရင်း၊ မအေးမိ ဘာကြောင့်ကိုစက်ရှိန်ကို မရမက မေးမိသည်ကို ကျွန်ုပ်စဉ်းစားမရနိုင်အောင်ဖြစ်မိလေသည်။

အဘိုးစက္ကသည် အုတ်ဂူကြီးကိုကြည့်ပြီး. . .

"မောင်ရင်လေး. . . အဘိုးတို့ ဒီနေရာက အမြန်ဆုံးသွားမှဖြစ်မယ်"

အဘိုးစက္ကသည် အုတ်ဂူကြီးကိုကြည့်ပြီး အုတ်ဂူကြီးနံရံကိုတွန်းလိုက်ရာ အပြင်သို့ထွက်သည့်အပေါက်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်နှင့် အဘိုးစက္ကသည် လျှင်မြန်စွာထွက်လိုက်မိလေသည်။

အဘိုးစက္ကသည် ပတ်ဝန်းကျင်သို့ကြည့်ရှုအကဲခတ်ပြီး စိတ်ချသွားဟန်ဖြင့်. . .

"မောင်ရင်လေး. . . အဘိုးတို့ မိုးမချုပ်မီ မရဏာစံအိမ်ကိုရောက်မှဖြစ်မယ်။ ခုချိန်ဆို မြေးလေးဒီပါ. . . အဘိုးကိုမျှော်နေမှာမလွဲဘူးကွယ့်"

အဘိုးစက္ကသည် ရှေ့မှဦးဆောင်သွားနေ၍ ကျွန်ုပ်လိုက်ပါ

ရင်း ကျွန်ုပ်ရောက်ရှိခဲ့သည့်မိစ္ဆာစံအိမ်ကြီးကို မတွေ့ရတော့ချေ။

ကျွန်ုပ်သည် အဘိုးစက္ကနောက်သို့လိုက်ပါရင်း မရဏာစံအိမ်မှ ဒီပါကို တွေ့မြင်ရမည်မို့ စိတ်ထဲတွင် ဝမ်းသာနေမိလေသည်။

❦ ❦ ❦



## အခန်း ( ၁၀ )

ကျွန်ုပ်သည် အဘိုးစက္ကနောက်သို့လိုက်ပါမိရင်း သွားနေရသည့်လမ်းခရီးက ရိုးရိုးမြေပြန့်လမ်း မဟုတ်သည်ကို သတိပြုလိုက်မိသည်။ ဘယ်နေရာကြည့်ကြည့် သစ်ပင်ကြီးငယ်များ အုပ်ဆိုင်းပြီး တောအသွယ်သွယ်၊ တောင်အဆင့်ဆင့်ကိုဖြတ်သန်းပြီး တက်ချည်ဆင်းချည်ခရီးလမ်းဖြစ်ချေသည်။

အဘိုးစက္ကသည် အသက်ကြီးသော်လည်း လျင်မြန် သွက်လက်သည့်ခြေလှမ်းတို့ဖြင့်သွားနေ၍ ကျွန်ုပ်သည် အဘိုးစက္ကကို မီအောင် မနည်းလိုက်ခဲ့ရလေသည်။

ကျွန်ုပ်သည် မည်မျှခရီးလှမ်းနေမိသည်မသိချေ။ ကျွန်ုပ်ခန္ဓာ

ကိုယ်တွင် ချွေးများရွှဲနစ်နေမိလေသည်။

"မောင်ရင်လေး မောနေပြီလား။ မကြာခင် မရဏာစံအိမ်ကိုရောက်တော့မှာပါကွယ်" .

ကျွန်ုပ်သည် အဘိုးစက္ကူစကားကြောင့် အားတင်းပြီးလိုက်ခဲ့မိသော်လည်း မိစ္ဆာအိမ်ကြီးမှလူဆိုးများ၏ ထိုးကြိတ်မှုဒဏ်ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး နာကျင်နေမိလေသည်။ မကြာမီ တောင်ကုန်းတစ်ခုကိုတွေ့လိုက်ရပြီး ထိုတောင်ကုန်း၊ သစ်ပင်များ အုပ်ဆိုင်းနေသည့်ကြားမှ အိမ်ကြီးတစ်လုံးကိုတွေ့လိုက်ရလေသည်။

"မောင်ရင်လေး. . . ဒါ အဘိုးနေတဲ့ မရဏာစံအိမ်ဆိုတဲ့အိမ်ကြီးပဲကွယ့်"

အဘိုးစက္ကူစကားကြောင့် ကျွန်ုပ်တွေ့ရသည့်အိမ်ကြီးကို သေချာစွာကြည့်လိုက်မိသည်။ အိမ်ကြီးကို တောင်ကြားထဲမှာ ဆောက်လုပ်ထားခြင်းဖြစ်သည်။ အဘိုးစက္ကူသည် အိမ်ကြီးဆီသို့သွားသည့် လမ်းကလေးအတိုင်းသွားနေရာ ခြံတံခါးဝတွင် ရပ်တန့်ပြီး လက်ခုပ်တီးလိုက်ရာ ခြံအတွင်းမှ ကလေးတစ်ယောက်ကို လှံတစ်ချောင်းကိုင်ပြီးထွက်လာကာ အဘိုးစက္ကူကို ဦးညွှတ်နေသည်ကိုတွေ့လိုက်ရသည်။

ကျွန်ုပ်သည် အဘိုးစက္ကူရှေ့တွင် တွေ့ရသည့်ကလေးကို





ကြည့်လိုက်ရာ ကျွန်ုပ်ထင်သကဲ့သို့ ကလေးတစ်ဦး မဟုတ်ဘဲ။ လူပုကလေးတစ်ယောက်ဖြစ်နေသည်ကို ထူးဆန်းစွာတွေ့လိုက်ရလေသည်။ လူပုကလေးသည် ကျွန်ုပ်ကို အတန်ကြာအောင် ကြည့်ရှုပြီး ကျွန်ုပ်ကို လက်ထဲမှလှံဖြင့် ချိန်ရွယ်ထားသည်ကိုတွေ့လိုက်ရလေသည်။

ကျွန်ုပ်သည် လူပုကလေးကိုတစ်လှည့်၊ အဘိုးစက္ကူကိုတစ်လှည့်, ကြည့်လိုက်စဉ်. . .

"အဘိုးရဲ့ရန်သူ မဟုတ်ပါဘူးကွယ့်။ အဘိုးရဲ့မိတ်ဆွေရင်းပဲ။ အဘိုးမိတ်ဆွေကိုခေါ်သွားပေတော့"

အဘိုးစက္ကူစကားသံနှင့်အတူ လူပုကလေးသည် ကျွန်ုပ်ကိုကြည့်ပြီး စကားမဆိုဘဲ ရှေ့ကသွားနေ၍ ကျွန်ုပ်သည် လူပုလေးနောက်မှလိုက်ခဲ့မိလေသည်။ အတန်ကြာသွားမိသောအခါ အိမ်ကြီးတွင်းသို့ရောက်ရှိပြီး ကျွန်ုပ်ကို ဧည့်ခန်းထဲတွင်ထားပြီး လူပုကလေးသည် အခန်းတစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ကျွန်ုပ်ရောက်ရှိနေသည့်အိမ်ကြီးဧည့်ခန်းတွင်ထိုင်ပြီး ဧည့်ခန်းအတွင်းသို့ကြည့်လိုက်မိရာ ဧည့်ခန်းအတွင်းမှ လက်ရာမြောက်စွာထုလုပ်ထားသည့်ပန်းပုရုပ်များနှင့်အတူ ကျွန်းသားဗီရိုကြီးနှစ်လုံးကိုတွေ့လိုက်ရလေသည်။

ကျွန်ုပ်သည် ပန်းချီ ဝါသနာပါသူဖြစ်၍ ဧည့်ခန်းအတွင်းမှ ပန်းပုရုပ်များကို ကြည့်လိုက်မိရာ ပန်းပုရုပ်အားလုံး၏မျက်နှာသည် ကျွန်ုပ်တွေ့ခဲ့ရသည့် ကိုစက်ရှိန်ဆွဲထားသည့်ပန်းချီကားထဲမှ ဒီပါ၏မျက်နှာဖြင့် တူနေသည်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်အံ့ဩသွားမိလေသည်။

"မောင်ရင်လေးက ဧည့်ခန်းထဲက ပန်းပုရုပ်တွေကိုတွေ့ရလို့ အံ့ဩနေပြီနဲ့တူတယ်"

"ဟုတ်တယ်အဘိုး။ ခုလို ရှားရှားပါးပါးလက်ရာမြောက်စွာ ထုလုပ်ထားတဲ့ပန်းပုရုပ်တွေက ဒီပါနဲ့တူနေတော့ ကျုပ်အံ့ဩသွားမိတယ်အဘိုး"

"မောင်ရင်လေးက အနုပညာဓာတ်ခံရှိလို့ ပန်းပုရုပ်တွေကို တန်ဖိုးထားတာ အဘိုးသိရလို့ ဝမ်းသာမိပါတယ်ကွယ်။ ဒါပေမဲ့ ဒီပန်းပုရုပ်နဲ့ ပန်းချီကားတွေကြောင့် အဘိုးမြေးလေးဒီပါ ဒီဘဝ ရောက်ခဲ့တယ်ဆိုရင် မမှားဘူးကွယ့်။ ဒါကြောင့် အဘိုးက မြေးလေး ဒီပါအတွက် ဒီနေရာမှာ ဇာတ်မြှုပ်ပြီး လူမသိသူမသိနေလာခဲ့တယ် ဆိုရင် မမှားဘူးကွယ့်"

ကျွန်ုပ်သည် အဘိုးစက္ကနှင့်စကားပြောဆိုနေစဉ် လူပုလေး တစ်ယောက်သည် စားဖွယ်ရာများကို လာချသည်ကိုတွေ့လိုက်ရ





သည်။

"မောင်ရင်လေး အဘိုးနောက်ကိုလိုက်ခဲ့ရလို့ ပင်ပန်းနေပြီ မဟုတ်လား။ အာဟာရစားပြီး အနားယူပေတော့။ အဘိုး၊ မောင် တာနောက်ကို အရေးကြီးတဲ့စကားပြောပြီး ပြစရာရှိသေးတယ်"

အဘိုးစက္ကစကားကြောင့် ကျွန်ုပ်သည် စားဖွယ်ရာများကို စားသောက်ပြီး အဘိုးစက္ကနောက်သို့လိုက်ခဲ့မိလေသည်။ ဧည့်ခန်း ကြီးထဲမှာ ခြားနေသည့်အခန်းတစ်ခန်းကိုတွေ့လိုက်ရသည်။

အဘိုးစက္ကသည် အခန်းတံခါးကိုခေါက်ပြီး. . .

"မြေးလေး ဒီပါ. . . အဘိုး လာတယ်။ ဧည့်သည်လည်း ပါ လာတယ်ကွယ့်။ တံခါးဖွင့်ပေးပါဦးကွယ်"

အဘိုးစက္က၏အသံနှင့်အတူ အခန်းတံခါး ပွင့်လာပြီး ကျွန်ုပ် နှင့်အဘိုးစက္က အခန်းထဲသို့ရောက်ရှိစဉ် ကျွန်ုပ်သည် ဒီပါကိုတွေ့ လိုက်ရလေသည်။ ဒီပါသည် ကျွန်ုပ်နှင့်အဘိုးစက္ကကို စိမ်းစိမ်းကြီး ကြည့်ကာ စကားမဆိုဘဲ ငေးကြည့်နေသည်ကိုတွေ့လိုက်ရလေ သည်။ အဘိုးစက္ကသည် ဒီပါကို စိတ်မကောင်းသည့်မျက်နှာဖြင့် ကြည့်ပြီး. . .

"မြေးလေး ဒီပါ. . . အဘိုးစက္ကလေ။ အဘိုးစက္ကကိုမမှတ်မိ တော့ဘူးလား။ ဟောဒီမှာ မြေးလေးဒီပါကိုတွေ့ချင်ရှာလို့ ဧည့်

သည် ပါလာခဲ့တယ်။ မြေးလေး စကားနည်းခံပါဦးကွယ်"

"ဧည့်သည်ဟုတ်လား အဘိုး။ ဘယ်က ဧည့်သည်လဲ၊ ဒီပါ မသိဘူးအဘိုး"

"မြေးက အဘိုးကိုစိတ်ကောက်နေပြီနဲ့တူတယ်။ အဘိုးနဲ့ပါလာတဲ့ဧည့်သည်က ပန်းချီဆရာကွယ့်"

"ပန်းချီဆရာ. . . ပန်းချီဆရာ. . . ဟုတ်ပြီ။ ဒါဆို ဒီပါ့ရဲ့ပုံကိုဆွဲခိုင်းရမယ်။ ဘိုးဘိုးလည်း ဆွဲခိုင်းနော်"

"မြေးလေးဒီပါရဲ့ပုံ လှလှဖြစ်အောင် ဘိုးဘိုးဆွဲခိုင်းမှာပေါ့ကွယ်။ ပန်းချီဆရာနာမည်က မောင်တာနော လို့ခေါ်တယ်ကွယ့်"

"ကိုတာနော. . . ကိုတာနော"

ဒီပါသည် ကျွန်ုပ်နာမည်ကိုအခါခါရေရွတ်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်ုပ်သည် ဒီပါ့ကိုကြည့်မိရင်း ကိုစက်ရှိန်ဆွဲထားသည့် ပန်းချီကားထဲမှဒီပါနှင့် ခွဲခြားမရအောင်တူလွန်းနေ၍ ကျွန်ုပ်သည် ကိုစက်ရှိန်၏ပန်းချီပညာကို ပို၍လေးစားသွားမိလေသည်။

"ကဲ၊ မြေးလေး ဒီပါ။ မောင်တာနောကို စကားနည်းခံလိုက်ပါဦး"

"အဘိုး. . . မြေးပုံကို ပုံတူဆွဲခိုင်းနော်"

"စိတ်ချပါ မြေးရယ်။ မြေးရဲ့ပုံ လှအောင် ဆွဲခိုင်းရအောင်





အဘိုးပြောပြီးပြီကွယ့်"

"ပန်းချီဆရာကိုတာနော အဘိုးပြောတာ ကြားတယ်နော်"

"ကြားပါတယ် ဒီပါ။ ကျုပ် ဒီပါ့ပုံကို ဆွဲပေးပါမယ်"

ကျွန်ုပ်စကားကိုကြားလိုက်ရ၍ ဒီပါ့မျက်နှာသည် ကြည်နူးလန်းဆန်းသွားလေသည်။ အဘိုးစက္ကသည် ဒီပါ့မျက်နှာလေးကိုကြည့်ပြီး ရွှင်ပျသွားလေသည်။ ထို့ကြောင့် ကျွန်ုပ်ကိုခေါ်၍ ဧည့်ခန်းထဲတွင် ထိုင်လိုက်မိသည်။ ကျွန်ုပ်သည် ဒီပါ့အဖြစ်ကိုတွေ့လိုက်ရ၍ စိတ်မကောင်းဖြစ်မိလေသည်။

"အဲဒါသာကြည့်တော့. . . မောင်တာနော။ အဘိုးမြေး ဒီပါဟာ ဘယ်အထိ ပန်းချီပညာကို စွဲမက်မြတ်နိုးခဲ့တယ်ဆိုတာ သိလောက်ရောပေါ့။ ဒါပေမဲ့ မြေးလေးဒီပါအတွက် အဘိုးတွေးပြီး စိတ်မကောင်းဖြစ်ခဲ့တာ ကြာခဲ့ပါပြီ။ ဒါကြောင့် မြေးလေး ဒီပါအတွက် စိတ်ချရအောင် အဘိုးကြံစည်ခဲ့ပေမယ့် မြေးလေး ဒီပါကံနည်းပါးခဲ့လို့ အဘိုးနှလုံးသား ကြေကွဲမိတာအမှန်ပဲ"

အဘိုးစက္ကစကားကြောင့် ကျွန်ုပ်သည် ကိုစက်ရှိန်ကိုသတိရမိသွားလေသည်။ ကိုစက်ရှိန်သည် ဒီပါ့အပေါ် မြတ်နိုးတွယ်တာခဲ့သည်ကို ကျွန်ုပ်သိရှိခဲ့သော်လည်း ဘာကြောင့် ဒီပါခံ့ပါးခဲ့သည်ဆိုသည့်စကားကို ကျွန်ုပ်နားမလည်နိုင်အောင် ဖြစ်မိလေသည်။

"အဘိုးကိုမေးပါရစေ။ ကျုပ်မှားတာရှိရင်လည်း ခွင့်လွှတ်ပါအဘိုး။ ကိုစက်ရှိန်ဆီမှာတွေ့ခဲ့ရတဲ့ ဒီပါရဲ့ပုံတူပန်းချီကားနဲ့အတူ ကိုစက်ရှိန်က ဒီပါဆုံးပါးခဲ့တယ်ဆိုတဲ့စကားပဲ အဘိုး"

"အဘိုးမြေးလေးဒီပါရဲ့အဖြစ်ကိုတွေ့တိုင်း မောင်စက်ရှိန်ကို ဟိုတုန်းက အဘိုးအကြိတ်အခဲဖြစ်ခဲ့တာအမှန်ပဲ မောင်တာနော၊ ခုတော့ မောင်စက်ရှိန်ရဲ့စိတ်ရင်းကိုသိလိုက်ရတော့ အဘိုးကြောင့် မောင်စက်ရှိန်နဲ့ မြေးလေးဒီပါအဖြစ်ကို. . . အဘိုးခံစားမိတာအမှန်ပဲ။ ဒါကလည်း မောင်စက်ရှိန်ပြန်ပေးခဲ့တဲ့ စိန်ဘယက်ကြောင့်ပဲ"

"စိန်ဘယက်က. . . ကိုစက်ရှိန်နဲ့ ဘယ်လိုပတ်သက်ခဲ့လို့လဲ အဘိုး"

"အမှန်တော့ မောင်စက်ရှိန်နဲ့ မြေးလေးဒီပါ ရည်ငံကြရင်း မြေးလေးဒီပါက မောင်စက်ရှိန်နောက်လိုက်ဖို့ ကြံရွယ်နေတာ အဘိုးသိရလို့ ဟန့်တားခဲ့ရတဲ့အဖြစ်ပဲ။ ဒါကလည်း မြေးလေးဒီပါနဲ့အဘိုးသာ သိရတဲ့အဖြစ်ပါ။ ခုတော့ မောင်စက်ရှိန်က မြေးလေးဒီပါအပေါ် တကယ်မေတ္တာစစ်နဲ့ အနစ်နာခံပြီး နှလုံးသားဖြူစင်ခဲ့တာကို အဘိုးသိခဲ့ရတယ်ဆိုပါတော့"

"ဒါဆို ကျုပ် မိစ္ဆာအိမ်ကြီးကိုရောက်ခဲ့တုန်းက မအေးမိက ကိုစက်ရှိန်ကိုမေးမရလို့ ကျုပ်ကို မြေအောက်ခန်းမှာထည့်ပြီး နှိပ်စက်ခဲ့ကြတယ်။ မအေးမိက ကိုစက်ရှိန်ကို ဘာကြောင့်မေးနေတယ်ဆိုတာ ကျုပ်နားမလည်ခဲ့ဘူးအဘိုး။ ပြီးတော့ အဘိုးက ဘာကြောင့် မိစ္ဆာအိမ်ကြီးကိုရောက်လာခဲ့တယ်ဆိုတာ ကျုပ်မတွေးတတ်အောင် ဖြစ်နေမိတယ်အဘိုး"

ကျွန်ုပ်သည် ထူးထူးဆန်းဆန်းတွေ့ရသည့်မိစ္ဆာအိမ်ကြီးက မအေးမိအဖြစ်ကိုစိတ်ဝင်စားမိပြီး အဘိုးစက္ကကိုမေးလိုက်မိသည်။ အဘိုးစက္ကသည် ကျွန်ုပ်စကားကြောင့် တစ်စုံတစ်ခုကိုစဉ်းစားနေဟန်တူသည်။

"အင်း. . . ပြောရရင်တော့ မိစ္ဆာအိမ်ကြီးလို့အမည်ရှိတဲ့အိမ်ကြီးက အဘိုးရဲ့အစ်ကို ဦးဝေမျှနေထိုင်ခဲ့တဲ့အိမ်ကြီးပဲ မောင်တာနော၊ အဘိုးအစ်ကို ဦးဝေမျှက ဒီအိမ်ကြီးရောက်မှ အဘိုးကို ဥပါယ်တံမျဉ်နဲ့ သေကြောင်းကြံခဲ့တဲ့အဖြစ်ကို အဘိုးတောင် နားမလည်ခဲ့ဘူး. . . မောင်တာနော"

"ကျုပ်ကို မအေးမိက ဦးဝေမျှ ထူးဆန်းစွာ ပျောက်ဆုံးခဲ့တယ်လို့ပြောခဲ့တယ်အဘိုး"

"ဘာ! မောင်တာနော။ ဦးဝေမျှ ပျောက်ဆုံးခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် အဘိုး။ ဒါပေမဲ့. . . တစ်ည ကျုပ်မမျှော်လင့်ဘဲ ဦးဝေဠုလို့စာတမ်းထိုးထားတဲ့ မြွေအနောက်ဘက်က အုတ်ဂူကို မသမာသူတွေကဖောက်ပြီး အထဲဝင်လို့ ကျုပ်မသက်ာလို့ အဲဒီ အုတ်ဂူကြီးထဲကိုဝင်ကြည့်တော့ မိစ္ဆာအိမ်ကြီးကိုသွားနိုင်တဲ့ လျှို့ဝှက် မြေအောက်ခန်းကိုတွေ့ရတယ်အဘိုး"

"နေပါဦး. . . မောင်တာနော။ အဲဒီ အုတ်ဂူက မြေအောက် ခန်းကိုသွားနိုင်တယ်. . . ဟုတ်လား"

"ဟုတ်တယ်အဘိုး"

ကျွန်ုပ်စကားကြောင့် အဘိုးစက္ကသည် အံ့အားသင့်သွားသည့် မျက်နှာဖြင့် ကျွန်ုပ်ကိုကြည့်ကာ. . .

"ဟုတ်ပြီ မောင်တာနော။ အဘိုးခြေရာခံပြီး ရှာခဲ့တဲ့လမ်းစ က မောင်တာနော်ပြောပြမှ ပေါ်ခဲ့တာပဲ။ အမှန်တော့ မောင်တာ နောတွေ့ခဲ့တဲ့ လျှို့ဝှက်မြေအောက်ခန်းကို အဘိုးရှာခဲ့တာ ကြာပြီ ကွယ့်။ ပြော်. . . အစ်ကိုကြီး. . . အစ်ကိုကြီး"

အဘိုးစက္ကသည် ကျွန်ုပ်ကိုပြောဆိုပြီး ရေရွတ်ကာ၊ စိတ် မကောင်းဟန်ဖြင့် စကားမဆိုနိုင်ဘဲဖြစ်နေမိလေသည်။

"ဆက်ပြောစမ်းပါဦး. . . မောင်တာနောရဲ့။ အဘိုးအစ်ကို ဦးဝေဠုကို အဘိုးရှာခဲ့ပေမယ့် ဘယ်မှာရှာလို့မတွေ့ခဲ့တာကိုး။ အဘိုး





လျှို့ဝှက်မြေအောက်လမ်းကိုရှာရင်း မောင်တာနောကိုကယ်တင် ခဲ့ရတာပဲ။ ပြောရရင်တော့ အဘိုးတို့မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝ ခဲ့တဲ့အတွင်းပစ္စည်းတွေကို အဘိုးမြေး ဒီပါကို လွှဲအပ်ထားခဲ့တာကို သိနေတဲ့ အဘိုးအစ်ကို ဦးဝေဠုက အဘိုးနဲ့ မြေးလေးဒီပါအသက် ကို ရန်ရှာခဲ့တာပဲ"

"ဒါဆို မအေးမိကရော. . . အဘိုး"

"မအေးမိက အဘိုးတို့မိသားစုစာရင်းဝင် မဟုတ်ဘူးကွယ့်။ အစ်ကိုကြီးဦးဝေဠုမွေးစားခဲ့တဲ့ မွေးစားသမီးတစ်ဦးပါ။ ထူးခြား တာက အဘိုးမြေးလေးဒီပါနဲ့ ရုပ်ချင်းခွဲမရအောင် တူနေတာပဲ"

အဘိုးစက္ကရှင်းပြမှ ကျွန်ုပ်သည် ဒီပါအပေါ် သနားသွားမိ သလို ကျွန်ုပ်အပေါ် ရန်သူသဖွယ် ဆက်ဆံခဲ့သည့် မအေးမိနှလုံး သားကို ဝေခွဲမရအောင်ဖြစ်မိလေသည်။

"သူတို့ကတော့ မောင်တာနောနောက်ကိုခြေရာခံပြီး လိုက် နေကြမှာမလွဲဘူး မောင်တာနော"

"ဘာဖြစ်လို့လဲ အဘိုး။ ကျုပ်က တိုစက်ရှိန်လွှတ်ခဲ့တဲ့ မရဏာ စံအိမ်ရောက်ပြီး အဘိုးစက္ကကို စိန်ဘယက်ပေးပြီးရင် ကျုပ်ခရီးပြီး ပြီအဘိုး"

"မဟုတ်သေးဘူးကွယ့်။ သူတို့အမိကဖြစ်နေတဲ့ မောင်စက်

ရှိန်ကိုမတွေ့မချင်း မောင်တာနေ့ာနောက်ကို လိုက်နေကြမှာမလွဲဘူး။ ဒီတော့ မောင်တာနေ့ာအတွက် လုံခြုံတဲ့နေရာကို အဘိုးလမ်းညွှန်လိုက်မယ်။ ဒါကလည်း မောင်တာနေ့ာနဲ့အဘိုး တစ်နေ့ ပြန်ဆုံနိုင်ကြမှာပါ"

ကျွန်ုပ်သည် အဘိုးစက္ကစကားကြောင့် တွေဝေသွားမိလေသည်။ ကျွန်ုပ်သည် ကိုစက်ရှိန် လမ်းညွှန်ခဲ့သည့် မရဏာစံအိမ်သို့အလာ၊ အမှတ်မထင် မအေးမိနှင့်ဆုံခဲ့မိခြင်းဖြစ်သည်။

"အဘိုးဆီရောက်မှတော့ ဘာမှစိတ်မပူနဲ့ မောင်တာနေ့ာ။ အဲဒီတော့ မြေလေးဒီပါအလိုကျ ပန်းချီကားတော့ ပြီးအောင်ဆွဲပေးပါလို့ အဘိုးတောင်းပန်ချင်တယ်။ မြေးဒီပါရဲ့စိတ်အခြေအနေကို မောင်တာနေ့ာ လက်တွေ့မြင်နေရပြီမဟုတ်လား"

ကျွန်ုပ်သည် အဘိုးစက္က၏စကားကိုငြင်းပယ်လိုသော်လည်း ကျွန်ုပ်အသက်ကိုကယ်တင်ခဲ့သည့် ကျေးဇူးရှင်ဖြစ်နေ၍ ကိုစက်ရှိန် မြတ်နိုးခဲ့သည့်ဒီပါကို လက်တွေ့မြင်တွေ့ရသည့်ဘဝကို စိတ်မကောင်းဖြစ်မိပြီး အဘိုးစက္ကကိုကတိပေးလိုက်မိသည်။

"ကျုပ် ဒီပါ့အလိုကျ ပန်းချီဆွဲပေးပါမယ်အဘိုး။ ဒီပါရဲ့ ...ချီဆွဲပြီးရင် ကျုပ်ပြန်ပါရစေ"

"အဘိုး မောင်တာနေ့ာစကားကိုကြားရလို့ မြေးလေး ဒီပါ





အတွက် ဝမ်းသာကြည်နူးမိပါတယ်ကွယ်။ ပြီးတော့ အဘိုးပြောထားတဲ့စကားအတိုင်း မောင်တာနေ့ာဘဝကိုလုံခြုံဖို့ အဘိုးစီမံထားပါတယ်"

ကျွန်ုပ်သည် အဘိုးစက္ကထံ ကတိခံပြီး ဒီပါစိတ်ကြည်နူးစေရန် ပန်းချီကားဆွဲမိတိုင်း ဒီပါသည် ကျွန်ုပ်ဆွဲထားသည့်ပန်းချီကားကိုကြည့်ပြီး ကြည်နူးနေသည်ကိုတွေ့ရသဖြင့် ကျွန်ုပ်သည် ကိုစက်ရှိန်ကို ပိုပြီးသတိရမိလေသည်။ သို့တိုင် မအေးမိသည် ကိုစက်ရှိန်ကိုမေးမရ၍ ကျွန်ုပ်ကိုရန်ပြုခဲ့သည့်အဖြစ်ကို စဉ်းစားမရနိုင်အောင်ဖြစ်မိသည်။

"ကိုတာနေ့ာ. . . ဒီပ့ါပုံတူပန်းချီကားကို လှအောင်ဆွဲပေးရမယ်နော်"

"စိတ်ချပါ ဒီပါရယ်။ ကိုတာနေ့ာ ကြိုးစားပြီး ဆွဲပေးပါ့မယ်"

ကျွန်ုပ်သည် နေ့စဉ် ဒီပ့ါအလိုကျ ပန်းချီဆွဲနေမိသော်လည်း ဒီပါအဖြစ်ကိုသိရ၍ စိတ်မကောင်းခြင်းဖြစ်မိလေသည်။ ဒီပါသည် ကျွန်ုပ်ပန်းချီဆွဲချိန်တွင် စိတ်ရွှင်ပျ ကြည်နူးနေသော်လည်း ကျွန်ုပ်ပန်းချီမဆွဲသည့်အခါတွင် မျက်ရည်ဝဲနေသည်ကိုတွေ့ရလေသည်။

"ဒီပ့ါကို ကိုတာနေ့ာ မေးပါရစေ။ ကိုစက်ရှိန်ဆိုတဲ့ ပန်းချီဆရာကို သတိမရမိဘူးလား"

"ဘာ! ကိုတာနော။ ကိုစက်ရှိန်ဟုတ်လား။ ဘယ်က ကိုစက်ရှိန်လဲ။ ဒီပါ မသိဘူး။ ဒီပါသိတာက. . . ကိုတာနောပဲသိတာ"

"မဟုတ်သေးဘူး ဒီပါ။ ကိုတာနောအရင် ဒီပါရဲ့ပန်းချီကားကိုဆွဲပေးတဲ့ ကိုစက်ရှိန်ဆိုတာလေ"

"ကိုစက်ရှိန်. . . ကိုစက်ရှိန်"

ကျွန်ုပ်၏စကားကြောင့် ဒီပါသည် ကိုစက်ရှိန်နာမည်ကိုရေရွတ်နေသည်။ ပြီး စိတ်ရှုပ်သွားသည့်ဟန်ဖြင့် ကျွန်ုပ်ဆွဲထားသည့်ပန်းချီကားကိုကြည့်ပြီး ရုတ်တရက် ကြောက်လန့်ထိတ်လန့်ပြီး အခန်းထဲသို့ပြေးဝင်သွားလေသည်။

ကျွန်ုပ်သည် ဒီပါ့အဖြစ်ကိုကြည့်ပြီး ကျွန်ုပ် ပန်းချီကားဆွဲရန်အခက်တွေ့နေမိသည်။

"မြေးလေးဒီပါအတွက်နဲ့ စိတ်မပျက်ပါနဲ့. . . မောင်တာနောရယ်။ မြေးလေးဒီပါ အဖိက စိတ်ချမ်းသာဖို့အရေးကြီးပါတယ်။ မောင်တာနောကိုလည်း အဘိုးအားနာလှပါပြီ"

"အားမနာပါနဲ့ အဘိုးရယ်။ ဒီပါ့အဖြစ်ကိုကြည့်ပြီး ဘယ်လိုကြောင့် ဝေဒနာသင့်ခဲ့တယ်ဆိုတာ ကျွန်ုပ်တွေးလို့မရနိုင်ဘဲဖြစ်နေမိတယ်အဘိုး"

"ဒီအဖြစ်တွေကို အဘိုးရင်ထဲမှာ သိုဝှက်ထားခဲ့တာ ကြာခဲ့






ပြီကွယ့်။ ပြောရရင် မြေးလေးဒီပါ. . . ခုလိုဝေဒနာသင့်ခဲ့တာက မအေးမိကြောင့်လို့ပြောရမယ်. . . မောင်တာနော"

"မအေးမိကြောင့် ဒီပါ ခုလိုဖြစ်ခဲ့တာ"

"ဟုတ်တယ်. . . မောင်တာနော။ ဒါကြောင့် အဘိုးမြေးလေးဒီပါကိုတွေ့တိုင်း အဘိုးရင်ထဲမှာ ယူကျုံးမရဖြစ်ခဲ့ရတယ်ဆိုရင် မမှားဘူး မောင်တာနော"

အဘိုးစက္ကူသည် ကျွန်ုပ်ကိုပြောဆိုပြီး ညှေ့ခန်းထဲသို့ဝင်သွား၍ ကျွန်ုပ် မမေးသာဘဲ ဒီပါပုံတူပန်းချီကားကိုဆွဲနေမိလေသည်။

ကျွန်ုပ်သည် ဒီပါပုံတူဆွဲရင်း ကိုစက်ရှိန်နှင့် မအေးမိအဖြစ်ကို တွေးတောမဆုံးနိုင်အောင်ဖြစ်မိလေသည်။



## အခန်း ( ၁၀ )

ကျွန်ုပ်သည် ဒီပါပုံတူပန်းချီကားကို စိတ်ပါဝင်စားစွာ ဆွဲနေမိသော်လည်း စိတ်တိုင်းမကျနိုင်ဘဲဖြစ်နေမိလေသည်။ ဒီပါသည် ကျွန်ုပ်ဆွဲထားသည့်ပန်းချီကားကို ကြည့်ပြီး မနှစ်မြို့သည့်အသွင်ကို တွေ့ရ၍ ကျွန်ုပ် ပို၍စိတ်မကောင်းဖြစ်မိလေသည်။ အဘိုးစဏ္ဍသည် ကျွန်ုပ်အဖြစ်ကိုရိပ်စားမိပြီး. . .

"ဒီပါ့အတွက် ပန်းချီ စိတ်တိုင်းမကျ ဖြစ်နေတာကို စိတ်မကောင်းဖြစ်မနေပါနဲ့. . . မောင်တာနော့ရယ်။ မြေးလေးဒီပါဟာ တစ်ခါတစ်ခါ ဒီလိုပဲဖြစ်တတ်တယ်ကွယ့်။ ဒါကို မောင်တာနော စိတ်ရှည်သည်းခံပြီး ပန်းချီဆွဲစေချင်တယ်"

"စိတ်ချပါ အဘိုးရယ်။ ကျုပ် ဒီပါကိုကြည့်ပြီး သနားလည်း သနားမိပါတယ်။ ဒါကြောင့်လည်း ဒီပုံစိတ်တိုင်းကျ ကြိုးစားခဲ့နေမိတာပါ"

"မောင်တာနောရဲ့စေတနာကို အဘိုးနားလည်ပါတယ်ကွယ်။ ဪ. . . မောင်တာနောကို အဘိုးပြောဖို့ရှိသေးတယ်ကွယ့်။ အဲဒါက မအေးမိအကြောင်းပဲ"

"ဗျာ! မအေးမိ။ ဟုတ်လားအဘိုး"

"ဟုတ်တယ် မောင်တာနော။ မောင်တာနော ရုတ်တရက် ပျောက်ဆုံးသွားတဲ့အတွက် မအေးမိတို့ ပိုပြီးအခဲမကျေနိုင်သလို ဖြစ်နေတာ။ ဒါကြောင့် မောင်တာနောကိုခြေရာခံလိုက်နေကြတယ် ဆိုတာ အဘိုးသိခဲ့ရတယ်"

"နေပါဦး အဘိုးရယ်။ မအေးမိက ဘာကြောင့် ကျုပ်ကိုခုလို သဲသဲမဲမဲအခဲမကျေနိုင်ဘဲ လိုက်နေရတာလဲအဘိုး"

ကျွန်ုပ်စကားကြောင့် အဘိုးစက္ကသည် ကျွန်ုပ်ကို တစ်ချက်ကြည့်ပြီး. . .

"ဒီလိုမောင်တာနောရဲ့။ မောင်စက်ရှိန်နဲ့ပတ်သက်ပြီး သူတို့ စုံစမ်းခဲ့ပေမယ့် မောင်စက်ရှိန်ကို လုံးဝရှာမတွေ့ခဲ့တဲ့အတွက်ပဲ။ ပြီးတော့ သူတို့ မောင်တာနောကိုထင်နေကြတာက မောင်တာနော





က သူတို့ကိစ္စကိုသိနေတယ်လို့ ယုံကြည်နေကြတယ်။ ဒါကြောင့် မောင်တာနောကို မောင်စက်ရှိန်ကိုမေးမရရင် အပြတ်ရှင်းဖို့ပဲ။ ဒီအဖြစ်ကို အဘိုးသိခဲ့ရလို့ မောင်တာနောအသက်ကို အချိန်မီ ကယ်တင်ခဲ့ရတာကွယ့်"

ကျွန်ုပ်သည် အဘိုးစက္ကစကားကြောင့် တုန်လှုပ်သွားမိသည်။ မအေးမိ၏ရက်စက်သည့်နှလုံးသားကိုသိလိုက်ရ၍ ကျွန်ုပ်တွေးမိရင်း ဒေါသဖြစ်သွားမိလေသည်။

"ခက်တာပဲ အဘိုးရယ်။ ကျုပ်နှလုံးသားက ပန်းချီပညာက လွဲလို့ ဘာမှမရှိခဲ့တာအမှန်ပါပဲ။ ကျုပ် ကိုစက်ရှိန်ဆီလာခဲ့ရတာကလည်း ကျုပ်ပန်းချီအတတ်ပညာသင်ဖို့ပါပဲ။ ဒါပေမဲ့ ကျုပ် ကိုစက်ရှိန်နဲ့တွေ့တော့ ကိုစက်ရှိန်ဝေဒနာသင့်နေလို့ သမားတော်နဲ့ ကုသနေရတယ် အဘိုး။ ဒါကြောင့် ကိုစက်ရှိန်ကိုယ်စား အဘိုးရှိတဲ့ မရဏာစံအိမ်ကို စွန့်စားပြီး ကျုပ်လာခဲ့ရတဲ့အဖြစ်ပဲအဘိုး"

"မောင်တာနောပြောတာကို အဘိုး အကြွင်းမဲ့ ယုံကြည်ပါတယ်။ မအေးမိက ဘာကြောင့် မောင်တာနောကိုလိုက်နေတယ်ဆိုတာ အဘိုးလည်း ခန့်မှန်းလို့မရသေးဘူး။ ဒီတော့ အဘိုးနဲ့ မောင်တာနော၊ မအေးမိရှိတဲ့မိစ္ဆာအိမ်ကိုသွားပြီး အခြေအနေကိုစုံစမ်းမှဖြစ်မယ်"

"အဘိုးနဲ့ကျုပ် မိစ္ဆာအိမ်ကိုသွားရမယ်။ ဟုတ်လားအဘိုး"

"မိစ္ဆာအိမ်အတွက် ဘာမှစိတ်မပူနဲ့ မောင်တာနော။ မိစ္ဆာ အိမ်ကြီးမှာ အဘိုးက နေလာခဲ့ဖူးတော့ မိစ္ဆာအိမ်နဲ့ပတ်သက်ပြီး အတွင်းကျကျကို အဘိုးသိပါတယ်။ ဒါပေမဲ့. . . အဘိုးအစ်ကိုကြီး ဦးဝေဠုမသိတဲ့ လျှို့ဝှက်မြေအောက်ခန်းတစ်ခန်းကို အဘိုးသိခဲ့ရ တယ်။ ဒါကလည်း အဘိုး၊ အဘွားကြောင့်ပဲ မောင်တာနော"

အဘိုးစက္ကစကားကို ကျွန်ုပ်ယုံကြည်မိလေသည်။ အဘယ် ကြောင့်ဆိုသော် ကျွန်ုပ်ကို မအေးမိတို့လူစု ဖမ်းဆီးထားသည့် မြေအောက်ခန်းမှ အဘိုးစက္က ကျွန်ုပ်ကို ကယ်တင်လာနိုင်ခဲ့သည် မဟုတ်ပါလား။

"မိစ္ဆာအိမ်ကို အဘိုး ဘယ်တော့သွားဖို့ ရည်ရွယ်ထားလဲ အဘိုး"

"ဒီတစ်ရက်နှစ်ရက်အတွင်း အဘိုးသွားဖို့ ကြံတင်စီစဉ်ပြီး ပြီ မောင်တာနော။ ဒီတော့. . . မောင်တာနောအနေနဲ့ ဘယ်လို သဘောထားရှိတယ်ဆိုတာ အဘိုးသိချင်တယ်"

"ကျုပ်ကတော့ မအေးမိအဖြစ်ကို နားမလည်နိုင်အောင်ဖြစ် မိတယ်အဘိုး။ ဘာကြောင့် ကျုပ်အသက်ကို ရန်ရှာခဲ့တယ်ဆိုတာ တွေးဆလို့မရသေးတာအမှန်ပဲ"





"ထားလိုက်ပါတော့ မောင်တာနောရယ်။ အဘိုးတို့ မိစ္ဆာအိမ် ရောက်မှ သိရမှာမဟုတ်လား"

သို့ဖြင့် ကျွန်ုပ်နှင့် အဘိုးစက္ကသည် မိစ္ဆာအိမ်ကြီးဆီသို့ခရီး နှင်ခဲ့မိလေသည်။ ကျွန်ုပ်သည် အဘိုးစက္ကနောက်သို့လိုက်ပါခဲ့ရင်း ကိုစက်ရှိန်အခြေအနေကိုမသိရ၍ စိတ်ပူပင်နေမိလေသည်။ အဘိုး စက္ကသည် တောင်အသွယ်သွယ်၊ တောအဆင့်ဆင့်ဖြတ်သန်းပြီး လာ ခဲ့ရာ မကြာမီ ဇရပ်ပျက်ကြီးတစ်ခုကိုတွေ့လိုက်ရလေသည်။

"မောင်တာနော၊ အဘိုးတို့ ဒီဇရပ်ပျက်ကြီးမှာ ခဏအပန်း ဖြေပြီးမှ ခရီးဆက်ကြမယ်"

"ဟုတ်ကဲ့ပါအဘိုး"

ကျွန်ုပ်သည် အဘိုးစက္ကကိုပြောဆိုပြီး ဇရပ်ပျက်ကြီးထဲသို့ ကြည့်လိုက်မိလေသည်။ ဇရပ်ပျက်ကြီးအတွင်း၌ လူတစ်ယောက် သည် နှစ်ခြိုက်စွာအိပ်နေသည်ကိုတွေ့လိုက်ရလေသည်။

"အဘိုး. . . ဇရပ်ထဲမှာ လူတစ်ယောက်အိပ်နေပါလား"

"မောင်တာနော နှိုးလိုက်ပါကွယ်။ နှိုးလာရင် အဘိုး လာ တယ်လို့ပြောရင် သိလိမ့်မယ်"

ကျွန်ုပ်သည် အဘိုးစက္ကစကားကြောင့် အဝတ်အစားစုတ် ပြတ်ပြီး လွယ်အိတ်ကြီးကို ခေါင်းအုံးပြီး တခေါခေါဟောက်သံပေး

၍ နှစ်ခြိုက်စွာအိပ်နေသည့်လူကို နှိုးလိုက်မိသည်။

"နောင်ကြီး. . . နောင်ကြီး။ ထစမ်းပါဦး. . . အဘိုးလာတယ်"

ကျွန်ုပ်သည် ထိုလူကို အတန်တန်နှိုးသည့်တိုင် ထိုလူသည် နှစ်ခြိုက်စွာအိပ်မောကျနေ၍ ကျွန်ုပ်အခက်တွေ့နေမိသည်။ အဘိုးစက္ကသည် ကျွန်ုပ်အဖြစ်ကို စကားမဆိုဘဲကြည့်နေလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုလူကိုလှုပ်ယမ်းပြီး အတင်းနှိုးလိုက်မိသည်။

"နောင်ကြီး. . . နောင်ကြီး, အဘိုးလာတယ်"

"ဘာ. . . ဘယ်က အဘိုးလဲ။ အိပ်လို့ကောင်းတုန်းကွာ။ နှောင့်ယှက်လိုက်တာ လွန်ပါရော။ ဟင်. . . မင်း. . . မင်း"

ကျွန်ုပ်သည် ထိုလူကိုအတန်တန်နှိုးမှ နိုးလာပြီး ကျွန်ုပ်ကို အိပ်မှုန်စုံမွှားဖြင့် မျက်လုံးကိုပွတ်သပ်ပြီးကြည့်ရင်း အံ့ဩနေသည်။ ကျွန်ုပ်သည် ထိုလူကိုမြင်ဖူးသလိုရှိနေ၍ ကြည့်နေမိလေသည်။

"ဘယ်လိုလဲ တာနော့ရဲ့။ ဘာကြောင့် ဒီနေရာကိုရောက်လာပြန်သတုန်း။ ကျုပ်ကို မမှတ်မိတော့ဘူးနဲ့တူတယ်။ ကျုပ် ဇမ္ဗူတာလူ ဖိုးရွှေကြူလေ. . . တာနော့ရဲ့"

"ကျုပ်. . . မှတ်မိပြီ၊ မှတ်မိပြီ။ ခင်ဗျားက ဖိုးရွှေကြူကိုး"

ကျွန်ုပ်သည် ဖိုးရွှေကြူကိုအမှတ်ရမိ၍ တအံ့တဩဖြစ်မိလေသည်။ ကျွန်ုပ်စကားကြားမှ ဖိုးရွှေကြူသည် သဘောကျစွာ တဟားဟားရယ်မောလေသည်။





"ကျုပ်ကဖြင့် နှိုးလိုက်ရတာ မောနေပါလား. . . ဖိုးရွှေကြူရယ်။ ဖိုးရွှေကြူက အိပ်မက်မက်ကောင်းနေတာ လွန်ပါရော"

"ကျုပ် မအိပ်သေးပါဘူး တာနော့ရယ်။ အဘိုးရောက်လာမယ်ဆိုတာ ကျုပ်သိပြီးသားပါ။ အဘိုးနောက် လိုက်လာတဲ့ တာနော့ မှန်းသိရအောင် အိပ်ချင်ဟန်ဆောင်နေမိတာပါ"

"ဖိုးရွှေကြူကတော့ အံ့ပါကွယ်။ ဒါကြောင့်လည်း ကျုပ် ဖိုးရွှေကြူကို ယုံကြည်အားထားခဲ့တာပဲ"

ဖိုးရွှေကြူစကားသံနှင့်အတူ ထပ်ဆင့်ပေါ်လာသည့် အဘိုးစက္ကစကားကြောင့် ကျွန်ုပ် အံ့အားသင့်သွားမိလေသည်။ ကျွန်ုပ် အဖြစ်ကို အဘိုးစက္ကက ရိပ်စားမိပြီး. . .

"မောင်တာနော့က အဘိုးနဲ့ ဖိုးရွှေကြူ တရင်းတနှီးသိနေတာကိုတွေ့ရလို့ အံ့ဩနေပြီနဲ့တူတယ်"

"ဟုတ်ပါတယ်အဘိုး"

"တကယ်တော့ ဟောဒီဖိုးရွှေကြူက အဘိုးရဲ့တပည့်ရင်းတစ်ယောက်ဆိုရင် မမှားဘူးကွယ့်။ မြေဒီပါကို ဖိုးရွှေကြူက စောင့်ရှောက်နေလာခဲ့တာ။ ကဲ. . . ဖိုးရွှေကြူ အခြေအနေ ဘယ်လို

ထူးခြားတယ်ဆိုတာ အဘိုးကိုပြောစမ်းပါဦး"

"မအေးမိတို့လူစုကတော့ မကြာခင် အကြံအစည်အကောင် အထည်ဖော်ကြမှာမလွဲဘူး အဘိုး"

"ကြံစည်ရက်လိုက်ကြတာကွယ်"

ကျွန်ုပ်သည် အဘိုးစက္ကထံမှ ထွက်ပေါ်လာသည့်စကားသံ ကြောင့် အဘိုးစက္ကကိုကြည့်လိုက်မိသည်။ အဘိုးစက္ကမျက်နှာပေါ် တွင် ခက်ထန်စွာခံစားနေရသည့်အသွင်ဖြင့် တစ်စုံတစ်ခုကို စဉ်းစားနေဟန်တွေ့လိုက်ရလေသည်။

အဘိုးစက္ကသည် ဖိုးရွှေကြူမျက်နှာကို အတန်တန်ကြည့်ရှုပြီး နောက် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်. . .

"ဒါဆို. . . အဘိုးတို့သွားမယ် ဖိုးရွှေကြူ။ ဖိုးရွှေကြူက မြေးဒီပါကိုစောင့်ရှောက်ဖို့ အမြန်ဆုံးသွားပါ"

"ဒီပါ့အတွက် အစစအရာရာစိတ်ချပါအဘိုး။ ကဲ. . . တာနော၊ ဖိုးရွှေကြူ သွားဦးမယ်"

အဘိုးစက္ကစကားသံနှင့်အတူ ဖိုးရွှေကြူသည် လွယ်အိတ်ကြီး ကိုလွယ်ပြီး ကျွန်ုပ်ကိုနှုတ်ဆက်၍ ဇရပ်ပျက်ကြီးပေါ်မှလျင်မြန်စွာ ဆင်းသွားလေသည်။

ကျွန်ုပ်သည် ဖိုးရွှေကြူကိုကြည့်မိရင်း ကျွန်ုပ်နှင့်ဆုံတွေ့ခဲ့စဉ်





က ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပေးခဲ့ခြင်းကို သတိရမိလေသည်။

"ဖိုးရွှေကြူနဲ့ ကျုပ်ဆုံခဲ့တုန်းက ကျုပ်ကို ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး တွေ ပေးခဲ့တယ်အဘိုး"

"ဘာ! မောင်တာနော၊ မောင်တာနောကို ဖိုးရွှေကြူက ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေ ပေးခဲ့တယ်ဟုတ်လား။ မဖြစ်နိုင်တာ မောင်တာနောရယ်။ ဖိုးရွှေကြူက အဘိုးရဲ့တပည့်ပါ။ ဖိုးရွှေကြူပိုင်ဆိုင်တာ ဘာမှမရှိဘူးဆိုတာ အဘိုးပဲသိတယ်"

အဘိုးစက္ကစကားကြောင့် ကျွန်ုပ်သည် ဖိုးရွှေကြူအဖြစ်ကို နားမလည်နိုင်အောင်ဖြစ်မိလေသည်။ သို့တိုင် အဘိုးစက္ကကို ကျွန်ုပ် လက်တွေ့ပြရန် မလွယ်ကူချေ။ ကျွန်ုပ်တွေးရင်း သတိရလာပြီး ဟသ်ာရုပ်လေးကို အဘိုးစက္ကထံ ပြလိုက်မိသည်။

"ဖိုးရွှေကြူက ကျုပ်ကို ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးအပြင် ထူးထူးဆန်းဆန်း ဟောဒီကြေးဟသ်ာရုပ်လေးကို ပေးထားခဲ့သေးတယ် အဘိုး"

ကျွန်ုပ် လှမ်းပေးသည့် ကြေးဟသ်ာရုပ်လေးကို အဘိုးစက္ကသည် မယုံကြည်နိုင်သည့်အကြည့်ဖြင့် အတန်ကြာကြည့်ရှုပြီး သက်ပြင်းချသံ ပေါ်လာလေသည်။

"အဘိုး မထင်မှတ်ခဲ့တဲ့အရာတွေနဲ့ ခုတော့ ဆုံတွေ့နေရ

ပါလား မောင်တာနောရယ်"

"ဘာဖြစ်လို့လဲ အဘိုး။ ဒီဟသ်ာရုပ်လေးက အဘိုးနဲ့များ ဘယ်လိုများပတ်သက်နေလို့လဲ"

"ပြောရရင်တော့ ဟောဒီဟသ်ာရုပ်လေးက အဘိုးနဲ့ပတ်သက်ခဲ့သလို အဓိက,က မြေးလေးဒီပါနဲ့ ဆက်နွယ်တဲ့ပစ္စည်းလေး တစ်ခုဆိုရင်မမှားဘူး မောင်တာနော။ ဒီပစ္စည်းလေးကို အဘိုးရှာဖွေခဲ့တာ နှံ့နေပြီ။ ခုမှပဲတွေ့ရတယ်"

"ဒါဆို ဒီဟသ်ာရုပ်လေးကို ဖိုးရွှေကြူ ဘယ်က ရရှိလာခဲ့တယ်ဆိုတာ ဖိုးရွှေကြူကိုမေးကြည့်ရင် သိနိုင်လိမ့်မယ်ထင်တယ်။ ပြီးတော့. . . ဖိုးရွှေကြူက ဘာကြောင့် ကျုပ်ကို ဒီဟသ်ာရုပ်လေး ပေးထားခဲ့တယ်ဆိုတာ စဉ်းစားစရာဖြစ်နေပြီအဘိုး"

"မောင်တာနောတွက်ဆထားသလို အဘိုးလည်းတွက်ဆပြီးသားပါကွယ်။ ကဲပါလေ. . . ဒီဟသ်ာရုပ်လေးကို မောင်တာနောပဲ ရင်ဖုပ်မကွာ သိမ်းဆည်းတာပါ။ အဘိုးတို့ အချိန်ရှိတုန်း မိစ္ဆာအိမ် အရောက်သွားကြစို့"

ကျွန်ုပ်နှင့် အဘိုးစက္ကသည် ဇရပ်ပျက်ကြီးမှ ထွက်ခွာလာခဲ့ရာ မိုးပင်ချုပ်နေလေသည်။ အဘိုးစက္ကသည် ကျွန်ုပ်ရှေ့မှ ဦးဆောင်၍ သွက်လက်စွာသွားနေလေသည်။





ကျွန်ုပ် အဘိုးစက္ကနောက်သို့ အမီလိုက်ရင်း ကြည့်လိုက်မိရာ ညအမှောင်လမ်းဖြစ်၍ ခန့်မှန်း၍မရနိုင်ဘဲဖြစ်နေမိလေသည်။

အဘိုးစက္ကသည် လမ်းသိနေ၍ သွားနေရာမှ တစ်နေရာသို့ အရောက်တွင် ရပ်တန့်ပြီး. . .

"မောင်တာနော. . . အဘိုးနောက်ကို ရဲရဲသာ လိုက်ခဲ့ပေတော့"

အဘိုးစက္ကက ပြောပြောဆိုဆို ရှေ့ကသွားနေ၍ ကျွန်ုပ်ကြည့်လိုက်မိရာ ကြယ်ရောင်မှုန်ဝါးဝါးအောက်မှ တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ကျွန်ုပ်ရင်ထိတ်သွားမိလေသည်။

"အဘိုး. . . အဘိုးသွားနေတာက သင်္ချိုင်းကုန်းပါလား"

"ဟုတ်တယ်မောင်တာနော။ သင်္ချိုင်းကုန်းပျက်ကြီးပဲ"

အဘိုးစက္က၏ ပြတ်သားသောစကားကြောင့် ကျွန်ုပ် ဆက်မမေးသာဘဲ လိုက်ခဲ့မိရာ ကြယ်ရောင်မှုန်ပျပျအောက်တွင် အုတ်ဂူပျက်များနှင့် ဖုံးလွှမ်းနေသည့်သစ်ပင်များကိုကြည့်၍ ကျွန်ုပ်သွားရန် ခြေလှမ်းတွန့်နေမိသည်။

"မောင်တာနော. . . မြန်မြန်လာ။ အရေးကြီးတယ်ကွယ့်"

အဘိုးစက္ကသည် ပြောပြောဆိုဆို လူရင်စို့နီးပါးရှိ အုတ်ဂူပျက်ကြီးနှစ်ခုအကြားသို့ တိုးဝင်သွား၍ ကျွန်ုပ်ရင်ထဲတွင် တဒိန်း

ဒိန်းခုန်သွားမိလေသည်။ အဘိုးစက္ကသည် အုတ်ဂူပျက်ကြီးနှစ်ခု အကြားသို့ရောက်ရှိပြီး လက်နှိပ်ဓာတ်မီးဖြင့် အုတ်ဂူပျက်နံရံကို ပွတ်သပ်ကြည့်နေ၍ ကျွန်ုပ်ကြည့်မိရင်း စိတ်မလုံသလိုဖြစ်သွားမိသည်။

အဘိုးစက္ကသည် အုတ်ဂူပျက်ဘေးရှိ နံရံကို အခါခါပွတ်သပ်ကြည့်နေရာ ဦးစက္ကဟူသော်စာတမ်းလေးကိုတွေ့လိုက်ရ၍ ကျွန်ုပ်နားမလည်နိုင်အောင်ဖြစ်သွားမိလေသည်။

"အဘိုး. . . အုတ်ဂူမှာ ဦးစက္ကဆိုပါလား။ ဦးစက္ကက ဘယ်တုန်းက ကွယ်လွန်ခဲ့တာလဲ။ ပြီးတော့ အဘိုးနာမည်နဲ့ တူနေပါလား"

အဘိုးစက္ကသည် ကျွန်ုပ်ကိုစကားမဆိုနိုင်ဘဲ အုတ်ဂူပျက်ဘေးရှိနာမည်ကိုကြည့်ပြီး သချိုင်းကုန်းပျက်ကြီးကိုကြည့်ကာ. . .

"မောင်တာနောတွေ့ခဲ့တဲ့ ဦးစက္ကက တိမ်းပါးခဲ့တာ ကြာခဲ့ပြီကွယ့်။ ဦးစက္ကနဲ့ အဘိုးနာမည်က တူနေတော့ မောင်တာနော အံ့ဩနေပြီမဟုတ်လား။ အဘိုး မောင်တာနောကိုပြောပြဖို့ အချိန်မရသေးဘူး။ သွားကြစို့"

အဘိုးစက္ကသည် ကျွန်ုပ်ကိုပြောဆိုပြီး သချိုင်းကုန်းပျက်ကြီးထဲမှ ထွက်ခဲ့မိလေသည်။ သို့တိုင် ကျွန်ုပ်သည် သချိုင်းပျက်ကြီးကို





တစ်လှည့်၊ အဘိုးစက္ကကိုတစ်လှည့်ကြည့်ရင်း အဖြေရှာ၍ မဆုံးနိုင်အောင်ဖြစ်မိလေသည်။

ကျွန်ုပ်သည် အတန်ကြာပင် အဘိုးစက္ကနောက်သို့ လိုက်ပါရင်း တဲလေးတစ်လုံးကိုတွေ့လိုက်ရလေသည်။

"မောင်တာနော၊ အဘိုးတို့ သတိဝီရိယနဲ့သွားမှဖြစ်မယ်။ အန္တရာယ်က နီးတယ်"

အဘိုးစက္ကသည် အမှောင်ထဲမှ ဝိုးတဝါးတွေ့မြင်ရသည့်တဲကလေးအနီးသို့ချဉ်းကပ်ပြီး အကဲခတ်နေသည်။ ပြီး စိတ်ချလက်ချဟန်ဖြင့် ကျွန်ုပ်ကိုအချက်ပြပြီး' တဲအတွင်းသို့ဝင်ခဲ့မိလေသည်။ တဲအတွင်းသို့ရောက်လျှင် အဘိုးစက္ကသည် မြေကြီးများ ဖုံးနေသည်ကိုဖယ်ရှားပြီး ဖျဉ်ချပ်ကို မ,လိုက်ရာ လူတစ်ကိုယ်စာ ဝင်နိုင်ထွက်နိုင်သည့် လျှို့ဝှက်စွာပြုလုပ်ထားသည့်အပေါက်ကိုတွေ့လိုက်ရလေသည်။

အဘိုးစက္ကသည် လျှို့ဝှက်အပေါက်မှဆင်းသွား၍ ကျွန်ုပ်ပါဝင်လိုက်မိခဲ့လေသည်။ အဘိုးစက္ကသည် အသင့်ပါလာသည့် မီးတုတ်ကိုထွန်းပြီး မြေအောက်လမ်းကလေးတွင် သွားနေရာမှ အခန်းတစ်ခုကိုတွေ့လိုက်ရ၍ ပိတ်ထားသည့်အခန်းတံခါးကို ဖွင့်လိုက်ပြီး. . .

"မောင်တာနော. . . အခန်းထဲကိုဝင်၊ အန္တရာယ်နီးလာပြီ"

အဘိုးစက္ကူသည် ကျွန်ုပ်ကိုသတိပေးပြီး အခန်းတံခါးကိုပိတ်လိုက်လေသည်။ ကျွန်ုပ်သည် မီးတုတ်အလင်းရောင်ဖြင့်တွေ့ရသည့် အခန်းတံခါးကိုကြည့်ပြီး အဘိုးစက္ကူ ဘာကြောင့် ကျွန်ုပ်ကိုလျှို့ဝှက်စွာခေါ်လာခဲ့သည့်အဖြစ်ကို သဘောမပေါက်နိုင်ဘဲဖြစ်နေမိလေသည်။

အဘိုးစက္ကူသည် မီးတုတ်အလင်းရောင်ဖြင့် အခန်းထဲသို့ အနှံ့ကြည့်ရှုပြီး တစ်စုံတစ်ခုကိုတွေ့လိုက်ရသဖြင့် မျက်နှာ ရွှင်ပျသွားလေသည်။

အဘိုးစက္ကူသည် အခန်းဒေါင့်ရှိ မြေသားနံရံတွင် စာအုပ်စင်လေးကိုတွေ့ရှိပြီး စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ်ကြည့်နေလေသည်။ ကျွန်ုပ်သည် အဘိုးစက္ကူကိုကြည့်ပြီး စာအုပ်စင်ပေါ်မှ စာအုပ်တစ်အုပ်ကိုယူပြီး ကြည့်လိုက်မိရာ ကိုမိုးဇွေနာမည်လေးကိုတွေ့လိုက်ရ၍ ကျွန်ုပ်ရရှိခဲ့သည့် ကိုမိုးဇွေစာအုပ်လေးကိုအမှတ်ရမိသွားလေသည်။

"မောင်တာနော. . . အဘိုးတို့ ဒီအခန်းထဲကနေ အမြန်ဆုံးထွက်မှဖြစ်မယ်"

ကျွန်ုပ်ကို အဘိုးစက္ကူပြောဆိုနေစဉ်. . .





"ဝှန်း! "

ဟူသောအသံကြီးကိုကြားလိုက်ရ၍ ကျွန်ုပ်ရင်ထိတ်သွားမိလေသည်။ ကျွန်ုပ်နှင့် အဘိုးစက္ကူသည် အခန်းထဲမှ ထွက်လိုက်ပြီး မြေအောက်လမ်းကလေးအတိုင်း လာခဲ့မိရာ ရုတ်တရက်ကြားလိုက်ရသောစကားသံသဲ့သဲ့ကြောင့် ကျွန်ုပ်နားစွင့်လိုက်မိလေသည်။

ကျွန်ုပ်နှင့်အဘိုးစက္ကူ အသံကြားရာဆီသို့လာခဲ့မိရာ မအေးမိ၏အသံကိုကြားလိုက်ရ၍ ကျွန်ုပ်အံ့ဩသွားမိလေသည်။



## အခန်း ( ၁၂ )

"ကိုသင်းထုံ၊ ကိုတာနေ့ာ ရုတ်တရက်ပျောက်ဆုံးသွားတာ အတော်ဆန်းကြယ်တယ်လို့ ကျွန်မထင်တယ်။ မြေအောက်ခန်း ရှိတယ်ဆိုတာ ကျွန်မတို့ကလွဲပြီး ဘယ်သူမှမသိကြဘူးမဟုတ်လား"

"ဟုတ်တယ်. . . မအေးမိ။ ကျုပ်လည်း စဉ်းစားလို့မရတာ အမှန်ပဲ။ ကျုပ်အထင်ပြောရရင် မြေအောက်ခန်းကနေ တခြားကို သွားနိုင်တဲ့မြေအောက်ခန်းတစ်ခန်းတော့ ရှိနိုင်လိမ့်မယ်ထင်တယ်။ ပြီးတော့. . . တာနေ့ာကို တစ်ဦးတင်ယောက်ကများ ကယ်တင် သွားနိုင်တယ်လို့ ကျုပ်ထင်တယ် မအေးမိ"

"မဖြစ်နိုင်ဘူး. . . ကိုသင်းထုံ။ ဒီအိမ်ကြီးရဲ့ မြေအောက်

လျှို့ဝှက်ခန်းကို အဘိုးဝေဠုပြခဲ့လို့ ကျွန်မအားလုံးသိခဲ့ပြီးပြီ။ ဘာ ပဲဖြစ်ဖြစ် ကျွန်မတော့ ကိုတာနော မသေသေးဘူးဆိုတာ ယုံကြည် တယ်။ ဒီတော့ ကိုသင်းထုံတို့အဖွဲ့က ကိုတာနောကို မတွေ့တွေ့ အောင်ရှာဖို့ပဲ။ လောလောဆယ် ကိုသင်းထုံတို့ခေါ်လာခဲ့တဲ့လူက အရေးကြီးတယ်. . . ဟုတ်လား"

"ဟုတ်တယ်. . . မအေးမိ။ မအေးမိရှေ့မှာပဲ ကျုပ်ဘယ်လို မေးမေး၊ မရတာ ခက်နေတယ်"

မအေးမိနှင့်ကိုသင်းထုံစကားသံများကိုကြားရပြီး တိတ်ဆိတ် သွားလေသည်။ မအေးမိသည် ကျွန်ုပ်အပေါ် အခဲမကျေဟန်ရှိသည် ကိုသိလိုက်ရ၍ ကျွန်ုပ်စိတ်ထဲတွင် ခံပြင်းသွားမိလေသည်။

အဘိုးစက္ကသည် ကျွန်ုပ်၏အခြေအနေကို ရိပ်စားမိဟန်တူ သည်။ ကျွန်ုပ်ကိုခေါ်ဆောင်ပြီး မြေအောက်ခန်းမှ ထွက်ခဲ့မိလေ သည်။ ကျွန်ုပ်ကြည့်လိုက်မိရာ တဲကလေးအတွင်းမှ သွားရောက် နိုင်သည့်မိစ္ဆာအိမ်ကြီးအဖြစ်ကို အံ့ဩနေမိလေသည်။

"အဘိုးတို့ကြုံခဲ့ရတဲ့အဖြစ်ကို အံ့ဩနေပြီလား. . . မောင် တာနော"

"ဟုတ်တယ်အဘိုး။ ဒါပေမဲ့ မအေးမိ ကျုပ်အပေါ်ကိုမကျေ မနပ်ဖြစ်နေတယ်ဆိုတာ တွေးလို့မရဘူးအဘိုး။ ပြီးတော့ အဘိုးနဲ့





ကျုပ်သွားခဲ့တဲ့တဲကလေးကနေ မိစ္ဆာအိမ်ကြီးကိုသွားနိုင်တဲ့ လျှို့ဝှက် လမ်းကို မအေးမိ မသိသေးဖူးနဲ့တူတယ်"

"အဘိုးက ငယ်စဉ်ကတည်းက သည်လမ်းကိုသိခဲ့ရပေမယ့် ဒီနေ့မှ ထူးထူးခြားခြား အခန်းထဲမှာစာအုပ်စင်တွေ့ခဲ့ရတယ် မောင် တာနော။ အဘိုးတို့မရောက်ခင် ဒီအခန်းထဲမှာ လူတစ်ယောက် ယောက် နေထိုင်သွားခဲ့တာဖြစ်နိုင်တယ်"

အဘိုးစက္ကစကားကြောင့် ကျွန်ုပ်သည် စာအုပ်စင်ပေါ်မှတွေ့ ရသည့် ကိုမိုးစွေနာမည်နှင့်တွေ့ရသည့်စာအုပ်လေးကို တွေ့လိုက် ရ၍ ပို၍အံ့ဩနေမိသည်။

"ကျုပ်အထင်ပြောရရင် ကျုပ်နဲ့အဘိုး ရောက်ခဲ့တဲ့အခန်း မှာ လူတစ်ယောက်နေခဲ့တာ သိပ်မကြာသေးဘူးနဲ့တူတယ်အဘိုး"

"မောင်တာနောပြောသလို ဖြစ်နိုင်တယ်ကွယ့်။ ခက်နေတာ က ဒီအခန်းရှိခဲ့တာကို အဘိုးတစ်ယောက်ပဲ သိခဲ့တာကွယ့်။ ဒါပေမဲ့ အခန်းထဲမှာ လူနေသွားတယ်ဆိုတော့"

အဘိုးစက္ကသည် ကျွန်ုပ်ကိုစကားမဆိုနိုင်ဘဲ အတန်ကြာ သည်အထိ စဉ်းစားနေဟန်တူသည်။ ကျွန်ုပ်သည် အမှတ်မထင် တွေ့ရှိခဲ့သည့် ကိုမိုးစွေနာမည်လေးကို စိတ်ဝင်စားမိကာ အဘိုး စက္ကကိုမေးမြန်းလိုက်မိသည်။

ရွှေပဒေသာစာပေ

"စာအုပ်စင်မှာ ကျပ်အမှတ်မထင်တွေ့ခဲ့ရတာက ကိုမိုးဇွေ ဆိုတဲ့နာမည်ပဲ အဘိုး"

"ဘာ! မောင်တာနော။ ကိုမိုးဇွေဟုတ်လား"

ကျွန်ုပ်စကားကြောင့် အဘိုးစက္ကသည် အံ့အားသင့်သွားလေသည်။ အတန်ကြာမှ. . .

"အဘိုးတို့အတွက် အန္တရာယ်တစ်ခု တိုးလာပြီ. . . မောင် တာနော"

"အန္တရာယ် ဟုတ်လားအဘိုး။ ကိုမိုးဇွေကို အဘိုးစက္ကသိခဲ့ လို့လား"

"မောင်တာနောပြောပြမှ. . . အဘိုးသိရလို့ အံ့သြမိခဲ့တာ အမှန်ပဲ။ ဒီလျှို့ဝှက်အခန်းထဲကို ကိုမိုးဇွေ ဘာကြောင့်ရောက်ခဲ့ တယ်ဆိုတာ အဘိုးစဉ်းစားလို့မရဘူး။ ကဲ. . . အချိန်တောင် လင့် နေပြီ။ အဘိုးတို့ပြန်ကြစို့"

အဘိုးစက္ကနှင့်ကျွန်ုပ်သည် ခရီးဆက်ခဲ့မိရာ မကြာမီ မရဏာ စံအိမ်ကို ပြန်ရောက်ခဲ့လေသည်။ ကျွန်ုပ်တို့ မရဏာစံအိမ်သို့ပြန် ရောက်ခဲ့သည့်တိုင် ဒီပါ မအိပ်သေးဘဲ စောင့်ကြိုနေသည်ကိုတွေ့ လိုက်ရလေသည်။

"မြေး. . . ဒီပါ ညဥ့်နက်လှပြီ။ မအိပ်သေးဘူးလားကွယ်"





"မြေး. . . ဘိုးဘိုးကိုမတွေ့ရလို့ စောင့်နေတာ ဘိုးဘိုးရဲ့။ ဘိုးဘိုးဘယ်သွားနေတာလဲ။ ဘိုးဘိုးတစ်ကိုယ်လုံး ချွေးတွေရွှဲနစ် နေပါလား"

"ဘိုးဘိုး ဘယ်မှမသွားပါဘူး. . . မြေးဒီပါရယ်။ ဟောဒီက မောင်တာနောက ရှုခင်းတစ်ခုကိုကြည့်ချင်တယ်ဆိုလို့ အဘိုးလိုက် ပို့ခဲ့တာပါ။ ကဲ. . . ညဥ့်နက်လှပြီ မြေးဒီပါ။ မနက်ကျမှ အဘိုး ပြောပြပါ့မယ်"

အဘိုးစက္က၏စကားကြောင့် ဒီပါသည် ကျွန်ုပ်ကိုကြည့်ပြီး အခန်းထဲသို့ဝင်သွားလေသည်။ အဘိုးစက္ကသည် ကျွန်ုပ်ကိုကြည့် ပြီး. . .

"မောင်တာနောလည်း ခရီးပန်းလှပြီမဟုတ်လား။ အနား ယူလိုက်ပါဦး။ မနက်ကျရင် ဒီပါရဲ့ပန်းချီကားကို ဆက်ပြီးဆွဲရဦး မယ်မဟုတ်လား"

ကျွန်ုပ်သည် ခရီးပန်းလာသည့်တိုင် အဘိုးစက္ကနှင့်အတူ ရောက်ခဲ့သည့် မြေအောက်လျှို့ဝှက်အခန်းမှ တွေ့ရသည့် ကိုမိုးဇွေ နာမည်နှင့်စာအုပ်ကိုအတွေးဝင်မိပြီး အဘိုးစက္ကကိုနှုတ်ဆက်ပြီး အခန်းထဲသို့ဝင်ပြီး အနားယူလိုက်မိသည်။

ကျွန်ုပ်သည် မြေအောက်ခန်းထဲမှ ရရှိခဲ့သည့် ကိုမိုးဇွေ

စာအုပ်လေးကိုဖတ်လိုက်မိသည်။

ထိုစဉ် ရုတ်တရက် ခြံကြီးအပြင်ဘက်ဆီမှ ကြားလိုက်ရသည့် အသံကြီးကြောင့် ကျွန်ုပ်သည် အိပ်ရာပေါ်မှ လူးလဲထပြီး ပြတင်းပေါက်တံခါးကိုဖွင့်၍ ကြည့်လိုက်မိသည်။ ညအမှောင်ကြားမှ မီးတုတ်အလင်းရောင်ဖြင့် လူပုလေး သုံးလေးဦးသည် လူတစ်ဦးကို ဖမ်းဆီးခေါ်လာသည်ကိုတွေ့လိုက်ရလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် အောက်ထပ်သို့ဆင်းလာမိစဉ် ဧည့်ခန်းအတွင်းမှ ထိုင်နေသည့်အဘိုးစက္ကုကို တွေ့လိုက်ရလေသည်။

"မောင်တာနော မအိပ်သေးဘူးလားကွယ့်။ ဘာဖြစ်လို့လဲ"

"ခြံကြီးထဲက အသံတွေကြားရလို့အဘိုး။ လူပုလေးတွေ လူတစ်ယောက်ကိုဖမ်းဆီးလာတာတွေ့ရလို့ ဆင်းလာခဲ့တာပါ"

"ဪ. . . ဒါလား။ မောင်တာနောအဖို့ အထူးအဆန်းဖြစ်နေပြီနဲ့တူတယ်။ လူပုလေးတွေက ခုလို လမိုက်ရက်ကျရင် လူတစ်ယောက်ကို အမြဲတမ်းဖမ်းလာတတ်ကြတယ်"

"ဗျာ! လူကိုဖမ်းတယ်. . . ဟုတ်လား။ ဘာဖြစ်လို့ဖမ်းတာလဲ အဘိုး"

ကျွန်ုပ်၏စကားကြောင့် အဘိုးစက္ကုသည် ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း. . .





"ဒီအဖြစ်ကို မောင်တာနောကို အဘိုးပြောပြဖို့ မေ့လျော့မိတာအမှန်ပဲ။ အဘိုးဟာ ဘာကြောင့် ဒီနေရာမှာ လျှို့ဝှက်ပြီး နေထိုင်ခဲ့ရတယ်ဆိုတာ မောင်တာနော သိတန်သလောက် သိပြီးရောပေါ့ကွယ်"

"သိ. . . သိပါတယ်အဘိုး"

"အေး. . . ဒါကြောင့် အဘိုးမတော်လို့ တိမ်းပါးခဲ့ရင် အဘိုးမြေးလေးဒီပါအတွက် စိတ်ချအောင် အဘိုးကြိုတင်စီမံခဲ့တယ်ဆိုရင် မမှားခဲ့ဘူး။ ခု. . . မောင်တာနော တွေ့ရတဲ့အဖြစ်က အဘိုးတို့နေတဲ့နေရာကို မအေးမိတို့က သိသွားကြပြီကွယ့်။ ဒါကြောင့် အဘိုးတို့နေရာကို ချဉ်းကပ်လာတဲ့သူတိုင်း ခုလိုမေးမြန်းရတာပဲ"

အဘိုးစက္ကုသည် စိတ်မချနိုင်သည့်မျက်နှာထားဖြင့် ပြောဆိုနေ၍ ကျွန်ုပ်စိတ်မကောင်းဖြစ်မိလေသည်။

"ဒါဆို အဘိုး ဘယ်လိုကြံစည်ထားတယ်ဆိုတာ ကျုပ်သိပါရစေ"

"အဘိုးကြံစည်ထားတာက အဘိုးနေတဲ့ ဟောဒီမရဏာစံအိမ်ကနေ တစ်နေရာကိုပြောင်းရွှေ့ဖို့စီမံထားတယ် မောင်တာနော"

"အဘိုး. . . မရဏာစံအိမ်က ပြောင်းမယ်. . . ဟုတ်လား"

"ဒါကြောင့် အဘိုး မောင်တာနောကိုခေါ်ပြီး မိစ္ဆာစံအိမ်ကို

သွားနိုင်တဲ့ လျှို့ဝှက်မြေအောက်လမ်းကို ပြခဲ့တာပါပဲ။ အဲဒီမြေအောက်ခန်းကနေ မိစ္ဆာအိမ်ကြီးအပေါ် ထပ်ကိုတက်ရောက်နိုင်တာက အဘိုးတို့ ရောက်ခဲ့တဲ့အခန်းပဲ မောင်တာနော။ ဘာကြောင့် အဘိုး မောင်တာနောကို ဒီလျှို့ဝှက်မြေအောက်အခန်းကို ပြခဲ့တာ မောင်တာနော. . . ဘယ်လိုထင်လဲ"

"ဗျာ. . . အဘိုး။ ကျွန်ုပ်ဘယ်လိုထင်ခဲ့လဲ ဟုတ်လား။ ကျွန်ုပ် ဘယ်လိုနားလည်ရမှန်းတောင်မသိပါဘူး အဘိုးရယ်"

"အဘိုးက ဘယ်သူမှမသိတဲ့ မြေအောက်ခန်းကို မောင်တာနောကိုပြခဲ့တာက ရှင်းရှင်းပြောရရင် အဘိုးမြေးဒီပါအတွက် အဘိုးရဲ့မိဘတွေထားခဲ့တဲ့ ဇမ္ဗူဒီပါဆိုတဲ့ရတနာသိုက်ကြောင့်ပဲ မောင်တာနော"

ကျွန်ုပ်သည် အဘိုးစက္ကူ၏ ဇမ္ဗူဒီပါရတနာသိုက် စကားကြောင့် တအံ့တသြဖြစ်မိလေသည်။ ကျွန်ုပ်သည် ကိုစက်ရှိန် မရဏစံအိမ်သို့လွှတ်လိုက်စဉ် ကြုံတွေ့ခဲ့ရသောအဖြစ်များကို နားမလည်နိုင်ဘဲရှိခဲ့ရာ အဘိုးစက္ကူကြောင့် နားလည်သဘောပေါက်မိလေသည်။ သို့တိုင် ကျွန်ုပ်အပေါ် လှည့်စားခဲ့ပြီး ခါးခါးသီးသီးမုန်းတီးနေဆဲဖြစ်သည့် မအေးမိ၏ထူးခြားသည့်နှလုံးသားကြောင့် ပို၍ထူးဆန်းနေပေသည်။





"ဒါပေမဲ့. . . မောင်တာနောရယ်။ အဘိုးရဲ့မြေးလေး ဒီပါရဲ့ ဘဝကံကြမ္မာက ညှိုးနွမ်းလွန်းပါတယ်။ အဘိုးလည်း မြေးလေးဒီပါကိုတွေ့မြင်တိုင်း နှလုံးသားကြေကွဲမတတ် ခံစားရပါတယ်။ ဒါကြောင့်လည်း ဇမ္ဗူဒီပါဆိုတဲ့ရတနာသိုက်ကိုရှာဖွေနေခဲ့တာ အမှန်ပဲ"

"ဒါဆိုရင် ဇမ္ဗူဒီပါရတနာသိုက်ကို အဘိုး ခုအထိ ရှာဖွေလို့ မရသေးဘူးပေါ့"

"ဟုတ်တယ်. . . မောင်တာနော။ အဘိုးရဲ့မိဘတွေက မြေးဒီပါကို ရတနာသိုက် လွှဲအပ်ခဲ့ပေမယ့် ဘယ်နေရာမှာ အတိအကျထားတယ်ဆိုတာ မသိရသေးဘူးကွယ့်"

"အဘိုးအစ်ကိုကြီး ဦးဝေဠုက ဒီရတနာသိုက်ရှိတယ်ဆိုတာ သိနေပြီလားအဘိုး"

"ခက်နေတာက အဘိုးအစ်ကိုကြီး ဦးဝေဠုက အဘိုးတို့ကို ဇမ္ဗူရတနာသိုက်သိတယ်ဆိုတာ ယုံကြည်ပြီး လောဘသက္ကာယဇောနဲ့ အဘိုးနဲ့ မြေးဒီပါအသက်ကို ရန်ရှာခဲ့တာပဲ"

အဘိုးစက္ကူစကားကြောင့် ကျွန်ုပ်သည် မအေးမိပြောပြခဲ့သည့် အဘိုးဝေဠုပျောက်ဆုံးနေသည့်စကားကို အမှတ်ရမိသွားလေသည်။

"ကျုပ် မိစ္ဆာအိမ်မှာ နေခဲ့တုန်းက မအေးမိပြောပြတဲ့စကား အရဆို အဘိုးအစ်ကိုကြီး ဦးဝေဠုက ထူးထူးဆန်းဆန်းပျောက်ဆုံး နေတယ်လို့ပြောတာ အမှတ်ရမိတယ်အဘိုး။ ပြီးတော့ ဦးဝေဠု ဟာ. . . လပြည့်ညရောက်တိုင်း ဘွားမယ်ညိုကို ရှာနေတယ်ဆိုတဲ့ စကားပဲအဘိုး"

"ဘာ! မယ်ညို။ ဟုတ်လား မောင်တာနော"

"ဟုတ်တယ်. . . အဘိုး။ ဘွားမယ်ညို ဆုံးပါးခဲ့ပေမယ့် ခု တိုင် မကျွတ်မလွတ်ဘဲ မိစ္ဆာအိမ်ကြီးမှာ ရှိနေတယ်ဆိုတာ ယုံကြည် နေကြတယ်အဘိုး"

"အင်း. . . မယ်ညို. . . မယ်ညို။ ခုအထိ အစွဲအလမ်းကြီး နေသေးပါလား"

အဘိုးစက္ကသည် တစ်ကိုယ်တည်း ရေရွတ်နေသည်ကို ကြား လိုက်ရ၍ ကျွန်ုပ် တွေးဆမရနိုင်အောင်ဖြစ်မိလေသည်။

"ကျုပ်. . . အဘိုးနဲ့ ဒီပါအတွက် ဘာအကူအညီပေးရမှာလဲ အဘိုး။ ကျုပ်အသက်ကို အဘိုးကယ်တင်ခဲ့တာကို ကျေးဇူးဆပ်ပါ ရစေ"

"ခုလို မောင်တာနော အဘိုးရဲ့ကျေးဇူးတရားကို သိတတ် တဲ့နှလုံးသားကို အဘိုးလေးစားပါတယ်ကွယ်။ အဘိုးပြောချင်တာ





က မောင်တာနော မြေးလေးဒီပါရဲ့ပုံတူပန်းချီကားကို အမြန်ဆုံး ဆွဲပြီး မောင်စက်ရှိန်ထံ ပြန်သွားပါ။ မောင်စက်ရှိန်အခြေအနေ ကိုစုံစမ်းပြီး အဘိုးနောက်ကို ပြန်လိုက်ခဲ့ပေတော့"

"ကျုပ်က ဘယ်ကိုလိုက်ခဲ့ရမှာလဲအဘိုး"

"ဒီအတွက် ဘာမှစိတ်မပူနဲ့တော့ မောင်တာနော။ အဘိုး နဲ့ မောင်တာနော နားခိုခဲ့တဲ့ဇရပ်ပျက်ကြီးကိုလာခဲ့ပါ။ အဘိုး လူ တစ်ယောက်ကို ကြိုခိုင်းထားပါမယ်။ အဲဒီလူက အဘိုးဆီကိုလိုက်ပို့ လိမ့်မယ်. . . မောင်တာနော"

ကျွန်ုပ်သည် အဘိုးစက္ကကိုနှုတ်ဆက်ပြီး အခန်းထဲသို့ ပြန် ဝင်လာပြီး ကျွန်ုပ် ဆွဲလက်စဖြစ်သည့် ဒီပါ၏ပုံတူပန်းချီကားကို အမြန်ဆုံးပြီးအောင် ဆွဲနေမိလေသည်။ ကျွန်ုပ်သည် ဒီပါ၏ပုံတူ ပန်းချီကားကို စိတ်တိုင်းကျဆွဲပြီး အဘိုးစက္ကထံအပ်ကာ ကိုစက်ရှိန် ထံသို့ ပြန်လာမိလေသည်။



## အခန်း ( ၁၃ )

"အြော်. . . မောင်ရင်လေး ပြန်ရောက်လာပြီကိုး"

ကျွန်ုပ်သည် ကိုစက်ရှိန်အိမ်ကြီးအတွင်းသို့ ရောက်ရှိလာစဉ် ဆီးကြိုကြားလိုက်ရသည့်စကားသံကြောင့် ကြည့်လိုက်မိရာ သမားတော်ကြီး ဦးဖူးညိုကိုတွေ့လိုက်ရလေသည်။ ဦးဖူးညိုသည် ကျွန်ုပ်ကိုကြိုဆိုပြီး စားဖွယ်ရာများဖြင့် ဧည့်ခံလေသည်။ သို့တိုင် ကျွန်ုပ်ရင်ထဲတွင် ကိုစက်ရှိန်ကိုတွေ့လိုမြင်လိုသည့်ဆန္ဒကို မမျိုသိပ်နိုင်ဘဲ ဖြစ်နေမိလေသည်။

"ဆရာကြီး. . . ကိုစက်ရှိန် ကျန်းကျန်းမာမာရှိတယ်မဟုတ်လား"

"မောင်စက်ရှိန် ကျန်းကျန်းမာမာရှိပါတယ်ကွယ့်။ မောင်ရင်လေးကိုလည်း အမြဲမပြတ်မျှော်နေရရှာတယ်ကွယ့်။ မောင်စက်ရှိန်ရောဂါအတွက် ဆေးဝါးမပြတ်အောင် ဆေးချက်လိုက်ပြီး ကုသခဲ့လို့ ကျန်းကျန်းမာမာရှိပေမယ့် မောင်စက်ရှိန် ခံစားနေရတဲ့ ဝေဒနာတစ်ခုကိုတော့ ဆရာကြီးကုသနေတုန်းပဲ မောင်ရင်လေး"

ကျွန်ုပ်သည် ဆရာကြီး ဦးဖူးညိုစကားကို ကြားလိုက်ရ၍ နားလည်လိုက်မိသလို မရဏာစံအိမ်မှ ဒီပါ့မျက်နှာလေးကို မြင်ယောင်မိလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကိုစက်ရှိန်အခန်းထဲသို့ ဝင်လိုက်မိသည်။ ကိုစက်ရှိန်သည် ခုတင်ပေါ်တွင် မှိန်းနေသည်ကို တွေ့လိုက်ရ၍ ကျွန်ုပ် အကဲခတ်ကြည့်ရှုလိုက်မိလေသည်။ ကိုစက်ရှိန်သည် ပိန်လှီညှိုးနွမ်းသည့်ခန္ဓာကိုယ်ဖြင့် ဝေဒနာခံစားနေရသည်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်အံ့အားသင့်သွားမိလေသည်။

"ကိုစက်ရှိန် . . . ကိုစက်ရှိန်"

ကျွန်ုပ်အတန်တန်ခေါ်လိုက်မှ ကိုစက်ရှိန်သည် မျက်စိဖွင့်ပြီး ကျွန်ုပ်ကိုတွေ့လိုက်ရ၍ ဝမ်းသာသွားလေသည်။

"ကိုတာနော ပြန်ရောက်လာပြီကိုး"

"ဟုတ်တယ် ကိုစက်ရှိန်။ ကျုပ် မရဏာစံအိမ်ကိုရောက်ခဲ့တယ်။ ပြီးတော့ ဒီပါ့ကိုပါ တွေ့ခဲ့ရတယ်"





"ဘာ! ဒါဆို ဒီပါ. . . ဒီပါ မသေဘူး။ ဟုတ်လားကိုတာနော"

"ကိုစက်ရှိန်ထင်သလို ဒီပါ တကယ်မသေဘူး"

"ကျုပ်ဝမ်းသာလိုက်တာ ကိုတာနောရယ်။ ကျုပ်ဝမ်းသာလိုက်တာ။ ဒီပါက ကျုပ်ကိုဘာပြောသေးလဲ။ ပြောစမ်းပါဦး ကိုတာနော။ ကျုပ် ဒီပါကိုတွေ့ချင်လိုက်တာ. . . ကိုတာနောရယ်"

ကိုစက်ရှိန်သည် ဒီပါ မသေဘူးဆိုသည့်စကားသံကို ကြားလိုက်ရ၍ ဝမ်းသာအားရဖြစ်သွားသည်ကိုတွေ့လိုက်ရသည်။ ပြီး ကိုစက်ရှိန်အဆက်မပြတ်မေးသည့်စကားကို ကျွန်ုပ်အဖြေပေးရန် တွန့်ဆုတ်သွားမိလေသည်။

ကျွန်ုပ်သည် ကိုစက်ရှိန်မျက်နှာကို ကြည့်လိုက်မိသည်။ ကိုစက်ရှိန်သည် ဒီပါ့စကားကို မျှော်လင့်တကြီးရှိနေသည်ကို တွေ့လိုက်ရ၍ ကျွန်ုပ်မနေသာတော့ချေ။

"ဒီလို. . . ကိုစက်ရှိန်ရဲ့။ ကျုပ် ဒီပါနဲ့တွေ့တော့ ကိုစက်ရှိန်ကို မေးပါတယ်။ ပြီးတော့ ဒီပါ့အဘိုးဦးစက္ကက ကိုစက်ရှိန်ရဲ့ ဒီပါ့အပေါ်ထားခဲ့တဲ့ မေတ္တာစစ်မေတ္တာမှန်ကိုသိပြီး. . . ကိုစက်ရှိန်ကို တောင်းပန်စကားဆိုလိုက်ပါတယ်"

"ကျုပ်. . . ဒီပါရဲ့အဘိုး ဦးစက္ကဆီက ခုလိုစကားကို ကြားရတော့ ကျုပ်ဝမ်းသာမိပါတယ်။ ကျုပ် ဒီပါဆုံးပါးပြီဆိုကတည်း

က ကျုပ်နှလုံးသားမှာ ကြေကွဲမိတာအမှန်ပါ။ ဒီပါကရော ကျန်းကျန်းမာမာပဲမဟုတ်လား ကိုတာနော"

"ဒီပါက ကျန်းကျန်းမာမာပါပဲ ကိုစက်ရှိန်။ ကျုပ် ဒီပါကို အကဲခတ်ကြည့်ရှုသမျှ ကိုစက်ရှိန်အပေါ်မှာ မေတ္တာမပျက် ရှိပါတယ်။ ဒါပေမဲ့ အဘိုးစက္ကရဲ့သဘောထားကြောင့် အားငယ်နေတာအမှန်ပဲ ကိုစက်ရှိန်။ ဒီအဖြစ်ကို အဘိုးစက္ကသိပေမယ့် ဒီပါမသိအောင် ကျုပ်ကိုကတိတောင်းခံခဲ့လို့ ကျုပ် ဒီပါကိုမပြောဖြစ်ခဲ့တာပါ"

"အေးဗျာ. . . ကျုပ် ကိုတာနောကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင်မသိပါဘူး။ ကျုပ် ဒီနေ့ကစပြီး ဒီပါ့ပုံကိုဆွဲမယ် ကိုတာနော။ ပြီးတော့ ဒီပါ့ဆီကို ကျုပ်သွားမယ်"

ကိုစက်ရှိန်သည် ရုတ်ချည်းပင် ဝေဒနာယူပစ်သကဲ့သို့ ခုတင်ပေါ်မှလူးလဲထပြီး ဒီပါ၏ပန်းချီကားဆွဲရန် ပြင်ဆင်နေ၍ ကျွန်ုပ်တားမြစ်လိုက်ရလေသည်။

"ဖြည်းဖြည်းပေါ့. . . ကိုစက်ရှိန်ရယ်။ လောလောဆယ် ကိုစက်ရှိန် အာဟာရပြည့်အောင် ဆေးဝါးစာတ်စာ စားပြီးမှ ကျုပ်နဲ့အတူ မရဏာစံအိမ်ကိုသွားကြတာပေါ့"

ကျွန်ုပ်စကားကြောင့် ကိုစက်ရှိန်သည် သဘောပေါက်သွား





ဟန်ဖြင့် နှစ်ဦးသား ညေ့ခန်းသို့ထွက်လာမိသည်။ ညေ့ခန်းအတွင်းထိုင်နေသည့် သမားတော်ကြီးဦးဖူးညိုသည် ကိုစက်ရှိန်အဖြစ်ကို တွေ့လိုက်ရ၍ အံ့ဩသွားလေသည်။

"မောင်စက်ရှိန် ဘယ့်နှယ် အရေးတကြီးထွက်လာခဲ့တာလဲ။ မတော်. . . လဲနေမှဖြင့် အခက်တွေ့နေပါဦးမယ်"

"ကိုစက်ရှိန်အတွက် စိတ်ချတော့ဆရာကြီး။ လိုအပ်တာက ကိုစက်ရှိန် အာဟာရပြည့်ဖို့ ဆေးဝါးစာတ်စာပဲ ဆရာကြီး"

ကျွန်ုပ်စကားကြောင့် သမားတော်ကြီးဦးဖူးညိုသည် ကိုစက်ရှိန်ကိုကြည့်ပြီး သဘောပေါက်သွားဟန်ဖြင့်. . .

"ခုလို. . . မောင်စက်ရှိန်ဝေဒနာ ရုတ်ချည်းသက်သာတာကိုတွေ့ရလို့ ဆရာကြီး ဝမ်းသာပါတယ်။ မောင်တာနောလည်း ပြန်ရောက်လာတယ်ဆိုတော့ ဆရာကြီး ဆေးဝါးကုသဖို့ ခရီးထွက်ချင်တယ် မောင်စက်ရှိန်။ မောင်စက်ရှိန်သဘောထားကရော"

"ဆရာကြီးဆန္ဒအတိုင်းပါ။ ဒါပေမဲ့ ရက်တော့ သိပ်မလင့်စေနဲ့ဆရာကြီးရယ်"

"စိတ်ချစမ်းပါ မောင်စက်ရှိန်ရယ်။ ဆရာကြီး မကြာပါဘူး။ ပြန်လာခဲ့မှာပါ။ ကဲ. . . မောင်တာနော၊ မောင်စက်ရှိန်ကိုတော့ ဂရုစိုက်ပါကွယ်"

သမားတော်ကြီး ဦးဖူးညိုသည် ကျွန်ုပ် ကိုစက်ရှိန်ထံ ပြန်ရောက်ရှိလာ၍ စိတ်ချလက်ချထားပြီး ဆေးဝါးကုသရန်ထွက်သွားလေသည်။ ကျွန်ုပ်သည် ကိုစက်ရှိန်ကိုအနီးကပ်ပြုစုရာ ကိုစက်ရှိန်ကျန်းမာရေးအတန်ကောင်းမွန်လာ၍ ကျွန်ုပ်ဝမ်းသာမိလေသည်။ ကိုစက်ရှိန်သည် ကျန်းမာရေးကောင်းမွန်လာသည်နှင့်အမျှ ပန်းချီခန်းထဲသို့ နေ့စဉ်ဝင်ကာ ဒီပါ၏ပုံတူပန်းချီကားကိုဆွဲနေလေသည်။

"ကိုစက်ရှိန်. . . ကျန်းမာရေးကိုလည်း ငဲ့ကွက်ပါဦးဗျား ကျုပ်. . . ကိုစက်ရှိန်ကြည့်ပြီး စိုးရိမ်မိတာအမှန်ပဲ"

"ကိုတာနော့ရယ်. . . ကျုပ်ဘဝမှာ ဒီပါကြောင့် ခုလိုစိတ်ကျန်းမာလာတာပဲမဟုတ်လား"

ကျွန်ုပ်သည် ကိုစက်ရှိန်စကားကြောင့် ဝမ်းသာသွားမိလေသည်။ ဒီပါ့အဖြစ်မှန်ကို ကိုစက်ရှိန်သိလျှင် ဝေဒနာခံစားရမည်ကိုရိပ်စားလိုက်မိလေသည်။

"ကျုပ်အတွက် စိတ်မပူပါနဲ့ ကိုတာနော့ရယ်။ ကျုပ် ဒီပါကိုအကောင်းဆုံးလက်ဆောင်ပေးဖို့ ကြိုးစားပြီး ပန်းချီဆွဲနေရတာမဟုတ်လား။ ဒီတစ်ခါ ကျုပ်လက်ဆောင်ကို ဒီပါတွေ့ရင် သိပ်ဝမ်းသာရှာမှာ. . . ကိုတာနော့"

ကိုစက်ရှိန်သည် ကျွန်ုပ်ကိုပြောဆိုပြီး ဒီပါ့ပုံတူကိုအသက်





ဝင်အောင် ရေးဆွဲနေသည်ကိုတွေ့လိုက်ရလေသည်။ ကျွန်ုပ်သည် ကိုစက်ရှိန်ကိုကြည့်မိရင်း အဘိုးစတ္တကိုသတိရလိုက်မိသည်။ အဘိုးစတ္တသည် ဘာကြောင့် ကျွန်ုပ်ကို ကိုစက်ရှိန်ထံပြန်လွှတ်ပြီး မရဏာစံအိမ်ကိုပြန်လာခိုင်းသည်ကို ကျွန်ုပ်အတွေးမပေါက်နိုင်အောင်ဖြစ်နေမိသည်။

"ကိုစက်ရှိန်ကို ကျုပ်ပြောချင်တဲ့စကားရှိသေးတယ်။ ကျုပ်စကားကို ကိုစက်ရှိန်နားထောင်ပြီး ကျုပ်အပေါ်ကို နားလည်ပေးစေချင်တယ်။ ဒါကလည်း ကိုစက်ရှိန်မြတ်နိုးခဲ့တဲ့ ဒီပါနဲ့ပတ်သက်သို့ပါပဲ"

"ဘာများလဲ. . . ကိုတာနော့ရဲ့။ ကိုတာနော့စကားက ဒီပါနဲ့ပတ်သက်နေတယ်ဆိုတော့ ထူးထူးဆန်းဆန်းဖြစ်နေပါလားဗျ"

"ထူးဆန်းဆို ကိုစက်ရှိန်အတွက်ဆိုရင် မမှားပါဘူး။ ကျုပ်မရဏာစံအိမ်ကိုအသွားမှာ. . . ဒီပါနဲ့ ရုပ်ချင်းခွဲမရအောင်တူတဲ့မအေးမိဆိုတဲ့မိန်းမပျိုတစ်ယောက်နဲ့ဆုံခဲ့မိတယ် ကိုစက်ရှိန်"

"ဘာ. . . ဒီပါနဲ့အလွန်တူတဲ့ မအေးမိ။ ဟုတ်လား. . . ကိုတာနော့"

"ဟုတ်တယ် ကိုစက်ရှိန်။ ကျုပ် မအေးမိကိုတွေ့စက ဒီပါထင်ပြီး ကျုပ်စိတ်တွေ ချောက်ချားခဲ့သေးတယ်။ ကိုစက်ရှိန်က

ကျုပ်ကို ဒီပါဆုံးပါးခဲ့ပြီလို့ပြောခဲ့တာကိုး"

ကျွန်ုပ်အဖြစ်ကို ကိုစက်ရှိန်ကြားလိုက်ရပြီး ပန်းချီဆွဲလက်စ စုတ်တံကိုချပြီး ကျွန်ုပ်အနီးတွင်ထိုင်ကာ ကျွန်ုပ်စကားကို မယုံကြည်နိုင်သည့်အလား အံ့အားသင့်နေလေသည်။

"ကိုတာနောပြောတဲ့မအေးမိက ဒီပါနဲ့ရုပ်ချင်းအတော်ဆင်တာ ကျိန်းသေရဲ့လား"

"ဘယ်နဲ့ပြောပါလိမ့် ကိုစက်ရှိန်ရယ်။ ကျုပ်က ကိုစက်ရှိန်ပြောတဲ့ဒီပါကို မမြင်ဘူးပေမယ့် ကိုစက်ရှိန်အသက်ဝင်အောင် ဆွဲထားတဲ့ ပန်းချီကားထဲက ဒီပါကို ကျုပ်ဘယ်မေ့ပါ့မလဲ။ ပိုပြီး ခိုင်မာအောင်ပြောရရင် ကိုစက်ရှိန်ဆွဲတဲ့ဒီပါပုံတူပန်းချီကားကို မအေးမိတွေ့ပြီး ကြောက်ရွံ့ထိတ်လန့်သွားသေးတယ်"

ကျွန်ုပ်စကားသံကိုနားထောင်ရင်း ကိုစက်ရှိန် အတွေးဝင်သွားဟန်တူသည်။ အတန်ကြာမှ ကျွန်ုပ်ကိုကြည့်ကာ. . .

"ကိုတာနောပြောတဲ့အတိုင်းဆို မအေးမိဆိုတဲ့အမျိုးသမီးက ဘယ်မှာနေတာလဲ ကိုတာနော"

"မအေးမိ နေတာက မိဿာအိမ်ကြီးပဲ ကိုစက်ရှိန်။ ကျုပ်ကို မအေးမိက ပုံတူပန်းချီဆွဲခိုင်းလို့ ကျုပ် မိဿာအိမ်ကြီးကိုရောက်သွားခဲ့တယ်ဆိုပါတော့"





ကိုစက်ရှိန်မျက်နှာသည် ထူးထူးခြားခြားဖြစ်သွားသည်ကို တွေ့လိုက်ရသည်။ ကိုစက်ရှိန်သည် ကျွန်ုပ်ကိုကြည့်ပြီး. . .

"မအေးမိ. . . မအေးမိ။ ကျုပ်ဘယ်လိုရှာရှာ မတွေ့ခဲ့ရပေမယ့် ကိုတာနောနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်ကြုံတွေ့ခဲ့ရတယ်"

ကိုစက်ရှိန်သည် မအေးမိနာမည်လေးကိုရေရွတ်နေသည်ကို တွေ့လိုက်ရ၍ ကျွန်ုပ်အံ့အားသင့်သွားမိသည်။ ကိုစက်ရှိန်၏ရုတ်ချည်းပြောင်းလွဲသည့်မျက်နှာကိုကြည့်ပြီး ကျွန်ုပ်အတွေးရခက်သွားမိသည်။ ကိုစက်ရှိန်သည် မအေးမိအဖြစ်ကိုသိလိုက်ရ၍ မေးကြောကြီးများထောင်အောင် အံကိုတင်းတင်းကြိတ်ပြီး. . .

"ကိုတာနော တွေ့ခဲ့ရတဲ့. . . မအေးမိဆိုတဲ့မိန်းမက ကျုပ်အသက်ကိုရန်ပြုခဲ့တဲ့မိန်းမပဲ ကိုတာနော"

"မအေးမိက ကိုစက်ရှိန်ကိုရန်ပြုခဲ့တယ်. . . ဟုတ်လား"

"အမှန်တော့ ကျုပ်နဲ့မအေးမိဆုံခဲ့မိတာက ကျုပ်ဆွဲတဲ့ပန်းချီပညာကြောင့်ပဲ။ ဒါပေမဲ့ မအေးမိက ရုပ်ရည်လှပသလောက် နှလုံးသားက ဖောက်ပြန်ကောက်ကျစ်ခဲ့တဲ့အတွက် ကျုပ်လမ်းခွဲခဲ့တာပဲ။ ကျုပ်အပေါ် အခဲမကျေနိုင်တဲ့မအေးမိက ကျုပ် ဒီပါနဲ့ပတ်သက်တော့ ပိုပြီးကျုပ်အသက်ကိုရန်ရှာခဲ့တာအမှန်ပဲ ကိုတာနော"

ကိုစက်ရှိန်စကားကြောင့် ကျွန်ုပ်နှင့်မအေးမိ ဆုံခဲ့စဉ် ကို

စက်ရှိန်ကိုမေးနေသည့်အဖြစ်ကို သဘောပေါက်လိုက်မိလေသည်။ ကိုစက်ရှိန်သည် ကျွန်ုပ်ကိုပြောဆိုပြီး တစ်စုံတစ်ခုကိုသတိရမိပြီး အခန်းထဲသို့ဝင်သွားလေသည်။ ကိုစက်ရှိန်သည် အခန်းထဲမှ ပြန်ထွက်လာပြီး ကျွန်ုပ်ကို ပစ္စည်းတစ်ခုပြလိုက်လေသည်။

"ဟသ်ာရုပ်လေးပါလား ကိုစက်ရှိန်"

"ဟုတ်တယ်ကိုတာနေ။ ဒီဟသ်ာရုပ်လေးက ကျုပ်အဘိုးပေးခဲ့တဲ့ပစ္စည်းလေးမို့ ကျုပ်အမြတ်တနိုးသိမ်းဆည်းထားခဲ့တာ ကြာခဲ့ပြီဆိုပါတော့။ ဒါပေမဲ့ ကျုပ် မအေးမိကို ဒီဟသ်ာရုပ်ကို ပြလိုက်မိလို့ ကျုပ်ဘဝ ခုလိုဖြစ်ခဲ့ရတယ်ဆိုရင် မမှားဘူးပေါ့။ ဘာကြောင့် မအေးမိက ကျုပ်အပေါ် အညှိုးတကြီးရှိခဲ့တယ်ဆိုတာ ကျုပ် စဉ်းစားလို့မရခဲ့ဘူး ကိုတာနေ"

ကျွန်ုပ်သည် ဟသ်ာရုပ်လေးကိုကြည့်ရင်း ဖိုးရွှေကြူပေးခဲ့သည့်ဟသ်ာရုပ်လေးကို သတိရလိုက်မိလေသည်။

"ဒီဟသ်ာရုပ်လေးက မအေးမိအတွက် ဘယ်လိုအဓိပ္ပာယ်ရှိခဲ့တယ်ဆိုတာ ကိုစက်ရှိန် မရိပ်စားခဲ့ဘူးလား"

"ကျုပ်အထင်ပြောရရင် . . . မအေးမိက ကျုပ် ပန်းချီပညာထက် ကျုပ်လက်ထဲမှာရှိတဲ့ ဟောဒီဟသ်ာရုပ်လေးကိုခုံမင်နေတာသိရတယ်။ ပြီးတော့ ကျုပ်လက်ထဲက ဟသ်ာရုပ်ကို နည်းအမျိုးမျိုးနဲ့





ရအောင်ကြံခဲ့တယ်ဆိုပါတော့"

ကျွန်ုပ်သည် ကိုစက်ရှိန်အဖြစ်ကိုသိရ၍ မအေးမိလိုချင်သည့် ဟသ်ာရုပ်လေးကိုကြည့်လိုက်မိသည်။ ဟသ်ာရုပ်လေးသည် ကြေးသွန်းထားပြီး လက်ရာမြောက်စွာပြုလုပ်ထားသည်ကိုတွေ့လိုက်ရလေသည်။

"အင်း. . . ကိုစက်ရှိန်ပြောတဲ့အတိုင်းဆို ဒီဟသ်ာရုပ်လေးမှာ လျှို့ဝှက်ချက်တွေရှိမယ်ထင်တယ်။ ဒါကြောင့် ကိုစက်ရှိန်ဆွဲခဲ့တဲ့ ဒီပါပုံတူပန်းချီကားကိုတွေ့လိုက်လို့ ကျုပ်နဲ့ကိုစက်ရှိန် အဆက်အသွယ်ရှိမှန်း သိခဲ့ရတာကိုး။ ပြီးတော့ ကျုပ်ကို ကိုစက်ရှိန်ကိုမေးမရလို့ လူဆိုးတွေနဲ့ထိုးကြိတ်ခိုင်းပြီး မိစ္ဆာအိမ်ကြီးရဲ့မြေအောက်ခန်းမှာ ထားခဲ့တယ် ကိုစက်ရှိန်"

"ကိုတာနေကို မအေးမိက မြေအောက်ခန်းမှာ ထားခဲ့တယ်ဟုတ်လား"

"ကျုပ်က ကိုစက်ရှိန်ကိုမေးတိုင်း ဆုံးပါးခဲ့ပြီလို့ ဘူးကွယ်ခဲ့ပေမယ့် မအေးမိက လုံးဝမယုံကြည်ခဲ့ဘူး။ နောက်ဆုံး ကျုပ်ကို ငွေပေးပြီး ကိုစက်ရှိန်ကိုမေးမရရင် သတ်ဖို့စီစဉ်ခဲ့ကြတယ်"

"တောက်! အတော်ယုတ်မာတဲ့မိန်းမပဲ"

ကျွန်ုပ်စကားကြောင့် ကိုစက်ရှိန်၏တောက်ခတ်သံပြင်းပြင်း

က ပေါ်လာသည်။

"ဒါပေမဲ့. . . အဲဒီညမှာပဲ ကျုပ်ကို ဘိုးစက္ကဆိုတဲ့လူကြီးက မြေအောက်ခန်းကနေ ကယ်တင်ခဲ့တယ်"

"ဘိုးစက္ကဟုတ်လား ကိုတာနေ"

"ဟုတ်တယ်ကိုစက်ရှိန်။ တိုက်တိုက်ဆိုင်ဆိုင် ကျုပ်ကိုကယ်တင်ခဲ့တဲ့ဘိုးစက္ကက မရဏာစံအိမ်က ဒီပါရဲ့အဘိုးပဲ။ ဒါကြောင့် ကျုပ်လည်း ဘိုးစက္ကနဲ့အတူ ဒီပါရှိတဲ့ မရဏာစံအိမ်ကိုအလွယ်တကူ ရောက်ခဲ့တယ်ဆိုပါတော့ ကိုစက်ရှိန်"

ကျွန်ုပ်စကားကြောင့် ကိုစက်ရှိန်သည် အံ့ဩတကြီးဖြစ်သွားလေသည်။ ကျွန်ုပ်ကို ဝမ်းသာသောအကြည့်ဖြင့်ကြည့်ပြီး. . .

"ကျုပ်အသက်ကို ခုလို ကိုတာနေ ကယ်တင်ခဲ့တာ ကျုပ် ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားပြောရုံနဲ့ မလုံလောက်တော့ပါဘူး ကိုတာနေ။ ဘာပဲဖြစ်ဖြစ် ကျုပ် မအေးမိရှိတဲ့ မိစ္ဆာအိမ်ကိုသွားဖို့ ဆုံးဖြတ်လိုက်ပြီ ကိုတာနေ"

"အလျင်စလို မဆုံးဖြတ်ပါနဲ့ဦး ကိုစက်ရှိန်။ ကျုပ်ပြောချင်တာက မအေးမိနဲ့တွေ့ဖို့ထက် ကျုပ်နဲ့ ကိုစက်ရှိန်အလာကိုစောင့်နေမယ့် အဘိုးစက္ကဆီကို အရောက်သွားဖို့ရှိသေးတယ်"

"ကျုပ်နဲ့ကိုတာနေ အဘိုးစက္ကဆီသွားရဦးမယ်၊ ဟုတ်လား"





"ဟုတ်တယ် ကိုစက်ရှိန်။ အဘိုးစက္ကက မရဏာစံအိမ်ကနေ ပြောင်းရွှေ့သွားခဲ့ပြီ။ ဒါကလည်း. . . ဒီပါ့အတွက်ပဲ ကိုစက်ရှိန်"

ကျွန်ုပ်စကားကြောင့် ကိုစက်ရှိန်သည် ဆွဲလက်စ ပန်းချီကားထဲမှ ဒီပါပုံတူကိုငေးမောကြည့်နေလေသည်။

ကျွန်ုပ်သည် ကိုစက်ရှိန်ကိုတစ်လှည့်၊ ဟသ်ာရုပ်လေးကိုတစ်လှည့်ကြည့်ရင်း မအေးမိ၏ခက်ထန်သည့်အကြည့်ကို မြင်ယောင်သွားမိလေသည်။



## အခန်း ( ၁၄ )

ကျွန်ုပ်နှင့် ကိုစက်ရှိန်သည် မည်မျှခရီးပြင်းနှင်လာခဲ့မိသည် မသိချေ။ တောအဆင့်ဆင့်တောင်အသွယ်သွယ်ဖြတ်သန်းပြီး လာခဲ့မိရာ ကျွန်ုပ်ကို အဘိုးစက္ကချိန်းဆိုထားခဲ့သည့် ဇရပ်ပျက်ကြီးသို့ ရောက်ရှိခဲ့လေသည်။

ကျွန်ုပ်သည် ဇရပ်ပျက်ကြီးပေါ်တွင် ပင်ပန်းမှုကိုအနားယူရင်း အဘိုးစက္ကစောင့်ကြိုနိုင်းသည့်လူကို မတွေ့ရှိရ၍ စိတ်ပူပန်သွားမိလေသည်။ ကိုစက်ရှိန်သည် ဇရပ်ပျက်ကြီးကိုကြည့်ပြီး. . .

"ကိုတာနော. . . အဘိုးစက္က မရဏာစံအိမ်က ပြောင်းရွှေ့သွားတယ်ဆိုတော့ ကျုပ်တို့က ဘယ်ကိုသွားရမှာလဲ"

"ဒီအတွက် စိတ်မပူပါနဲ့. . . ကိုစက်ရှိန်ရယ်။ အဘိုးစက္ကကျော်တို့အလာကိုစောင့်ကြဖို့ လူတစ်ယောက်ကိုလွှတ်လိုက်မှာ မလွဲပါဘူး။ ဒီတော့ ကျော်တို့ ဇရပ်ပျက်ကြီးကပဲ စောင့်နေမှုဖြစ်မယ်"

ကျွန်ုပ်စကားကြောင့် ကိုစက်ရှိန်သည် ဇရပ်ပျက်ကြီးပေါ်မှ ပတ်ဝန်းကျင်သို့ငေးမောကြည့်ရှုနေလေသည်။ ကျွန်ုပ်သည် ဇရပ်ပျက်ကြီးကိုကြည့်ပြီး ဖိုးရွှေကြူကိုသတိရမိလေသည်။ ကိုစက်ရှိန်သည် တစ်ခါမျှမရောက်ဖူးသည့် ဇရပ်ပျက်ကြီးကိုကြည့်ပြီး စိုးရိမ်နေဟန်တူသည်။

"ကိုစက်ရှိန်ရယ်. . . စိတ်ချလက်ချ အနားယူစမ်းပါဦးဗျာ။ ဘယ်နဲ့စိတ်တွေ ဗျာများနေရတာလဲ။ ကျော်တစ်ယောက်လုံး ရှိပါသေးတယ်"

"ကိုတာနေဒအဖို့ စိတ်ချလက်ချရှိနိုင်ပေမယ့် ကျော်စိတ်ထဲမှာ အန္တရာယ်တစ်ခုခု ကျရောက်လိမ့်မယ်လို့ ထင်နေမိတယ် ကိုတာနေဒ။ ကိုတာနေဒကို အဘိုးစက္ကချိန်းဆိုထားတဲ့ ဇရပ်ပျက်ကြီးမှ ဟုတ်ရဲ့လား"

ကိုစက်ရှိန်ထံမှ စိုးရိမ်မကင်းစကားသံကြောင့် ကျွန်ုပ်သည် ဇရပ်ပျက်ကြီးပတ်ဝန်းကျင်သို့ ကြည့်လိုက်မိလေသည်။ ဇရပ်ပျက်ကြီး မနီးမဝေးရှိ တောင်ကုန်းလေးပေါ်မှ စေတီပျက်ကလေးတစ်





ဆူကိုတွေ့လိုက်ရသဖြင့်. . .

"ကိုစက်ရှိန်စိတ်ထဲ စိုးရိမ်စိတ်မကင်းရင် ကျော်တို့ တောင်ကုန်းလေးပေါ်က စေတီဖူးရင်း သွားနေကြမယ် ကိုစက်ရှိန်။ ကျော်တစ်ခါတုန်းက ဖိုးရွှေကြူဆိုတဲ့လူထူးလူဆန်းနဲ့ ရောက်ခဲ့တုန်းက ဓားပြတွေတိုက်ခိုက်ခဲ့လို့ ကံကောင်းလို့မသေခဲ့တာ"

"ဒါဆို ကိုတာနေဒဆန္ဒအတိုင်း ကျော်တို့ တောင်ကုန်းလေးပေါ်က စေတီဖူးရင်း အခြေအနေအကဲခတ်မှုဖြစ်မယ်"

ကျွန်ုပ်နှင့် ကိုစက်ရှိန်သည် ဇရပ်ပျက်ကြီးပေါ်မှဆင်းကြပြီး တောင်ကုန်းလေးမှ စေတီပျက်ရှိရာသို့လာခဲ့မိလေသည်။ စေတီပျက်ကလေးကိုဖူးမျှော်ပြီး ကျွန်ုပ်ကြည့်လိုက်မိရာ စေတီလေးပရဝုဏ်အတွင်းရှိ တံခွန်တိုင်မှစာလေးကို တွေ့လိုက်ရလေသည်။

"ကိုစက်ရှိန်. . . ဒီမှာကြည့်စမ်းပါဦး။ ဦးစက္ကနှင့် မြေးဒီပါကောင်းမှုကို ကမ္ပည်းထိုးထားပါလား"

ကျွန်ုပ်စကားကြောင့် ကိုစက်ရှိန်သည် တံခွန်တိုင် လှူဒါန်းထားသည့်စာလေးကိုဖတ်ရင်း အံ့အားသင့်သွားလေသည်။

"ဒီတံခွန်တိုင်ကို အဘိုးစက္ကနဲ့ ဒီပါ ဘယ်တုန်းက လှူဒါန်းခဲ့တယ်ဆိုတာ နှစ်လည်းမပါ,ပါလား ကိုတာနေဒ။ လှူဒါန်းထားတာတော့ အတော်ကြာခဲ့ပြီနဲ့တူတယ်"

ကျွန်ုပ်သည် ကိုစက်ရှိန်စကားကြောင့် တံခွန်တိုင်ကိုကြည့် လိုက်မိသည်။ လက်ရာကောင်းစွာဖြင့် ပြုလုပ်ထားသည့် ဟင်္သာရုပ် နှင့် တံခွန်တိုင်ကိုကြည့်ပြီး ကိုစက်ရှိန်ထံမှရှိသည့် ဟင်္သာရုပ်လေး နှင့်အတူ ကျွန်ုပ်ကို ဖိုးရွှေကြူပေးခဲ့သည့် ဟင်္သာရုပ်လေးကိုသတိရ မိလေသည်။

သို့တိုင် အဘိုးစက္က စောင့်ကြိုနေသူကိုမတွေ့ရှိရ၍ ကျွန်ုပ် သည် အဘိုးစက္ကနှင့် ဒီပါအတွက် စိုးရိမ်စိတ်ဝင်မိလေသည်။ ကျွန်ုပ် နှင့် ကိုစက်ရှိန်သည် အဘိုးစက္ကလွှတ်လိုက်မည့်လူကိုစောင့်မျှော်ရင်း မိုးချုပ်လာသည်ကို သတိပြုလိုက်မိသည်။

"ကိုစက်ရှိန်. . . မိုးတော့ချုပ်လှပြီ။ ကျုပ်တော့ အဘိုးစက္က မစောင့်ကြိုခိုင်းတဲ့လူ မလာရင် ဒီစေတီလေးမှာပဲအိပ်ဖို့ စိတ်ကူးထား တယ်"

"ကောင်းတာပေါ့ ကိုတာနေ့ာရယ်။ ကျုပ်က ဇရပ်ပျက်ကြီး ကို စိတ်ထဲမှာ သက်ာမကင်းဖြစ်နေမိတယ်"

ကျွန်ုပ်နှင့် ကိုစက်ရှိန်သည် စေတီလေးပရဝုဏ်အတွင်း ည အိပ်ရန် ဆုံးဖြတ်ချက်ချပြီး ဇရပ်ပျက်ကြီးဆီသို့ကြည့်လိုက်မိသည်။ တဖြည်းဖြည်းဖုံးလွှမ်းလာသည့် ညအမှောင်ထုနှင့်အတူ လရောင် ကိုတွေ့လိုက်ရ၍ ကျွန်ုပ်ဝမ်းသာသွားမိလေသည်။





လရောင်ဖြင့် ပြက်ပြက်ထင်ထင်တွေ့ရသည့် ဇရပ်ပျက်ကြီး ဆီမှ တိတ်ဆိတ်ငြိမ်သက်မှုနှင့်အတူ ကျွန်ုပ်သည် အဘိုးစက္က ဘာ ကြောင့် ဇရပ်ပျက်ကြီးမှစောင့်ခိုင်းသည်ကို တွေးမရနိုင်အောင်ဖြစ် နေမိလေသည်။

ကျွန်ုပ်သည် တိတ်ဆိတ်သည့်ညအမှောင်ထုကိုကြည့်ရင်း ကို စက်ရှိန်ကိုကြည့်လိုက်မိသည်။ ကိုစက်ရှိန်သည် စေတီလေးပရဝုဏ် ကိုကျောမှီပြီး စဉ်းစားနေဟန်တူသည်။ ကျွန်ုပ်သည် ကိုစက်ရှိန်ကို ကြည့်ရင်း ဒီပါ့မျက်နှာလေးကို မြင်ယောင်သွားမိလေသည်။

"ဘယ်လိုလဲ ကိုစက်ရှိန်ရဲ့။ ခုလို လသာတဲ့ညမျိုးမှာ ဒီပါ့ကို မှန်းဆပြီး လွမ်းနေပြီနဲ့တူတယ်"

"ခုအချိန်မှာ. . . ကျုပ် ဒီပါကိုလွမ်းဖို့ထက် ကျုပ်ရင်ထဲမှာ အမြဲရှိနေတာက မအေးမိကိုစဉ်းစားနေရတယ် ကိုတာနေ့ာ"

"ဘယ်လို. . . ကိုစက်ရှိန်။ ကိုစက်ရှိန်ရင်ထဲမှာ မအေးမိကို စဉ်းစားနေရတယ်. . . ဟုတ်လား"

"ဟုတ်တယ် ကိုတာနေ့ာ။ မအေးမိ ဘာကြောင့် ကျုပ်ဆီက ဟင်္သာရုပ်လေးကိုလိုချင်တယ်ဆိုတာ ကျုပ်စဉ်းစားလို့မရနိုင်အောင် ဖြစ်နေမိတာအမှန်ပဲ။ ခု၊ ကျုပ် ကိုတာနေ့ာနဲ့ အဘိုးစက္ကဆီကို လိုက်ခဲ့ရတာဇလည်း အဓိကဖြစ်နေတဲ့ဟင်္သာရုပ်လေးကို အဘိုး

စက္ကာကိုမေးချင်လို့ပါ။ ဒီပုံကိုလည်း ကျုပ်တွေ့ချင်သေးတယ် ကိုတာနော"

ကျွန်ုပ်သည် ကိုစက်ရှိန်အဖြစ်ကိုသိလိုက်ရ၍ မအေးပိသည် ကိုစက်ရှိန်ထံမှ ဟသ်ာရုပ်လေးကို ရှာဖွေနေသည်ကို သိလိုက်ရလေသည်။ ကိုစက်ရှိန်သည် ထိန်ထိန်သာနေသည့် လရောင်အောက်မှ စေတီလေးကိုကြည့်ပြီး မအိပ်နိုင်သေးသလို ကျွန်ုပ်သည် အဘိုးစက္ကာကိုတွေးပြီး မအိပ်နိုင်ဘဲရှိနေလေသည်။

ထိုစဉ် သဲ့သဲ့ကြားလိုက်ရသောစကားသံများကြောင့် ကျွန်ုပ် ကမန်းကတန်း စေတီလေးဆီမှ ဇရပ်ပျက်ကြီးရှိရာသို့ကြည့်လိုက်မိရာ လူတစ်ယောက်သဏ္ဌာန်ကို ဝိုးတဝါးတွေ့လိုက်ရ၍ ကျွန်ုပ်ဝမ်းသာသွားမိလေသည်။

"ကိုစက်ရှိန် ကျုပ်တို့ကိုစောင့်ကြိုတဲ့လူ ဇရပ်ပျက်ကြီးမှာ တွေ့ရတယ်ဗျ။ ကျုပ်တို့သွားတွေ့ကြမယ်"

ကျွန်ုပ်သည် ကိုစက်ရှိန်ကိုပြောဆိုပြီး လရောင်အောက်မှ တွေ့ရသည့် ဇရပ်ပျက်ကြီးဆီသို့လာခဲ့မိလေသည်။ ကျွန်ုပ်နှင့် ကိုစက်ရှိန် ဇရပ်ပျက်ကြီးအနီးသို့ရောက်လျှင်. . .

"ဘယ်လိုလဲ. . . တာနော့ရဲ့။ တွေ့မယ့်တွေ့တော့ ကိုစက်ရှိန်ပါ အခန့်သင့်တွေ့ရပါလား"





ရုတ်တရက်ကြားလိုက်ရသောစကားသံကြောင့် ကျွန်ုပ်ကြည့်လိုက်မိရာ မမျှော်လင့်ဘဲ ကိုသင်းထုံကိုတွေ့လိုက်ရလေသည်။

"ခင်ဗျား. . . ကိုသင်းထုံ. . . ကိုသင်းထုံ"

"ဟုတ်ပါ. . . တာနော့ရယ်။ ကျုပ်တို့က တာနော့ကိုသေပြီလို့ တွက်ဆထားခဲ့ကြတာ။ ခုတော့ တာနော့က မသေဘဲ ကိုစက်ရှိန်ပါတွေ့ရတော့ ကျုပ်တို့အဖို့ ရေကန်အသင့်ကြာအသင့်ဖြစ်နေပါလား"

ကျွန်ုပ်နှင့်ကိုသင်းထုံ စကားပြောဆိုနေသည်ကိုကြားလိုက်ရ၍ ကိုစက်ရှိန်သည် နားမလည်နိုင်အောင်ဖြစ်သွားလေသည်။

ကျွန်ုပ်သည် ကိုသင်းထုံကိုကြည့်ပြီး. . .

"ဒီမယ်. . . ကိုသင်းထုံ။ ကျုပ်တို့လမ်း ကျုပ်တို့သွားပါရစေ။ လမ်းဖယ်ပေးပါ ကိုသင်းထုံ"

"ဟား. . . ဟား. . . ဟား၊ ကျုပ်က လမ်းဖယ်ပေးရမယ် ဟုတ်လား တာနော့။ ကျုပ် ကိုစက်ရှိန်ကိုမေးတော့ ဆုံးပါးခဲ့ပြီဆို။ ဒါကြောင့် မအေးမိက တာနော့ကိုအပြတ်ရှင်းဖို့ ကျုပ်ကိုမှာထားခဲ့တာ။ အေးအေးဆေးဆေး ကျုပ်နောက်ကိုလိုက်ခဲ့ပါ တာနော့"

ကျွန်ုပ်သည် ကိုသင်းထုံစိတ်ဓာတ်ကိုသိလိုက်ရပြီး အကဲခတ်ကြည့်လိုက်မိရာ ကိုသင်းထုံနောက်မှ လူဆိုးလေးငါးဦးကိုတွေ့လိုက်

ရလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကိုစက်ရှိန်ကိုသတိပေးပြီး လျင်မြန်စွာလှုပ်ရှားလိုက်မိလေသည်။

ကျွန်ုပ်လှုပ်ရှားလိုက်သည်နှင့်အညီ ကိုစက်ရှိန်သည် အနီးရှိလူဆိုးနှစ်ဦးနှင့် သတ်ပုတ်နေလေသည်။ ကျွန်ုပ်သည် ကိုသင်းထုံနှင့် သတ်ပုတ်နေလေသည်။ ကျွန်ုပ်နှင့် ကိုစက်ရှိန်သည် ကိုသင်းထုံ ဦးဆောင်သည့်လူဆိုးများနှင့် မည်မျှသတ်ပုတ်နေမိသည်မသိချေ။

ကိုစက်ရှိန်ထံမှ နာကျင်စွာ ကြားလိုက်ရသည့်အသံကြောင့် ကြည့်လိုက်မိရာ ကိုစက်ရှိန် လဲကျနေသည်ကိုတွေ့လိုက်ရပြီး ကျွန်ုပ် အပြေးသွားလိုက်စဉ် ရုတ်တရက် နာကျင်မှုနှင့်အတူ ကျွန်ုပ်မျက်စိများ ပြာဝေသွားပြီး ကိုသင်းထုံ၏ ကြောက်လန့်တကြီးအော်ဟစ်လိုက်သည့်အသံကို ကြားလိုက်ရလေသည်။

"မောင်တာနော. . . မောင်တာနော"

ကျွန်ုပ် မည်မျှ လောကကြီးနှင့် ကင်းပြတ်ခဲ့သည်မသိချေ။ ကျွန်ုပ်နားထဲတွင် အဆက်မပြတ်ခေါ်နေသည်ကိုကြားမိလေသည်။ ကျွန်ုပ်သည် လေးလံလွန်းသည့်မျက်စိကို အားတင်းပြီး ဖွင့်ကြည့်လိုက်မိရာ ကျွန်ုပ်ဘေးတွင် စိုးရိမ်တကြီးကြည့်နေသည့် အဘိုးစက္ကနှင့်လူပုလေးများကို တွေ့လိုက်ရလေသည်။





"ဟင်! အဘိုးစက္ကပါလား။ ကျုပ်. . . ကျုပ်ဘယ်ရောက်နေဘာလဲ။ ကိုစက်ရှိန်ရော. . . အဘိုး"

"မောင်စက်ရှိန် ရှိပါတယ်ကွာ။ မောင်တာနော.ရောက်နေဘာက အဘိုးအိမ်ပဲ"

"ဗျာ! ကျုပ်ရောက်နေတာ အဘိုးရဲ့မရဏာစံအိမ်၊ ဟုတ်လား"

"မောင်တာနော ခုရောက်နေတာက မရဏာစံအိမ် မဟုတ်ဘူးကွယ့်။ အဘိုးပြောင်းလာတဲ့နေရာသစ်ပဲ။ ကဲကဲ၊ ဒီဆေးသောက်လိုက်ပါဦး. . . မောင်တာနော"

အဘိုးစက္ကသည် အသင့်ရှိနေသည့် ဆေးတစ်ခွက်ကို တိုက်လိုက်ရာ ကျွန်ုပ်ခန္ဓာကိုယ်မှ လေးလံနေသည့်ဝေဒနာများ ပေါ့ပါးသွားသလို ခံစားလိုက်မိလေသည်။

"အဘိုးစက္ကမှာတဲ့အတိုင်း. . . ကျုပ် ကိုစက်ရှိန်ကိုခေါ်ပြီး ဇရပ်ပျက်ကြီးမှာ စောင့်နေခဲ့တယ်အဘိုး။ မမျှော်လင့်ဘဲ ကိုသင်းထုံတို့လူစုနဲ့တွေ့ပြီး ကျုပ်နဲ့ကိုစက်ရှိန် သတ်ပုတ်ခဲ့ရတာပဲအဘိုး"

"တော်သေးတာပေါ့. . . မောင်တာနောရယ်။ အဘိုးစောင့်ကြိုခိုင်းတဲ့လူက ဇရပ်ပျက်ကြီးမှာ ရောက်ခဲ့ပေမယ့် မောင်တာနောကိုမတွေ့ရလို့ ပြန်လာခဲ့တာ။ အဘိုးစိတ်မချလို့ လိုက်လာရင်းက

လူဆိုးတွေနဲ့ သတ်ပုတ်ခဲ့ရတာပဲ။ နေပါဦး. . . မောင်တာနော ရဲ့ အဘိုးတို့သတ်ပုတ်ခဲ့တဲ့ ကိုသင်းထုံဆိုတဲ့သူက ဘယ်သူများလဲကွယ်"

"ဘယ်သူရှိပါ့မလဲ အဘိုးရယ်။ မိစ္ဆာအိမ်ကြီးက မအေးမိရဲ့လူတွေပဲ။ ကိုသင်းထုံက ကျုပ်နဲ့ ကိုစက်ရှိန်ကို လိုချင်နေတာ အဘိုး"

"အင်း. . . အဘိုးလည်း မောင်တာနောအဖြစ်ကိုရိပ်စားမိပါတယ်ကွယ်။ ဒါကြောင့်လည်း ဒဏ်ရာရထားတဲ့လူဆိုးတစ်ဦးကို ကယ်တင်ထားခဲ့ရတယ်"

"ဒဏ်ရာနဲ့လူဆိုး. . . ဟုတ်လားအဘိုး"

"ဟုတ်တယ်. . . မောင်တာနော။ ကိုသင်းထုံနဲ့ လူဆိုးတွေ အားလုံး အဘိုးရဲ့တပည့် လူပုလေးတွေနဲ့တိုက်ခိုက်ရင်း သေဆုံးခဲ့ကြပြီ မောင်တာနော"

ကျွန်ုပ်သည် အဘိုးစက္ကစကားကြောင့် ကိုစက်ရှိန်ကိုသတိရမိပြီး မေးလိုက်မိသည်။

"အဘိုး. . . ကိုစက်ရှိန်ရော"

ကျွန်ုပ်အမေးစကားကိုကြားလိုက်ရ၍ အဘိုးစက္ကသည် စိတ်မကောင်းသည့်အသွင်ဖြင့် ကျွန်ုပ်ကိုကြည့်ကာ. . .

"မောင်စက်ရှိန်ကိုပြောရရင် အဘိုးစိတ်မကောင်းဖြစ်မိတာ





အမှန်ပဲ. . . မောင်တာနော"

"ဒါဆို ကိုစက်ရှိန် လူဆိုးတွေရဲ့လက်ချက်နဲ့ ဆုံးပါးခဲ့ပြီလား အဘိုး"

"အဘိုးမြင်သမျှပြောရရင် အဘိုးတို့ ဇရပ်ပျက်ကြီးနားကို ရောက်တော့ မောင်တာနောနဲ့ မောင်စက်ရှိန် လူဆိုးတွေနဲ့သတ်ပုတ်နေတာတွေ့လို့ အဘိုးနဲ့လူပုလေး ဝင်ကယ်ခဲ့တာပဲ။ ဒါပေမဲ့ မောင်စက်ရှိန်ကို ဒဏ်ရာရပြီးတွေ့ရပေမယ့် အဘိုး လူဆိုးတွေနဲ့ သတ်ပုတ်ပြီး မောင်စက်ရှိန်ကိုကြည့်တော့ မတွေ့ခဲ့ရဘူး"

"ဒါဆို ကိုစက်ရှိန်ကို လူဆိုးတွေ ဖမ်းဆီးသွားပြီနဲ့တူတယ် အဘိုး"

"မဖြစ်နိုင်သေးဘူး မောင်တာနော။ လူဆိုးအားလုံးနီးပါး အသက်ဆုံးရှုံးခဲ့တာအမှန်ပဲ။ မောင်စက်ရှိန် ဒဏ်ရာရပြီး တစ်နေရာရာ ပုန်းရှောင်နေတာဖြစ်နိုင်တယ်"

ကျွန်ုပ်သည် အဘိုးစက္ကစကားကြောင့် ကိုစက်ရှိန်အတွက် စိတ်ပူပန်သောက ဖြစ်သွားမိလေသည်။

"အဘိုးတို့လည်း ရှာကြည့်ပါသေးတယ် မောင်တာနော။ ဒါပေမဲ့. . . သွေးစက်တွေတွေ့လို့ လိုက်ကြည့်တော့ ဇရပ်ပျက်ကြီး မနီးမဝေးမှာရှိတဲ့ တောင်ကုန်းလေးနားမှာ သွေးစက်တွေ မတွေ့

ရတော့ဘူး။ အဘိုးလည်း မောင်တာနော့အတွက် စိုးရိမ်ပြီး အမြန်ဆုံးခေါ်လာခဲ့ရတာပဲ"

အဘိုးစက္ကသည် ကိုစက်ရှိန်၏အဖြစ်ကိုသိလိုက်ရ၍ စိတ်မကောင်းဖြစ်နေသလို ကျွန်ုပ်ရင်ထဲတွင် ကိုစက်ရှိန်အဖြစ်ကို ယူကျုံးမရ ခံစားနေမိလေသည်။

"စိတ်မကောင်းဖြစ်မနေပါနဲ့ မောင်တာနော့ရယ်။ မောင်စက်ရှိန်အဖြစ်ကို မြေးလေးဒီပါသိရင် ပိုပြီးနှလုံးသားကြေကွဲမှာစိုးလို့ အဘိုးမျိုသိပ်ခဲ့ရတယ်ကွယ်။ ပြီးတော့ မောင်တာနော့ လူဆိုးတွေလက်ချက်နဲ့ သတိလျှော့ပါးခဲ့တာ သုံးလေးရက်ရှိခဲ့ပြီ။ ဒီနေ့မှ သတိရတယ်ဆိုပါတော့"

ကျွန်ုပ်သည် အဘိုးစက္ကစကားကြောင့် ကျွန်ုပ်အဖြစ်ကိုသိလိုက်ရ၍ အံ့ဩသွားမိသည်။

"ဒီတော့ မောင်တာနော့ အမြန်ဆုံးကျန်းမာဖို့ အရေးကြီးတယ် မောင်တာနော့။ ဒါမှ မောင်စက်ရှိန်အခြေအနေကို စုံစမ်းရဦးမှာမဟုတ်လား။ အဘိုးအထင်တော့ မောင်စက်ရှိန်ဟာ ဒဏ်ရာရပြီး ပြေးလွှားရင်း လူတစ်ဦးတစ်ယောက်နဲ့ တွေ့နိုင်လိမ့်မယ်ထင်တယ်"

"ကျုပ် ကိုစက်ရှိန်အတွက် စိတ်မကောင်းဖြစ်မိလို့ပါ အဘိုး။





ကိုစက်ရှိန် ကျုပ်နဲ့လိုက်လာခဲ့တာက အဘိုးကိုတွေ့ချင်လို့ပါပဲ"

"မောင်စက်ရှိန်က အဘိုးနဲ့တွေ့ချင်လို့၊ ဟုတ်လား မောင်တာနော့"

"ကိုစက်ရှိန် . . . အဘိုးကိုတွေ့ချင်တာက ဟောဒီဟသ်ာရုပ်လေးအကြောင်းကိုသိချင်လို့ပါ"

ကျွန်ုပ်သည် ကိုစက်ရှိန်ပေးထားသည့် ဟသ်ာရုပ်လေးကို အဘိုးစက္ကကိုထုတ်ပြလိုက်မိသည်။ အဘိုးစက္ကသည် ဟသ်ာရုပ်လေးကို အတန်တန်ကြည့်ပြီး . . .

"အင်း . . . ဖိုးတက်တူ . . . ဖိုးတက်တူ မှားကုန်ကြပါလား"

"ဖိုးတက်တူ . . . ဟုတ်လားအဘိုး"

ကျွန်ုပ်သည် အဘိုးစက္က ဟသ်ာရုပ်လေးကိုကြည့်ပြီး ရေရွတ်နေသည့် ဖိုးတက်တူနာမည်ကို ကြားလိုက်ရ၍ အံ့အားသင့်မိပြီး အဘိုးစက္ကကို မေးလိုက်ခြင်းဖြစ်သည်။ အဘိုးစက္ကသည် ကျွန်ုပ်ကို ကြည့်ပြီး . . .

"ဒီလိုမောင်တာနော့ရဲ့။ ဟောဒီဟသ်ာရုပ်ကလေးကို မောင်စက်ရှိန်ပိုင်ဆိုင်ခဲ့တယ်ဆိုတာ ဟုတ်ရဲ့လား"

"ဟုတ်တယ်အဘိုး။ ကိုစက်ရှိန်စကားအရတော့ သူ့အဘိုးပေးခဲ့တဲ့ဟသ်ာရုပ်လေးလို့ ကျုပ်ကိုပြောပြခဲ့တာပဲ။ ဒါပေမဲ့ မိစ္ဆာ

အိမ်က မဒေးမိက ကိုစက်ရှိန်ဆီမှာရှိတဲ့ ဟောဒီဟသ်ာရုပ်လေးကို လိုချင်လို့ ကိုစက်ရှိန်ကိုအသက်အန္တရာယ်ပြုခဲ့တာပဲ အဘိုး"

"တိုက်တိုက်ဆိုင်ဆိုင်. . . အဘိုးရှာနေတဲ့ဟသ်ာရုပ်လေးက မောင်စက်ရှိန်ဆီမှာ ရှိနေတာကိုး"

အဘိုးစက္ကသည် လက်ထဲမှ ဟသ်ာရုပ်လေးကို သေချာစွာ ကြည့်ပြီး ပြောဆိုနေသည့်စကားကြောင့် ကျွန်ုပ်ထံတွင် ရှိနေသည့် ဟသ်ာရုပ်လေးကိုသတိရမိပြီး မေးလိုက်မိသည်။

"ဒါဆို အဘိုးကို ကျွှပ်ပြခဲ့တဲ့ဟသ်ာရုပ်လေးကရော အဘိုး"

"ပြောရရင်တော့ မောင်တာနော အဘိုးကိုပြခဲ့တဲ့ဟသ်ာရုပ် လေးနဲ့ မောင်စက်ရှိန်ဆီက ရလာတဲ့ဟသ်ာရုပ်က ဟသ်ာရုပ်ခြင်း တူပေမယ့် အဘိုးနဲ့ ဖိုးတက်တူ ကတိသစ္စာပြုခဲ့တဲ့ ဟသ်ာရုပ်က ဟောဒီဟသ်ာရုပ်ပဲ မောင်တာနော"

အဘိုးစက္ကသည် ဟသ်ာရုပ်လေးကိုသေချာစွာကြည့်ပြီးလျှင် ကျွန်ုပ်ကိုပြလိုက်လေသည်။ ကျွန်ုပ်သည် ဟသ်ာရုပ်လေးကိုကြည့် လိုက်မိရာ ထူးခြားစွာတွေ့ရသည်က ရှေးနိုးလက်ရာဖြင့် ရေးသား ထားသည့်စာလေးပင်ဖြစ်သည်။

"ဒါကြောင့် မဒေးမိက မောင်စက်ရှိန်ဆီမှာရှိတဲ့ဟသ်ာရုပ် ကို သဲသဲမဲမဲလိုက်နေတာကို။ ကဲ. . . မောင်တာနောလည်း ပင်ပန်း





နေပြီ။ အနားယူချေဦး"

အဘိုးစက္ကသည် ကျွန်ုပ်ကိုပြောဆိုပြီး အိမ်ကြီးအောက်ထပ် သို့ဆင်းသွားလေသည်။

သို့တိုင် ကျွန်ုပ်ရင်ထဲတွင် ကိုစက်ရှိန်အဖြစ်ကိုသိလိုက်ရ၍ စိတ်မကောင်းဖြစ်မိလေသည်။



## အခန်း ( ၁၅ )

ကျွန်ုပ်၏ကျန်းမာရေး အတန်ပင်ကောင်းမွန်လာ၍ အဘိုးစက္ကသည် ဝမ်းသာနေလေသည်။ ကျွန်ုပ်သည် ယခင်က အဘိုးစက္ကနေထိုင်ခဲ့သည့်မရဏာစံအိမ်နှင့် ကျွန်ုပ် လောလောဆယ်ရောက်ရှိနေသည့်အိမ်ကြီးကို စိတ်ဝင်စားသွားမိလေသည်။ အဘိုးစက္ကသည် ကျွန်ုပ်အဖြစ်ကိုရိပ်စားမိပြီး. . .

"မောင်တာနေ့ာက အဘိုးအိမ်ကြီးကိုစိတ်ဝင်တစားဖြစ်နေပြီနဲ့တူတယ်"

"ဟုတ်တယ် အဘိုး။ ကျုပ် ပိုပြီးစိတ်ဝင်စားတာက အဘိုးစက္ကကိုပဲ"

"ဘာကွယ့်. . . မောင်တာနော။ မောင်တာနောက အဘိုးကို ပိုပြီးစိတ်ဝင်စားတယ်. . . ဟုတ်လား။ အင်းလေ. . . မောင်တာနောအဖို့ အဘိုးအဖြစ်ကို စိတ်ဝင်စားမယ်ဆိုရင်လည်း စိတ်ဝင်စားစရာဖြစ်နေတာကို။ တကယ်တော့ အဘိုးထက်ပိုပြီး စိတ်ဝင်စားဖို့ကောင်းတာက မောင်စက်ရှိန်ပဲ မောင်တာနော"

"ဗျာ! ကိုစက်ရှိန်။ ဟုတ်လားအဘိုး"

"မောင်စက်ရှိန်ရဲ့သတင်းကို ခုအထိ အဘိုး ဘယ်လိုစုံစမ်းစုံစမ်းမရခဲ့လို့ အဘိုးစိတ်မကောင်းဖြစ်မိခဲ့တယ်။ ဒါကြောင့် မောင်တာနောကျန်းမာရေးအခြေအနေကိုကြည့်ပြီး အဘိုးစိတ်ကူးထားတာ ရှိတယ်ကွယ့်"

အဘိုးစက္ကူ၏ထူးခြားသောစကားကို ကြားလိုက်ရ၍ ကျွန်ုပ်သည် ကိုစက်ရှိန်အတွက် ပိုပြီးသောကပွားမိလေသည်။

"အဘိုးက ဘယ်လိုစိတ်ကူးထားတာရှိလဲ။ ကျွုပ်သိပါရစေ"

"ဒီလို. . . မောင်တာနောရဲ့။ မောင်တာနော ကျန်းမာရေးကောင်းရင် အဘိုးနဲ့ မိစ္ဆာ့အိမ်ကိုသွားဖို့ စီစဉ်ထားတယ်ကွယ့်။ ဒါကလည်း မောင်စက်ရှိန်အတွက်ပဲ။ မောင်စက်ရှိန် လူဆိုးတွေနောက်ပါ,မပါဘူးဆိုတာ ကျိန်းသေမသိရသေးဘူးမဟုတ်လား"

အဘိုးစက္ကူစကားကြောင့် ကျွန်ုပ်သည် မိစ္ဆာအိမ်မှ မအေးမိ





မျက်နှာကိုမြင်ယောင်သွားမိရင်း ကိုစက်ရှိန်အတွက် ပို၍စိုးရိမ်သွားမိလေသည်။

သို့ဖြင့် ကျွန်ုပ်နှင့် အဘိုးစက္ကူသည် မိစ္ဆာအိမ်ကြီးသို့ ခရီးပြင်းနှင်ခဲ့မိလေသည်။ ကျွန်ုပ်နှင့်အဘိုးစက္ကူသည် ညအမှောင်ကိုအားကိုးပြီးလာခဲ့ရာ ကျွန်ုပ် ယခင်က မိစ္ဆာအိမ်ကြီးမြေအောက်ခန်းသို့သွားသည့်တဲကလေးကို မတွေ့ရတော့ချေ။

"အဘိုး. . . ကျွုပ်တို့သွားမယ့် လျှို့ဝှက်တံခါးပေါက်ရှိတဲ့ တဲကလေး မတွေ့ရတော့ဘူးအဘိုး"

"အဘိုးတို့ရဲ့လျှို့ဝှက်တံခါးပေါက်ကို သူတို့သိသွားကြပြီထင်တယ်မောင်တာနော။ အဘိုးစိတ်အထင်တော့ အဘိုးတို့မြေအောက်ခန်းကိုရောက်ခဲ့တာ တစ်ယောက်ယောက်သိနေပြီနဲ့တူတယ်"

အဘိုးစက္ကူ၏စကားကြောင့် ကျွန်ုပ်သည် မြေအောက်ခန်းအတွင်းမှ ဆုံခဲ့မိသည့် လူလိုလိုမျောက်လိုလိုသတ္တဝါသည် ကိုမိုးစွေဆိုသူလားဟု သံသယစိတ်ဝင်မိလေသည်။

"ကျွုပ်အထင်တော့ အဘိုးနဲ့ရောက်ခဲ့တဲ့မြေအောက်ခန်းထဲကစာအရ ကိုမိုးစွေဆိုတဲ့သူပဲဖြစ်မယ်အဘိုး"

"ဘာ! မောင်တာနော။ ကိုမိုးစွေ. . . ဟုတ်လား"

"အဘိုးနဲ့ကျွုပ်တွေ့ခဲ့ရတဲ့ မြေအောက်ခန်းထဲက စာအုပ်မှာ

ရွှေပဒေသာစာပေ

တွေ့ခဲ့ရတဲ့သူပဲ"

"မိုးခွေ. . . မိုးခွေ"

အဘိုးစက္ကသည် ကိုမိုးခွေနာမည်ကိုရေရွတ်ရင်း မိစ္ဆာအိမ်ကြီးမြေအောက်ခန်းသို့သွားသည့်လမ်းကိုမတွေ့ရ၍ စိတ်ပျက်သွားဟန်တူသည်။

ကျွန်ုပ် အတန်ကြာစဉ်းစားနေရာမှ သတိရပြီး. . .

"အဘိုး. . . ကျုပ်နောက်ကိုလိုက်ခဲ့တော့။ မိစ္ဆာအိမ်ကြီးသွားတဲ့ မြေအောက်ခန်းတစ်ခုရှိသေးတယ်"

"မဖြစ်နိုင်တာ မောင်တာနောရယ်။ မိစ္ဆာအိမ်ကြီးကိုဝင်ဖို့ လျှို့ဝှက်မြေအောက်လမ်းရှိတယ်ဆိုတာ အဘိုးပဲသိတာ"

"အဘိုးမယုံရင် ကျုပ်လက်တွေ့ပြမယ်အဘိုး"

ကျွန်ုပ်စကားကိုကြားလိုက်ရ၍ အဘိုးစက္ကသည် မယုံကြည်နိုင်သည့်အသွင်ဖြင့် မိစ္ဆာအိမ်ကြီးဆီသို့ငေးကြည့်နေလေသည်။ မိစ္ဆာအိမ်ကြီးသည် ညအမှောင်ကြားထဲတွင် တိတ်ဆိတ် ငြိမ်သက်လျက်ရှိနေဆဲပင်။

"အဘိုး သွားကြစို့"

ကျွန်ုပ်သည် အဘိုးစက္ကကို ပြောဆိုပြီး မိစ္ဆာအိမ်ကြီး၏ ခြံအနောက်ဘက်သို့လာခဲ့မိရာ အုတ်ဂူကြီးကိုတွေ့လိုက်ရသည်။





ကျွန်ုပ်သည် အုတ်ဂူကြီးအနားသို့ပြေးကပ်ပြီး မိစ္ဆာအိမ်ကြီးကို အကဲခတ်ပြီးကြည့်နေစဉ်. . .

"မောင်တာနော ဒါ အဘိုးရဲ့အဘိုး အုတ်ဂူကြီးပဲ။ အိမ်ကြီးထဲကိုဝင်နိုင်တဲ့လျှို့ဝှက်လမ်းက ဘယ်မှာလဲ မောင်တာနော"

ကျွန်ုပ်သည် အုတ်ဂူကြီးဘေးမှ ပိတ်ဆို့ထားသည့်အုတ်ကျိုးအုတ်ပဲ့များကို ဖယ်ရှားလိုက်စဉ် လူတစ်ယောက်စာ ဝင်နိုင်သည့်အပေါက်တစ်ခုကို အဘိုးစက္ကကိုပြလိုက်မိသည်။

"ကျုပ်အရင်သွားမယ် အဘိုး။ အဘိုးနောက်က လိုက်ခဲ့ပေတော့"

ကျွန်ုပ်သည် မြေအောက်သို့ ဝင်နိုင်သည့် အုတ်ဂူဘေးမှအပေါက်ထဲသို့ ဝင်ခဲ့မိလေသည်။ အဘိုးစက္ကသည် ကျွန်ုပ်နောက်သို့ လိုက်ပါရင်း မြေအောက်ခန်းကိုတွေ့လိုက်ရ၍ အံ့အားသင့်နေသည်။ ကျွန်ုပ်နှင့်အဘိုးစက္က မြေအောက်လမ်းအတိုင်း လာခဲ့မိစဉ် အခန်းတစ်ခုထဲမှ ညည်းညူသံကိုကြားလိုက်ရ၍ ကျွန်ုပ် နားစွင့်လိုက်မိလေသည်။

ညည်းညူသံ တိတ်ဆိတ်သွားပြီး မကြာမီ ခြေသံများကိုဆက်တိုက်ကြားလိုက်ရပြန်သည်။ ကျွန်ုပ်သည် မအေးမိပြောပြသည့် ဘွားမယ်ညိုကိုသတိရမိပြီး ဇောချွေးများပျံသွားလေသည်။

အဘိုးစက္ကသည် အသင့်ပါလာသည့် လက်နှိပ်ဓာတ်မီးဖြင့် ညည်းညူသံကြားရသည့်အခန်းတံခါးကို ဖွင့်ပြီးကြည့်လိုက်မိရာ အခန်းထဲမှ ဆွဲလက်စပန်းချီကားတစ်ချပ်ကို တွေ့လိုက်ရလေသည်။

အဘိုးစက္ကသည် ပန်းချီကားကိုကြည့်ပြီး. . .

"မြန်ကြစို့. . . မောင်တာနော"

ကျွန်ုပ်နှင့်အဘိုးစက္ကသည် မြေအောက်ခန်းမှလာမိစဉ် ရုတ်တရက်တွေ့လိုက်ရသောမြင်ကွင်းကြောင့် ကျွန်ုပ်ကုံအားသင့်နေစဉ် အဘိုးစက္က၏လည်ပင်းကို ဆွဲညှစ်နေသည့်လူတစ်ယောက်ကို တွေ့လိုက်ရသည်။

အဘိုးစက္ကသည် အရွယ်နှင့်မမျှအောင် လျှင်မြန်ဖျတ်လတ်စွာဖြင့် ထိုလူကိုသတ်ပုတ်လိုက်ရာ လဲကျသွားလေသည်။ အဘိုးစက္ကသည် လက်နှိပ်ဓာတ်မီးဖြင့် လဲနေသူမျက်နှာကို ထိုးကြည့်လိုက်ရာ အဝတ်အစားစုတ်ပြတ်ပြီး အမွှေးအမှင်များ ဖုံးလွှမ်းနေသည်ကို တွေ့လိုက်ရသည်။

"မောင်တာနော. . . ဒီလူကိုအမြန်ဆုံးခေါ် မှဖြစ်မယ်"

ကျွန်ုပ်သည် အဘိုးစက္က၏လက်ချက်ဖြင့် လဲနေသူကို ကမန်းကတန်းတွဲပြီး လျှို့ဝှက်မြေအောက်လမ်းရှိရာ အုတ်ဂူပေါက်သို့ ခေါ်ဆောင်လာမိလေသည်။





အုတ်ဂူပေါက်မှ အပြင်သို့ ကျွန်ုပ်တို့ရောက်ရှိစဉ် မိစ္ဆာအိမ်ကြီးဆီမှ ရုတ်တရက် မီးလင်းသွားသည်ကိုတွေ့လိုက်ရသည်။

"မြန်မြန်သွားကြစို့ မောင်တာနော။ မိစ္ဆာအိမ်ကြီးက အဘိုးတို့လာတာ သိသွားပြီနဲ့တူတယ်"

ကျွန်ုပ်နှင့် အဘိုးစက္ကသည် မြေအောက်ခန်းမှလူကို ထမ်းပြီး မိစ္ဆာအိမ်ကြီးတည်ရှိရာ ခြံကြီးထဲမှ အမြန်ဆုံး ထွက်ခဲ့မိလေသည်။ ကျွန်ုပ်နှင့်အဘိုးစက္ကတို့အပြန်လမ်းတွင် ကြိုနေသည့်လူပုလေးများနှင့်ဆုံတွေ့ပြီး ကျွန်ုပ်ထမ်းလာသည့်လူကို သယ်ယူသွားလေသည်။ သည်တော့မှ ကျွန်ုပ်သည် အဘိုးစက္ကကို စကားစလိုက်မိသည်။

"အဘိုး ကျုပ်တို့မြေအောက်ခန်းမှာ ထူးထူးဆန်းဆန်းတွေ့ရတဲ့သူနဲ့ ကျုပ်ဆုံခဲ့သေးတယ်အဘိုး"

"ဟုတ်ရဲ့လား မောင်တာနောရဲ့"

"အဲဒီတုန်းက ဒီလူက ကျုပ်ကို ရန်ပြုခဲ့သေးတယ်အဘိုး"

ကျွန်ုပ်စကားကိုနားထောင်ပြီး အဘိုးစက္က စဉ်းစားနေဟန်ရှိသည်။ အတန်ကြာမှ ကျွန်ုပ်ကိုကြည့်ကာ. . .

"ခု. . . အဘိုးတို့ မြေအောက်ခန်းကိုသွားခဲ့တဲ့ အုတ်ဂူကနေသွားနိုင်တဲ့လမ်းကို မောင်တာနော ဘယ်လိုသိခဲ့ရတာလဲ။ အဘိုး

ဖြင့် မောင်တာနော့ရဲ့စကားကို မယုံကြည်ခဲ့တာအမှန်ပဲ"

အဘိုးစက္ကအမေးကြောင့် ကျွန်ုပ်သည် ကိုကြာနိုးနှင့် ဥက္ကာကိုအမှတ်မထင်ဆုံမိပြီး အုတ်ဂူကြီးမှ မြေအောက်လမ်းကိုပြောပြလိုက်ရာ အဘိုးစက္က တအံ့တဩဖြစ်သွားလေသည်။

"ဒါဆို ကိုကြာနိုးက မြေအောက်ခန်းကိုသွားတဲ့ လျှို့ဝှက်တံခါးပေါက်ကိုသိနေတယ်ဆိုတော့ မြေအောက်ခန်းမှာရှိတဲ့ ဇမ္ဗူဒီပါရတနာသိုက်ကိုရှာဖွေနေတာဖြစ်နိုင်တယ် မောင်တာနော"

ကျွန်ုပ်သည် အဘိုးစက္ကအိမ်ကြီးသို့ရောက်ရှိလာခဲ့စဉ် မြေအောက်ခန်းမှခေါ်လာသူကို ခုတင်ပေါ်တွင်တွေ့လိုက်ရလေသည်။ အဘိုးစက္ကသည် ထိုလူကိုစမ်းသပ်ပြီး ဆေးဝါးတိုက်လိုက်စဉ် ထိုလူသည် အတန်ငယ်လှုပ်ရှားလာပြီး. . .

"ရတနာတွေ. . . မပေးနိုင်ဘူး၊ မပေးနိုင်ဘူး။ ကျုပ် ရတနာတွေ"

ရုတ်တရက်ကြားလိုက်ရသော ထိုလူ၏စကားသံနှင့်အတူ ခုတင်ပေါ်မှဆင်းနေသည်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်နှင့် အဘိုးစက္ကသည် ထိန်းလိုက်ရလေသည်။ ထိုလူသည် ကျွန်ုပ်နှင့်အဘိုးစက္ကကို ပြူးကျယ်သည့်မျက်လုံးအစုံဖြင့်ကြည့်ကာ. . .

"ခင်ဗျားတို့က ကျုပ်ရတနာတွေကို ယူမလို့လား။ ဘယ်





တော့မှ ယူလို့မရဘူး. . . မရဘူး"

ကျွန်ုပ်သည် ထိုလူ့စကားကိုကြားလိုက်မှ ကိုမိုးဇွေမှန်းသိလိုက်ရလေသည်။ အဘိုးစက္ကသည် ဆေးတစ်ဖုံစပ်ပြီး ဆေးတစ်ခွက်တိုက်လိုက်မှ ကိုမိုးဇွေသည် ခုတင်ပေါ်သို့ပြန်လှဲပြီး အိပ်မောကျသွားလေသည်။

"အဘိုး. . . ဒီလူ့နာမည်က ကိုမိုးဇွေလို့ခေါ်တယ်"

"မောင်တာနောပြောမှ ဒီလူ့ကို မောင်မိုးဇွေမှန်း သိရလို့ အဘိုး အံ့ဩသွားမိတယ်။ မောင်မိုးဇွေကို ထူးထူးဆန်းဆန်း မြေအောက်ခန်းမှာတွေ့ရတယ်ဆိုတော့ အဘိုးတို့စဉ်းစားစရာဖြစ်နေပြီ မောင်တာနော။ ပြီးတော့. . . အဘိုးတို့သွားနေတဲ့ လျှို့ဝှက်မြေအောက်ခန်းကို လမ်းစရှာမရနိုင်အောင် ပျောက်ဆုံးနေတာ မောင်မိုးဇွေများ သိမလားပဲ"

"ကိုမိုးဇွေက လျှို့ဝှက်အခန်းကို သိနိုင်လိမ့်မယ်မထင်ဘူး အဘိုး။ ဘာဖြစ်လို့လဲဆိုတော့ ကိုမိုးဇွေပြောတဲ့ ရတနာတွေမပေးဘူးဆိုတဲ့စကားက မိစ္ဆာအိမ်ကြီးရဲ့မြေအောက်ခန်းမှာရှိတဲ့ ဇမ္ဗူဒီပါရတနာသိုက်နဲ့ တစ်နည်းနည်းပတ်သက်နေတယ်လို့ခွဲမှတ်ရမှာပဲ အဘိုး"

"အင်းလေ. . . မကြာခင် မောင်မိုးဇွေ သတိရလာမှာပါ။

ဒီတော့မှ အဘိုးတို့မေးမြန်းကြည့်ရတာပေါ့ မောင်တာနော"

ကျွန်ုပ်နှင့်အဘိုးစက္ကသည် ကိုမိုးဇွေကိုကြည့်ရှုနေမိရာ မကြာမီ ကိုမိုးဇွေသည် သတိရလာပြီး၊ ကျွန်ုပ်နှင့်အဘိုးစက္ကကို ရုတ်တရက်တွေ့လိုက်ရ၍ အံ့အားသင့်သွားလေသည်။ ပြီးမှ. . .

"ကျုပ်. . . ကျုပ်ဘယ်ရောက်နေတာလဲ။ ခင်ဗျားတို့က ဘယ်သူတွေလဲ. . . ပြောစမ်းပါဦး"

"မောင်မိုးဇွေရောက်နေတာက အဘိုးရဲ့အိမ်ပဲကွဲ့"

"ဗျာ! ဒါအဘိုးအိမ်. . . ဟုတ်လား"

ကိုမိုးဇွေသည် မယုံကြည်နိုင်သည့်မျက်နှာဖြင့် အိမ်ကြီးကို ကြည့်ရှုပြီး အံ့ဩနေဟန်တူသည်။

"ခင်ဗျားတို့က ကျုပ်နာမည်ကို ဘယ်လိုလုပ်ပြီးသိနေတာလဲ"

"သိရတာပေါ့ ကိုမိုးဇွေရယ်။ ဟောဒီမှာ ကိုမိုးဇွေရေးထားတဲ့စာအုပ်လေးမဟုတ်လား"

ကျွန်ုပ်သည် မိစ္ဆာအိမ်ကြီးမြေအောက်ခန်းသို့ရောက်ရှိခဲ့စဉ် ယူလာခဲ့သည့်စာအုပ်လေးကို ကိုမိုးဇွေထံသို့ လှမ်းပေးလိုက်လေသည်။

ကိုမိုးဇွေသည် ကျွန်ုပ်ပေးသည့်စာအုပ်လေးကို အတန်တန် ကြည့်ရှုပြီး. . .





"ဒါဆို ခင်ဗျားတို့က ကျုပ်ကို မြေအောက်ခန်းက ခေါ်လာခဲ့တာပေါ့"

"ဟုတ်တယ် မောင်မိုးဇွေ။ ဘာကြောင့် မောင်မိုးဇွေ မြေအောက်ခန်းကိုရောက်ခဲ့တယ်ဆိုတာ အဘိုးတို့မသိရဘူးလား"

အဘိုးစက္ကအမေးစကားကြောင့် ကိုမိုးဇွေသည် အတန်ကြာ ငိုင်တွေသွားလေသည်။ ပြီးမှ. . .

"ကျုပ် မိစ္ဆာအိမ်ကြီးရဲ့မြေအောက်ခန်းကိုရောက်ခဲ့ရတာက မအေးမိဆိုတဲ့မိန်းမကြောင့်ပဲ။ ကျုပ်ကို မအေးမိက လှည့်ဖျားခေါ်ပြီး ရတနာတွေတောင်းခဲ့တာပဲ။ သူတောင်းတဲ့ရတနာမရလို့ ကျုပ်ကို မြေအောက်ခန်းထဲမှာ ထားခဲ့တာပဲ"

ကိုမိုးဇွေ၏စကားကြောင့် အဘိုးစက္ကသည် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် ဟသ်ာရုပ်လေးကို ကိုမိုးဇွေထံ ပြလိုက်လေသည်။ ကိုမိုးဇွေသည် အဘိုးစက္ကပြသည့် ဟသ်ာရုပ်လေးကိုကြည့်ပြီး၊ ထိတ်လန့်သွားသည့်မျက်နှာဖြင့်ကြည့်ကာ. . .

"ဒီဟသ်ာရုပ်လေးကို အဘိုး ဘယ်ကရလာခဲ့တာလဲ"

"သိပ်အံ့ဩသွားပြီလား. . . ကိုမိုးဇွေ။ ဒီ ဟသ်ာရုပ်လေးက ပန်းချီဆရာ ကိုစက်ရှိန်ဆီက ရလာခဲ့တာပဲ မောင်မိုးဇွေ။ မောင်မိုးဇွေက ဒီဟသ်ာရုပ်လေးတွေ့ရလို့ ထိတ်လန့်သွားပြီနဲ့တူတယ်"

အဘိုးစက္ကစကားကြောင့် ကိုမိုးဇွေမျက်နှာသည် ခက်ထန်သွားပြီး အံကိုတင်းတင်းကြိတ်ကာ. . .

"ကျုပ်ကို မအေးမိတောင်းနေတာက ရတနာတွေနဲ့ ဟသ်ာရုပ်လေးပဲအဘိုး"

ကျွန်ုပ်သည် ကိုမိုးဇွေအဖြစ်ကိုသိပြီး မအေးမိ၏နှလုံးသားဆန္ဒကို သိရှိလိုက်ရလေသည်။

"ဒီအတိုင်းဆို မအေးမိက ကျုပ်တို့ထင်သလို ရတနာသိုက်ကို အပိုင်စီးဖို့ကြိုးစားနေပြီနဲ့တူတယ် အဘိုး။ ပြီးတော့ ဦးဝေမျှ ပျောက်ဆုံးခဲ့တယ်ဆိုတဲ့ မအေးမိစကားကို ယုံစားဖို့မလွယ်တော့ဘူး"

"မောင်တာနော‌ပြောသလို အဘိုးအစ်ကိုကြီး ဦးဝေမျှ ဘာကြောင့် ပျောက်ဆုံးခဲ့တယ်ဆိုတာ စဉ်းစားစရာဖြစ်နေပြီ။ အဘိုးတို့တစ်ခုခုဆုံးဖြတ်မှဖြစ်မယ် မောင်တာနော"

ကျွန်ုပ်နှင့်အဘိုးစက္က ပြောဆိုနေသည့်စကားကို အငေးသားကြည့်ရင်း နားထောင်နေသည့် ကိုမိုးဇွေသည် အံကိုတင်းတင်းကြိတ်ပြီး မကျေနပ်သည့်အသွင်ကိုတွေ့လိုက်ရသည်။

အဘိုးစက္ကကို ကိုမိုးဇွေကြည့်ပြီး. . .

"အဘိုးအစ်ကိုက ဦးဝေမျှဟုတ်လား အဘိုး"





"ဟုတ်တယ် မောင်မိုးဇွေ။ မောင်မိုးဇွေက အဘိုးအစ်ကိုကြီးကိုသိလို့လား။ အဘိုးအစ်ကိုကြီးက မိစ္ဆာအိမ်ကြီးကနေ ပျောက်ဆုံးခဲ့တယ်လို့သိရတယ်ကွယ့်"

"မဟုတ်ဘူးအဘိုး။ အဘိုးအစ်ကိုကြီးဦးဝေမျှက မိစ္ဆာအိမ်ကြီးမှာပဲရှိတယ်"

"ဘာ! မောင်မိုးဇွေ။ အစ်ကိုကြီးဦးဝေမျှက မိစ္ဆာအိမ်ကြီးထဲမှာရှိတယ် ဟုတ်လား။ နေပါဦး. . . မောင်မိုးဇွေက ဒီအိမ်ကြီးမှာရှိတယ်ဆိုတာ ဘယ်လိုသိခဲ့ရတာလဲ"

အဘိုးစက္ကသည် ကိုမိုးဇွေ၏စကားကြောင့် မယုံကြည်နိုင်အောင်ဖြစ်သွားမိပြီး မေးလိုက်သည်။

ကိုမိုးဇွေသည် အတန်ကြာစဉ်းစားမိပြီး. . .

"ကျုပ်ကို မအေးမိတို့လူစုက ရတနာနဲ့ ဟသ်ာရုပ် မေးတာမရလို့ မြေအောက်ခန်းမှာ ထားခဲ့တုန်း ကျုပ် မအေးမိနဲ့စကားပြောနေတဲ့ ဦးဝေမျှဆိုတာ. . . ကြားခဲ့ရတယ်။ ပြီးတော့ သူတို့ပြောနေတဲ့စကားထဲမှာ ဟသ်ာရုပ်ဆိုတဲ့စကားပဲ။ ဒါကြောင့် အဘိုးပြတဲ့ ပဟာဒီဟသ်ာရုပ်ကိုတွေ့ရလို့ ကျုပ်အံ့အားသင့်ခဲ့မိတာအမှန်ပဲ"

ကိုမိုးဇွေစကားကို ကြားလိုက်ရ၍ အဘိုးစက္ကသည် ခေါင်းတဆတ်ဆတ်ညိတ်ပြီး နားထောင်ရင်း. . .

"ဒီအတိုင်းဆို ဟောဒီဟသ်ာရုပ်လေးက အဘိုးတို့အတွက် တန်ဖိုးမဖြတ်နိုင်အောင်ဖြစ်နေပြီ မောင်တာနော။ အဘိုးစဉ်းစားမိသလောက်ပြောရရင် အဘိုးတို့မျိုးရိုးစဉ်ဆက်မှာ ဒီလိုထူးခြားတဲ့ဟသ်ာရုပ်လေးနဲ့ပတ်သက်နေခဲ့တယ်ဆိုတာ. . . အဘိုးမသိခဲ့ဘူး။ ကဲ. . . မောင်မိုးဇွေနဲ့ မောင်တာနောတို့ စကားပြောကြဦး။ အဘိုး မြေးလေးဒီပါဆီ သွားလိုက်ဦးမယ်"

အဘိုးစက္ကသည် ကျွန်ုပ်ကိုပြောဆိုပြီး ထွက်သွားလေသည်။

## အခန်း ( ၁၆ )

"အမှန်ပြောရရင် ကျုပ် မအေးမိရဲ့အလှအပကိုယ့်စားခဲ့မိလို့ ခုလိုအဖြစ်မျိုးရောက်ခဲ့တယ်ဆိုရင်မမှားဘူး ကိုတာနော။ မအေးမိရဲ့နှလုံးသားကောက်ကျစ်ယုတ်မာမှုကို ကျုပ် မိစ္ဆာအိမ်ကြီးရောက်မှ သိခဲ့ရတယ်။ ခက်နေတာက မအေးမိက ကျုပ်ဆီမှာ ရတနာတွေနဲ့ ဟသ်ာရုပ်လေးရှိတယ်ဆိုပြီး အတတ်စွဲနေတဲ့အဖြစ်ပဲ ကိုတာနော"

ကိုမိုးဇွေသည် ကျွန်ုပ်ကိုပြောဆိုရင်း မအေးမိအပေါ် မကျေမနပ်ဖြစ်နေသည့်အသွင်က အတိုင်းသားပေါ်လွင်နေသည်။

"ကိုမိုးဇွေက မအေးမိနဲ့ဘယ်လိုဆုံတွေ့ပြီး မိစ္ဆာအိမ်ကြီးကို ရောက်ခဲ့ရတာလဲ။ ကျုပ်ကိုပြောစမ်းပါဦး ကိုမိုးဇွေ"

"ကျုပ်က နယ်တကာအနှံ့သွားပြီး အရောင်းအဝယ်လုပ်နေတဲ့သူပါ ကိုတာနော။ မအေးမိနဲ့အရောင်းအဝယ်တစ်ခု ဆက်သွယ်မိရင်း မအေးမိနဲ့ရင်းနှီးကျွမ်းဝင်ခဲ့တယ်ဆိုပါတော့ဗျာ"

ကျွန်ုပ်သည် ကိုမိုးဇွေကိုကြည့်ပြီး ကျွန်ုပ်နှင့်မအေးမိဆုံစည်းခဲ့သည့်အဖြစ်ကိုပြောပြလိုက်မိသည်။ ကိုမိုးဇွေသည် ကျွန်ုပ်စကားကိုကြားလိုက်ရပြီး အံ့အားသင့်သွားကာ. . .

"ဒီအတိုင်းဆို မအေးမိနေတဲ့မိစ္ဆာအိမ်ကြီးက အတော့်ကိုထူးခြားတဲ့အိမ်ကြီးတစ်အိမ်လို့ပြောရမှာပဲ ကိုတာနော"

"ဟုတ်တယ်ကိုမိုးဇွေ။ ကိုမိုးဇွေ မြေအောက်ခန်းမှာနေခဲ့တုန်းက ဘာတွေများ ထူးခြားမှုတွေ့ခဲ့ရသလဲ။ ကျုပ်နဲ့အဘိုးစတ္တ မြေအောက်ခန်းကိုရောက်ခဲ့ပေမယ့် ဘာမှထူးခြားမှုမတွေ့ခဲ့ရဘူး ကိုမိုးဇွေ"

ကျွန်ုပ်စကားကြောင့် ကိုမိုးဇွေသည် သတိရသွားဟန်ဖြင့် ကျွန်ုပ်ကိုကြည့်ကာ. . .

"ကျုပ်ထူးခြားမှုတွေ့တာကတော့ ကျုပ်နေတဲ့အခန်းကနေ အပြင်ကိုလှမ်းမြင်နိုင်တဲ့အခန်းတံခါးပေါက်ပဲ ကိုတာနော။ ဒါပေမဲ့ ဒီအခန်းပေါက်က အပြင်ကိုထွက်ဖို့မလွယ်ဘူး။ ပြီးတော့ ကျုပ်လှမ်းမြင်ရတဲ့အခန်းပေါက်ကနေ ကျုပ်တွေ့ရတဲ့မြင်ကွင်းပဲ ကိုတာနော"





ကိုမိုးဇွေသည် ကျွန်ုပ်ကိုပြောဆိုရင်း ကြောက်ရွံ့ထိတ်လန့်သွားသည့်အသွင်က ပေါ်လာလေသည်။ ကျွန်ုပ်သည် ကိုမိုးဇွေ၏အဖြစ်ကိုမြင်တွေ့လိုက်ရ၍ အံ့ဩသွားမိလေသည်။

"ကိုမိုးဇွေမြင်ရတဲ့မြင်ကွင်းက ဘာများထူးခြားလို့လဲဗျ"

"ထူးခြားဆို. . . ကိုတာနောရယ်။ ကျုပ်မြင်ရတဲ့ မြင်ကွင်းက လသာရက်တိုင်း မိန်းမတစ်ယောက် မိစ္ဆာခြံကြီးထဲမှာတွေ့ခဲ့ရတဲ့မြင်ကွင်းပဲဗျ။ ပြီးတော့ အဲဒီမိန်းမနဲ့အတူ မည်းမည်းသဏ္ဍာန်ကြီးတွေကိုတွေ့ရပြီး ခြံကြီးထဲမှာ တစ်ခုခုရှာဖွေတူးနေတာ တွေ့ခဲ့ရတာပဲ ကိုတာနော"

ကိုမိုးဇွေသည် ကျွန်ုပ်ကိုပြောဆိုရင်း စိတ်မလုံသလိုဖြစ်နေသည်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်ပို၍စိတ်ဝင်စားသွားမိလေသည်။

"အဲဒီမိန်းမက ခြံထဲအနှံ့သွားပြီး မိစ္ဆာအိမ်ကြီးဆီမှာ ထူးထူးဆန်းဆန်းကြောက်မက်ဖွယ်ရာအသံတွေကြားရတာပဲ ကိုတာနော။ ဒါကြောင့် မြေအောက်ခန်းထဲမှာ စာအုပ်စင်တွေ့ရလို့ စာအုပ်လေးမှာ ကျုပ်ရေးခဲ့မိတာပဲ"

"ကျုပ်က ကိုမိုးဇွေရဲ့စာအုပ်လေးကို မြေအောက်ခန်းမှာ ထူးထူးခြားခြားတွေ့ရလို့ အံ့ဩနေမိတာဗျ"

"ဒါကြောင့် ကျုပ်ရှာလို့မတွေ့ခဲ့တာကိုး။ မအေးမိက ကျုပ်

ကို ရတနာနဲ့ ဟသ်ာရုပ်လေး တောင်းပေမယ့် မအေးမိလိုချင်တဲ့ ရတနာနဲ့ ဟသ်ာရုပ်ကို ကျုပ်လုံးဝမသိခဲ့တာအမှန်ပဲ ကိုတာနော"

"အေးဗျာ၊ ဝက်ပါဆန်တဲ့မိစ္ဆာဟိမ်ကြီးရဲ့အဖြစ်က အတော့်ကို ထူးဆန်းတဲ့အဖြစ်လို့ပြောရမှာပဲ ကိုမိုးခွေ။ ကိုမိုးခွေက ဘယ်ကိုခရီးဆက်ဖို့ရှိသေးလဲ"

"ကျုပ်အသက်ကိုကယ်တင်ခဲ့တဲ့ အဘိုးစက္ကနဲ့ ကိုတာနော ကျေးဇူးကို ကျုပ်တစ်သက်မမေ့ပါဘူးဗျာ။ ကျုပ်ခရီးဆက်ရမှာတော့ ကျုပ်အပေါ် လှည့်ဖျားခဲ့တဲ့မအေးမိဆီပဲ ကိုတာနော။ မအေးမိကို ကျုပ်ခွင့်လွှတ်လို့မရနိုင်တာအမှန်ပဲ။ ဒါကြောင့် မအေးမိ ကျုပ်ဆီက ရတနာနဲ့ ဟသ်ာရုပ်ကို ဘာကြောင့်လိုချင်တယ်ဆိုတာသိရအောင် ကျုပ်စုံစမ်းမယ် ကိုတာနော"

ကိုမိုးခွေသည် ကျွန်ုပ်ကိုပြောဆိုရင်း ရုတ်တရက် မျက်နှာ ခက်ထန်သွားပြီး ထိုင်နေရာမှအပြေးထသွား၍ ကျွန်ုပ် အချိန်မီ ကိုမိုးခွေကိုတားဆီးလိုက်မိလေသည်။

"ဟင်! မအေးမိ. . . မအေးမိပါလား။ ကျုပ်ဘဝပျက်အောင် ဖျက်ဆီးခဲ့တဲ့ခင်ဗျားကို ကျုပ်သတ်မယ်. . . သတ်မယ်"

"သတိလည်းထားစမ်းပါဦး မောင်မိုးခွေ။ ခု မောင်မိုးခွေ မြင်နေရတဲ့သူက မအေးမိ မဟုတ်ပါဘူးကွယ်။ အဘိုးမြေး ဒီပါ့ပါ။





ကဲ. . . မြေးဒီပါ၊ ထိုင်ပါဦးကွယ်"

အဘိုးစက္ကစကားကြောင့် ကိုမိုးခွေသည် ဒီပါ့ကိုရုတ်တရက် တွေ့လိုက်ရ၍ မယုံကြည်နိုင်သည့်အကြည့်ဖြင့် ဒီပါ့ကိုစူးစူးရဲရဲ ကြည့်နေလေသည်။ အဘိုးစက္ကသည် ဒီပါ့လက်ကိုဆွဲပြီး ထိုင်ခိုင်းလိုက်သည်။ ပြီး ဒီပါကိုကြည့်ကာ. . .

"မြေးလေး ဒီပါ။ အဘိုးပြောပြတဲ့မောင်မိုးခွေဆိုတာ သူပဲကွယ့်။ မောင်မိုးခွေကို နှုတ်ဆက်စကားဆိုလိုက်ပါဦးကွယ်"

အဘိုးစက္ကစကားကြောင့် ဒီပါသည် ကိုမိုးခွေကို မဝံ့မရဲ မျက်နှာလေးဖြင့်ကြည့်လိုက်ပြီး. . .

"ကျွန်မနာမည်က ဒီပါပါ ကိုမိုးခွေ။ ကိုမိုးခွေထင်နေသလို မအေးမိမဟုတ်ပါဘူး"

"ကျုပ်အံ့ဩလိုက်တာ အမှန်ပါပဲဗျာ။ မအေးမိနဲ့ ဒီပါက ခွဲခြားမရအောင်တူနေတော့ ကျုပ် မအေးမိအမှတ်နဲ့ပြောမိဆိုမိတာကိုခွင့်လွှတ်ပါ။ အဘိုးကိုလည်း ကျုပ်တောင်းပန်ပါတယ်"

ကိုမိုးခွေက အဘိုးစက္ကနှင့်ဒီပါကိုတောင်းပန်စကားဆိုလိုက်လေသည်။ အဘိုးစက္ကသည် ကိုမိုးခွေကိုကြည့်ပြီး ခွင့်လွှတ်သည့် အပြုံးဖြင့်ကြည့်ပြီး. . .

"မြေးဒီပါကိုတွေ့မိရင် မောင်မိုးခွေအံ့ဩလိမ့်မယ်ဆိုတာ

အဘိုးသိပါတယ်။ ခုလို မြေးလေးဒီပါနဲ့ မောင်မိုးဇွေကိုတွေ့ပေးရတာကလည်း အဘိုးရင်ထဲမှာ မြုပ်နှံထားခဲ့ရတဲ့အဖြစ်ကြောင့်ပဲ"

အဘိုးစက္ကသည်ပြောဆိုပြီး စားပွဲပေါ်သို့ ကိုစက်ရှိန်ထံမှ ရရှိခဲ့သည့်ဟသ်ာရုပ်လေးနှင့် ဖိုးရွှေကြူပေးခဲ့သည့်ဟသ်ာရုပ်လေး နှစ်ခုကိုချပြီး ကျွန်ုပ်ကိုကြည့်ကာ. . .

"မောင်တာနောရင်ထဲမှာ ခုတိုင် ဟသ်ာရုပ်လေးတွေအပေါ် စိတ်ဘဝင်မကျဖြစ်နေတယ်ဆိုတာ အဘိုးလည်းသိပါတယ်။ ဒါပေမဲ့ ပောဒီဟသ်ာရုပ်လေးတွေကို တိုက်တိုက်ဆိုင်ဆိုင် ပောဒီက မောင်မိုးဇွေ့ အဘိုးဆီရောက်လာမှ အဘိုးအဖြေထုတ်လို့ရခဲ့တယ်ဆိုရင် မမှားခဲ့ဘူး"

အဘိုးစက္ကစကားကိုကြားလိုက်ရ၍ ကျွန်ုပ်ဇဝေဇဝါဖြစ်သွားမိလေသည်။ စားပွဲခုံပေါ်မှ အဘိုးစက္ကတင်ထားသည့်ဟသ်ာရုပ်လေးနှစ်ခုကိုကြည့်လိုက်မိသည်။ ကိုမိုးဇွေသည် အဘိုးစက္ကကိုတစ်လှည့်၊ ဟသ်ာရုပ်ကလေးကိုတစ်လှည့်ကြည့်ပြီး အဖြေရှာနေဟန်တူသည်။ အဘိုးစက္ကသည် ကိုမိုးဇွေကိုစူးစူးရဲရဲကြည့်ပြီး. . .

"မောင်မိုးဇွေရဲ့မိဘတွေကို အဘိုးမသိရသေးဘူးကွယ့်။ ဘယ်အရပ်ဘယ်ဇာတိဆိုတာလဲ အဘိုးကိုပြောပြစမ်းပါဦး"

ကိုမိုးဇွေသည် အဘိုးစက္ကကို တအံ့တသြကြည့်ပြီး စဉ်းစား





နေဟန်တူသည်။ အဘိုးစက္ကသည် ကိုမိုးဇွေကိုကြည့်ပြီး. . .

"မောင်မိုးဇွေ အဘိုးမေးခွန်းကို ရုတ်တရက်မဖြေနိုင်သေးဘူးဆိုတာ အဘိုးနားလည်ပါတယ်ကွယ်။ မောင်မိုးဇွေက ငယ်စဉ်ကတည်းက မိဘအရင်းအချာတွေနဲ့ကင်းပြတ်ပြီး မွေးစားမိဘတွေကိုပဲ မိဘအရင်းအချာလို့ထင်နေခဲ့တာမဟုတ်လား"

"အဘိုးက ကျွန်ုပ်အကြောင်းတွေကိုသိတယ်. . . ဟုတ်လား အဘိုး"

"မောင်မိုးဇွေအကြောင်းကိုသိဖို့ အဘိုးမစုံစမ်းခဲ့ပေမယ့် မြေအောက်ခန်းထဲမှာ မောင်မိုးဇွေကိုတွေ့ရကတည်းက အဘိုးမသင်္ကာခဲ့တာအမှန်ပဲ"

"ဒါဆို ကျွန်ုပ်. . . ကျွန်ုပ်မိဘအရင်းတွေကို အဘိုးသိခဲ့တယ်ပေါ့။ ကျွန်ုပ်မိဘတွေက ဘယ်သူလဲအဘိုး"

"ပြောရရင်တော့ မောင်မိုးဇွေရဲ့ဘဝရင်းအမှန်ကို အဘိုးသိအောင် အစဖော်ပေးလိုက်တာက. . . ပောဒီအရုပ်ကလေးဆိုရင် မမှားခဲ့ဘူး"

အဘိုးစက္ကသည် ပြောပြောဆိုဆို ကိုမိုးဇွေအင်္ကျီကိုချွတ်ပြီး လက်မောင်းရင်းမှာ ရေးထိုးထားသည့်ဟသ်ာရုပ်လေးကို ပြလိုက်သည်။ ကျွန်ုပ်သည် ကိုမိုးဇွေလက်မောင်းရင်းနှစ်ဖက်ဆီမှ ထူးခြား

စွာရေးထိုးထားသည့်ဟသ်ာရုပ်လေးကိုတွေ့လိုက်ရ၍ ကျွန်ုပ်အံ့ဩသွားမိလေသည်။

"ပြောရရင်တော့ မောင်မိုးစွေလက်မောင်းမှာရှိတဲ့ဟသ်ာရုပ်လေးကို အဘိုးအမှတ်မထင်တွေ့ပြီးကတည်းက အဘိုးရင်ထဲမှာ ယူကျုံးမရ ခံစားမိခဲ့တယ်"

အဘိုးစက္က၏ ကြေကွဲမှုတွေ ပြည့်နေသည့်စကားကြောင့် ကျွန်ုပ်သည် ကိုမိုးစွေကိုကြည့်လိုက်မိသည်။

ဒီပါသည် အဘိုးစက္ကကိုကြည့်ပြီး. . .

"အဘိုး. . . ကိုမိုးစွေရဲ့ဟသ်ာရုပ်လေးက ဘယ်လိုများ ထူးခြားနေလို့လဲအဘိုး"

"ဒါကြောင့် မြေးလေးဒီပါကိုပါ သိရအောင် အဘိုး, မောင်မိုးစွေနဲ့တွေ့ခွင့်ပြုခဲ့မိတာပဲ။ မောင်မိုးစွေလက်မောင်းမှာရှိတဲ့ဟသ်ာရုပ်အမှတ်အသားက ဟောဒီဟသ်ာရုပ်နဲ့ ဆက်နွယ်နေတယ်ကွယ့်"

ကိုမိုးစွေသည် အဘိုးစက္က၏စကားကို နားမလည်နိုင်သလို အကြည့်ဖြင့် ကြည့်နေလေသည်။ အဘိုးစက္ကသည် ကိုမိုးစွေကိုကြည့်ပြီး. . .

"မောင်မိုးစွေရဲ့မိဘအရင်းနာမည်က ဖိုးတက်တူနဲ့ မသိုင်းခြုံလို့ခေါ်တယ်"





"ကျုပ်မိဘအရင်းတွေဟုတ်လား။ ဒါဆို. . . ကျုပ်မိဘတွေ ဘယ်မှာလဲအဘိုး"

"အဲဒါကြောင့် မောင်မိုးစွေသိအောင် အဘိုးပြောရမှာပါ။ ဒါပေမဲ့ ဖိုးတက်တူနဲ့ မသိုင်းခြုံက ခုအထိ သေသလားရှင်သလားဆိုတာ အဘိုးလုံးဝမသိခဲ့တာအမှန်ပဲမောင်မိုးစွေ။ ပြီးတော့ ဟောဒီဟသ်ာရုပ်လေးပဲ"

အဘိုးစက္ကသည် ကိုမိုးစွေကိုပြောပြီး ဟသ်ာရုပ်လေးတစ်ရုပ်ကိုယူလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"အဘိုးသိရသလောက်ပြောရရင် မောင်မိုးစွေဖခင် ဖိုးတက်တူက မုဆိုးတစ်ဦးကွယ့်။ တစ်နေ့ အဖော်တစ်ယောက်နဲ့ တောထဲမှာ သားကောင်လိုက်ရင်း ရတနာတွေ မမျှော်လင့်ဘဲတွေ့ခဲ့ကြတယ်"

"ရတနာတွေ. . . ဟုတ်လားအဘိုး"

"ဟုတ်တယ် မောင်မိုးစွေ။ ဖိုးတက်တူ အမှတ်မထင်တွေ့ခဲ့ရတဲ့ရတနာတွေကို ယူဆောင်ခဲ့တယ်ဆိုပါတော့။ ဒါပေမဲ့ ဖိုးတက်တူဟာ ဒီရတနာတွေရပြီး မကြာဘူး၊ ဖိုးတက်တူထံ နန်းမြကြည်ဆိုတဲ့မိန်းကလေးတစ်ဦး ထူးထူးဆန်းဆန်းရောက်လာခဲ့တယ်"

ကျွန်ုပ်သည် ကိုမိုးစွေဖခင် ဖိုးတက်တူအဖြစ်ကို ပို၍စိတ်

ဝင်စားသွားမိလေသည်။ အဘိုးစက္ကသည် ရေနွေးကြမ်းတစ်ခွက် သောက်ပြီး. . .

"ဖိုးတက်တူဟာ. . . နန်းမြကြည်ဆိုတဲ့မိန်းကလေးနဲ့အတူ ရတနာတွေပါယူပြီး ခုတိုင်ပျောက်ဆုံးနေခဲ့တယ်ဆိုပါတော့ မောင်မိုးဇွေ"

"ဒါဆို ကျွပ်. . . ကျုပ်အမေကရော အဘိုး"

"အင်း. . . ဖိုးတက်တူရဲ့အဖြစ်ကိုသိပြီး မောင်မိုးဇွေမိခင် လည်း နှလုံးသားဝေဒနာသင့်ပြီး မောင်မိုးဇွေ တစ်နှစ်သားကျော် မှာပဲ ဆုံးပါးခဲ့ရှာတယ်"

"ရက်စက်လိုက်တာအဖေရာ"

အဘိုးစက္ကစကားကြောင့် ကိုမိုးဇွေထံမှ မချိတင်ကဲစကား သံက ပေါ်လာလေသည်။ ကျွန်ုပ်သည် ကိုမိုးဇွေကိုကြည့်လိုက်မိ သည်။ ကိုမိုးဇွေသည် မိမိဘဝအဖြစ်မှန်ကိုသိရှိပြီး မျက်ရည်ဝဲကာ ကြေကွဲစွာခံစားနေရလေသည်။

"မသိုင်းခြုံဆုံးပါးခဲ့လို့ မောင်မိုးဇွေကိုမွေးစားခဲ့တဲ့ ကိုသံဗျင်း က အဘိုးရဲ့မိတ်ဆွေရင်းတစ်ဦးပဲ။ ဒါကြောင့်လည်း မောင်မိုးဇွေရဲ့ လက်မောင်းရင်းနှစ်ဖက်မှာ ရေးထိုးထားတဲ့ဟသ်ာရုပ်လေးကို အဘိုးတွေ့လိုက်ရလို့ အတော်ဖုံ့အားသင့်ခဲ့တာပဲ။ ပြီးတော့ ပိုပြီး





ဖုံ့အားသင့်မိတာက အဘိုးမိတ်ဆွေရင်း ကိုသံဗျင်းထံ ဖိုးတက်တူ ရောက်လာပြီး မောင်မိုးဇွေအတွက် ရတနာနဲ့ ဟသ်ာရုပ်လေး ပေးခဲ့ တာပဲ။ ဒါပေမဲ့ ကိုသံဗျင်းက ရတနာကိုလက်မခံဘဲ ဟသ်ာရုပ်လေး ပဲ ယူခဲ့တယ်။ ဒါကြောင့် မောင်မိုးဇွေနဲ့ ဟောဒီဟသ်ာရုပ်လေးကို တွေ့ရလို့ အဘိုး ဒီစကားပြောရတာပဲ"

"ဒါဆို. . . ကျုပ်ကို မအေးမိ ရတနာတွေနဲ့ ဟသ်ာရုပ် မေး မရလို့ မြေအောက်ခန်းမှာထားခဲ့တဲ့အဖြစ်ကို အဘိုးပြောပြမှပဲ ကျုပ် သိရတယ်"

"နေပါဦး မောင်မိုးဇွေ။ မောင်မိုးဇွေကို မအေးမိက ရတနာ တွေနဲ့ဟသ်ာရုပ်ကို မရမက မေးတယ်ဆိုတော့ မောင်မိုးဇွေဖခင် ဖိုးတက်တူဟာ ရှိနေတုန်းပဲလို့ အဘိုးယုံကြည်မိတယ်"

အဘိုးစက္ကသည် သက်ပြင်းရှည်ကြီးချလိုက်ပြီး ကိုမိုးဇွေကို ကရုဏာသက်သည့်အကြည့်ဖြင့်ကြည့်လိုက်ပြီး. . .

"မောင်မိုးဇွေသဘောထားကိုရော ပြောစမ်းပါဦး။ အဘိုးသိ ပါရစေ"

"အဘိုးပြောသလို ကျုပ်အဖေ အသက်မသေသေးဘူးဆိုရင် ကျုပ်မတွေ့တွေ့အောင် ရှာချင်သေးတယ်အဘိုး။ ပြီးတော့ ကျုပ် ဘဝမှာ အရေးအကြီးဆုံးက အဖေပဲမဟုတ်လား။ ဆက်ပြီး ကျုပ်

မွေးစားအဖေ ကိုသံဖျင်းကိုလည်းရှာချင်သေးတယ်"

"ကိုသံဖျင်းက ဘယ်ဆီသွားလို့လဲ မောင်မိုးဇွေ"

"ကျုပ်အဖေ ကိုသံဖျင်းက ခရီးသွားမယ်ဆိုပြီးထွက်သွားလို့ ကျုပ်အရောင်းအဝယ်လုပ်ရင်း နယ်တကာအနှံ့ ရှာခဲ့တာ။ ခုချိန်ထိ ရှာလို့မတွေ့ရဘဲ မအေးမိနဲ့ဆုံတွေ့ပြီး ခုလိုအဖြစ်မျိုးနဲ့ ကြုံခဲ့ရတာပဲအဘိုး"

ကျွန်ုပ်သည် ကိုမိုးဇွေ၏ဘဝအဖြစ်မှန်ကိုသိလိုက်ရပေသည်။ သို့တိုင် ကိုမိုးဇွေ၏မွေးစားဖခင် ဦးသံဖျင်းပေးခဲ့သည့် ဟင်္သာရုပ်လေးကိုသိချင်စိတ်က တဖွားဖွားပေါ်လာမိလေသည်။

"အဘိုး, ကိုမိုးဇွေဖခင် ဖိုးတက်တူ၊ ဦးသံဖျင်းထံပေးခဲ့တဲ့ ဟင်္သာရုပ်လေးကရော"

"အဲဒါကြောင့် အဘိုးလည်းစဉ်းစားနေရတာပေါ့ မောင်တာနောရယ်။ ဦးသံဖျင်းကလည်း ပျောက်ဆုံးနေတော့ ဟင်္သာရုပ်လေးနဲ့ပတ်သက်နေပြီလို့ အဘိုးထင်မိတယ်"

ကျွန်ုပ်နှင့်အဘိုးစက္ကစကားကြောင့် ကိုမိုးဇွေသည် စားပွဲခုံပေါ်ရှိဟင်္သာရုပ်လေးကို အတန်တန်ကြည့်ပြီးစဉ်းစားနေရာမှ သတိရလာဟန်တူသည်။

"ကျုပ်ဖခင်ပေးခဲ့တဲ့ ဟင်္သာရုပ်လေးကို ကျုပ်မှတ်မိတာ





အမှန်ပဲ။ ကျုပ်အဖေဦးသံဖျင်းထံ ဟင်္သာရုပ်လေးရရှိပြီး မကြာခင်မှာ လူထူးလူဆန်းတစ်ယောက် ရောက်လာပြီး အဲဒီလူကြီးနဲ့ ကျုပ်အဖေက ဟင်္သာရုပ်လေးကြည့်ပြီး မိစ္ဆာတစ္ဆေလို့ပြောခဲ့တာပဲအဘိုး"

"ဘာ! မောင်မိုးဇွေ၊ မိစ္ဆာတစ္ဆေဟုတ်လား"

အဘိုးစက္ကသည် ကိုမိုးဇွေစကားကြောင့် ရုတ်တရက်အံ့အားသင့်သွားပြီး ဟင်္သာရုပ်လေးကိုကြည့်ကာ ငိုင်တွေသွားလေသည်။ ကျွန်ုပ်သည် အဘိုးစက္ကအဖြစ်ကို ထူးခြားစွာတွေ့လိုက်ရ၍ စဉ်းစားမရအောင် ဖြစ်မိလေသည်။

အဘိုးစက္ကသည် ကျွန်ုပ်နှင့် ကိုမိုးဇွေကို တစ်လှည့်စီကြည့်ကာ. . .

"မောင်တာနောနဲ့ မောင်မိုးဇွေကို အဘိုးပြောချင်တာက ဒီလိုကွယ့်။ မောင်တာနောနဲ့ မောင်မိုးဇွေကိုယ်တိုင် မိစ္ဆာအိမ်ကြီးနဲ့ပတ်သက်ပြီး ထူးထူးဆန်းဆန်းကြုံခဲ့ရတယ်မဟုတ်လား။ ပိုပြီးထူးဆန်းတာက ဟောဒီဟင်္သာရုပ်လေးပဲ။ အဘိုးပြောချင်တာက မောင်မိုးဇွေက ဦးသံဖျင်းကို ရှာသလို၊ မောင်တာနောကလည်း မောင်စက်ရှိန်ကို ရှာစေချင်တယ်။ တကယ်လို့ ရှာတွေ့ခဲ့ရင် အဘိုးဆီကို အမြန်ဆုံးပြန်လာခဲ့ပါ။ အဘိုး ဒီကပဲစောင့်နေပါ့မယ်"

အဘိုးစက္ကု၏စကားသံနှင့်အတူ ကျွန်ုပ်နှင့် ကိုမိုးဇေ့တို့နှစ်ဦးသည် အဘိုးစက္ကုနှင့်ဒီပါကိုနှုတ်ဆက်ပြီး ထွက်ခွာခဲ့လေသည်။



## အခန်း ( ၁၇ )

ကျွန်ုပ်သည် ‘ဇမ္ဗူဒီပါ’အမည်ရှိ စာအိတ်ကြီးထဲမှ ရေးသားထားသည့်စာများကို စိတ်ဝင်တစား ဖတ်နေမိလေသည်။ ထိုစဉ်ကျွန်ုပ်အိမ်လေး ခြံတံခါးဝဆီမှ ခေါင်းလောင်းတီးသံကြောင့် ကျွန်ုပ်ထံသို့ လူစွမ်းစားကိုဘဟိန်း လာနေကြောင်းကို အလိုလိုသိလိုက်ရလေသည်။

ကိုဘဟိန်းသည် ကျွန်ုပ်ထိုင်နေသည့်ဧည့်ခန်းရှိ ကုလားထိုင်ပေါ်တွင်ထိုင်ပြီး သူ့ဝသီအတိုင်း ဆေးပြင်းလိပ်ကိုမီးညှိပြီး မှာချိုက်ကာ ကျွန်ုပ်ကိုတစ်ချက်ကြည့်၊ ကျွန်ုပ်စိတ်ဝင်စားစွာဖတ်ရှုနေသည့် ဇမ္ဗူဒီပါအမည်ရှိစာအိတ်ကြီးကိုတစ်လှည့်ကြည့်ပြီး. . .

"ဘယ်လိုလဲ ကိုသံခိပ်ရဲ့။ ဇမ္ဗူဒီပါကို အတော်ကြီးစိတ်ဝင်တစားရှိနေပြီနဲ့တူတယ်"

"ဟုတ်တယ်ကိုဘဟိန်းရေ. . . ဟုတ်တယ်။ ကျုပ်ဖြင့် ဇမ္ဗူဒီပါကိုဖတ်မိရင်း စိတ်ဝင်စားလွန်းလို့ လက်ကမချနိုင်အောင်ဖြစ်နေမိတယ်ဗျို့။ ဒါပေမဲ့ အဆုံးမသတ်ဘဲဖြစ်နေလို့ ဆန့်တငင်ငင်ဖြစ်နေမိတယ်"

"အဲဒါကြောင့်. . . ကျုပ်က ဇမ္ဗူဒီပါဇာတ်သိမ်းခန်းကို ကိုသံခိပ် လက်တွေ့သိရအောင် ကျုပ်လာခဲ့ရတာပဲဗျို့"

"ဗျာ! ဘယ်လို ကိုဘဟိန်း။ ဇမ္ဗူဒီပါဇာတ်သိမ်းခန်း ဟုတ်လား"

"ဟုတ်ပါသကောလားဗျာ။ ဒါကြောင့် ကျုပ်နဲ့ခရီးထွက်ဖို့ ကိုသံခိပ် အဆင်သင့်ပြင်ထားတော့ဗျို့"

ကျွန်ုပ်သည် ကိုဘဟိန်း၏စကားကြောင့် အတန်ပင်အံ့အားသင့်သွားမိလေသည်။ ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြုံးစေ့စေ့ကြည့်ကာ ဆေးပြင်းလိပ်ကို မီးခိုးလုံးကျအောင် ဖွာရှိုက်နေသည်။

"ဘယ်နှယ့်ကြောင့်. . . ကျုပ်ကို ကိုဘဟိန်းက ခရီးထွက်ဖို့ အဆောတလျင် ခေါ်ငင်နေရသတုန်း။ ကျုပ်က ကိုဘဟိန်းနဲ့ဘယ်ခရီးကိုထွက်ရမှာလဲ"





"ခရီးမထွက်လို့မဖြစ်ဘူး ကိုသံခိပ်ရဲ့။ ကိုမိုးဇွေက ဦးသံဖျင်းကိုရှာဖို့ ခရီးထွက်သလို၊ ကိုတာနောက ကိုစက်ရှိန်ကိုရှာဖို့ ခရီးထွက်သွားတယ်မဟုတ်လား။ ဒီတော့. . . ကျုပ်နဲ့ကိုသံခိပ်က ဇမ္ဗူဒီပါဇာတ်လမ်းထဲက အမိကဇာတ်ကောင်ကိုရှာဖို့ မြိုင်သေလာကိုခရီးထွက်မှဖြစ်မယ် ကိုသံခိပ်"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကြောင့် အထူးအဆန်းဖြစ်သွားမိလေသည်။ ကျွန်ုပ်ဖတ်ရှုနေသည့် ဇမ္ဗူဒီပါဇာတ်လမ်းထဲက ကိုမိုးဇွေနဲ့ကိုတာနော ခရီးထွက်ခဲ့သည့်အဖြစ်နှင့် အဆုံးသတ်ထား၍ ကိုဘဟိန်းသိနေခြင်းကို ကျွန်ုပ်အံ့ဩသွားမိလေသည်။

"နေပါဦး ကိုဘဟိန်းရဲ့။ ကိုမိုးဇွေနဲ့ ကိုတာနော ခရီးထွက်သွားတာကို ဘယ်လိုသိနေတာလဲ။ ကျုပ်ဖြင့် ကိုဘဟိန်းကိုအံ့ဩမိတယ်ဗျာ"

"ကျုပ်ကို သိပ်လည်းအံ့ဩမနေပါနဲ့ ကိုသံခိပ်ရယ်။ ဟောဒီမှာ ကျုပ်ရလာတဲ့ပစ္စည်းလေးကို ဘာလဲဆိုတာကြည့်ပါဦး"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြောဆိုပြီး အသင့်ပါလာသည့်ပစ္စည်းလေးကို စားပွဲပေါ်သို့တင်လိုက်၍ ကျွန်ုပ်ကြည့်မိရင်း ပို၍အံ့ဩသွားမိလေသည်။

"ထူးထူးဆန်းဆန်း ဟင်္သာရုပ်လေးပါလား ကိုဘဟိန်း။ ကို

ဘဟိန်း ဘယ်ကရလာခဲ့တာလဲ။ ကျုပ်ကိုပြောစမ်းပါဦး"

ကျွန်ုပ်သည် ကိုဘဟိန်း စားပွဲခုံပေါ်တွင် အသင့်ချထားသည့် ဟင်္သာရုပ်လေးကိုယူပြီး သေချာစွာကြည့်လိုက်မိသည်။ ဟင်္သာရုပ်လေးသည် အနုစိတ်လက်ရာဖြင့်ပြုလုပ်ထားသည့် ရွှေဟင်္သာရုပ်လေးမှန်း သိလိုက်ရချေသည်။

ကိုဘဟိန်းသည် ကျွန်ုပ်ကိုစကားမဆိုနိုင်ဘဲ ကုလားထိုင်တွင် ခေါင်းမှီပြီး ဆေးပြင်းလိပ်ကိုဖွာရှိုက်ပြီး စဉ်းစားနေဟန်တူသည်။ အတန်ကြာမှ ကျွန်ုပ်ကိုကြည့်ကာ. . .

"ဒီဟင်္သာရုပ်လေးကို ကျုပ် မိစ္ဆာအိမ်ကြီးက ရခဲ့တာပဲ ကိုသံခိပ်"

"မိစ္ဆာအိမ်ကြီး. . . ဟုတ်လား ကိုဘဟိန်း။ မိစ္ဆာအိမ်ကြီးကို ကိုဘဟိန်း ဘယ်တုန်းက ရောက်ခဲ့တာလဲ။ မအေးမိကိုရော မတွေ့ခဲ့ဘူးလား"

"ကိုသံခိပ်က မအေးမိကိုစိတ်ဝင်စားနေပြီနဲ့တူတယ်။ ဖြည်းဖြည်းပေါ့ ကိုသံခိပ်ရယ်။ ကျုပ်ပြောပြပါမယ်"

ကျွန်ုပ်သည် ကိုဘဟိန်းပြသည့် ဟင်္သာရုပ်လေးကိုလည်းကောင်း၊ မိစ္ဆာအိမ်ကြီးကိုရောက်ရှိခဲ့သည့်စကားကိုလည်းကောင်း၊ ကိုဘဟိန်းထံမှသိရှိလိုက်ရ၍ ထူးထူးဆန်းဆန်းဖြစ်နေမိသည်။





ပြီး. . . ကိုဘဟိန်းအဖြစ်ကို မယုံကြည်နိုင်ဖြစ်မိလေသည်။

"ကျုပ်ကိုကြည့်ပြီး အထူးအဆန်းဖြစ်နေပါလား ကိုသံခိပ်ရဲ့. . ."

"ဟုတ်ပါဗျာ. . . ကျုပ်ဖြင့်ကိုဘဟိန်းပြောဆိုလုပ်ကိုင်သမျှတွေက အထူးအဆန်းတွေချည်းဖြစ်နေသလို၊ ကိုဘဟိန်း မိစ္ဆာအိမ်ကြီးကိုရောက်ခဲ့တဲ့အဖြစ်က ပိုပြီးထူးဆန်းနေမိလို့ ကျုပ်က မအေးမိကိုမေးမိတာပဲ ကိုဘဟိန်း"

"ကိုသံခိပ်ပြောတဲ့မအေးမိက ခုဆို မိစ္ဆာအိမ်ကြီးကနေ ထူးထူးဆန်းဆန်းပျောက်ဆုံးနေလို့ ကျုပ်ခရီးလွန်ခဲ့မိတာပဲ ကိုသံခိပ်"

"မအေးမိပျောက်ဆုံးနေတယ်ဆိုတော့ မအေးမိအပေါ် နာကြည်းမုန်းတီးနေတဲ့ကိုမိုးစွေနဲ့ကိုတာနောက မအေးမိကိုတစ်နည်းနည်းနဲ့ခေါ်သွားနိုင်တာ မဖြစ်နိုင်ဘူးလားကိုဘဟိန်း"

"မအေးမိကို၊ ကိုမိုးစွေနဲ့ ကိုတာနော ခေါ်သွားတယ်ဆိုရင် ကျုပ်အဖို့ ကွင်းဆက်မပြတ်နိုင်ဘူးဗျ။ ခု မအေးမိကို လူတစ်ယောက်ခေါ်သွားခဲ့တဲ့အဖြစ်ပဲ ကိုသံခိပ်"

ကျွန်ုပ်သည် မအေးမိကို ခေါ်ဆောင်သွားသည့် လူတစ်ယောက်ကို စိတ်ဝင်စားသွားမိလေသည်။ ကိုဘဟိန်းသည် ကျွန်ုပ်ကိုကြည့်ပြီး သူ့ဝသီအတိုင်း သဘောကျသွားဟန်ဖြင့် တဟဲဟဲရယ်

မောကာ. . .

"သိပ်လည်းစဉ်းစားမနေပါနဲ့ ကိုသံခိပ်ရယ်။ ခု ကျုပ်ရလာခဲ့တဲ့ ဟောဒီဟသ်ာရုပ်ကလေးက ပန်းချီဆရာကိုစက်ရှောင်ဆိုသူနဲ့ပတ်သက်နေတယ်လို့ ကျုပ်ထင်တယ်"

"ဒါဆို ပန်းချီဆရာကိုစက်ရောင်ကို ခုချိန်အထိ ရှာလို့မရသေးဘူးလား ကိုဘဟိန်း"

"ပန်းချီဆရာ ကိုစက်ရောင်အတွက် စိတ်မပူပါနဲ့ ကိုသံခိပ်ရယ်။ ကိုစက်ရောင် ခုအထိ ရှိနေတယ်ဆိုတာ ကျုပ်သိခဲ့ရတယ်။ ဒါကလည်း မရဏစံအိမ်က ဒီပါကြောင့်ပဲ"

ကျွန်ုပ်သည် ကိုဘဟိန်းထံမှ ဒီပါဟူသောစကားသံကို ကြားလိုက်ရ၍ အဘိုးစက္ကနှင့် ဒီပါအဖြစ်ကို ဇမ္ဗူဒီပါဇာတ်ဝင်ခန်းတွင် သိရှိခဲ့၍ သတိရသွားမိလေသည်။

"ကိုသံခိပ်က အဘိုးစက္ကနဲ့ ဒီပါအကြောင်းကို ခေါင်းထဲမှာ ထည့်ထားနေပါလား"

"ဟုတ်တယ် ကိုဘဟိန်းရေ။ ကျုပ် ကိုဘဟိန်းပေးထား ခဲ့တဲ့ ဇမ္ဗူဒီပါရဲ့အဖြစ်အပျက်တွေကိုသိထားရတော့ စိတ်ဝင်စားနေမိတာ အမှန်ပဲဗျို့။ ဒါပေမဲ့. . . ဒီဇာတ်မှာ အဓိကဖြစ်တာက ကိုမိုးခွေလား၊ ကိုတာနေလား၊ အဘိုးစက္ကလား၊ ဒီပါလား"





"ဦးဝိဇ္ဇာလား၊ ဖိုးတက်တူလား၊ ဦးသံဗျင်းလား၊ ဖိုးရွှေကြူလား၊ မအေးမိလား. . . ဟား. . . ဟား. . . ဟား"

ကိုဘဟိန်းသည် ကျွန်ုပ်စကားသံမဆုံးမီ ဇမ္ဗူဒီပါထဲမှ ဇာတ်ကောင်များကို ဆက်ပြီးရေရွတ်ရင်း သဘောကျစွာ ရယ်မောနေလေသည်။

"ဒါနဲ့များ ကိုဘဟိန်းရယ်။ ကျုပ်ကိုများ ကျီစယ်လိုက်တာ အံ့ပါရောလားဗျာ"

"ကျုပ်. . . ကိုသံခိပ်ကို မကျီစယ်ပါဘူးဗျာ။ ကျုပ်လည်း ကိုသံခိပ်လို ဇမ္ဗူဒီပါမှာ သပွတ်အူလိုပါဝင်ခဲ့တဲ့ ဇာတ်ကောင်တွေကိုစဉ်းစားနေရလို့ပါ။ ကိုသံခိပ်စဉ်းစားမယ်ဆိုလည်း စဉ်းစားစရာဗျ။ ကျုပ်စဉ်းစားမိတဲ့အထဲမှာ အဓိကကျနေတာက မအေးမိကို ခေါ်သွားတဲ့လူတစ်ယောက်ပဲ"

ကိုဘဟိန်းပြောပြမှ ကျွန်ုပ်သည် သဘောပေါက်သွားမိလေသည်။ မအေးမိကို ဘာကြောင့်ခေါ်သွားသည်ကိုစဉ်းစားမရနိုင်အောင်ဖြစ်သွားမိသည်။

"ဒါဆို ကိုဘဟိန်းရခဲ့တဲ့ ဟောဒီဟသ်ာရုပ်က မိစ္ဆာအိမ်ကြီးကဆိုတော့ ကျုပ်ကို ရှင်းစမ်းပါဦးဗျာ"

"ကျုပ်က ကိုသံခိပ် မမေးလည်း ဟသ်ာရုပ်လေးအကြောင်း

ကိုပြောပြချင်တာ ကြာပြီဗျ။ ကျုပ်သွားတဲ့ခရီးစဉ်က ကြန့်ကြာသွားလို့ ကိုသံခိပ်ရေ"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြောဆိုပြီး မီးသေနေသည့်ဆေးပြင်းလိပ်ကိုမီးညှိဖွာရှိုက်ပြီး. . .

"ဒီလို ကိုသံခိပ်ရဲ့။ ကျုပ် ကိုသံခိပ်ကို ဇမ္ဗူဒီပါလို့အမည်တပ်ထားတဲ့စာအိတ်ကြီးပေးပြီး. . . ပန်းချီဆရာ ကိုစက်ရောင်ကိုရှာခဲ့တာဗျ။ အဲဒီအချိန်မှာ မမျှော်လင့်ဘဲ ကျုပ် ဦးဝိဇ္ဇာဆိုတဲ့လူထူးလူဆန်းအဘိုးကြီးနဲ့တွေ့ခဲ့ရတယ်ဆိုပါတော့"

"ဒါဆို ကိုဘဟိန်းတွေ့ခဲ့တဲ့အဘိုးကြီးက ကိုတာနောတွေ့ခဲ့တဲ့ ဦးဝိဇ္ဇာဆိုတဲ့အဘိုးကြီးများ ဖြစ်နေမလားမသိဘူး"

"ဟုတ်တယ် ကိုသံခိပ်။ ကျုပ် ဦးဝိဇ္ဇာဆိုတဲ့အဘိုးကြီးနဲ့တွေ့ခဲ့တုန်းက မိစ္ဆာအိမ်ကြီးရဲ့အဖြစ်ကို တစ်ပိုင်းတစ်စသိခဲ့ရတယ်ဆိုပါတော့။ တကယ်တော့ မိစ္ဆာအိမ်ကြီးက ရှေးနှစ်ပေါင်း များစွာကဆောက်လုပ်ထားခဲ့တဲ့အိမ်ကြီးတစ်အိမ်ပဲ ကိုသံခိပ်"

"ကျုပ်မေးပါရစေဦး ကိုဘဟိန်းရဲ့။ ဒီအိမ်ကြီးကို ဘာကြောင့် မိစ္ဆာအိမ်ကြီးလို့ခေါ်တွင်ခဲ့ရတာလဲ"

ကျွန်ုပ်အမေးစကားကြောင့် ကိုဘဟိန်းသည် အတန်ကြာစဉ်းစားနေဟန်တူသည်။ ပြီးမှ ဟသ်ာရုပ်လေးကိုကြည့်ပြီး. . .





"ဒီလို. . . ကိုသံခိပ်ရဲ့။ ဒီအိမ်ကြီးရဲ့ မူလပိုင်ရှင်အစစ်က ဦးဟသ်ာဆိုတဲ့အဘိုးကြီးပဲ။ ဦးဟသ်ာတို့မျိုးရိုးစဉ်ဆက် အင်မတန်ချမ်းသာကြွယ်ဝတဲ့သူတွေပါ။ ဒါပေမဲ့ ဦးဟသ်ာက ဒီအိမ်ကြီးကိုဆောက်ပြီး ဆွေမျိုးအားလုံးနဲ့ မိတ်ဆွေသင်္ဂဟတွေကို လုံးဝအတွေ့မခံဘဲ အဆက်အသွယ်ဖြတ်ခဲ့တယ်"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကြောင့် ဦးဟသ်ာ ဆောက်လုပ်ခဲ့သည့်မိစ္ဆာအိမ်ကြီးကို ပို၍စိတ်ဝင်စားသွားမိလေသည်။

"ဦးဟသ်ာက လူတွေအားလုံးနဲ့ အဆက်အသွယ်ဖြတ်ခဲ့တာကလည်း အကြောင်းရှိတယ် ကိုသံခိပ်။ ဦးဟသ်ာဟာ ရှေးဟောင်းအမွေအနှစ်တွေကို အမြတ်တနိုး ဝယ်ယူစုဆောင်းတတ်တဲ့အကျင့်ပဲ။ ဦးဟသ်ာဟာ သူစုဆောင်းထားတဲ့ ရှေးဟောင်းအမွေအနှစ်တွေကိုစိတ်မချလို့ မိစ္ဆာအိမ်ကြီးရဲ့အောက်မှာ. . . လျှို့ဝှက်စွာနဲ့မြေအောက်အခန်းတွေပြုလုပ်ပြီး ထိန်းသိမ်းထားခဲ့တာပဲ။ ဒါပေမဲ့ . . .

ကိုဘဟိန်းသည် ကျွန်ုပ်ကို စကားဖြတ်တောက်ပြီး စားပွဲခုံပေါ်မှ ရေနွေးကြမ်းတစ်ခွက်ကိုသောက်လိုက်သည်။ ပြီးမှ ကျွန်ုပ်ကိုစကားဆက်ပြန်သည်။

"ဦးဟသ်ာဟာ မမျှော်လင့်ဘဲ တိမ်းပါးခဲ့ပြီး ဒီအိမ်ကြီးကို

အမွေဆက်ခံမယ့်သူမရှိဘဲ လသာရက်ရောက်တိုင်း ဒီအိမ်ကြီးအတွင်းမှာ သရဲတစ္ဆေချောက်လှန့်တယ်ဆိုတဲ့စကားကြောင့် မိစ္ဆာအိမ်ကြီးလို့အမည်တွင်ခဲ့တာပဲ ကိုသံခိပ်"

"ဒါဆို မအေးမိက ဘာကြောင့် ဒီမိစ္ဆာအိမ်ကြီးကို ဘယ်လိုရောက်ခဲ့တယ်ဆိုတာ ကျုပ်တွေးလို့မရဘူး ကိုဘဟိန်း"

"ဒါကတော့ အလွယ်ဆုံးတွေးဆပြီးပြောရရင် ဒီမိစ္ဆာအိမ်ကြီးနဲ့ဆက်နွယ်ပြီး အဓိကဖြစ်နေတာက ဟောဒီဟင်္သာရုပ်လေးပဲ ကိုသံခိပ်"

ကိုဘဟိန်းစကားကြောင့် ကျွန်ုပ်သည် စားပွဲပေါ်ရှိ ဟင်္သာရုပ်လေးကို ပိုပြီးစိတ်ဝင်စားသွားမိလေသည်။

"ဒီဟင်္သာရုပ်ကို မအေးမိက ဘာကြောင့်လိုချင်သလဲဆိုတာ ဒီဟင်္သာရုပ်ကလေးက ရွှေဟောင်းလက်ရာနဲ့ ပြုလုပ်ထားတဲ့ ရွှေဟင်္သာရုပ်လေးပဲ။ ဒါပေမဲ့. . . ဒီလို ဟင်္သာရုပ်တွေရှိတာက ငါးခုပဲ ကိုသံခိပ်။ အဘိုးစက္ကူထဲရောက်နေတာက နှစ်ခု။ ကျုပ်ဆီမှာရှိတာ ဟင်္သာတစ်ရုပ်ဆိုတော့"

"ကျန်တဲ့ဟင်္သာရုပ်နှစ်ရုပ်ကို ဘယ်မှာရှိတယ်ဆိုတာ ကျုပ်နဲ့ ကိုဘဟိန်းက စုံစမ်းဖို့ မိစ္ဆာအိမ်ကြီးကိုသွားမှ အဖြေသိရမှာ မဟုတ်လားကိုဘဟိန်း"





"ဟုတ်တယ်ဗျို့. . . ဟုတ်တယ်။ ဒါကြောင့် ကိုသံခိပ်ကို စုံထောက်မင်းကြီးက အားကိုးနေရတာမဟုတ်လား"

ကျွန်ုပ်စကားကြောင့် ကိုဘဟိန်းသည် သဘောကျရယ်သံက ပေါ်လာလေသည်။ ကိုဘဟိန်းသည် တဟဲဟဲရယ်မောပြီး ကျွန်ုပ်ကိုကြည့်ကာ. . .

"ဒါကြောင့် ကျုပ်က ကိုသံခိပ်ကိုခေါ်ဖို့ ဆုံးဖြတ်ခဲ့တာဗျ။ ဒါပေမဲ့. . . ကျုပ်တို့ စဉ်းစားစရာတစ်ကွက်တော့ ရှိနေတယ် ကိုသံခိပ်"

"ဘာများလဲ ကိုဘဟိန်း၊ ပြောစမ်းပါဦး"

"ဒီလိုဗျ, ကျုပ်တို့ ခုသွားရမယ့်မိစ္ဆာအိမ်ကြီးကို ကျုပ်တို့ လျှို့ဝှက်စွာသွားရမှာ။ ဘာကြောင့်သွားရသလဲဆိုရင် ဦးဟင်္သာဟာ ရှေးဟောင်းအမွေအနှစ်တွေနဲ့အတူ ရတနာတွေကို ဘယ်သူမှမသိအောင် မြေအောက်ခန်းထဲမှာ လျှို့ဝှက်စွာထားခဲ့လို့ပဲ ကိုသံခိပ်"

"ဒါဆို ကျုပ်တို့က ဦးဟင်္သာထားခဲ့တဲ့ လျှို့ဝှက်မြေအောက်ခန်းကိုရှာဖို့ပေါ့။ ဟုတ်လား ကိုဘဟိန်း"

"ဟုတ်တယ်ဆိုပါတော့ ကိုသံခိပ်"

"ဒါဆိုရင် ပျောက်ဆုံးနေတဲ့မအေးမိကို ဘယ်လိုရှာကြမလဲ ကိုဘဟိန်း"

ရွှေပဒေသာစာပေ

ကျွန်ုပ်သည် ကိုဘဟိန်းစကားကြောင့် မအေးမိအဖြစ်ကို သတိရပြီး မေးလိုက်မိသည်။

"ကျုပ်တို့ ဦးဟသ်ာရဲ့ ရှေးဟောင်းအမွေအနှစ်တွေထားတဲ့ မြေအောက်ခန်း ဘယ်မှာရှိတယ်ဆိုတာ ကျုပ်ဆီမှာရှိတဲ့ ဟင်္သာရုပ် မျိုးရှိမရှိဆိုတာ အဓိကဖြစ်နေတယ်။ ကျုပ်တို့ရှာတဲ့ ဟင်္သာရုပ် မတွေ့မှ မအေးမိကိုဆက်ရှာရဦးမှာ ကိုသံခိပ်။ ဒီတော့ ကိုသံခိပ် အသင့်ပြင်ထားတော့ဗျို့"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြောဆိုပြီး စားပွဲပေါ်မှ ဟင်္သာရုပ် ကလေးကို အိတ်ထဲသို့ထည့်လိုက်ပြီး. . .

"ကျုပ်သွားမယ် ကိုသံခိပ်။ မနက်ဖြန် ဘူတာရုံကိုဆက်ဆက် လာဗျို့"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုနှုတ်ဆက်ပြီး ထွက်သွားလေသည်။ ကျွန်ုပ်သည် ကိုဘဟိန်းထွက်သွားမှ ကျွန်ုပ်ဖတ်နေသည့် ဇမ္ဗူဒီပါ စာအိတ်ကြီးကိုကြည့်ရင်း မိစ္ဆာအိမ်ကြီးအဖြစ်ကို စဉ်းစားမရနိုင် အောင် အတွေးချာချာလည်သွားမိလေသည်။

❀ ❀ ❀



## အခန်း ( ၁၈ )

ကျွန်ုပ်နှင့် ကိုဘဟိန်းသည် ဘူတာရုံလေးတွင် ဆုံတွေ့ပြီး စကားပြောဆိုနေစဉ် ရထားတစ်စီး ဆိုက်လာသဖြင့် ရထားတွဲပေါ် သို့တက်ပြီး ထိုင်ခုံတွင် အသီးသီးထိုင်လိုက်မိလေသည်။ မကြာမီ ရထားသည် ဘူတာရုံလေးမှ ထွက်လာသဖြင့် ကျွန်ုပ်သည် ရထား ပြတင်းပေါက်ဆီမှ တွေ့မြင်ရသည့်ရှုခင်းများကို ငေးကြည့်နေမိလေ သည်။ သို့တိုင် ကျွန်ုပ်ရင်ထဲတွင် ကိုဘဟိန်းနှင့်အတူသွားရမည့် မိစ္ဆာအိမ်ကြီးကိုမှန်းဆမိရင်း ဦးဟသ်ာအကြောင်းကိုတွေးမိနေ လေသည်။

"ဘယ်လိုလဲကိုသံခိပ်ရဲ့။ ဘာတွေများတွေးနေရပြန်သတုန်း"

"တွေးဆို ဒီလို ကိုဘဟိန်းရဲ့။ ကျုပ်တို့သွားမယ့် မိစ္ဆာအိမ်ကြီးက ကျုပ်ခေါင်းထဲမှာ ထွက်ကိုမထွက်နိုင်လို့ဘဲ"

"ဒီလိုပဲဖြစ်ရမယ်ဆိုတာ ကျုပ်လည်း ရိပ်စားမိပါတယ် ကိုသံခိပ်ရယ်။ ဒါပေမဲ့ ကျုပ်တို့ မိစ္ဆာအိမ်ကြီးရောက်ရင် အရင်ဆုံးတွေ့ရမှာက သရဲပဲ ကိုသံခိပ်"

"ဘာ! ကိုဘဟိန်း။ မိစ္ဆာအိမ်က သရဲဟုတ်လား"

ကျွန်ုပ်၏ တအံ့တသြထွက်သွားသည့်စကားကြောင့် ကိုဘဟိန်းသည် စကားမတုံ့ပြန်ဘဲ ဆေးပြင်းလိပ်ကိုသာ ဖွာရှိုက်နေလေသည်။ ပြီး. . . ရထားပြတင်းပေါက်ဆီသို့ကြည့်လိုက်ပြီး. . .

"ကျုပ် မိစ္ဆာအိမ်ကြီးကိုရောက်ခဲ့တုန်းက ထူးထူးဆန်းဆန်းတွေ့ခဲ့ရတဲ့ သရဲပဲဗျ။ ကျုပ်အထင်ပြောရရင် ဒီမိစ္ဆာအိမ်ကြီးက အတော့်ကိုချောက်ချားစရာအဖြစ်ပဲ ကိုသံခိပ်။ ခက်နေတာက ကျုပ်ရင်ထဲမှာ မရှင်းမလင်းဖြစ်နေတာက မအေးမိပဲ ကိုသံခိပ်"

"မအေးမိက ပျောက်ဆုံးနေတဲ့ဦးဝေဠုရဲ့ မွေးစားသမီးလို့ ကျုပ် ဇမ္ဗူဒီပါထဲမှာဖတ်ရတယ်ကိုဘဟိန်း"

"အဲဒါကြောင့် ခက်နေတာပေါ့ ကိုသံခိပ်ရယ်။ အမှန်တော့ မအေးမိကို ဦးဝေဠုက မွေးစားခဲ့တာမှန်တယ်ဆိုရင် မိစ္ဆာအိမ်ကြီးနဲ့ ဘာမှပတ်သက်စရာမရှိနိုင်ဘူး။ ဒီအိမ်ကြီးက ဦးဟသ်ာပိုင်ခဲ့





တဲ့အိမ်ကြီးမဟုတ်လား ပြီးတော့ ဦးဟသ်ာပိုင်ဆိုင်တဲ့အိမ်ကြီးဆိုပေမယ့် ဦးဝေဠုက ဒီအိမ်ကြီးမှာနေခဲ့တော့ တစ်နည်းနည်းနဲ့ဆက်နွယ်ခဲ့တာဖြစ်နိုင်တယ်"

ကျွန်ုပ်နှင့် ကိုဘဟိန်းသည် မိစ္ဆာအိမ်ကြီးနှင့် ပတ်သက်၍ စကားပြောဆိုပြီးလာခဲ့ရာ ကျွန်ုပ်တို့စီးလာသည့်ရထားသည် ဘူတာရုံလေးတစ်ခုတွင်ဆိုက်ရောက်လာစဉ် ကိုဘဟိန်းဆင်းလိုက်သဖြင့် ကျွန်ုပ်ကလည်း ဆင်းလိုက်ပြီး ဘူတာရုံလေးသို့ရောက်ရှိလျှင်. . .

"ကိုသံခိပ် ခဏစောင့်ဦးဗျို့။ ကျုပ် ကိစ္စလေးရှိလို့ သွားလိုက်ဦးမယ်"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြောဆိုပြီး ဘူတာရုံမှ ထွက်သွားလေသည်။ မကြာမီ ကိုဘဟိန်းပြန်ရောက်လာပြီး. . .

"ကိုသံခိပ်. . . ကျုပ်တို့သွားကြစို့"

ကိုဘဟိန်းစကားသံနှင့်အတူ ဘူတာရုံလေးမှ ထွက်ခဲ့မိရာ မြေနီလမ်းလေးကိုတွေ့လိုက်ရလေသည်။ ကိုဘဟိန်းသည် ကျွန်ုပ်ကို စကားမဆိုဘဲ အရှေ့ကြီးဟန်ဖြင့် မြေနီလမ်းကလေးပတ်ဝန်းကျင်သို့အကဲခတ်ပြီး သွားနေ၍ ကျွန်ုပ်ကြည့်လိုက်မိရာ မြေနီလမ်းလေးဘေးရှိ ဇရပ်အိုလေးတစ်လုံးကိုတွေ့လိုက်ရလေသည်။

"ကိုသံခိပ် ကျုပ်တို့ ဇရပ်ပေါ်မှာ ခဏနားကြရအောင်ဗျို့"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြောဆိုပြီး ဇရပ်အိုလေးပေါ်သို့ တက်သွားသဖြင့် ကျွန်ုပ်သည် ဇရပ်အိုလေးပေါ်သို့တက်လိုက်မိသည်။ ထိုစဉ် မြင်းလှည်းကလေးတစ်စီးသည် ခရီးသည်ကိုတင်ဆောင်ပြီး ဇရပ်အိုရှေ့တွင် ရပ်လိုက်သည်ကိုတွေ့လိုက်ရသည်။

မြင်းလှည်းသမားလေးသည် ခရီးသည်များ ဆင်းသွားပြီး မြင်းလှည်းမှမြင်းကိုဖြုတ်ပြီး ရေတိုက်ကာ ကျွန်ုပ်နှင့် ကိုဘဟိန်းထိုင်နေသည့်ဇရပ်အိုပေါ်တက်လာပြီး ကျွန်ုပ်တို့နှစ်ဦးကိုတွေ့လိုက်ရ၍ အံ့အားသင့်သွားဟန်တူသည်။

"ဒီက ဆရာတို့က ဘယ်ကိုသွားကြမယ့်ခရီးသည်တွေလဲ"

"ကျုပ်တို့က မြို့င်သေလာကိုသွားမယ့်ခရီးသည့်တွေပဲ မြင်းလှည်းဆရာလေး"

"ဗျာ! ဆရာတို့က မြို့င်သေလာကိုသွားမှာဟုတ်လား"

"ဟုတ်တယ်. . . မြင်းလှည်းဆရာလေးရဲ့။ မြို့င်သေလာမှာ မိတ်ဆွေတစ်ယောက် ချိန်းဆိုထားလို့ လာခဲ့ရတာပဲ မြင်းလှည်းဆရာလေး"

ကိုဘဟိန်းစကားကိုကြားလိုက်ရ၍ မြင်းလှည်းဆရာလေးသည် ရုတ်တရက်မျက်နှာပျက်သွားသည်ကို ကျွန်ုပ် သတိပြုလိုက်





မိလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် မြင်းလှည်းဆရာလေးကို မေးလိုက်မိသည်။

"နေပါဦး. . . မြင်းလှည်းဆရာလေးရဲ့။ မြို့င်သေလာဆိုတဲ့ စကားကိုကြားတော့ ဘာကြောင့်မျက်နှာပျက်သွားရသတုန်း။ ဆရာတို့က ဒီအရပ်ဒီဒေသနဲ့ကျွမ်းဝင်မှုနည်းပါးတဲ့ဧည့်စိမ်းတွေပါ။ မြို့င်သေလာမှာ ထူးခြားတဲ့အဖြစ်ရှိရင် မြင်းလှည်းဆရာလေးပြောပြမှ သိရမှာမဟုတ်လား"

ကျွန်ုပ်စကားသံကြောင့် မြင်းလှည်းဆရာလေးသည် ကျွန်ုပ်နှင့် ကိုဘဟိန်းကိုကြည့်ပြီး. . .

"ဒီလိုပါဗျာ။ ဆရာတို့က ဧည့်စိမ်းတွေမို့ ကျွန်တော်ပြောပြပါမယ်။ ဆရာတို့သိချင်တဲ့ မြို့င်သေလာဆိုတာ ရွာမဟုတ်တော့ပါဘူး။ ခုႉ . . ရွာပျက်ကုန်းကြီးဖြစ်နေတာပါ"

ကျွန်ုပ်သည် မြင်းလှည်းဆရာလေးစကားသံကြောင့် အံ့အားသင့်မိသွားသလို ကိုဘဟိန်းသည် ဆေးပြင်းလိပ်ကိုဖွာရှိုက်ပြီး မြင်းလှည်းဆရာလေး၏စကားကိုနားထောင်နေသည်။

"ဟိုတုန်းကတော့ မြို့င်သေလာရွာကြီးရှိခဲ့တာအမှန်ပဲ ဆရာ။ ဓားပြတွေလက်ချက်ကြောင့် တစ်ရွာလုံးမီးလောင်သွားပြီး ရွာပျက်ခဲ့ပေမယ့် မီးမလောင်ဘဲ ကျန်ခဲ့တဲ့ ရွာအနောက်ဘက်က တောင်

ကုန်းမှာ အိမ်ကြီးတစ်လုံးတော့ ရှိခဲ့တယ်ဆရာ"

မြင်းလှည်းဆရာလေးစကားကြောင့် ကျွန်ုပ်အတွေးရခက်သွားမိလေသည်။ ထို့ကြောင့် ကိုဘဟိန်းကိုကြည့်လိုက်မိသည်။ ကိုဘဟိန်းသည် မြင်းလှည်းဆရာလေးကိုအကဲခတ်ကြည့်ပြီး. . .

"မြင်းလှည်းဆရာလေး၊ ကျုပ်တို့ကို မြိုင်သေလာရွာပျက်ကုန်းကိုပဲ လိုက်ပို့ပေးဗျာ။ ကျုပ်တို့ အဖိုးအခမတွက်ပါနဲ့။ သင့်သမျှထက် ပိုပြီးပေးပါမယ်"

"ဗျာ! ကျွန်တော် မြိုင်သေလာရွာပျက်ကုန်းကိုလိုက်ပို့ပေးရမယ်။ ဟုတ်လားဆရာ"

"ဟုတ်တယ်. . . မြင်းလှည်းဆရာလေး"

"ကျွန်တော့်ကို ဘယ်လိုမှသဘောမထားပါနဲ့ဆရာတို့ရယ်။ တခြားတစ်နေရာဆို ကျွန်တော်အချိန်မရွေးလိုက်ပို့ပေးနိုင်ပါတယ်။ ခု. . . နောင်ကြီးတို့လိုက်ပို့ခိုင်းတဲ့ မြိုင်သေလာရွာပျက်ကုန်းကိုတော့ ကျွန်တော်လိုက်မပို့ရဲတာအမှန်ပဲ"

မြင်းလှည်းဆရာလေး၏ ခါးခါးသီးသီး ငြင်းပယ်နေသောစကားသံကြောင့် ကျွန်ုပ်သည် ပို၍ မြိုင်သေလာရွာပျက်ကုန်းကိုစိတ်ဝင်စားမိလေသည်။ ကျွန်ုပ်သည် မြင်းလှည်းဆရာလေးကိုကြည့်လိုက်မိသည်။ မြင်းလှည်းဆရာလေးသည် အကြောက်အလန့်





မပြေနိုင်သည့်အမူအရာဖြင့် ဇရပ်အိုပေါ်မှဆင်းပြီး မြင်းလှည်းကိုမြင်းတပ်ပြီး ပြန်ရန်ပြင်ဆင်နေသည်ကိုတွေ့လိုက်ရလေသည်။

"မြင်းလှည်းဆရာလေး ပြန်တော့မှာလား"

"ပြန်မယ် ဆရာ။ ဆရာ. . . ဆရာတို့အခက်အခဲရှိရင် ရွာသစ်ကုန်းက မြင်းလှည်းသမားကိုဒေဝဆို ဘယ်သူမေးမေး ရတယ်။ ဆရာတို့လာခဲ့ပါ"

မြင်းလှည်းဆရာလေးကိုဒေဝ စကားသံနှင့်အတူ မြင်းလှည်းလေးသည် မြေနီလမ်းကလေးအတိုင်း အပြင်းမောင်းသွားသည်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်စိုးရိမ်စိတ်ဖြစ်သွားမိလေသည်။

"သိပ်လည်းမစိုးရိမ်စမ်းပါနဲ့ ကိုသံခိပ်ရယ်။ ကျုပ်တွက်ဆထားတဲ့အတိုင်း မှန်နေပြီဗျ"

"ဘယ်လို. . . ကိုဘဟိန်းရဲ့ တွက်ဆချက်အတိုင်း မှန်နေပြီဟုတ်လား"

"ဒီလိုဗျ. . . ကျုပ် ကိုသံခိပ်ကို မိစ္ဆာအိမ်ကြီးကိုသွားဖို့ခေါ်လာခဲ့တာမဟုတ်လား။ ဒါပေမဲ့ ကျုပ် ဘူတာရုံရောက်တော့မှ ကျုပ်တွေးမိရင်း မြိုင်သေလာကိုသွားဖို့ဆုံးဖြတ်ချက်ချခဲ့မိတာပဲ ကိုသံခိပ်"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကို အတွန့်မတက်ရဲချေ။ ကိုဘဟိန်းသည် မိစ္ဆာအိမ်ကြီးသို့လာရင်း ရုတ်တရက်လမ်းကြောင်း

ပြောင်းပြီး မြိုင်သေလာသို့လာခဲ့ခြင်းသည် ကျွန်ုပ်အဖို့ ထူးခြားမှုရှိမည်ကို ကြိုတင်တွက်ဆထားမိလေသည်မှုဟုတ်ပါလား။

"ကျုပ်တို့နဲ့တွေ့ရတဲ့ မြင်းလှည်းဆရာလေးကိုဒေဝကို ကျုပ်လှေလာအကဲခတ်ကြည့်ရတာ မြိုင်သေလာနဲ့ပတ်သက်ပြီး ထိတ်လန့်နေတာ တွေ့ရတယ်မဟုတ်လား။ ဒါက. . . ကျုပ်တို့အတွက် ပထမဆုံးထူးခြားမှုတစ်ခုမဟုတ်လား ကိုသံခိပ်"

"နေပါဦး. . . ကိုဘဟိန်းရဲ့။ မြင်းလှည်းဆရာလေးက ဘာကြောင့် မြိုင်သေလာဆိုတဲ့နာမည်ကိုကြားပြီး ဘာကြောင့် ကျုပ်တို့ကို လိုက်မပို့နိုင်တာလဲဗျ"

ကျွန်ုပ်သည် ကိုဘဟိန်းကိုကြည့်ပြီး ဘဝင်မကျစွာ မေးလိုက်မိသည်။ ကိုဘဟိန်းသည် အနောက်ဘက်သို့ တအိအိကျနေသည့် နေလုံးကိုကြည့်ပြီး ကျွန်ုပ်ကိုကြည့်ကာ. . .

"ကိုသံခိပ်. . . ကျုပ်တို့ မကြာခင် ထူးခြားမှုတွေ တွေ့ရမှာ။ ဒီတော့ သွားကြစို့"

"ဘယ်ကိုသွားမှာလဲ ကိုဘဟိန်း။ အချိန်တောင် လင့်နေပြီ"

"ကျုပ်တို့ မြိုင်သေလာရွာဖျက်ကုန်းလေဗျာ"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြောဆိုပြီး ဇရပ်ပေါ်မှဆင်းကာ မြေနီလမ်းကလေးအတိုင်း လာခဲ့မိသည်။





မကြာမီ နေလုံးသည် ငုပ်လျှိုးသွားပြီ ကျွန်ုပ်နှင့် ကိုဘဟိန်း သွားနေသည့်မြေနီလမ်းကလေးသည် ညအမှောင်ထု ဖုံးလွှမ်းသွားလေသည်။

ကျွန်ုပ်သည် ညအမှောင်ထဲမှ ဝိုးတဝါးမြင်တွေ့ရသည့် မြေနီလမ်းကလေးအတိုင်း လာခဲ့မိရာ မြိုင်သေလာရွာဖျက်ကုန်းသို့ လိုက်မပို့နိုင်သည့် မြင်းလှည်းဆရာလေးကိုဒေဝအဖြစ်ကို တွေးနေမိသည်။ ကျွန်ုပ်နှင့်ကိုဘဟိန်းသည် မြေနီလမ်းကလေးအတိုင်း လာခဲ့မိရာ မကြာမီ ညအမှောင်ထဲမှ လင်းလက်နေသောမီးရောင်ကို တွေ့လိုက်ရလေသည်။

ကိုဘဟိန်းသည် မီးရောင်လင်းနေသည့်နေရာသို့ အကဲခတ်ကြည့်ရှုပြီး လာခဲ့မိရာ ညအမှောင်ထဲမှ ထီးထီးမားမားတွေ့လိုက်ရသည့်အိမ်ပျက်ကြီးကိုတွေ့လိုက်ရလေသည်။ ထိုစဉ် အိမ်ပျက်ကြီးတံခါးဝတွင် မီးရောင်နှင့်အတူ လူတစ်ယောက်ကို ဝိုးတဝါးတွေ့လိုက်ရသည်။

"ကိုစက်ရောင်. . . ကိုစက်ရောင်"

ကိုဘဟိန်းခေါ်သံနှင့်အတူ ကျွန်ုပ်ကြည့်လိုက်မိရာ မှန်အိမ်မီး ကိုင်ထားသည့်လူသည် ကျွန်ုပ်နှင့်ကိုဘဟိန်းကို တွေ့လိုက်ရ၍ စူးစူးစိုက်စိုက်ကြည့်နေလေသည်။

"ခင်ဗျား. . . ကိုစက်ရောင် မဟုတ်လား"

"ဪ. . . ဧည့်သည်တွေ ရောက်လာပြီကိုး။ ကျုပ် ဧည့်သည်တွေကိုမျှော်နေတာ ကြာပြီဗျ။ အိမ်ထဲကိုဝင်ကြဗျာ"

ကိုစက်ရောင်ဆိုသူ၏ စကားသံနှင့်အတူ ကျွန်ုပ်နှင့် ကိုဘဟိန်းသည် အိမ်ဗျက်ကြီးအတွင်းသို့ဝင်လိုက်မိလေသည်။ ဧည့်ခန်းသို့ရောက်ရှိစဉ် မှန်အိမ်မီးအလင်းရောင်ဖြင့် ကျွန်ုပ်အနီးကပ်တွေ့လိုက်ရသည့် ကိုစက်ရောင်၏မျက်နှာကိုတွေ့လိုက်ရလေသည်။ ကိုစက်ရောင်သည် ရှည်လျားသည့်ဆံပင်များက မျက်နှာတစ်ခုလုံး ဖုံးမတတ်တွေ့ရပြီး မျက်နှာပေါ်တွင် မားဒဏ်ရာကြီးကို ကြောက်မက်ဖွယ်ရာတွေ့လိုက်ရသည်။

ကျွန်ုပ်သည် မှန်အိမ်မီးအလင်းရောင်ဖြင့် မျက်နှာချင်းဆိုင်တွင်တွေ့လိုက်ရသည့် ကိုစက်ရောင်၏ထူးခြားသည့်အသွင်ကိုကြည့်ရင်း ကျွန်ုပ်မင်သက်မိနေလေသည်။ ကိုစက်ရောင်သည် ကျွန်ုပ်နှင့် ကိုဘဟိန်းကိုတွေ့ရှိရသော်လည်း ဝမ်းသာအယ်လဲမရှိဘဲ အေးတိအေးစက်အမူအရာကိုသာ တွေ့ရှိရလေသည်။

"ကိုဘဟိန်း ကျုပ်ဆီကိုလာမှလာပါ့မလားလို့ ကျုပ် စိတ်ဖင့်လိုက်တာ။ ခုလို ကိုဘဟိန်းကိုတွေ့လိုက်ရမှ ကျုပ်ဘဝင်စိတ်ကျသွားမိတယ်"





"ကျုပ်မလာဘဲရှိပါ့မလား ကိုစက်ရောင်ရယ်။ ကိုစက်ရောင်ဆီလာချင်လို့ ကျုပ်မိတ်ဆွေကိုသံခိပ်ကိုခေါ်ပြီး လာခဲ့ရတာပဲ"

ကိုဘဟိန်းစကားပြောဆိုပြီး ကျွန်ုပ်နှင့်ကိုစက်ရောင်ကို မိတ်ဆက်ပေးလိုက်သည်။

ကိုစက်ရောင်သည် ကိုဘဟိန်းကိုကြည့်ပြီး . . .

"ကိုဘဟိန်းက ကျုပ် မြိုင်သေဇလာမှာ ရှိတယ်ဆိုတာ ဘယ်လိုသိပြီး လိုက်လာခဲ့တာလဲ"

ကိုစက်ရောင်အမေးစကားကြောင့် ကိုဘဟိန်းသည် သွားဝသီအတိုင်း တဟဲဟဲရယ်မောလေသည်။ ပြီးမှ. . .

"ကျုပ်, ကိုစက်ရောင် ဒီကိုရောက်နေမှန်း ကိုစက်ရောင်ပန်းချီဆွဲနေကျအိမ်လေးကိုရောက်ပြီးမှ ကျုပ်သိခဲ့ရတာပဲ"

"ဗျာ! ကိုဘဟိန်းက ကျုပ်ပန်းချီဆွဲတဲ့အိမ်လေးကိုရောက်ခဲ့တယ်ဟုတ်လား"

"ဟုတ်တယ် ကိုစက်ရောင်။ ဒါကြောင့်လည်း ကိုစက်ရောင်နောက်ဆုံးဆွဲခဲ့တဲ့ပန်းချီကားကို မောင်သက်ပြင်းကိုမေးကြည့်တော့ ကိုစက်ရောင်သေတ္တာထဲမှာ သိမ်းဆည်းထားခဲ့တာကိုသိရတယ်။ ဒါပေမဲ့. . . ကိုစက်ရောင် ဆွဲလက်စ ဒီပါပုံတူကားရဲ့အောက်ခြေမှာ ဇမ္ဗူဒီပါဆိုတဲ့လက်မှတ် ထိုးမထားခဲ့ဘူးမဟုတ်လား"

"ကျွပ် ကိုဘဟိန်းကိုလေးစားပါတယ်ဗျာ။ အမှန်တော့ ကျွပ် ဒီပါရဲ့ပုံတူပန်းချီကားကို လက်စသတ်အောင် မဆွဲနိုင်တာအမှန်ပဲ"

"အင်းလေ. . . ကိုစက်ရောင် ပန်းချီလက်စမသတ်နိုင်တာက မိစ္ဆာအိမ်ကြီးက မအေးမိကြောင့်ပဲမဟုတ်လား"

ကိုဘဟိန်းစကားကြောင့် ကိုစက်ရောင်သည် မအေးမိနာမည်ကိုရေရွတ်ပြီး ငိုင်တွေသွားလေသည်။ အတန်ကြာမှ ကိုဘဟိန်းကိုကြည့်ပြီး. . .

"ဟုတ်တယ် ကိုဘဟိန်း။ ဒါကြောင့် ကျွပ် ဒီအိမ်ပျက်ကြီးမှာ အထီးကျန်နေခဲ့ရတယ်ဆိုပါတော့ဗျာ"

ကိုစက်ရောင်၏စကားကြောင့် ကျွန်ုပ်သည် အိမ်ပျက်ကြီးအတွင်းသို့အကဲခတ်ကြည့်လိုက်မိရာ မည်မျှနှစ်ကြာခဲ့သည်မသိချေ။ အိမ်ပျက်ကြီးတစ်ခုလုံး အပျက်အစီးများနှင့်အတူ အခန်းများစွာကိုတွေ့လိုက်ရလေသည်။

"နေပါဦး ကိုစက်ရောင်။ မြို့ငယ်လေးတစ်မြို့လုံး မီးလောင်ခဲ့စဉ်က ဒီအိမ်ပျက်ကြီး ကျန်ခဲ့တာမဟုတ်လား"

"ဟုတ်တယ် ကိုဘဟိန်း။ ဒီအိမ်ကြီးကို ကျွပ်ဖခင် ဆုံးပါးခါနီးမှ ကျွပ်ကိုအမွေပေးထားခဲ့တာပါ။ ကျွပ်က ပန်းချီပညာနဲ့စွဲနစ်





နေတော့ ဒီအိမ်ကြီးကို ပစ်ထားခဲ့တာ။ ဒါပေမဲ့ ကျွပ်နေတဲ့အိမ်ကြီးကို လူတွေက ဘာကြောင့်ကြောက်လန့်ပြီး မသွားရဲမလာရဲကြလဲမသိဘူး။ ကျွပ်သိထားတာက. . . ကျွပ်မရှိခင် မိန်းကလေးတစ်ယောက် ဆွဲကြိုးချပြီး သေဆုံးခဲ့ဖူးတယ်လို့ပြောတာပဲ ကိုဘဟိန်း။ ပြီးတော့ ကျွပ်ကို လူတွေက ကြောက်ရွံ့နေကြတယ်"

"ကိုစက်ရောင်ကို. . . လူတွေက ကြောက်ရွံ့နေကြတယ်ဟုတ်လား"

"အင်းလေ. . . ကျွပ်ကလည်း ကိုဘဟိန်းအမြင်ပဲ မဟုတ်လား။ ကျွပ်ရဲ့ရုပ်လက္ခဏာက လူတွေကြောက်ရွံ့စရာဖြစ်နေတယ်မဟုတ်လား။ အမှန်တော့ ကျွပ်ခုလိုဖြစ်ခဲ့ရတာက မအေးမိကြောင့်ပဲ ကိုဘဟိန်း"

ကိုစက်ရောင်၏ဆွေးမြေ့စွာပေါ်လာသည့် မအေးမိဆိုသည့်စကားသံကြောင့် ကျွန်ုပ်အံ့ဩသွားမိသည်။ ကိုစက်ရောင်သည် မှန်အိမ်မီးစာကိုမြှင့်ပြီး ဗီရိုအတွင်းမှ ပန်းချီကားတစ်ကားကိုထုတ်ပြီး ကိုဘဟိန်းကိုပြလိုက်သည်။ ကျွန်ုပ်နှင့်ကိုဘဟိန်းသည် ကိုစက်ရောင်ပြသည့်ပန်းချီကားကိုကြည့်လိုက်မိရာ ပန်းချီကားအတွင်းမှ နုနယ်ပျိုမျစ်သည့်မိန်းမပျိုတစ်ဦး၏ ပြုံးနေသည့်ဟန်က အသက်ဝင်လွန်းလှချေသည်။

"ဒီပန်းချီကားက အတော့်ကိုလက်ရာမြောက်လှချည်လား ကိုစက်ရောင်ရယ်။ ကျွပ်ဖြင့် ပန်းချီကားတွေကိုကြည့်ခဲ့ဖူးပါတယ်။ ခုလိုအသက်ဝင်အောင်ဆွဲနိုင်တဲ့ ပန်းချီဆရာရဲ့လက်ရာက အရှားသားဗျ။ ပြီးတော့ ပန်းချီကားထဲက မိန်းမပျိုအလှက ဒီလောက်လှနေရင် အပြင်မှာဆို ပြစ်မျိုးမှည့်မထင်တဲ့မိန်းမတစ်ဦးပဲ ဖြစ်လိမ့်မယ်ထင်တယ်"

"ကိုဘဟိန်းက ခုလို မအေးမိအလှကို ချီးမွမ်းနေရင် ကျွပ်က ပိုဆိုးတာပေါ့ဗျာ။ ဒါကြောင့် ကျွပ်ဘဝကိုပျက်စီးအောင် နှလုံးသားခေတ်ခံမဲ့တဲ့မအေးမိကို ကျွပ် နာကြည်းချက်နဲ့သတ်ခဲ့မိတယ် ဆိုပါတော့ ကိုဘဟိန်း"

ကိုစက်ရောင်သည် မေးကြောကြီးထောင်အောင် အံကိုတင်းတင်းကြိတ်ပြီး ပြောလိုက်သည့်စကားကြောင့် ကိုဘဟိန်းသည် ကိုစက်ရောင်ကို စူးစမ်းအကဲခတ်ပြီး. . .

"ကိုစက်ရောင်က. . . မအေးမိကိုသတ်ခဲ့တယ်ဆိုပေမယ့် မအေးမိက အခန်းထဲမှာရှိနေတုန်းပါလား ကိုစက်ရောင်"

"ဗျာ! မအေးမိ. . . မသေဘူး။ ဟုတ်လား ကိုဘဟိန်း။ မဖြစ်ဘူး. . . မဖြစ်ဘူး။ ကျွပ်, မအေးမိကိုသတ်မယ် . . . သတ်မယ်"

ကိုစက်ရောင်သည် ကမူးရှူးထိုးဖြင့် အခန်းတစ်ခုထဲသို့ပြေးဝင်သွား၍ ကျွန်ုပ်နှင့်ကိုဘဟိန်း အပြေးလိုက်မိလေသည်။ အခန်းထဲသို့ရောက်လျှင် ကျွန်ုပ်ဖဲ့ပြဲသွားမိလေသည်။ ခုတင်ပေါ်တွင် မအေးမိကိုတွေ့လိုက်ရခြင်းဖြစ်သည်။

"မအေးမိကို ကျွပ်ဘယ်လောက်ချစ်တယ်ဆိုတာ မအေးမိသိပါတယ်ဗျာ။ မအေးမိ ကျွပ်အပေါ် ရက်စက်လိုက်တာ။ ကျွပ်ကို ရက်စက်ဦး. . . ရက်စက်ဦး"

"ဝုန်း! "

"ဂွမ်း! "

ကျွန်ုပ်သည် ကိုစက်ရောင်၏အဖြစ်ကို မင်သက်မိသွားလေသည်။ ကိုစက်ရောင်သည် ခုတင်ပေါ်မှ တွေ့ရသည့် မအေးမိကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ရိုက်ခွဲနေလေသည်။

"မအေးမိ မရှိတော့ဘူး၊ မရှိတော့ဘူး။ ပန်းချီဆရာလည်း သေပြီ။ ဒါကြောင့် ကျွပ် ဒီအိမ်ကြီးကိုခေါ်ပြီး. . . ကျွပ်. . . ကျွပ်ဟာ. . . ဟား. . . ဟား"

ကိုစက်ရောင်သည် စကားပြောဆိုရင်း တဟားဟားရယ်သံက ဟိန်းသွားလေသည်။ ကိုဘဟိန်းသည် ကိုစက်ရောင်ကိုကြည့်ပြီး ဧည့်ခန်းသို့တွဲခေါ်လာသည်။ ကိုစက်ရောင်သည် ငွေငှကြီးထိုင်ကာ ပါးစပ်မှ တတွတ်တွတ်ရေရွတ်နေသည်ကိုတွေ့လိုက်ရသည်။

"ကိုစက်ရောင်. . . ကိုစက်ရောင်။ သတိလည်း ထားစမ်းပါဦးဗျာ"

ကိုဘဟိန်း အတန်တန်သတိပေးမှ ကိုစက်ရောင်သည် ပြူးကျယ်သောမျက်လုံးအစုံဖြင့် ကျွန်ုပ်နှင့် ကိုဘဟိန်းကိုကြည့်ကာ. . .

"ကျုပ်. . . ကျုပ်. . . ဘာဖြစ်လို့လဲ ကိုဘဟိန်း"

"ကိုစက်ရောင် ဘာမှမဖြစ်ပါဘူးဗျာ။ ကျုပ်တို့က ကိုစက်ရောင်ဆီမှာ ဟသ်ာရုပ်လေးရှိမလားလို့ လာမေးတာပါ"

"ဟသ်ာ. . . ဟသ်ာရုပ်"

ကိုဘဟိန်းစကားကြောင့် ကိုစက်ရောင်သည် သတိရသွားဟန်ဖြင့် ဗီရိုကြီးကိုဆွဲဖွင့်ပြီး ရှာဖွေနေသည်။ အတန်ကြာမှ ကိုဘဟိန်းကိုပြလိုက်သည်။

"ဒီဟသ်ာရုပ်လေးက ကျုပ်ဖခင် ပေးထားခဲ့တဲ့ ပစ္စည်းလေးပဲ ကိုဘဟိန်း။ ကျုပ်အတွက်အသုံးမဝင်လို့ သိမ်းထားခဲ့တာ ကြာခဲ့ပြီ"

"ဒီဟသ်ာရုပ်ကို ကျုပ်ကိုသင့်ရာတန်ဖိုးနဲ့ရောင်းပါ ကိုစက်ရောင်။ ကျုပ်က ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေကို စုဆောင်းနေတာဗျ"

"ကျုပ် တန်ဖိုးမသတ်မှတ်ပါဘူးဗျာ။ ကိုဘဟိန်းက ရှေး





ဟောင်းပစ္စည်းတွေစုဆောင်းနေတာသိရလို့ ကျုပ်ပေးပါမယ်"

"ဒါဆို ကျုပ်တို့ကိုပြန်ခွင့်ပြုပါ ကိုစက်ရောင်"

ကိုဘဟိန်းသည် ကိုစက်ရောင်ကိုနှုတ်ဆက်ပြီး အိမ်ကြီးမှ ထွက်လာခဲ့မိလေသည်။ ကျွန်ုပ်သည် ကိုဘဟိန်းနှင့် ကိုစက်ရောင် အဖြစ်ကို နားမလည်နိုင်အောင်ဖြစ်မိလေသည်။

ကျွန်ုပ်နှင့် ကိုဘဟိန်း အိမ်ကြီးအပြင်ဘက်ရောက်လျှင် ညအမှောင်ထုက နက်ရှိုင်းစွာ ဖုံးလွှမ်းနေသည်ကို တွေ့လိုက်ရလေသည်။

❦ ❦ ❦



# အခန်း ( ၁၉ )

"ဘယ်လိုလဲ. . . ကိုဘဟိန်း။ မအိပ်နိုင်သေးဘူးနဲ့တူတယ်။ ကိုစက်ရောင်အဖြစ်ကို စဉ်းစားနေတုန်းပဲလား"

ကျွန်ုပ်နှင့် ကိုဘဟိန်းသည် ကိုစက်ရောင်အိမ်ကြီးမှ ညတွင်းချင်းပင် ထွက်ခဲ့ပြီး ရွာသစ်ကုန်းရှိ မြင်းလှည်းဆရာလေး ကိုဒေဝ အိမ်သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်သည် ခေါင်းပြင်းလိပ်ဖွာပြီး တစ်ကိုယ်တည်းတွေးတောနေသည့်ကိုဘဟိန်းကိုမေးလိုက်ခြင်းဖြစ်သည်။

ကိုဘဟိန်းသည် ကျွန်ုပ်ကို ပြုံးစေ့စေ့ဖြင့်ကြည့်ပြီး. . .

"ကျွန်ုပ် ကိုစက်ရောင်အဖြစ်ကို ခုလိုသိရတော့ စိတ်မကောင်းဖြစ်မိတယ် ကိုသံခိပ်။ တကယ်တော့ ကိုစက်ရောင်က ယဉ်ယဉ်လေးနဲ့ ရူးနေတဲ့အဖြစ်ပဲဗျ"

"ကိုစက်ရောင်က ရူးနေတယ်၊ ဟုတ်လား. . . ကိုဘဟိန်း။ မဖြစ်နိုင်တာ ကိုဘဟိန်းရယ်"

"ကိုသံခိပ်အမြင်မှာ ကိုစက်ရောင်အဖြစ်ကို လူကောင်းတစ်ယောက်လို့ထင်ခဲ့တယ်မဟုတ်လား။ ကျွန်ုပ်လည်း ကိုသံခိပ်လိုထင်မြင်မိခဲ့တယ်ဗျ။ ဒါပေမဲ့. . . ကိုစက်ရောင်ဟာ တဖြည်းဖြည်းအသိစိတ်တွေကင်းလာပြီး မသိစိတ်တွေ ဖုံးလွှမ်းနေရှာတဲ့အဖြစ်ဗျ။ တကယ်တော့ ကိုစက်ရောင်ဟာ ပန်းချီပညာကိုလုံးဝမတတ်ကျွမ်းတဲ့သူတစ်ယောက်ပဲ ကိုသံခိပ်"

ကိုဘဟိန်းစကားကိုကြားလိုက်ရ၍ ကျွန်ုပ်အံ့ဩသွားမိလေသည်။ ပြီး. . . ကျွန်ုပ် ပထမဆုံးတွေ့ခဲ့ရသည့် ကိုစက်ရောင်ပန်းချီဆွဲသည့်အိမ်လေးမှ ပုံတူပန်းချီကားများကို မြင်ယောင်သွားမိလေသည်။

"ကိုစက်ရောင်က မအေးမိရဲ့ချစ်သူပါ။ မအေးမိရဲ့အလိုကျပန်းချီဆရာတစ်ယောက်ကိုခေါ်ပြီး မအေးမိရဲ့ပုံတူပန်းချီကားနဲ့ ပန်းပုရုပ်တွေကိုဖုလုပ်ခိုင်းခဲ့တာပဲ။ မအေးမိနဲ့ပန်းချီဆရာ ရင်းနှီး





ခဲ့တာကိုတွေ့ပြီး ကိုစက်ရောင် တစ်ဖက်သတ်စွပ်စွဲခဲ့လို့ မအေးမိနဲ့ လမ်းခွဲခဲ့ကြတာပဲ။ ဒါပေမဲ့ ကိုစက်ရောင်က မအေးမိအပေါ် အချစ်ကြီးလေတော့ မအေးမိရဲ့ဆွဲပြီးသား ပုံတူပန်းချီကားတွေကို ကြည့်ကြည့်ပြီး. . . သူ့ကိုယ်သူ ပန်းချီဆရာလို့ စိတ်စွဲလမ်းပြီး မအေးမိပုံတူပန်းချီကိုရိုက်ခွဲပြီး မအေးမိကို သေပြီလို့ထင်ခဲ့တာ။ ကျွန်ုပ်က မအေးမိ မသေဘူးလို့ပြောတော့ ဒေါသဖြစ်ပြီး မအေးမိပုံတူကို ကျွန်ုပ်တို့ရှေ့မှာပဲ ရိုက်ခွဲခဲ့တာမဟုတ်လား ကိုသံခိပ်"

"ဒါဆို ကိုစက်ရောင်ဆီက ရလာခဲ့တဲ့ ဟသ်ာရုပ်လေးကရော ကိုဘဟိန်း"

ကျွန်ုပ်သည် ကိုစက်ရောင်ဆီမှ ကိုဘဟိန်း ရရှိသည့် ဟသ်ာရုပ်လေးကိုသတိရမိပြီး မေးလိုက်မိသည်။ ကိုဘဟိန်းသည် ဆေးပြင်းလိပ်ကိုဖွာရှိုက်ပြီး. . .

"ဟသ်ာရုပ်လေး ကိုစက်ရောင်ဆီမှာ တွေ့ခဲ့ရလို့ ကျွန်ုပ်အတွက် ပဟေဠိဖြစ်နေမိတယ်ကိုသံခိပ်။ ကျွန်ုပ်ထင်နေတာက ဦးဟသ်ာရဲ့မိန်ဓာအိမ်ကြီးရဲ့မြေအောက်ခန်းမှာ ရှိလိမ့်မယ်လို့တွက်ဆထားခဲ့မိတာ။ ဒါပေမဲ့. . . ကိုစက်ရောင်အိမ်ကြီးရောက်တော့ ကိုစက်ရောင် ကျွန်ုပ်တို့ကို ပန်းချီကားထုတ်ပြီးအပြမှာ ဗီရိုထဲမှာ ထူးထူးခြားခြားရှေးဟောင်းပစ္စည်းတွေကိုတွေ့ရတာပဲ။ ဒါကြောင့်

ကျုပ်လည်း ကိုစက်ရောင်ကို ဟသ်ာရုပ်လေးမေးမိတာပဲ ကိုသံခိပ်"

ကျွန်ုပ်သည် ကိုဘဟိန်းကို ပိုပြီးလေးစားသွားမိလေသည်။ ကိုဘဟိန်း၏ လျှပ်တစ်ပြက်အတွေးအခေါ်နှင့် မျှော်မြင်မှုက ကျွန်ုပ်အတွက် ချီးကျူးဖွယ်ရာဖြစ်နေမိလေသည်။

"ဒီအတိုင်းဆို. . . ကျုပ်တို့ မအေးမိကို ခေါ်သွားတဲ့လူက ဘယ်သူလဲဆိုတာ နီးလာပြီ ကိုသံခိပ်။ ဒီတော့ မိစ္ဆာအိမ်ကြီးရောက်ရင်တော့ ပိုပြီးသိရမှာပေါ့"

သို့နှင့် ကျွန်ုပ်နှင့် ကိုဘဟိန်းသည် မြင်းလှည်းဆရာလေး ကိုဒေဝအိမ်တွင် တစ်ညအိပ်စက်ပြီး မိုးလင်းလင်းချင်း ခရီးထွက်ခဲ့မိလေသည်။ မြင်းလှည်းဆရာလေးကိုဒေဝသည် ကျွန်ုပ်နှင့် ကိုဘဟိန်းကို မြင်းလှည်းဖြင့်လိုက်ပို့ပေးရာ ကျွန်ုပ်နှင့် ကိုဘဟိန်းတို့ ရောက်ရှိခဲ့သည့်ဇရပ်အိုဆီသို့ ရောက်ရှိခဲ့လေသည်။

"ကဲ. . . မြင်းလှည်းဆရာလေး ကိုဒေဝရေ၊ ကျုပ်တို့ကို လိုက်ပို့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျွန်တော့်ကိုကျေးဇူးတင်ဖို့မလိုပါဘူးဆရာတို့ရယ်။ ဆရာတို့ကျေးဇူးတင်ရမှာက ဆရာဦးခြုံပဲ"

"ဆရာဦးခြုံဆိုတာ ဘယ်သူလဲ မြင်းလှည်းဆရာလေးရဲ့၊ ပြောစမ်းပါဦး"





"ဆရာဦးခြုံက ကျွန်တော်တို့ရွာက ဆေးဆရာပါ။ ဆရာကိုစက်ရောင်ဝေဒနာကိုကုသနေတဲ့သူဆိုရင် မမှားပါဘူး"

"နေပါဦး. . . မြင်းလှည်းဆရာလေးရဲ့။ ဆရာဦးခြုံက ရွာသစ်ကုန်းမှာပဲ နေတာလား"

"ကျွန်တော်တို့ရွာမှာ အနေတော့ သိပ်မများပါဘူး။ နယ်တကာလှည့်ပြီး ဆေးဝါးကုသနေတာပါ။ ဒါပေမဲ့. . . မြို့ငသေလာ ရွာပျက်ကုန်းက ကိုစက်ရောင်နဲ့ အတော်ရင်းနှီးကျွမ်းဝင်ခဲ့ပါတယ်။ ပြီးတော့ ကိုစက်ရောင်နေတဲ့အိမ်ပျက်ကြီးအကြောင်းကိုလည်း သိနေတယ်။ ဆရာတို့ရောက်ခဲ့တဲ့ ကိုစက်ရောင်ရဲ့အိမ်ကြီး နောက်ဘက်မှာ အုတ်ဂူတစ်ဂူကိုတွေ့ခဲ့သေးလားဆရာ"

မြင်းလှည်းဆရာလေး ကိုဒေဝစကားကြောင့် ကျွန်ုပ်သည် ကိုစက်ရောင်နေသည့်အိမ်ပျက်ကြီးအကြောင်းကို သိလိုစိတ်တဖွားဖွားပေါ်လာမိလေသည်။ ကိုဘဟိန်းသည် မြင်းလှည်းဆရာလေး ကိုဒေဝစကားကိုနားထောင်ပြီး. . .

"အဲဒီအုတ်ဂူက ဘယ်သူ့အုတ်ဂူလဲ ကိုဒေဝ"

"ဆရာဦးခြုံစကားအရတော့ မအေးမိရဲ့အုတ်ဂူလို့ပြောတာပဲ။ မအေးမိ ရုတ်တရက်သေဆုံးတာသိပြီး ကိုစက်ရောင်နှလုံးသားဝေဒနာ ပိုပြီးဆိုးခဲ့တာပဲ။ ထူးခြားတာက ကိုစက်ရောင်က ညတိုင်း

မအေးမိအုတ်ဂူကိုသွားသွားပြီး စကားပြောနေတဲ့အဖြစ်ပဲ"

"ကိုဒေဝဆီက ခုလို ကိုစက်ရောင်အဖြစ်ကိုသိရလို့ စိတ်မကောင်းဖြစ်မိပါတယ်။ ပြီးတော့ ဆရာဦးမြဲ့ကိုပြောလိုက်ပါ ကိုဒေဝ။ ဟသ်ာရုပ်လေး ကျန်သေးတယ်ဆိုတဲ့စကားပါပဲ"

ကျွန်ုပ်နှင့်ကိုဘဟိန်းသည် မြင်းလှည်းဆရာလေးကိုဒေဝကို နှုတ်ဆက်ပြီး ဘူတာရုံလေးရှိရာသို့လာခဲ့မိလေသည်။ ကျွန်ုပ်တို့ ဘူတာရုံလေးသို့ရောက်ရှိပြီး ကိုဘဟိန်းသည် နာရီကိုကြည့်လိုက်ပြီး. . .

"ရထားဆိုက်ဖို့ အချိန်လိုသေးတယ် ကိုသံခိပ်ရေ။ ကျွန်ုပ်တို့ ဆိုင်တစ်ဆိုင်မှာ ထမင်းဝင်စားမှဖြစ်မယ်"

"ကောင်းတယ် ကိုဘဟိန်း။ ကျွန်ုပ်လည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲဗျို့"

ကျွန်ုပ်သည် မိုးလင်းကတည်းက ဘာမှမစားရသေးသည်ကိုသတိရမိပြီး ကိုဘဟိန်းနောက်သို့ လိုက်ခဲ့မိလေသည်။ ထမင်းဆိုင်တစ်ဆိုင်ကိုတွေ့ရ၍ ကျွန်ုပ်နှင့်ကိုဘဟိန်း ဝင်ထိုင်ပြီး ထမင်းမှာကာ စားနေမိလေသည်။ ကျွန်ုပ်သည် ဗိုက်ဆာနေ၍ ထမင်းကိုမြိန်ယှက်စွာ စားနေမိသော်လည်း ကိုဘဟိန်းသည် ထမင်းအနည်းငယ်မျှစားသောက်ပြီး ဆေးလိပ်သောက်နေသည်ကိုတွေ့လိုက်ရ





လေသည်။

"ကိုဘဟိန်း ထမင်းလည်း မစားပါလား။ ကျွန်ုပ် ရင်ထဲမှာ ဟာစ်ခုခုခံစားနေပြီနဲ့တူတယ်"

"ကိုသံခိပ်ပြောတာ အမှန်ပဲဗျို့။ ကျွန်ုပ်ရင်ထဲမှာ မြင်းလှည်းဆရာကိုဒေဝပြောခဲ့တဲ့ ဆရာဦးမြဲ့ဆိုတဲ့သူကိုစိတ်ဝင်စားနေမိလို့ဗျ။ ပြီးတော့ ကိုစက်ရောင်အိမ်ကြီးအနောက်ဘက်က မအေးမိရဲ့အုတ်ဂူပဲဗျ"

"ဒါများဆန်းသလား ကိုဘဟိန်းရယ်။ ကျွန်ုပ်တို့ရည်ရွယ်ထားတဲ့မိစ္ဆာအိမ်ကြီးကိုသွားပြီး ဦးဟသ်ာရဲ့လျှို့ဝှက်မြေအောက်ခန်းမှာထားတဲ့ဟသ်ာရုပ်ကို ရှာဖို့ပဲမဟုတ်လား"

"အဲဒီဟသ်ာရုပ်ကို ကျွန်ုပ်တို့အရင်ရှာနေတာက မအေးမိပဲ ကိုသံခိပ်"

"ဘယ်လို. . . ကိုဘဟိန်း။ ကျွန်ုပ်တို့အရင် ဟသ်ာရုပ်ကို ရှာဖွေနေတာ မအေးမိဟုတ်လား။ မြင်းလှည်းဆရာလေးကိုဒေဝက မအေးမိဆုံးပါးပြီး ကိုစက်ရောင်အိမ်ကြီးအနောက်က အုတ်ဂူမှာဆို"

"အဲဒီလို ကျွန်ုပ်တို့အထင်ရောက်အောင်. . . ဆရာဦးမြဲ့က မြင်းလှည်းဆရာလေးကိုဒေဝကို ကျွန်ုပ်တို့သိအောင် တမင်ပြောဆိုခိုင်းတာဗျ။ ဒါကြောင့် ကျွန်ုပ်တို့ မိစ္ဆာအိမ်ရောက်ပြီးရင် ဖမ်းမှီပါ

ရဲ့အဖြစ်အပျက်ဇာတ်လမ်းကို အဆုံးသတ်နိုင်လိမ့်မယ်ထင်တယ် ကိုသံခိပ်"

ကျွန်ုပ်နှင့်ကိုဘဟိန်း စကားပြောဆိုနေစဉ် ဘူတာရုံလေးသို့ ဥသြသံပေးပြီး ဝင်လာသည့်ရထားသံကိုကြားလိုက်ရ၍ ထမင်းဆိုင်မှထွက်လာမိလေသည်။ ကျွန်ုပ်နှင့် ကိုဘဟိန်း ဘူတာရုံလေးရှိရာသို့ရောက်ရှိလာစဉ် ရထားဆိုက်လာ၍ ရထားပေါ်သို့တက်ခဲ့လေသည်။ ဘူတာရုံလေးမှ ရထားထွက်လာသဖြင့် ကျွန်ုပ်သည် ကိုဘဟိန်းသွားမည့်ခရီးကိုမသိရသေးသဖြင့် ပဟေဠိဖြစ်နေမိလေသည်။

"ကိုဘဟိန်း။ ကျုပ်တို့ဘယ်သွားမှာလဲ. . . ပြောစမ်းပါဦး"

"ဘယ်သွားရမှာလဲ ကိုသံခိပ်ရယ်။ ကျုပ်တို့ မအေးမိရှိတဲ့ မိစ္ဆာအိမ်ကြီးကိုပေါ့ဗျာ"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကြောင့် အတွေးချာချာလည်သွားမိလေသည်။ ထို့ကြောင့် ကိုဘဟိန်းစကားကို နားမလည်နိုင်အောင်ဖြစ်သွားမိလေသည်။

"မအေးမိရှိတဲ့မိစ္ဆာအိမ်ဟုတ်လား. . . ကိုဘဟိန်း။ ကျုပ်ဖြင့် ကိုဘဟိန်းရဲ့အဖြေခက်တဲ့ပုစ္ဆာတစ်ပုဒ်ကို တွက်မိသလိုဖြစ်နေပြီဗျို့။ မြင်းလှည်းဆရာလေးပြောတော့ မအေးမိသေပြီဆို။ ခု. . . ကိုဘဟိန်းက မအေးမိက မိစ္ဆာအိမ်မှာဆိုတော့ မအေးမိက ကျုပ်





တို့အတွက် အတော့်ကိုထူးထူးဆန်းဆန်းတွေ့ကြုံရတဲ့ မိန်းမတစ်ယောက်ဖြစ်နေပါလား ကိုဘဟိန်းရယ်"

ကျွန်ုပ်စကားကိုကြားလိုက်ရ၍ ကိုဘဟိန်းသည် ကျွန်ုပ်ကိုကြည့်ပြီး သဘောကျစွာဖြင့် တဟဲဟဲရယ်မောလေသည်။

"ကိုသံခိပ်ပဲ ထူးထူးဆန်းဆန်းကိုမှ စိတ်ဝင်စားတယ်ဆို။ ဒါကြောင့် ကျုပ် ကိုသံခိပ်ကို ထူးထူးဆန်းဆန်း လက်တွေ့ကြုံရအောင် ခေါ်လာခဲ့ရတာပဲမဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဟုတ်ပါ့"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကို သဘောကျသွားမိလေသည်။ မကြာမီ ကျွန်ုပ်တို့စီးလာသည့်ရထားသည် ဘူတာရုံလေးတစ်ခုသို့ ရထားဆိုက်ကပ်သဖြင့် ကိုဘဟိန်းဆင်း၍ ကျွန်ုပ်ပါ ဆင်းလိုက်စဉ်. . .

"ကိုဘဟိန်း လာမှလာပါ့မလားလို့။ စိတ်ပူလိုက်ရတာဗျာ"

"စိတ်မပူနဲ့တော့ ဇမ္ဗူတလူဖိုးရွှေကြူရေ။ ကျုပ် အားလုံးစီစဉ်ပြီးမှ လာခဲ့တာဗျ"

"ဒါဆို ကျုပ်တို့သွားကြမယ် ကိုဘဟိန်း"

ကျွန်ုပ်နှင့်ကိုဘဟိန်း ဘူတာရုံလေးသို့ရောက်ရှိစဉ် ကိုဘဟိန်းကိုစောင့်ကြိုနေသည့် ဇမ္ဗူတလူဖိုးရွှေကြူဆိုသူကိုကြည့်လိုက်

မိရာ အဝတ်အစားစုတ်ပြတ်ပြီး လွယ်အိတ်ကြီးကို သိုင်းလွယ်ထား သည်ကိုတွေ့လိုက်ရသည်။ ကျွန်ုပ်သည် ဖိုးရွှေကြူကိုကြည့်ပြီး အတွေး အဆန်းဖြစ်နေမိလေသည်။

ကိုဘဟိန်းသည် ကျွန်ုပ်ကိုစကားမဆိုနိုင်ဘဲ ဖိုးရွှေကြူခေါ်ဆောင်ရာနောက်သို့ လိုက်နေသဖြင့် ကျွန်ုပ်ပါ လိုက်ခဲ့မိလေသည်။ မကြာမီ ဘုတာရုံလေးနှင့် အတော်လှမ်းသည့်လမ်းကလေးအတိုင်း လာခဲ့မိစဉ် အိမ်ကြီးတစ်လုံးကိုတွေ့လိုက်ရပြီး အိမ်ကြီးအတွင်းသို့ ရောက်ရှိခဲ့လေသည်။

"အဘိုးတို့ဆီ လာမှလာပါ့မလားလို့ စိတ်ပူပြီး မျှော်နေရတာပဲ မောင်ဘဟိန်းရယ်"

ကျွန်ုပ်နှင့် ကိုဘဟိန်း အိမ်ကြီးအတွင်းသို့ရောက်ရှိစဉ် ကြားလိုက်ရသောစကားကြောင့် ကျွန်ုပ်ကြည့်လိုက်မိရာ ခန့်ညားသည့် ဥပတိရုပ်ဖြင့် အဘိုးကြီးတစ်ဦးကိုတွေ့လိုက်ရလေသည်။

"ကျုပ်မလာဘဲရှိပါ့မလား အဘိုးစက္ကရယ်။ အဘိုးစက္ကနဲ့ ဒီပါတို့ ကျုပ်တစ်ခါပဲဆုံတွေ့ပြီး ပျောက်သွားလိုက်တာ ခုမှပဲပြန်တွေ့ရတယ်။ ခုလည်း ဟောဒီက ဖိုးရွှေကြူကြောင့်ဆိုရင်မမှားဘူး အဘိုးစက္က"

"အေးလေ. . . တစ်နေ့ ဒီလိုပဲပြန်ဆုံကြမယ်ဆိုတာ အဘိုး





တွက်ဆပြီးသားပါကွယ်။ ဒါကလည်း မြေးလေးဒီပါကြောင့်ဆိုရင် မမှားဘူး"

အဘိုးစက္ကသည် ကိုဘဟိန်းကိုပြောဆိုပြီး ဟင်္သာရုပ်လေး နှစ်ခုကိုပေးလိုက်လေသည်။ ကိုဘဟိန်းသည် အဘိုးစက္ကပေးသည့် ဟင်္သာရုပ်လေးကိုကြည့်ရှုနေစဉ်. . .

"ဟောဒီဟင်္သာရုပ်လေးနဲ့ပတ်သက်ပြီး. . . မသမာသူတွေရဲ့လက်ထဲကိုရောက်မှာ အဘိုးအလွန်ပဲစိုးရိမ်မိတယ် မောင်ဘဟိန်း။ ဒါကြောင့်လည်း ဖိုးရွှေကြူရဲ့အကူအညီနဲ့ မောင်ဘဟိန်းကို ဆက်သွယ်ခဲ့ရတာပဲ"

"ခုလို အဘိုးစက္ကဆီက ရခဲ့တဲ့ဟင်္သာရုပ်လေးတွေပြည့်စုံရင် ကျုပ် သက်ဆိုင်တဲ့သူကို ပြန်လည်ပေးအပ်ရမှာပါ။ ခက်နေတာက ဒီဟင်္သာရုပ်နဲ့ဆက်နေတဲ့ရတနာတွေပဲ အဘိုး"

"အင်း. . . လောဘ. . . လောဘ. . . လောဘဝင်လာရင် တယ်လည်းကြောက်စရာကောင်းလှပါလား။ လောဘအလိုလိုက်ပြီး နလုံးသားမိုက်ခဲ့တဲ့အဖြစ်တွေကို အဘိုးသိခဲ့ရလို့ စိတ်နှလုံးညှိုးနွမ်းခဲ့ရတယ်မောင်ဘဟိန်း။ ဒီတော့ မောင်ဘဟိန်းကို အဘိုးနဲ့ ဒီပါ ဒီအိမ်ကြီးကပဲ စောင့်နေပါ့မယ်ကွယ်"

"စိတ်ချပါအဘိုး"

ကိုဘဟိန်းသည် အဘိုးစက္ကူကိုနှုတ်ဆက်ပြီး ပြန်ထွက်ခဲ့လေသည်။ သို့တိုင် ကျွန်ုပ်ရင်ထဲတွင် ထူးထူးဆန်းဆန်းဖြစ်နေမိသည်က ကိုဘဟိန်းထံတွင် ရှိနေသည့်ဟသာ်ရုပ်လေးများပင်ဖြစ်သည်။

❦ ❦ ❦



## အခန်း ( ၂၉ )

ကျွန်ုပ်နှင့် ကိုဘဟိန်းသည် ညအမှောင်ကို အကာအကွယ်ယူပြီး မိစ္ဆာအိမ်ကြီးသို့လာခဲ့မိသည်။ မိစ္ဆာအိမ်ကြီးသည် ညအမှောင်ထုထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေဆဲပင်။ ကိုဘဟိန်းသည် မိစ္ဆာအိမ်ကြီးအနောက်ဘက်ရှိ အုတ်ဂူဟောင်းရှိရာသို့ရောက်လျှင်ပင်. . .

"ကိုသံခိပ် သတိဝီရိယထားတော့ဗျို့။ လုပ်ငန်းစမယ်"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုသတိပေးစကားပြောဆိုပြီး အုတ်ဂူဟောင်းကြီးဘေးမှ စုပုံထားသည့် အုတ်ကျိုးအုတ်ပဲ့များကိုဖယ်ရှားပြီး လူတစ်ကိုယ်စာ ဝင်နိုင်သည့်အပေါက်ကို တွေ့လိုက်ရ၏

ကျွန်ုပ်အံ့ဩသွားမိလေသည်။ ကိုဘဟိန်းသည် ထိုအုတ်ဂူပေါက်ထဲသို့ဝင်သွား၍ ကျွန်ုပ်ပါ အုတ်ဂူပေါက်ထဲသို့ဝင်လိုက်မိလေသည်။

ကျွန်ုပ်သည် အုတ်ဂူကြီးအတွင်းမှ ပြုလုပ်ထားသည့်အုတ်လှေကားလေးအတိုင်းလာခဲ့မိရာ မြေအောက်ဥမင်လိုဏ်ခေါင်းတစ်ခုပြုလုပ်ထားသည်ကိုတွေ့လိုက်ရလေသည်။ ကျွန်ုပ်နှင့် ကိုဘဟိန်းဥမင်လမ်းအတိုင်းလာခဲ့မိရာ မြေအောက်ခန်းများကိုတွေ့လိုက်ရလေသည်။ ကိုဘဟိန်းသည် အခန်းတစ်ခုကို စေ့စေ့စပ်စပ်ကြည့်ပြီးဓာတ်မီးဖြင့်ထိုးကာ ဖွင့်လိုက်စဉ်. . .

"ဝိုး. . ."

"ဒုတ်! "

"အား. . ."

အသံများ ဆက်တိုက်ကြားရပြီး ငြိမ်သက်သွားလေသည်။ ကျွန်ုပ်သည် ကိုဘဟိန်းအတွက်စိတ်ပူသွားမိစဉ် ရုတ်တရက် လက်နှိပ်ဓာတ်မီးရောင်ဖြင့် ကိုဘဟိန်းကိုတွေ့လိုက်ရသည်။ ကိုဘဟိန်းသည် တစ်စုံတစ်ခုကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်နေသည်ကိုတွေ့လိုက်ရ၍ ကျွန်ုပ်ကြည့်လိုက်မိရာ လူတစ်ယောက် လဲကျနေသည်ကိုတွေ့လိုက်ရလေသည်။

"ကိုသံခိပ်. . . မြန်မြန်လာတော့ဗျို့။ သူတို့ရောက်နေကြပြီ"





ကိုဘဟိန်းသည် ကျွန်ုပ်ကို တီးတိုးစွာပြောဆိုပြီး အခန်းတစ်ခုထဲသို့ လျင်မြန်စွာဝင်လိုက်ပြီး အခန်းအမိုးကို လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်ကာ အံဖုံးတံခါးကိုတွေ့လိုက်ရ၍ ဖွင့်ပြီး အပေါ်သို့တက်သွားလေသည်။ ကျွန်ုပ်သည် ကိုဘဟိန်းနည်းတူ အံဖုံးတံခါးမှတက်ခဲ့ရာ အခန်းတစ်ခုထဲသို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

ကိုဘဟိန်းသည် လက်မှနာရီကိုကြည့်ပြီး တစ်စုံတစ်ခုကို မျှော်လင့်နေဟန်တူသည်။ ပြီး. . . တံခါးကိုတွန်းဖွင့်လိုက်စဉ် ရုတ်တရက် မီးရောင်ကိုတွေ့လိုက်ရလေသည်။

"ဘယ်လိုလဲ လူစွန့်စားကိုဘဟိန်းရဲ့။ ကျွန်မက ကိုဘဟိန်းကိုမျှော်နေတာ ကြာခဲ့ပြီ။ ခုလို. . . ကိုဘဟိန်းကိုတွေ့ရလို့ ကျွန်မဝမ်းသာပါတယ်ရှင်"

"မအေးမိဝမ်းသာသွားအောင် ကျုပ်လာခဲ့ရတာပဲ မအေးမိ။ ခုလို မအေးမိကြိုတာ ကျုပ်လည်းဝမ်းသာပါတယ်ဗျာ"

ကျွန်ုပ်သည် ကိုဘဟိန်းစကားသံကိုကြားလိုက်ရ၍ ကြည့်လိုက်မိရာ ပန်းချီဆရာ ကိုစက်ရောင်အိမ်မှတွေ့ခဲ့ရသည့် ပန်းချီကားထဲမှမအေးမိကို လက်တွေ့မြင်လိုက်ရလေသည်။ မအေးမိသည် ကျွန်ုပ်နှင့်ကိုဘဟိန်းကို ခက်ထန်သောမျက်နှာထားဖြင့် စူးစူးရဲရဲ

ကြည့်ပြီး. . .

"ကျွန်မ ဒီမှာရှိနေတာ ကိုဘဟိန်းသိနေပါလား"

"ကျုပ်မသိဘဲ ရှိပါ့မလားဗျာ။ ကျုပ်က ကိုစက်ရောင်ဆွဲထားတဲ့ မအေးမိရဲ့ပုံတူပန်းချီကားကိုတွေ့ပြီး မအေးမိက အတော့်ကို ချောမောလှပတဲ့မိန်းမသားတစ်ယောက်လို့ သတ်မှတ်ထားခဲ့တာ။ ခုလို မအေးမိကို လူကိုယ်တိုင်တွေ့ရတော့ ကျုပ်ထင်တာထက် ပိုနေလို့ ကျုပ်အံ့ဩသွားမိတာအမှန်ပဲ မအေးမိ"

"ရှင်. . . ကျွန်မကို ဘာစကားတွေပြောနေတာလဲ"

"ကျုပ်က မအေးမိရဲ့ပကတိအမြင်ကို ပြောတာပါဗျာ။ ဒါကြောင့်လည်း ကိုစက်ရောင်ရဲ့ဘဝတစ်ခုလုံး ပျက်စီးခဲ့တယ်ဆိုတာ ကျုပ်တော့ယုံသွားပြီ မအေးမိ"

"ရှင်. . . ကျွန်မကို အပိုစကားတွေပြောမနေနဲ့။ ခု ရှင်တို့ ကျွန်မလက်ထဲမှာရှိတယ်ဆိုတာ သတိလည်းထားစမ်းပါဦး ကိုဘဟိန်း"

မအေးမိစကားကြောင့် ကျွန်ုပ်ကြည့်လိုက်မိရာ မအေးမိနောက်တွင် လက်နက်ကိုင်ထားသည့် လူသုံးလေးဦးကိုတွေ့လိုက်ရသည်။

"ကျုပ်လည်း မအေးမိအကြောင်းကို သိပါတယ်ဗျာ။ သိလို့





လည်း ကျုပ်အသက်ကိုစွန့်ပြီး လာခဲ့ရတာပါ။ ကျုပ်သိချင်တာက ဦးဖူးညိုဘယ်မှာလဲဆိုတာ သိချင်လို့ပါ"

"ရှင်. . . ဦးဖူးညို. . . ဦးဖူးညို. . . ဟုတ်လား။ ကျွန်မ ဦးဖူးညိုကိုမသိဘူး။ ရှင်က ဘာကြောင့်မေးတာလဲ"

ကိုဘဟိန်းစကားကြောင့် မအေးမိသည် မျက်နှာပျက်သွားသည်။ ပြီး ဣန္ဒြေဆယ်ကာ. . .

"ကဲ. . . ကိုဘဟိန်း။ ရှင်းရှင်းပဲပြောစမ်းပါ။ ရှင် ကျွန်မဆီလာတဲ့ကိစ္စက ဘာလဲဆိုတာ ပြောစမ်းပါဦး"

"ကျုပ်ပြောရမှာပေါ့. . . မအေးမိရယ်။ မအေးမိ လိုချင်တဲ့ ဟင်္သာရုပ်လေးက ကျုပ်ဆီမှာရောက်နေတယ် မအေးမိ"

ကိုဘဟိန်းက ပြောပြောဆိုဆို ဟင်္သာရုပ်လေးကိုထုတ်ပြီး မအေးမိကိုပြလိုက်လေသည်။ မအေးမိသည် ကိုဘဟိန်းလက်ထဲမှ ဟင်္သာရုပ်လေးကိုတွေ့လိုက်ရ၍ အံ့အားသင့်ပြီး. . .

"ဒီဟင်္သာရုပ်ကို ရှင်. . . ရှင်ဘယ်လိုရလာခဲ့တာလဲ"

"ကျုပ်ဘယ်လိုရခဲ့သလဲဆိုရင် မအေးမိက ဟင်္သာရုပ်လေးကို လိုချင်လို့ ကိုမိုးဇွေကိုလှည့်ဖျားခဲ့သလို ကိုတာနောကိုလည်း ကောက်ကျစ်ခဲ့တယ်မဟုတ်လား"

ကိုဘဟိန်းစကားကြောင့် မအေးမိသည် ကိုဘဟိန်းကို မယုံ

ကြည့်နိုင်သည့်အကြည့်ဖြင့်ကြည့်ပြီး နှုတ်ခမ်းကိုဖိကိုက်ပြီး ခက်ထန်သည့်မျက်နှာထား ပေါ်လာလေသည်။

"မအေးမိက ကိုမိုးခွေနဲ့ ကိုတာနောအဖြစ်ကို ကျုပ်သိနေလို့ အံ့ဩနေပြီမဟုတ်လား။ အံ့ဩစရာ မဟုတ်ပါဘူး မအေးမိရယ်။ ကျုပ်မေးချင်တာက ကိုစက်ရောင်ရဲ့အိမ်ကြီးအနောက်မှာရှိတဲ့ မအေးမိနာမည်ထိုးထားတဲ့အုတ်ဂူပဲ"

"ဩော်. . . ရှင်က ကိုစက်ရောင်ဆီကိုတောင် ရောက်ခဲ့ပြီးပြီကိုး"

"ကျုပ် ကိုစက်ရောင်ဆီ ရောက်ခဲ့ရတာကလည်း ကိုမိုးခွေ မသေမီက ပြောခဲ့တဲ့စကားကြောင့်ပဲ မအေးမိ"

ကိုဘဟိန်းစကားကြောင့် မအေးမိသည် ငိုင်တွေသွားလေသည်။ ပြီး ကိုဘဟိန်းကို မအေးမိက မနှိုတရှို့လေးပြုံးကြည့်ပြီး လျှင်. . .

"ထားပါတော့ရှင်။ ခု ကိုဘဟိန်း ကျွန်မဆီလာတဲ့ကိစ္စသာ ပြောပါ"

"မအေးမိဆီကို ကျုပ်လာတဲ့ကိစ္စသိချင်ရင်. . . ကျုပ်တို့ကို အိမ်ရှင်ပီပီ ဧည့်ခံမှပေါ့ဗျာ။ ခုလိုဧည့်ခံတာ သဘာဝမကျဘူးဗျို့"

ကိုဘဟိန်းစကားကြောင့် မအေးမိသည် နောက်မှလူများကို





မျက်နှာရိပ်ပြပြီး အခန်းတစ်ခုထဲသို့ဝင်သွား၍ ကျွန်ုပ်နှင့် ကိုဘဟိန်းလိုက်ခဲ့မိစဉ် ဧည့်ခန်းထဲသို့ရောက်ရှိခဲ့လေသည်။ ကိုဘဟိန်းသည် ဧည့်ခန်းထိုင်ခုံတွင်ထိုင်ပြီး ဘာမှမဖြစ်သလိုပင် ဆေးပြင်းလိပ်ကို မီးညှိပြီး ဖွာရှိုက်နေလေသည်။ ကျွန်ုပ်သည် ကိုဘဟိန်းတစ်လှည့် မအေးမိကိုတစ်လှည့်ကြည့်ပြီး ဝေခွဲမရနိုင်အောင်ဖြစ်မိလေသည်။ ကိုဘဟိန်းသည် ဟသ်ာရုပ်လေးကို စားပွဲခုံပေါ်သို့တင်လိုက်ပြီး မအေးမိကိုကြည့်ကာ. . .

"ကျုပ်က မိစ္ဆာအိမ်ကြီးလို့အမည်ရှိတဲ့ ဒီအိမ်ကြီးကိုလာခဲ့ရတာက မအေးမိနဲ့ပတ်သက်ခဲ့တဲ့ ဟောဒီဟသ်ာရုပ်ကြောင့်ဆိုတာ မအေးမိလည်း သိပြီးသားပါ။ ဒါကြောင့် ကျုပ် မိစ္ဆာအိမ်ကြီးကို အချိန်မီလာနိုင်အောင် ဖိုးရွှေကြူရဲ့အကူအညီနဲ့ ဖိုးတက်တူ၊ ကိုသံဗျင်း၊ ဦးဝေဠုတို့ကိုဖမ်းဆီးပြီးမှ လာခဲ့ရတာပဲ မအေးမိ"

"ရှင်. . . အဘိုးဝေဠုကို ကိုဘဟိန်း ဖမ်းဆီးခဲ့ပြီဟုတ်လား။ အဘိုးဝေဠုမှာ ဘာအပြစ်ရှိလို့လဲ. . . ကျွန်မအဘိုးကို"

မအေးမိသည် ရုတ်တရက် ထိုင်ခုံမှထပြီး ကိုဘဟိန်းနှင့် ကျွန်ုပ်ကို ဒေါသတကြီးဖြင့်ချိန်ထားလေသည်။ ကျွန်ုပ်သည် လျှပ်တစ်ပြက်အတွင်း ပြောင်းလဲသွားသည့် မအေးမိကိုကြည့်ပြီး မင်သက်မိသွားမိသည်။

ကိုဘဟိန်းက စားပွဲပေါ်မှ ဟင်္သာရုပ်လေးကို လှမ်းယူမည် ပြုလိုက်စဉ် မအေးမိ၏ခက်ထန်သည့်စကားသံက ပေါ်လာသည်။

"ကိုဘဟိန်း. . . ရှင် ဟင်္သာရုပ်ကိုပြန်ယူဖို့ မကြိုးစားပါနဲ့။ ရှင့်ကြောင့် ကျွန်မအဘိုးဝေဠု ဒုက္ခရောက်ခဲ့ရသလို ရှင့်ကိုလည်း ကျွန်မက ပြန်ပြီးဒုက္ခပေးရမှ ကျွန်မကျေနပ်မယ်။ နောက်တိုး. . . ကိုဘဟိန်းနဲ့ဟောဒီလူကို ကြိုးနဲ့တုပ်ပြီး မြေအောက်ခန်းထဲမှာ ထား လိုက်"

ကျွန်ုပ်သည် မအေးမိကိုကြည့်ပြီး စဉ်းစားမရနိုင်အောင်ဖြစ် မိလေသည်။ မအေးမိ၏စကားသံနှင့်အတူ လူဆိုးများသည် ကျွန်ုပ် နှင့်ကိုဘဟိန်းကို ကြိုးဖြင့်တုပ်လေသည်။

ကိုဘဟိန်းက မအေးမိကိုကြည့်ပြီး. . .

"မအေးမိက ဟင်္သာရုပ်လေးကို တယ်လည်း ခုံမင်နေတာ ကိုး။ ဒီဟင်္သာရုပ်က မအေးမိသိထားတဲ့ ဦးဟင်္သာရဲ့မြေအောက် ခန်းမှာထားခဲ့တဲ့ ဟင်္သာရုပ်အစစ်မဟုတ်ဘူး မအေးမိ။ ကျုပ်လုပ် လာခဲ့တဲ့ဟင်္သာရုပ်ပဲ။ မအေးမိမယုံရင် ယူပြီးကြည့်ပါဦး"

ကိုဘဟိန်းစကားကြောင့် မအေးမိမျက်နှာသည် တဖျတ်တခြ ဖြစ်သွားပြီး စားပွဲခုံပေါ်မှ ဟင်္သာရုပ်လေးကိုလှမ်းယူလိုက်စဉ် ရုတ် တရက် ညှော်ခန်းထဲမှလင်းနေသည့်မီးသည် မှိတ်သွားပြီး မှောင်





အတိကျသွားစဉ်. . .

"ဒုတ်! "

"ဒိုင်း. . ."

"အား. . ."

"ဝုန်း! "

ဟူသောအသံများ ဆက်တိုက်ပေါ်လာ၍ ကျွန်ုပ်သည် လူဆိုး များ ချည်နှောင်ထားသည့်ကြိုးကို ရုန်းကန်ရင်း ဖြည်နေမိသည်။ ထိုစဉ် ညှော်ခန်းတစ်ခုလုံး မီးရောင်လင်းထိန်သွားပြီး မီးရောင်နှင့် အတူ ညှော်ခန်းတစ်ခုလုံး အလဲလဲအပြိုပြိုမြင်ကွင်းကိုတွေ့လိုက်ရ လေသည်။ ကျွန်ုပ်နှင့်မနီးမဝေးတွင် လူဆိုးသုံးဦး လဲကျနေသည် ကိုတွေ့လိုက်ရ၍ ကျွန်ုပ် ကိုဘဟိန်းကိုသတိရသွားမိလေသည်။

"ကိုဘဟိန်း. . . ကိုဘဟိန်း"

ကျွန်ုပ်သည် ကိုဘဟိန်းကို ညှော်ခန်းထဲတွင် မတွေ့ရ၍ ခေါ် လိုက်မိရာ မကြာမီ ကိုဘဟိန်းနှင့်လူတစ်ယောက်ကို တွေ့လိုက်ရ ပြီး ကိုဘဟိန်းသည် ကျွန်ုပ်ကိုချည်နှောင်ထားသည့်ကြိုးကို ဖြည် လိုက်ပြီး. . .

"တော်သေးတာပေါ့. . . ကိုတာနေခဲ့ရယ်။ ကိုတာနေသာ အချိန်မီရောက်မလာနိုင်ရင် ကျုပ်တို့နှစ်ယောက်ကို မအေးမိက

မရဏကို ပို့မှာမလွဲဘူးဗျို့"

"ကျုပ်မလာဘဲ ရှိပါ့မလား ဆရာဘဟိန်းရယ်။ ကျုပ် ဒီ ချည့်ခန်းထဲကို ကြိုတင်ရောက်နေတာ ကြာခဲ့ပြီဗျ။ ဆရာဘဟိန်းနဲ့ မအေးမိစကားကိုနားထောင်နေတာ။ မအေးမိလွတ်သွားတာ နာတယ် ဆရာဘဟိန်း"

ကိုတာနော့ဆိုသူသည် ကိုဘဟိန်းကိုပြောဆိုပြီး လဲနေသည့် လူဆိုးများကိုကြည့်နေလေသည်။

ကိုဘဟိန်းသည် ကိုတာနော့ကိုကြည့်ပြီး. . .

"ကိုတာနော့. . . ကျုပ်တို့နောက်ကို မကြာခင်လိုက်ခဲ့တော့ ဗျို့"

ကိုဘဟိန်းသည် ကိုတာနော့ကိုပြောဆိုပြီး ကျွန်ုပ်ကိုခေါ်ကာ မိစ္ဆာအိမ်ကြီးမှထွက်ခဲ့မိလေသည်။



## အခန်း ( ၂၀ )

"ကိုသံခိပ်ရင်ထဲမှာ ကျုပ်ကိုကြည့်ပြီး စိတ်ဘဝင်မကျဘူးနဲ့ တူတယ်"

"ဘဝင်မကျဆို ကိုဘဟိန်းရယ်။ ကံကောင်းလို့ မအေးမိလက်ချက်နဲ့ ကျုပ်တို့မသေခဲ့တာမဟုတ်လား။ ဘယ်နဲ့ဗျာ. . . မအေးမိရဲ့အလှအပနဲ့မလိုက်အောင် နှလုံးသားကောက်ကျစ်မှုက အတော့်ကိုကွာခြားနေတော့ ကျုပ်ဖြင့် ဘယ်လိုတွေးတွေး အတွေးမပေါက်နိုင်ခဲ့ဘူး ကိုဘဟိန်း။ ခု. . . မအေးမိက ဘယ်ရောက်သွားပြီလဲ ကိုဘဟိန်း"

"မအေးမိက ကျုပ်နဲ့ကိုသံခိပ်ကို အပြတ်ရှင်းဖို့ပဲဗျ။ ဒါပေမဲ့ ကိုတာနော့က လက်ဦးခဲ့လို့ ဒဏ်ရာရပြီး ထွက်ပြေးသွားခဲ့ပြီ

ကိုသံခိပ်။ ဒါကြောင့် ကျုပ်နဲ့ ကိုသံခိပ် မအေးမိနောက်ကိုလိုက်ရမှာပဲဗျို့"

ကျွန်ုပ်သည် မိစ္ဆာအိမ်ကြီးအဖြစ်ကိုတွေးမိကာ မအေးမိအဖြစ်ကို အံ့ဩနေမိလေသည်။ ကျွန်ုပ်နှင့် ကိုဘဟိန်းသည် ဘူတာရုံလေးသို့ရောက်ရှိပြီး ရထားဆိုက်လာသဖြင့် ရထားပေါ်သို့တက်ပြီး ထိုင်ခုံတွင်ထိုင်လိုက်မိသည်။

ကျွန်ုပ်သည် ကိုဘဟိန်းနောက်သို့လိုက်လာခဲ့မိသော်လည်း ဘယ်သို့သွားမည်ကိုမသိရချေ။ ကိုဘဟိန်းက သူ့ဝသီအတိုင်း ထိုင်ခုံကိုခေါင်းမှီပြီး ဆေးပြင်းလိပ်ကိုဖွာရှိုက်ရင်း စဉ်းစားနေဟန်တူသည်။

"ကိုဘဟိန်း. . . ကျုပ်တို့ဘယ်ကိုသွားမှာလဲ၊ ပြောစမ်းပါဦး"

"မြိုင်သေလာက ဆရာဦးဖြူဆီကိုလေ, ကိုသံခိပ်"

"ဗျာ. . . ဘယ်လို ကိုဘဟိန်းရဲ့။ စောစောကတော့ မအေးမိနောက်ဆို။ ခု မြိုင်သေလာက ဆရာဦးဖြူဆီဆိုတော့ ကျုပ်ဘယ်လိုမှ နားမလည်နိုင်အောင်ဖြစ်မိတယ်ဗျာ"

"မြိုင်သေလာကိုရောက်ရင် ကိုသံခိပ် ပိုပြီးထူးထူးဆန်းဆန်းကြုံတွေ့ရဦးမှာဗျ။ ခုလောက်ဆို. . . မအေးမိက မြိုင်သေလာရွာဖျက်တုန်းက ကိုစက်ရောင်အိမ်ကြီးဆီ ရောက်နေမှာမလွဲဘူး"





ကိုဘဟိန်းစကားကြားမှ ကျွန်ုပ်ရောက်ရှိခဲ့သည့် မြိုင်သေလာရွာဖျက်တုန်းမှ ကိုစက်ရောင်ကိုသတိရမိသလို ဆရာဦးဖြူဆိုသူကို စိတ်ဝင်စားသွားမိလေသည်။ ကျွန်ုပ်သည် မိစ္ဆာအိမ်ကြီးနှင့်ပတ်သက်၍ အတွေးမည်မျှနစ်မျောလာခဲ့မိသည်မသိချေ။ ဘူတာရုံလေးတစ်ခုသို့ ရထားဆိုက်ပြီး ကိုဘဟိန်းသတိပေးမှ ဆင်းလိုက်ပြီး လာခဲ့မိရာ မကြာမီ မြေနီလမ်းကလေးသို့ရောက်ရှိပြီး ဇရပ်ပျက်ကြီးကိုတွေ့လိုက်ရလေသည်။

"ကိုသံခိပ်ရေ. . .၊ ကိုသံခိပ်စိတ်ဝင်စားတဲ့ ဇမ္ဗူဒီပါဆိုတဲ့ စာအိတ်ကြီးထဲက အဖြစ်အပျက်ကတော့ ကျုပ်တို့ကိုချာချာလည်စေခဲ့တာ မမှားဘူးဗျို့"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပြောဆိုပြီးလာခဲ့ရာ တောင်ကုန်းလေးပေါ်တွင် ထီးထီးမားမားရှိနေသည့် ကိုစက်ရောင်နေသည့် အိမ်ပျက်ကြီးကိုတွေ့လိုက်ရသည်။ ကိုဘဟိန်းသည် အိမ်ပျက်ကြီးကိုအကဲခတ်ကြည့်ပြီး အိမ်ကြီးအနောက်ဘက်ရှိရာ သစ်ပင်အုပ်များကိုအကာအကွယ်ပြုပြီးလာခဲ့မိရာ ကျွန်ုပ် အမှတ်မထင် အုတ်ဂူလေးကိုတွေ့လိုက်ရ၍ စာလေးကိုဖတ်ကြည့်လိုက်မိရာ မအေးမိနာမည်လေးကိုတွေ့လိုက်ရလေသည်။ ကိုဘဟိန်းသည် အရေးကြီးသည့်ဟန်ဖြင့် ကျွန်ုပ်ကိုအချက်ပြပြီး အိမ်ပျက်ကြီးအနီးသို့ တိုး

တက်၍ နားစွင့်လိုက်မိသည်။

"သမီးရဲ့အဖြစ်ကို ခုလိုတွေ့ရလို့ အဘရင်ထဲမှာ ကြေကွဲမိတာအမှန်ပဲ သမီး။ အမှန်တော့ အဘကြောင့် သမီးလေး ခုလိုဖြစ်ခဲ့ရတာပါကွယ်"

ကျွန်ုပ်သည် အိမ်ပျက်ကြီးအတွင်းဆီမှ မချိတင်ကဲဟန်ဖြင့် ပေါ်လာသည့်စကားသံကို ကြားလိုက်ရ၍ အံ့ဩသွားမိလေသည်။ ကိုဘဟိန်းသည် အိမ်ကြီးအတွင်းရှိအခန်းထဲသို့ လျင်မြန်စွာဝင်လိုက်၍ ကျွန်ုပ်ပါ လိုက်ပါဝင်ခဲ့မိလေသည်။

"အေးအေးဆေးဆေးသာ ဝင်လာခဲ့ပါ ကိုဘဟိန်း"

ရုတ်ရက်ကြားလိုက်ရသောစကားကြောင့် ကျွန်ုပ်အံ့အားသင့်သွားမိသည်။ ကိုဘဟိန်းသည် စေ့ထားသည့်အခန်းတံခါးကို ဆွဲဖွင့်ပြီးကြည့်လိုက်မိရာ ခုတင်ပေါ်တွင်လဲနေသည့်မအေးမိနှင့်အတူ အဘိုးကြီးတစ်ဦးကိုတွေ့လိုက်ရလေသည်။

"ကိုဘဟိန်း. . . သမီးနောက်ကိုလိုက်လာမယ်ဆိုတာ အဘသိပါတယ်။ အဘလည်း သမီးအဖြစ်ကို ခုလိုတွေ့ရတာ ကြေကွဲမိတာအမှန်ပဲ"

"မအေးမိ ဒီအိမ်ပျက်ကြီးကို မဖြစ်မနေလာမယ်ဆိုတာ ကျွန်ုပ်လိုက်ခဲ့ရတာက ဦးသံမှိုကြောင့်ပဲဆိုပါတော့"





"ဘယ်လို ကိုဘဟိန်း. . . ဦးသံမှိုဟုတ်လား"

"ဟုတ်ပါ့ ဦးသံမှိုရယ်။ ဦးသံမှိုက သမားတော်ကြီး ဦးဖူးညိုဆိုတဲ့နာမည်တောင် မကဘူး။ ဆရာဦးမြဲဆိုတဲ့နာမည် ရှိခဲ့တယ်မဟုတ်လား"

"ဒါဆို ကိုဘဟိန်းက ကျွန်ုပ်နာမည်ကိုသိနေပြီကိုး"

"ကျွန်ုပ်မသိဘဲ ရှိပါ့မလား ဦးသံမှိုရယ်။ ဦးသံမှိုမှန်း သိရအောင် ကျွန်ုပ် လက်ဆုပ်လက်ကိုင်ပြဖို့ရှိသေးတယ်"

ကိုဘဟိန်းသည် ပြောပြောဆိုဆို စိန်ဘယက်ကိုထုတ်ပြီး စားပွဲခုံပေါ်သို့ တင်လိုက်သည်။ ဦးသံမှိုသည် စားပွဲပေါ်မှ စိန်ဘယက်ကိုတွေ့လိုက်ရ၍ အံ့အားသင့်သွားသည့်အမူအရာဖြင့် ကြည့်ကာ. . .

"ဒီစိန်ဘယက်ကို ကိုဘဟိန်း ဘယ်သူ့ဆီက ရခဲ့တာလဲ။ ကျွန်ုပ်ကိုပြောစမ်းပါဦး ကိုဘဟိန်း"

"ကျွန်ုပ် ဒီစိန်ဘယက်ကို ပန်းချီဆရာ ကိုစက်ရှိန်ဆီက ရလာခဲ့တာပဲ ဦးသံမှို"

"အင်း. . . ဒါကြောင့် ကျွန်ုပ် မောင်စက်ရှိန်ကို ဘယ်လိုမေးမေး မရခဲ့တာဘဲ"

"ဟုတ်တယ်. . . ဦးသံမှို။ ဒါကြောင့် ကျွန်ုပ်တို့က ကိုစက်ရှိန်

မသေမီ ပေးလိုက်တဲ့ ဟောဒီ စိန်ဘယက်ကို ဒီပါ့ဆီ အရောက်ပို့ခဲ့တာပါ။ ဒါပေမဲ့. . . ကိုစက်ရှိန်ဆီမှာ ဒီစိန်ဘယက်ရှိတယ်ဆိုတာ ဦးသံမှိုတစ်ယောက်ပဲ အတွင်းကျကျသိခဲ့ရတယ်ဆိုတာ ကျွပ်သိခဲ့ရတယ်"

"ဟုတ်ပါတယ်ကိုဘဟိန်း။ ကျွပ် ဘာကြောင့် ဒီစိန်ဘယက်ကို ရှာနေတာက ဟောဒီသမီးလေး မအေးမိနဲ့ ဒီပါကြောင့်ပါပဲ"

"ဒီပါဟုတ်လား. . . ဦးသံမှို။ ဒီပါက ဦးသံမှိုနဲ့ ဘယ်လိုများဆက်နွယ်ခဲ့လို့လဲ"

"ကျွပ်ရင်ထဲမှာ နှစ်ပေါင်းများစွာ မြုပ်နှံခဲ့တဲ့အဖြစ်ပါ။ တကယ်တော့ ဦးဘဟိန်းသိနေတဲ့ ဘိုးစတ္တရဲ့မြေးဒီပါနဲ့ ဟောဒီက မအေးမိက အမြွှာညီအစ်မတွေပဲ ကိုဘဟိန်း"

ဦးသံမှိုထံမှ မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် ကျွန်ုပ်အံ့ဩသွားမိလေသည်။

"အမှန်တော့ ဒီပါနဲ့ မအေးမိက ကျွပ်ရဲ့သမီးအရင်းတွေပါ ကိုဘဟိန်း။ ဒီပါ့ကို ငယ်ငယ်လေးထဲက ဘိုးစတ္တက ခေါ်ယူပြီး မွေးစားထားခဲ့သလို ဟောဒီ့မအေးမိကိုတော့ ဘိုးဝေဇ္ဇုက မွေးစားခဲ့တာပါ။ သူတို့မိခင် မြနန်းသွယ်နဲ့ ကျွပ်ကို ဦးဟသ်ာက သဘောမတူလို့ ခွဲခဲ့တာပဲ ကိုဘဟိန်း"





"နေပါဦး. . . ဦးသံမှိုရဲ့။ ဦးဟသ်ာက ဘယ်သူလဲဆိုတာ ကျွပ်ကိုရှင်းအောင် ပြောစမ်းပါဦး"

ကိုဘဟိန်းစကားကြောင့် ဦးသံမှိုသည် အတန်ကြာစဉ်းစားနေဟန်တူသည်။

"ဒီလို ကိုဘဟိန်းရဲ့၊ ဦးဟသ်ာက အမှန်တော့ မြနန်းသွယ်ရဲ့ဖခင်ပါ။ ဦးစတ္တ၊ ဦးဝေဇ္ဇု၊ မြနန်းသွယ်တို့က မောင်နှမတွေပါ။ မြနန်းသွယ် ကျွပ်နဲ့လိုက်ခဲ့လို့ ဦးဟသ်ာက ရှက်ပြီး မိစ္ဆာအိမ်ကြီးဆောက်ပြီး လူတွေနဲ့အဆက်အသွယ်ဖြတ်ပြီး နေခဲ့တာပါ။ ဒါပေမဲ့ ဦးဟသ်ာက မြနန်းသွယ်ကို တိတ်တဆိတ် စိန်ဘယက် ပေးထားခဲ့တယ်။ ဒါကိုသိနေတဲ့. . . ဦးဝေဇ္ဇုက စိန်ဘယက်ကို ရှာခဲ့တာပဲ။ ဒီစိန်ဘယက်က. . ."

"ဒီစိန်ဘယက်ရမှ ဟသ်ာရုပ်ကို အဖြေဖော်လို့ရမှာမဟုတ်လား။ ဒါကြောင့် ဦးသံမှိုက မအေးမိကို တည်ကြက်ထားပြီ ဟသ်ာရုပ်ရှာခဲ့တာမဟုတ်လား"

"ဒီအဖြစ်ကို ကိုဘဟိန်းက ဘယ်လိုသိခဲ့တာလဲ။ ကျွပ်ကိုပြောပြစမ်းပါဦး"

"ဒီအဖြစ်ကို ဦးစတ္တလည်း သိနေတာပဲ။ ဦးစတ္တဆီမှာလည်း စိန်ဘယက်တစ်ခုရှိနေတယ်"

"ဦးစက္ကူဆီမှာ စိန်ဘယက်ရှိတယ်။ ဟုတ်လား ကိုဘဟိန်း"

"ဟုတ်တယ် ဦးသံမှို။ ဦးသံမှိုသိနေတာက ဦးဟသ်ာပေးခဲ့တဲ့စိန်ဘယက်ရရင် ဦးဟသ်ာရဲ့မြေအောက်လှို့ဝှက်ခန်းမှာ ထားခဲ့တဲ့ ဇမ္ဗူဒီပါရတနာသိုက်ကို ရှာလို့တွေ့မယ်လို့ထင်ခဲ့တာကိုး။ အမှန်တော့ မအေးမိလို့နာမည်ပြောင်းထားခဲ့ပေမယ့် မအေးမိနာမည်အရင်းက ဇမ္ဗူလို့ ကျုပ်သိခဲ့ရတယ် ဦးသံမှို"

ကိုဘဟိန်းစကားကြောင့် ဦးသံမှို အံ့သြသွားဟန်တူသည်။ ကိုဘဟိန်းသည် ဆေးပြင်းလိပ်ကိုမီးညှိပြီးဖွာရှိုက်ကာ စကားဆက်ပြန်သည်။

"ဒါကြောင့် ဦးသံမှိုက မအေးမိအတွက် စိန်ဘယက်ရှာခဲ့သလို ဟသ်ာရုပ်ကိုလည်း ရှာခဲ့တယ်မဟုတ်လား။ အမှန်တော့ ဦးဟသ်ာက ဒီအဖြစ်တွေကိုသိလို့ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သစ်ဆိုပြီး ဟသ်ာရုပ်လေးငါးရုပ် ထုလုပ်ပြီး လမ်းလွှဲထားခဲ့တာပဲ။ ပြောရရင် စိန်ဘယက်ထဲမှာ အံဝှက်ပြုပြီး ဇမ္ဗူဒီပါရတနာသိုက်ကိုထားခဲ့တာက ဇရပ်ပျက်ကြီးအောက်မှာပါ"

"ဇရပ်ပျက်ကြီးအောက်မှာ ရတနာတွေမြှုပ်ထားခဲ့တယ် ဟုတ်လားကိုဘဟိန်း"

ကိုဘဟိန်းစကားကြောင့် ဦးသံမှိုသည် မယုံကြည်နိုင်သည့်





အကြည့်နှင့် မအေးမိစကားသံက ပေါ်လာသည်။

"ဟုတ်တယ် မအေးမိ။ ဒါကြောင့် မအေးမိတို့က ဟသ်ာရုပ်ကို လိုက်ရှာနေခဲ့တာမဟုတ်လား။ ဒါပေမဲ့ ဦးဟသ်ာက သူမဆုံးပါးမီ သူ့လူယုံကို အတွင်းကျကျစကားထိုးခဲ့တာက ဇမ္ဗူဒီပါဆိုတဲ့ရတနာသိုက်ကို ဇရပ်ပျက်ကြီးအနီးမှာရှိတဲ့ စေတီပျက်လေးကို လှူဒါန်းဖို့ထားခဲ့တယ်"

"နေပါဦး. . . ကိုဘဟိန်းရဲ့။ ဦးဟသ်ာရဲ့လူယုံဆိုတာ ဘယ်သူများလဲ"

"ဘယ်သူရှိပါ့မလဲဗျာ။ ဇမ္ဗူတလူ ဖိုးရွှေကြူဆိုတဲ့ ကျုပ်ပါပဲ"

အမှတ်မထင်ကြားလိုက်ရသောစကားကြောင့် ကျွန်ုပ်ကြည့်လိုက်မိရာ အဝတ်အစား သစ်သစ်လွင်လွင်နှင့် တွေ့လိုက်ရသည့် ဖိုးရွှေကြူကို လွယ်အိတ်ကြီး စလွယ်သိုင်းပြီး တွေ့လိုက်ရသလို ကိုတာနေဝဆိုသူပါ တွေ့လိုက်ရလေသည်။

ဦးသံမှိုနှင့် မအေးမိသည် ဖိုးရွှေကြူနှင့် ကိုတာနေဝကိုတွေ့လိုက်ရ၍ အံ့သြသွားကြလေသည်။

"ကိုတာနေဝ. . . ရှင်. . . ရှင်. . . မသေဘူးနော်"

"ကျုပ်မသေပါဘူး. . . မအေးမိရယ်။ ကျုပ်ကို မအေးမိတို့က မြေအောက်ခန်းမှာ ထားခဲ့ပေမယ့် အဘိုးစက္ကူ ကယ်တင်နိုင်ခဲ့

တာပဲ။ အဘိုးစက္က ကျုပ်ကိုကယ်တင်နိုင်ခဲ့တာလည်း အဘိုးစက္ကကို ဘွားမယ်ညို မသေခင် လျှို့ဝှက်မြေအောက်ခန်းတစ်ခန်းကို ပြခဲ့လို့ပဲ"

ကိုတာနေ့ာစကားကြောင့် မအေးမိ အံ့ဩတုန်လှုပ်သွားသည်။ ပြီး. . . ကိုတာနေ့ာကိုကြည့်ပြီး. . .

"ကျွန်မ ရှင့်အပေါ် ပြုမူခဲ့တဲ့အပြစ်တွေကို ခွင့်လွှတ်ပါ ကိုတာနေ့ာ"

"ကျုပ်ခွင့်လွှတ်ပါတယ် မအေးမိ။ အမှန်ပြောရရင် ဟောဒီကိုဘဟိန်းနဲ့မတွေ့ခင်တုန်းက မအေးမိကို ကျုပ် နာကြည်းခဲ့တာအမှန်ပါပဲ"

"ဒီအပြစ်တွေက သမီးလေးမှာ အပြစ်မရှိပါဘူးကွယ်။ ကျုပ်ကြောင့် သမီးလေး ဒုက္ခရောက်ခဲ့တာပဲ။ ကျုပ်လည်း မြနန်းသွယ်ဆုံးပါးပြီး ဦးဟသ်ာရဲ့ ဇမ္ဗူရတနာသိုက်ကိုသိပြီး လောဘဇောနဲ့ ရှာခဲ့မိတာပါ။ ပြီးတော့ ဟောဒီသမီးလေးနဲ့တွေ့ပြီး မိစ္ဆာအိမ်ကြီးမှာ ဦးစက္ကနဲ့ ဦးဝေဠု မနေနိုင်အောင် ကြံစည်ခဲ့တာပါ။ ကျုပ်မောင်မိုးစွေနဲ့ မောင်စက်ရှိန်တို့ကိုသတ်မိတာအမှန်ပါပဲ"

"ဒါဆို ကိုစက်ရောင်ကရော. . . ဦးသံမှို"

"မောင်စက်ရောင်က တကယ်တော့ ကျုပ်တပည့် ကိုသင်းထိုတို့နဲ့တွေ့ပြီး ဒဏ်ရာရခဲ့လို့ ကျုပ်ကယ်တင်ရင်း ကျုပ်သမီးလေးဒီပါနဲ့ပတ်သက်နေတဲ့ ကိုစက်ရှိန်မှန်းသိလို့ ကျုပ် စိန်ဘယက်မေးမရလို့ လက်လွန်ခဲ့မိတယ် ကိုဘဟိန်း"

ဦးသံမှို၏နောင်တစကားသံနှင့်အတူ ကျွန်ုပ်သည် ဇမ္ဗူဒီပါအဖြစ်မှန်ကိုသိရှိလိုက်ရပေသည်။

"ဒါကြောင့် ကျုပ် မအေးမိအဖြစ်ကိုသိရပေမယ့် ဝှက်ဖဲဖြစ်ခဲ့တဲ့ဦးသံမှိုကို ရှာလို့မရခဲ့တာဖြစ်နေမိတယ်"

"ဒါဆို ကျုပ်ကို ဘာကြောင့်သိခဲ့ရတာလဲ ကိုဘဟိန်း"

"သိခဲ့ဆို. . . ဦးသံမှိုရယ်။ ကျုပ် ဟောဒီမြို့သေလာရောက်တုန်း ကိုစက်ရောင်ကိုဆေးကုနေတဲ့ ဆရာဦးဖြိုးဆိုတာသိလို့ ကျုပ်က တမင်စကားသွင်းထားခဲ့တဲ့စကားကို ဦးသံမှိုရိပ်စားမိမှာပေါ့"

"ကျုပ်ကို ဟသ်ာရုပ်လေး ကျန်သေးပေယ်ဆိုတဲ့စကားပဲမဟုတ်လားကိုဘဟိန်း။ ဒါကြောင့် ကျုပ် ကိုဘဟိန်းစကားကြားပြီး မိစ္ဆာအိမ်ကြီးကိုအရောက်သွားနိုင်ခဲ့တာပဲ။ ဒါပေမဲ့ ကျုပ် ဟောဒီမောင်တာနေ့ာကိုတွေ့ခဲ့ရတာပဲ"

"ကိုတာနေ့ာကို ဦးသံမှိုနဲ့တမင်တွေ့ရအောင် ကျုပ်ကြိုပြီးလွှတ်လိုက်ခဲ့တာပဲ။ ဒါကလည်း အကြောင်းတစ်ခုရှိလို့ပါ။ ဒီအဖြစ်တွေကို ကာယကံရှင်ဖြစ်တဲ့ ဦးသံမှိုကလွဲလို့ ဘယ်သူမှမသိခဲ့ကြတဲ့

အဖြစ်တစ်ခုပဲ"

"ဘာများလဲ ကိုဘဟိန်း။ ကျွန်နားမလည်နိုင်ပါလား"

"ဦးသံမှို ဟန်ဆောင်မနေပါနဲ့ဗျာ။ ဟောဒီပစ္စည်းလေးကို တွေ့လိုက်ရင် ဦးသံမှိုသိပါလိမ့်မယ်"

ကိုဘဟိန်းသည် ကျောက်နက်ကလေးတစ်လုံးကို ဦးသံမှို လက်ထဲသို့ထည့်ပြီး အကဲခတ်ကြည့်နေသည်ကိုတွေ့လိုက်ရသည်။ ဦးသံမှိုသည် ကျောက်နက်ကလေးကိုကြည့်ပြီး ဝမ်းသာ အံ့ဩသွားပြီး ကိုဘဟိန်းကိုကြည့်တာ. . .

"ဒါဆို ကျွပ်သား ဘယ်မှာလဲ ကိုဘဟိန်း"

"ရှိပါတယ်. . . ဦးသံမှို။ ဒီအကြောင်းတွေကို ဦးဝိဇ္ဇာဆိုတဲ့ လူထူးလူဆန်းကြီးနဲ့တွေ့ခဲ့တုန်းက ကျွပ်သိခဲ့ရတာပါ။ ဒါကြောင့် လည်း ကျွပ် ဦးသံမှိုကိုရှာခဲ့သလို ဦးသံမှိုရဲ့သားကိုပါ ရှာခဲ့ရတယ် ဆိုပါတော့"

"အဖေ. . . ဒါဆို. . . အဖေ့မှာ. . . သားရှိတယ်၊ ဟုတ်လား"

"ဟုတ်တယ်သမီး။ သမီးတို့အမေနဲ့ကွဲကွာပြီး အဖေနောက် အိမ်ထောင်ပြုခဲ့ပြီး သားလေးအခါလည်မှာ သားလေးမိခင်ဆုံးပါး ခဲ့လို့ အဖေ့ရဲ့သူငယ်ချင်း ဦးပဥ္စင်းကြီးထံ မွေးစားဖို့ပေးခဲ့တာပါ။





အဖေ့သားလေးကိုမွေးစားဖို့ ပေးခဲ့ရင်း၊ အဖေ သားနဲ့တကယ်လို့ ပြန်ဆုံခဲ့ရင်သိရအောင် ဟောဒီကျောက်နက်ကလေးကိုပေးထားခဲ့ တာပါ"

ဦးသံမှိုစကားကြောင့် မအေးမိသည် အံ့ဩသွားလေသည်။ ကျွန်ုပ်သည် ကိုဘဟိန်းပေးထားသည့် ဦးသံမှိုလက်ထဲမှ ကျောက် နက်ကလေးကိုကြည့်လိုက်မိသည်။

ဦးသံမှိုသည် ကျောက်နက်ကလေးကိုကြည့်ပြီး. . .

"ကျွပ်သားရဲ့ကျောက်နက်ကလေးကို ကိုဘဟိန်း ဘယ်လို ရခဲ့သလဲဆိုတာ ပြောစမ်းပါဦး။ ပြီးတော့. . . ကျွပ်သားရော. . . ကိုဘဟိန်း"

"စိတ်မပူပါနဲ့. . . ဦးသံမှိုရယ်။ ဦးသံမှိုက ဇမ္ဗူဒီပါရတနာ သိုက်ရဲ့လောဘဇောကြောင့် သတ်ဖို့စီစဉ်ခဲ့တဲ့သူကို ကျွပ်အချိန်မီ ကယ်တင်ပြီးထားတဲ့ ဟောဒီက ကိုတာနော့ပါပဲ"

"ဘာ. . . ကျွပ်သားက တာနော၊ ဟုတ်လား. . ."

ဦးသံမှိုသည် ကိုဘဟိန်းစကားကြောင့် အံ့ဩသွားသလို မအေးမိမျက်နှာပေါ်တွင် မယုံနိုင်သည့်အသွင်ပေါ်လာသည်။

"ဟုတ်ပါတယ်အဖေ။ ကျွပ် အဖေ့ကိုရှာခဲ့တာ ကြာပါပြီ။ ဟောဒီက ကိုဘဟိန်းပြောပြလို့လည်း သိခဲ့ရတာပါ"

ရွှေပဒေသာစာပေ

"သား အဖေ့ကိုခွင့်လွှတ်ပါသားရယ်။ အဖေရဲ့လောဘဇော ကြောင့် အဖေမှားခဲ့မိတာအမှန်ပါပဲကွယ်"

ဦးသံမှိုသည် ကိုတာနေ့ာနှင့် မအေးမိကိုဖက်ပြီး ဝမ်းနည်း ဝမ်းသာဖြစ်နေကြသည်။ ကိုဘဟိန်းသည် ဖိုးရွှေကြူကိုကြည့်ပြီး နောက်. . .

"ဖိုးရွှေကြူ့ ဇရပ်ပျက်ကြီးမှာ ဦးဟာသိဂ်မြှုပ်နှံခဲ့တဲ့ရတနာ တွေ ရှိသေးလား"

"ဦးဟာသိဂ်က ရတနာတွေအားလုံးကို ဇရပ်ပျက်ကြီးမှာ မြှုပ် နှံပြီးမှ မသမာတွေရန်ကို ရိပ်စားမိပြီး ဇရပ်ပျက်ကြီးနဲ့ စေတီလေး ကိုမြှုပြင်ဖို့ ဘုန်းဘုရားထံ လှူဒါန်းထားခဲ့ပြီးပြီ ကိုဘဟိန်း"

ဖိုးရွှေကြူ့စကားသံနှင့်အတူ ဦးသံမှိုမျက်နှာပေါ်တွင် နောင် တရိပ်များ ဖုံးလွှမ်းနေသလို၊ မအေးမိနှင့် ကိုတာနေ့ာမျက်နှာတွင် မျက်ရည်ဝဲနေသည်ကိုတွေ့လိုက်ရလေတော့သည်။

"တဲ. . . ကိုသံခိပ်၊ ဦးသံမှိုနဲ့ မအေးမိက သူတို့ကျူးလွန်ခဲ့ တဲ့အပြစ်တွေကိုဝန်ခံထားပြီဆိုတော့ ကိုသံခိပ် ထူးထူးဆန်းဆန်း ကြုံတွေ့ရတဲ့ဇမ္ဗူဒီပါကို ခုအချိန်ကစပြီး အမည်ပြောင်းလိုက်တော့ မျိုး"

ကျွန်ုပ်သည် လူစွန့်စားကိုဘဟိန်းစကားသံနှင့်အတူ ကျွန်ုပ်





ဖတ်ရှုခဲ့သော ဇမ္ဗူဒီပါဟု ရေးသားထားသည့်စာအိတ်ကြီးပေါ်တွင် အောက်ပါအတိုင်း ရေးသားလိုက်ပြီး ကိုဘဟိန်းကိုပြလိုက်ရာ. . .

"မရဏာဝက်ပါ. . . မရဏာဝက်ပါ".

ဟူသော ကိုဘဟိန်း၏အသံကို ကြားလိုက်ရလေတော့ သတည်း။ ။

ပြီးပါပြီ

ဇလွန်ကျော်ဦး